
www.burmeseclassic.com



www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ❖ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- ❖ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ❖ ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ❖ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ❖ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ❖ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ❖ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ❖ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ❖ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

မြို့မစာအုပ် - ၃၈

# နတ်နေကိုင်း

**အကြည်တော်**

**တော်ဝင်မြို့မ စာအုပ်တိုက်**

၇၇/ခ၊ (၃၈)လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း - ၃၇၉၅၇၃

www.burmeseclassic.com

# အကြည်တော် – စာအုပ်အမှတ်စဉ်(၆)

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၇၅၀/၂၀၀၃ (၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၃၁၉/၂၀၀၃(၁၁)

မျက်နှာဖုံးဒီဇိုင်း - ကိုဆန်း

ထုတ်ဝေသူ - ဦးလှိုင်ဝင်းမိုး (မြဲ-၀၃၉၀၀)

၇၇/ခ၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ - ဦးဇော်ထွန်းဝင်း (ဝင်းမြင့်-ပုံနှိပ်တိုက်)

၂၄၆၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်။

အတွင်းဖလင် - ကိုသန်းစိုး

စာအုပ်ချုပ် - ရာဇာ

ပုံနှိပ်ခြင်း - ပထမအကြိမ်၊ ၂၀၀၄-ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - **၈၀၀ ကျပ်**

www.burmeseclassic.com

ဘဝဆိုတာ

ခံစားတတ်သူများအတွက် အလွမ်းဇာတ်ဖြစ်ပြီး

တွေးတောတတ်သူများအတွက်

ရယ်ရွှင်ဖွယ်ဇာတ်လမ်း

ဖြစ်ပေသည်။

**La Bruyere**

www.burmeseclassic.com

# နတ်နေကိုင်း

ခုတ်ထွင်လှဲ့ပါ …

ငါ့ဟာသစ်တစ်ပင်

တစ်ပင်လုံးချိုင်ရင်လည်း

နတ်နေကိုင်းတော့ထားခဲ့ပ ။ ။ ။

။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။ ။

ငါ့အသည်းငယ်သူ

လေပွေခြေတစ်လှမ်းရွေ့ရင်တောင်

သစ်ရွက်ကုဋေတစ်သန်းကြွေလွင့်ခဲ့ ။ ။ ။ ။

www.burmeseclassic.com

“ဂျုံး ဂျုံး . . . ဂျက် ဂျက်”

မီးရထားသံများ ဆူညံနေသည်။

“အထုပ်ထမ်းမလား” “အထမ်းငှားမလား” ဟူသော ဆူညံသံများ လူတိုင်းထံ စုပြုံကုန်၏။

သူ . . . သူ့အထုပ်များကို ဂရုတစိုက် ရထားပေါ်မှဆွဲချရင်း အထမ်းသမားများကို ခေါင်းခါပြ၊ မငှားဘူးဟု ရှင်းပြနေရသည်။

ပါလာသည့်ပစ္စည်းတွေက နည်းနည်း။

တစ်ယောက်တည်းသယ်၍လည်း ဖြစ်နိုင်၏။ ထို့ကြောင့် သူ အထမ်းသမားမငှားချင်၊ အနီးအနားတွင် ယောက်ယက်ခတ်နေသော လူများကိုကြည့်ပြီး သူ အသက်ကိုခပ်မြှင်းမြှင်းရှူလိုက်သည်။

“ဒါ. . . ရန်ကုန်ပါလား”ဆိုသည့်အသိက သူ့ကို ဖျင်းခနဲဖြစ်သွားစေ၏။

❑ ❑ ❑

www.burmeseclassic.com

**ရန်**ကုန်မြို့ကို စတင်ခြေချမိသည်နှင့် ပထမဦးဆုံးပြဿနာမှာ အမေလိပ်ပေးလိုက်သော ဖျာလိပ်ပင်. . .။ ထိုဖျာလိပ်ကြောင့် နောက်ထပ်ပါလာသော အကြော်အလှော်ဆွဲခြင်းနှင့် အဝတ်အစားများထည့်ထားသော ဟန်းဘက်(စ်)အိတ်တစ်လုံးကို ဘယ်လိုဆွဲလို့ ဆွဲရမှန်းမသိတော့. . .။

ဖြစ်ချင်တော့ ရန်ကုန်မြို့ကြီးကို လာရမည်ဆိုတော့ မြို့ကြီးသားနှင့်တူအောင် ဘောင်းဘီရှည်ဝတ်ပြီး မျက်မှန်နက်ကို တပ်လာသေး၏။

ကိုင်း စဉ်းစားသာကြည့်၊ ဘောင်းဘီဝတ်နှင့် ဖျာလိပ်. . .။ အကြော်အလှော်ခြင်းနှင့် မျက်မှန်နက်။ အက်စကီမိုးနှင့် နီဂရိုးလို တခြားစီမှတခြားစီဖြစ်မနေပေဘူးလား။ ဒီကြားထဲ မြို့ကြီးသားနဲ့တူအောင် မျက်နှာကလည်းတင်းထားရသေးသည်။

ရွာက ထွက်သွားတုန်းကတော့ အဆင်ပြေရဲ့. . .၊ မိဘမောင်ဘွားများကလိုက်ပို့တော့ ဟိုလူတစ်ခုဆွဲ၊ ဒီလူတစ်ခုဆွဲဆိုတော့ ပစ္စည်းတွေပါလို့ ပါတယ်တောင် ထင်တာမဟုတ်ဘူး။ အရှေ့က မြောက်ကြွမြောက်ကြွ ကော့လန်ကော့လန်နဲ့ ထွက်လာလိုက်တာ ဟော. . . ရန်ကုန်ရောက်တော့ တစ်ယောက်တည်းဆိုတော့ ပစ္စည်းတွေက ဘယ်လိုမှသယ်ဖို့မလွယ်။

ဩော်. . . ဒုက္ခ ဒုက္ခ၊ ဒုက္ခတင်မက လှုလှုကြီးနဲ့ပါတွေ့ပြီး ဒုက္ခလှုလှုကြီးကိုဖြစ်လို့။ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်တိုင်သယ်ပိုးမှဖြစ်တော့မှာကိုး။ အဲသယ်မယ်ဆိုတော့လည်း ပစ္စည်းကသုံးခု၊ လက်ကနှစ်ဖက်တည်း။

ပစ္စည်းတွေကိုဝေ့ကြည့်လိုက်သည်။ မထူးပါဘူးလေ၊ ရသလိုသယ်တာ ပဟုစိတ်ပိုင်းဖြတ်လိုက်ပြီး ပစ္စည်း များထဲတွင် အကြီးဆုံးဖြစ်သောဖျာလိပ်ကို ကောက်ကိုင်လိုက်သည်။ နောက် အရေးကြီးသော အဝတ်အိတ်ကို ဆွဲလိုက်သည်။

www.burmeseclassic.com



"ဟင်"

လက်နှစ်ဖက်လုံးကို ပြည့်သွားတော့ ကျန်အကြော်အလှော်ဆွဲခြင်းကို ဘယ်လိုမှ ဆက်ဆွဲ၍မဖြစ်တော့. . .။

ဒါနဲ့. . . အဝတ်အိတ်ကိုချပြီး အကြော်အလှော်ဆွဲခြင်းကို မ,ကြည့်တော့လည်း အဝတ်အိတ်ကရော. . .၊ အကြော်ဆွဲခြင်းကို ခေါင်းပေါ်ကိုဆွဲတင်လိုက်သည်။ နောက်မှ အဝတ်အိတ်ကို ပြန်ဆွဲလိုက်သည်။

"မဆိုး"

ခေါင်းတစ်လုံးအသုံးပြုလိုက်တော့ ပစ္စည်းအားလုံးပါလာပြီ၊ သို့ပေမင့်ခေါင်းတော့ အတော်နာသည်။ ထိုအတိုင်းဆက်သွားလျှင် ဖာလုံဝက်ခန့်အတွင်း ကြိမ်ခြင်းနှင့်ခေါင်းကြိတ်ပြီး လူပါခေါင်းဆယ်လုံးနှင့် ဒဿဂီရိဖြစ်သွားနိုင်သည်။ ဒါလည်းမဟုတ်သေး။ ကြိမ်ခြင်းနေရာ ဖျာလိပ်တင်လျှင်တော့. . . အဲ ဒီအကြံမဆိုးဘူး။ ဖျာလိပ်ဆိုတော့ ခေါင်းအနာသက်သာလိမ့်မည်။

ကြိမ်ခြင်းကိုပြန်ချလိုက်သည်။ ပိုက်ထားသော ဖျာလိပ်ကို ခေါင်းပေါ်တင်လိုက်သည်။ ကြိမ်ခြင်းကို ပြန်ဆွဲလိုက်သည်။

ပစ္စည်းအားလုံးတော့ပါပြီ။ သို့သော် ခေါင်းပေါ်တွင် ပျော့တွဲညွတ်ကျနေသော ဖျာလိပ်ကြီး မျက်စိရှေ့တွင်ကွယ်နေသောကြောင့် အရှေ့ကို ဘာမှမမြင်ရ။ ဒီကြားထဲ ခလုတ်တိုက်လိုက်သေးသည်။ ယိုင်ထိုးမသွားအောင် ကြိုးစားရင်း တစ်လှမ်းနှစ်လှမ်းလျှောက်ကြည့်သည်။

"ဟဲ့" "အို" "ကျွတ်"

"အလို ဘယ့်နှယ်ဖျာလိပ်ကြီးနဲ့ လိုက်ထိုးနေတာလဲ. . ."

"ဟေ့လူ ခင်ဗျားအရှေ့ဆက်မတိုးနဲ့. . . ခင်ဗျားရှေ့မှာ သံလမ်း" ဟူသော အော်သံများဆူညံသွားသည်။ ကျွန်တော် ခြေလှမ်းကိုရပ်တန့်လိုက်သည်။ လက်ထဲမှအထုပ်များကို ပြန်ချလိုက်သည်။ ဖျာလိပ်ကိုလည်း ခေါင်းပေါ်မှ ပြန်ချလိုက်သည်။

"ဟင် ဟုတ်ပါရဲ့" အပေါက်မှားပြီး သွားနေလိုက်တာ၊ မီးရထားသံလမ်းကိုတောင် ရောက်တော့မလို့. . .။

မဖြစ်တော့ဘူး၊ ဒီအတိုင်းဆက်သွားနေလျှင် ဘူတာအပေါက်ဝပင်ရောက်ရန် လွယ်မည်မဟုတ်။

"အစ်ကို အလုပ်သမားငှားမလား"

အသံကြား၍ လှည့်ကြည့်လိုက်တော့ မည်းမည်းပိန်ပိန်ညစ်ညစ် သွားခေါခေါနဲ့ကောင်လေးတစ်ယောက်၊ မျှော်လင့်ချက် တောက်ပသောမျက်ဝန်း

www.burmeseclassic.com



အစုံနှင့် ကျွန်တော့်ကို ငေးကြည့်နေသည်။

ကျွန်တော် ဇဝေဇဝါဖြစ်သွားသည်။ ဤအတိုင်း တစ်ယောက်တည်း ကြိုးစားပြီး ဆက်လက်သယ်သွားလျှင်ကောင်းမလား။

ဒါမှမဟုတ်. . . အလုပ်သမားခ နည်းနည်းပါးပါးလေးပေးပြီး ဂိုက်ဆိုက်မပျက် ကျော့ကျော့မော့မော့လေးသွားရလျှင် ကောင်းမလား၊ စဉ်းစားလိုက်သည်။

နောက်ဆုံးတော့ ဒုတိယနည်းသာ အကောင်းဆုံးဖြစ်သည်မို့ ခေါင်းညိတ်ပြလိုက်သည်။ ကောင်လေး၏ မျက်ဝန်းအစုံမှာ ဓာတ်ပုံကင်မရာ ဖလက်(ရှ်)ဂန်းရောင် တောက်ပြောင်သွား၏။

"ဒါ အကုန်လုံးလား"

"ဟင့်အင်း ဟိုအဝတ်အိတ်တစ်လုံးတည်း"

ဟုတ်သည်လေ၊ ကျန်တဲ့ဖျာလိပ်နှင့်အကြော်ခြင်းက ပေါ့ပေါ့လေးမို့ ကိုယ့်ဘာသာကိုယ် ဆွဲသွားလို့ရသည်ပဲ၊ ထိုကိစ္စနှင့်တော့ ငွေပိုအကုန်မခံချင်။

"ဘယ်ထိလဲ"

"ဆူးလေထိ"

ဆူးလေဆိုတာ ဘယ်နားလဲ သူမသိ၊ သို့သော် အဖေ ကျွန်တော့်အတွက်ငှားထားသည့် အဆောင်ကိုရောက်ရန် ဆူးလေကားဂိတ်က ကားစီးရသည်ဆိုတာကိုး၊ အဆောင်က လှည်းတန်းမှာတဲ့။

"ငါးရာပဲပေးပါ အစ်ကို"

"ငါးရာ"

"ဟုတ်ကဲ့ ပုံမှန်ဈေးပါပဲ"

အဖေပြောသော စကားတချို့က အထမ်းသမားကလေး၏ ပုံမှန်ဈေးပါပဲဆိုသည့် အနောက်ကကပ်လျက်ပါလာသည်။

"သား. . . ရန်ကုန်မြို့မှာ ဈေးဝယ်မယ်ဆိုရင် ဘာပဲဖြစ်ဖြစ် ထက်ဝက်ဆစ်ကွယ့်၊ သူတို့တွေက အမြဲတန်း ဈေးကို နှစ်ဆတင်ထားတာ"

"ထမ်းမလားအစ်ကို"

အထမ်းသမားလေး၏ စကားကြောင့် ကျွန်တော်အသိပြန်ဝင်သွားသည်။ နောက်အထမ်းသမားလေး ကြက်သေသေသွားလောက်သည့်ဈေးကို ဆစ်ချလိုက်သည်။

"နှစ်ရာပေးမယ်"

ထိုနှစ်ရာပေးမယ်ဟူသော စကားသည် ကျွန်တော်ထင်သလို အထမ်း

www.burmeseclassic.com



သမားလေးမှာ ကြက်သေသေမသွားဘဲ ကြက်မကိုမြင်၍ ဟန်ရေးပြသော တော ကြက်ဖလို ကျွန်တော့်ကိုပင် ကြက်ဖရစ်နှစ်ရစ်ရစ်လိုက်ပြီး ဝမ်းခေါင်းသံကြီးဖြင့်

"သွားမယ်လေ ရပါတယ်"ဟုဆိုပြီး ကျွန်တော့်အဝတ်အိတ်ကို ဆတ်ခနဲကောက်ဆွဲပြီး အရှေ့မှ ကော့တော့တော့နှင့် ထွက်သွားလေသည်။

ရုတ်ချည်းပြောင်းလဲသွားသော အခြေအနေကြောင့် ကျွန်တော်လည်း ဖျာလိပ်တစ်ဖက်၊ ဆွဲခြင်းတစ်ဖက်မ,ရင်း အထမ်းသမားလေးနောက်က ပြေးလိုက် ရ၏။

အထမ်းသမားလေး၏ခြေထောက်မှာ တစ်ဆိတ်မြန်လွန်းလှသည်။ ကျွန်တော်က ဖျာလိပ်တစ်ဖက် ဆွဲခြင်းတစ်ဖက်နှင့်မို့ ထင်သလောက်ခရီးမ ပေါက်၊ ဒီကြားထဲ ချည်ထားသောဖျာလိပ်က ပြေနေသေး။

ဘူတာကြီးအပေါ်ဘက် ဂုံးကျော်တံတားသို့ရောက်သောအခါ ဖျာလိပ်က ဘယ်လိုမှ ဆက်သယ်၍မဖြစ်တော့၊ ချည်ထားသောကြိုးက ပြေထွက်လာ၍ ဖျာလိပ်ထဲမှခေါင်းအုံးပင် အပြင်ဘက်သို့ လျှောထွက်ချင်နေ၏။

ထို့ကြောင့် အရှေ့မှ ကော့တော့တော့နှင့် သွားနေသော အထမ်းသမား ကလေးကို

"ဟေ့ကောင်လေး ခဏစောင့်ဦး ဒီမှာဖျာလိပ်ပြေနေလို့ ပြန်ချည်လိုက်ဦးမယ်" ဟု အော်ပြောလိုက်ရသည်။ အထမ်းသမားလေး၏ "ဟုတ်ကဲ့ ဟုတ်ကဲ့" ဟူသော အသံပြန်ကြားရ၏။

ထိုတော့မှ ကျွန်တော် ဖျာလိပ်ကို ပလက်ဖောင်းပေါ်အကျအန ဖြေချလိုက်သည်။ ထိုစဉ်မှာပင်

"အောင်မာ နှေ့ကောင် နူပါးဝလှချည်လားကွ အဲဒီနေရာ နှာ့နေရာကွ"ဟူသော အော်သံကြား၍ မော့ကြည့်လိုက်တော့ ချိုင်းထောက်နှင့် စုတ်စုတ် ပြတ်ပြတ်လူတစ်ယောက် နှာထောင်း. . . အဲလေ. . နှာခေါင်းလည်းမပါ၊ လက်တွင်လည်း ပတ်တီးတွေနှင့်. . .

"မင်း ဘာနုတ်မနဲ ဘာနုတ်မနဲလို့ နာညှိနေတာ မင်းကနှာ့နေရာဝင် ဦးနေတာနိုးတွ၊ ဒါမျိုးနုတ်လို့မရဘူးကွ၊ နူ့ချီး၊ ဘီနူးချီးဆိုတာချိတယ်ကွ၊ ချီးရေး နော့ချောက်မှပေ့ါ"

"လူ့စည်း ဘီလူးစည်းတော့လုပ်ပါဗျာ"

"အေး မင်းနားနယ်ရင်ပြီးတာပဲ မင်းက နှာ့စီးပွားရေးအိုးနုပ်နဲ့ လာနှိုး နေတာလား နှေ့တောင်"

"ခင်ဗျာ ဟာဗျာ ခင်ဗျား ဘာတွေလာပြောနေတာလဲ. . . ဒီမှာ

www.burmeseclassic.com



ဖျာလိပ်ပြေလို့ ပြန်ချည်နေတာဗျ၊ ခင်ဗျားစီးပွားရေးကို ဘာတုတ်နဲ့မှမထိုးဘူး”

ကျွန်တော် ပြန်ရှင်းပြလိုက်တော့မှ ထိုသူအနည်းငယ်ကျေနပ်သွားပြီး

“အေး အဲနှာဆိုလည်း ညံညံချည်ပြီး ညံညံလစ် နာ့နေရာကိုတော့ လာမရှုပ်နဲ့ ဘယ့်နှယ် စီးပွားရေးကမကောင်းရတဲ့ကြားထဲ ခွက်နှောင်းခုတ်တဲ့ လူနဲ့ လာတွေ့နေရတယ်နို့”

ကျွန်တော်လည်း ထိုသူ့ကိုဘာမှဆက်မပြောတော့ဘဲ ဖျာလိပ်ကိုသာ ဂရုတစိုက်ပြန်ချည်နေလိုက်သည်။ ဖြတ်သွားဖြတ်လာလူများကတော့ နှာတိုကြီး ရှေ့ ဖျာလိပ်ထိုင်ချည်နေသော ဘောင်းဘီရှည် မျက်မှန်နက်နှင့် ကျွန်တော့်ကို တအံ့တသြငေးကြည့်သွားကြ၏။

ဖျာလိပ်ကို စိတ်တိုင်းကျချည်ပြီးတော့မှ ခုန အထုပ်ထမ်းသွားသော အထမ်းသမားလေးကို ကြည့်လိုက်တော့. . .

“ဟင်”

ကျွန်တော့်မျက်လုံးအစုံ ဂဏန်းသဖွယ်ပြူးကျယ်သွား၏။

“မရှိတော့ဘူး”

ဟုတ်ပါသည်။ ခုန ကျွန်တော့်ကို ဝမ်းသာအားရ ကြက်ဖရစ်သွားသော အထမ်းသမားလေးမရှိတော့။ ကျွန်တော်လည်း ကမန်းကတမ်း ဖျာလိပ်နှင့်ဆွဲခြင်းကိုဆွဲပြီး ခုနအထမ်းသမားလေးရပ်နေသောနေရာသို့ ပြေးသွားမိသည်။

“နှေတောင် နောက် ဒီလိုသူများနေရာဦးချင်ရင်တော့ ဟောဒီလိုချိုင်း နှောက်နေးတော့ ဆောင်ထားရတယ်ကွ. . . နာ့နာမည်လည်း မသိရင်မှတ်ထား နုနယ်မောင်ညိုးတဲ့တွ ကြက်ဖနှစ်ကောင်မောင်ညိုးရှိတာနာပဲကွ”

ဟူသော နှာတိုကြီး၏ သူ့လက်မောင်းရင်းတွင် ရေးထားသော ကြက်ဖနှစ်ကောင်ပုံကိုပြရင်း ပြောသောစကားကိုလည်း သူ ဂရုမစိုက်နိုင်တော့ အထမ်းသမားလေးကိုသာ ဂုံးကျော်တံတားအောက်ငုံ့ရှာလိုက်သည်။ မတွေ့ ဘေးဘီဝေ့ကြည့်သည်. . . မရှိ။

ချက်ချင်းနဖူးပေါ်မှ ချွေးများစိမ့်ထွက်လာသည်။

သွားပြီ။ ပါလာသမျှ ပိုက်ဆံတွေနှင့် အဝတ်အစားများ ထိုအိတ်ထဲပါသွားပြီ။ စဉ်းစားရင်း စဉ်းစားရင်း လက်ထဲပွေ့ထားသော ဖျာလိပ်ကို ပိုမိုတင်းကျပ်စွာ ပွေ့ဖက်မိ၏။ စိတ်ထဲ တောင်ဘက်ပြေးရမလို၊ မြောက်ဘက်ပြေးရမလို ဖြစ်နေမိ၏။ နောက်ဆုံးတော့ အလိုလိုနေရင်း ဂုံးကျော်တံတားမှနေ၍ အောက်ဘက်ကားလမ်းသို့ ဒရောသောပါး ပြေးဆင်းမိသည်။

“ကျွိ”

www.burmeseclassic.com



ကားဘရိတ်အုပ်သံ. . .

"ဟေ့လူ ဘယ်လျှောက်ပြေးတာလဲ သေချင်လို့လား"

ကားသမား၏မေတ္တာပို့သံကိုပါ တစ်ဆက်တည်းကြားရ၏။ ကျွန်တော် ဂရုမစိုက်တော့၊ စိတ်ထဲတွင် အထမ်းသမားလေးအလစ်သုတ်သွားသော အိတ်ဆီ ကိုသာ. . .။

"ကျွိ"

"ဟာ ဒီလူတော့ သေတော့မှာပဲ"

ဂရုမစိုက်နိုင်တော့. . .

"ကျွိ"

"ဟေ့လူ သေချင်လို့လား"

"ကျွိ"

"သေချင်လို့လားကွ တောက်"

"ကျွိ"

"ကျွိ"

"ကျွိ"

"ကျွိ"

ရုတ်ချည်းဆိုသလို ကားလမ်းပိတ်သွား၏။

ဖျာတစ်လိပ်၊ ခြင်းတစ်ခြင်းနှင့် တောင်ပြေးမြောက်ပြေးလုပ်နေသော ကျွန်တော့်ကြောင့် ကားဖြတ်သွားဖြတ်လာ အများဆုံးဖြစ်သော ပန်းဆိုးတန်းလမ်း မကြီး ကားလမ်းမှာ ယောက်ယက်ခတ်လျက် ပိတ်ဆို့ကုန်၏။

"ရွှီ"

"ရွှီ"

"ရွှီ"

စူးရှသော ခရာဆင့်၍မှုတ်လိုက်သံများ ကျွန်တော်ရပ်နေရာက မီးပွိုင့်၏အလယ်တည့်တည့် (လမ်းလေးခွဆုံ)

အပေါ်အဖြူ အောက်အပြာနှင့် အပေါ်မှလုံးလုံးကြီးဆောင်းထားသော ယာဉ်ထိန်းရဲများကိုမြင်တော့ ကျွန်တော်လန့်ဖျပ်သွားသည်။

"ဟိုက် ငါ့ကိုဖမ်းပြီဟ"

ဟူသော အသိစိတ်က ဦးနှောက်ကို ဒိုင်းခနဲလာဆောင့်သည်။ ယာဉ်ထိန်းရဲများကလည်း ကျွန်တော်ထံ ခပ်သွက်သွက်လှမ်း၍ လာနေပြီ။

"ဟေ့ ဟေ့လူ မပြေးနဲ့"

www.burmeseclassic.com



ယာဉ်ထိန်းရဲတစ်ဦး၏ အော်သံကြောင့် ကျွန်တော် ပို၍ပင်ထိတ်လန့်သွားသည်။ စိတ်ထဲတွင်လည်း ဒွိဟဖြစ်သွားသည်။ အလစ်သုတ်သွားသော အထမ်းသမားအနောက်ကိုပဲ လိုက်ရမလား၊ ကျွန်တော့်ကို ပြေးလိုက်နေသော ယာဉ်ထိန်းရဲလက်ကပဲ လွတ်အောင်ထွက်ပြေးရမလား၊ မခွဲခြားနိုင်တော့။ စိတ်ထဲတွင်လည်း စိုးရိမ်စိတ်များနှင့် ထူပူနေသည်။

"ဟေ့"

"ဟေ့ လူ အဲဒီနေရာမှာပဲရပ်နေစမ်း"

"ဟေ့လူ ရပ်နေဆို"

ခြေလှမ်း နှစ်လှမ်းခန့် ဆက်လှမ်းဖြစ်သွား၍ ထပ်အော်နေခြင်းဖြစ်သည်။ ကားများကတော့ ရှုပ်ယှက်ခတ်နေဆဲ. . . ။

"ဟေ့လူနော် ဟေ့လူ"

ကျွန်တော့်ဆီမရောက်ခင် ခပ်ငေါက်ငေါက်ပြောလိုက်သော ယာဉ်ထိန်းရဲစကားကြောင့် ပို၍ကြောက်သွားသည်။ စိတ်ထဲတွင် အလစ်သုတ်သွားသော အထမ်းသမားလည်း သတိမရတော့။ စိတ်လည်း မောလှပြီ။ အထုပ်ကိုလည်း မလိုချင်တော့၊ အမေ့ကိုလည်း တစ်ချက်သတိရမိသည်။ ပါးစပ်ကလည်း "အမေရေ ကယ်ပါဦး"ဟု အသံပြကြီးနှင့် အော်မိသေး၏။ ရန်ကုန်ရောက်ရောက်ခြင်း အဖမ်းခံရသည်ဆိုတော့ လူကြား၍ပင်ကောင်းမည်မဟုတ်။

ထို့ကြောင့် စိတ်ထဲ ယာဉ်ထိန်းရဲလက်မှ လွတ်အောင်ပြေးဖို့သာ ကြီးစိုးနေတော့သည်။ သူ့အကြံကိုရိပ်မိသော ယာဉ်ထိန်းရဲက

"ဟေ့လူ မပြေးနဲ့နော်" ဟုပြောပြီး ကျွန်တော့်ထံ ခပ်သွက်သွက်ပြေးလာရာ ရုတ်တရက်မို့ ကျွန်တော်လည်း ထိတ်ခနဲဖြစ်သွားကာ ယောင်ပြီး အနောက်ဘက်သို့ လှည့်ပြီးပြေးမိ၏။ ယာဉ်ထိန်းရဲက ခရာကို တရှီရှီမှုတ်ပြီး အနောက်ကပြေးလိုက်၏။

နှစ်လှမ်း၊ သုံးလှမ်း ထပ်လှမ်းမိသည်နှင့် ဖျာလိပ်တစ်ဖက်၊ အကြော်ခြင်းတစ်ဖက်နှင့် ပြေးရခက်နေသော ကျွန်တော့်ကို ယာဉ်ထိန်းရဲဖမ်းမိသွားနိုင်ကြောင်း ရိပ်မိလာမိသည်။ ထို့ကြောင့် ဘယ်ဘက်ကိုခြေယောင်ပြ၍ ညာဖက်ကို ပန်းတက်လိုက်သည်။ ယာဉ်ထိန်းရဲကြီးအရှိန်လွန်ပြီး ဘယ်ဘက်ကို ဖယ်ထွက်သွား၏။

ရရှိသော အခွင့်အရေးကို လက်လွတ်မခံဘဲ ဆက်ပြေးနေရင်းနှင့်ပင် လမ်းဘေးတွင် ထွက်လုဆဲဆဲ ဟိုင်းလပ်(စ်)ကားပေါ်သို့ ခုန်တက်လိုက်၏။ ကားပေါ်က လူများကလည်း အလိုက်သိစွာ ကျွန်တော့်ကို လှမ်းဆွဲထားပေးသည်။

www.burmeseclassic.com



"ကျေးဇူးပဲ"

ကားပေါ်မှ လှမ်းဆွဲသော လူများကို ကျေးဇူးတင်စကားပြောပြီး လွတ်ပြီဟူသော အသိစိတ်နှင့် ဝမ်းသာအားရ ပြုံးပြီးကားပေါ်ငေ့ကြည် တော့. . .

"ဟင်"

သူ့လက်နှစ်ဖက်ကို လှမ်း၍ဆွဲထားသည်က ယာဉ်ထိန်းရဲနှစ်ဦး။ ကားပေါ်တွင်လည်း ပြည်သူ့ရဲများနှင့် ယာဉ်ထိန်းရဲတချို့၊ ကားနံရံမှာရေးထား သည်ကလည်း. . .

"လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့" တဲ့။

အနောက်ဘက်မှ ယာဉ်ထိန်းရဲကြီး၏ ဖိနပ်သံက ဂေါက်ဂွက်ဂေါက် ဂွက်နှင့် တဖြည်းဖြည်းနီးလာ၏။ ကောင်းကင်သည် ရုတ်တရက်မျက်နှာညိုသွား ၏။

❑ ❑ ❑

www.burmeseclassic.com

တရားရုံးကထွက်တော့ ကျွန်တော့်တစ်ကိုယ်လုံး အားအင်ကုန်ခမ်း သွားသလို ပျော့ခွေခွေဖြစ်သွား၏။

ပျော့ခွေခွေဖြစ်သွားသည်မှာ လူတစ်ခုတည်းပင် ပျော့ခွေခွေဖြစ်သွား သည်မဟုတ်၊ အိတ်ကပ်ထဲပါသော ငွေပါ ပျော့ခွေခွေဖြစ်နေ၏။

"သြော်. . . ဘဝ"

ပိုက်ဆံနှင့် အဝတ်အစားများ ထည့်ထားသောအထုပ် အလစ်သုတ်ခံ ရသည့်အပြင် အိတ်ကပ်ထဲတွင် အသေးသုံးအတွက် ထည့်ထားသောငွေပါ တရားရုံးတွင် ဒဏ်ငွေဆောင်လိုက်ရသည့်အတွက် ဘာမှမကျန်တော့။ ဖျာတစ် လိပ်၊ အကြော်ခြင်းတစ်ခြင်းနှင့် ငွေတစ်ရာကျော်သာ ကျန်တော့၏။

မထူးတော့ပါဘူးလေ၊ ဒီအတိုင်းပဲ အဆောင်ရောက်အောင်သွားရမည် ဟု စိတ်ထဲပိုင်းဖြတ်ပြီး လှည်းတန်း(အဆောင်ရှိရာ)ဘက်သွားသော ကားများကို မှတ်တိုင်မှနေ၍ စိတ်ရှည်လက်ရှည်စောင့်နေလိုက်သည်။

"ဟော လာပြီ"

"လှည်းတန်း. . . လှည်းတန်း" ဟုအော်လာသော ကားတစ်စီး။

လူတွေကလည်း ဖွင့်ထားသော တင်လဲအိုးပေါ် ပျံ့ဝဲနေသော ယင် ကောင်များသဖွယ်ညို့ညပ်လို့။

ကားက မှတ်တိုင်နေရာတွင် မရပ်ဘဲ မှတ်တိုင်နှင့်ခပ်လှမ်းလှမ်းတွင် ထိုးရပ်သွား၏။ ကားရပ်သည်နှင့်မှတ်တိုင်မှ လူများကားဆီသို့ ရောက်အောင် ပြေးသွားကြ၏။ ကျွန်တော်လည်း ထိုသူများနှင့်အတူ အနောက်မှဖျာလိပ်ပိုက်၊ အကြော်ခြင်းဆွဲပြီး ပြေးလိုက်သွား၏။

www.burmeseclassic.com



ကားနားရောက်တော့ များပြားလှသော လူများအကြား ဖျာလိပ်တစ်ဖက်၊ အကြော်ခြင်းတစ်ဖက်နှင့်ကျွန်တော် ဘယ်လိုမှ ကားပေါ်တက်၍ မရ၊ လွတ်လွတ်လပ်လပ်လူများသာ ကားပေါ်ကြိတ်ကြိတ်တိုးတက်နေကြ၏။

"ရတဲ့လူပဲလိုက်၊ မရရင် မလိုက်နဲ့နော် ပါသလောက်ပဲတင်မယ်" ဟူသော စပါယ်ယာ၏အသံများ စူးရှတောက်ထနေ၏။ ကျွန်တော်လည်း လိုက်ချင်ဇောနှင့်မို့ ကားပေါ်ဆွဲခြင်း အရင်တင်လိုက်သည်။(နေရာဦးထားသည့်သဘော) ဖျာလိပ်က ကားပေါ်ထိုးတင်ရခက်သည်မို့ ပိုက်ထားလိုက်သေး၏။ လူအနည်း ငယ်ရှင်းတော့မှ ဖျာလိပ်နှင့်ဒလကြမ်းထိုးစစ်ဆင်၍ တိုးဝင်တက်မည်။ သို့သော် အကြံမဆုံးမီမှာပင်၊ မဆုံးမီ. . .

"မောင်း ဆရာရေ့ အတွင်းလေးထပ်၊ အပြင်သုံးထပ်၊ နောက်တွယ်နှစ်ထပ် ရှေ့မှတ်တိုင်မှ ထပ်တင်မယ်. . မောင်းဆရာ မောင်း" ဟူသော အသံနှင့် အတူ ကားကလေးမှာ မြင်းဇောင်းမှလွတ်သော မြင်းရိုင်းသဖွယ် ဝုန်းခနဲ ခုန်ထွက် သွားလေရာ. . .

"ဟေ့ ဟေ့ လုပ်ကြပါဦး ကားပေါ် ကားပေါ်ခြင်းပါသွားပြီ ခြင်းပါသွားပြီ"

သူအသံကုန် အော်ဟစ်ရင်း ဖျာလိပ်ပိုက်၍ ကားနောက်ပြေးလိုက်၏။

"ကားပေါ်မှာ ခြင်း. . ခြင်း. . ခြင်းပါသွားပြီ"

သူ့အော်သံကြောင့် မှတ်တိုင်မှလူများက

"ကားပေါ်မှ ချင်းပါသွားတာများ အထူးအဆန်းလုပ်လို့ ချင်းတင်မကဘူး၊ ကချင်လည်းပါတယ်၊ မွန်လည်းပါတာပဲ" "အေးလေ ဟုတ်ပါရဲ့" ဟူသော စကားသံများကြားရ၏။ ထိုအသံများကို သူလျစ်လျူရှုကာ ကားနောက်ပြေးလိုက်ရင်း

"ခြင်း. . . ခြင်း" ဟုသာ သံကုန်အော်နေမိသည်။ သို့သော် ကားကလေးကတော့ သူ့ကို သမင်လည်ပြန်ကလေးပင် ငဲ့မကြည့်ဘဲ ဒလကြမ်းမောင်းထွက်သွားလေ၏။

တဖြည်းဖြည်း သေးငယ်သွားသော ကားကလေးကို ကြည့်ပြီး စိတ်ထဲ ငိုချင်သလိုပင်ဖြစ်လာ၏။

ကုန်ပြီ. . . ကုန်သွားပြီ။ ပါလာသမျှ ပစ္စည်းအားလုံးကုန်ပြီ။ စဉ်းစားရင်း စဉ်းစားရင်း နှာခေါင်းကြီး နီပွနီပွဖြစ်လာ၏။ မဖြစ်ခံနိုင်ရိုးလား သူ့တွင် ပိုက်ထားသော ဖျာလိပ်ကလေးကလွဲပြီး ဘာမှရှိတော့တာမှမဟုတ်တာ။

ဒုက္ခပေးတဲ့ဖျာလိပ် ဒီဖျာလိပ်ကြောင့် ဒီဖျာလိပ်ကြောင့်။

www.burmeseclassic.com



တွေးလေ တွေးလေ ဆွေးမပြေဖြစ်ရသည်မို့ မျက်ဝန်းပေါ် မျက်ရည်စတို့ ရစ်သီလာလေသည်။ အတန်ကြာမှ သူ့ကိုယ်သူ ပြန်ထိန်းရင်း

အိုး ဒီအချိန်ကျမှ ပုလဲခနေ၍ရော ဘာထူးတော့မည်နည်း။ ယောကျ်ားပဲ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲပေါ့ဟု စိတ်တင်းပြီး နောက်ထပ်ကား တစ်စီးကိုသာ အားတင်းပြီး ဆက်စောင့်နေလိုက်သည်။ နီပွနီပွ ဖြစ်နေသော နှာခေါင်းကိုလည်း လက်ညှိုးနှင့်လက်မစုံဖြင့် ဖိသွင်းနှိပ်နယ်လိုက်သည်။

သိပ်မကြာလိုက်ပါ။

"လှည်းတန်း. . . အင်းစိန်" ဟုအော်သံနှင့်အတူ အဲယားကွန်း ဘတ်(စ်)ကားကြီး တစ်စီးထိုးရပ်လာပြန်သည်။ မှတ်တိုင်မှလူများနှင့်အတူ ကားပေါ်ကမန်းကတမ်း တိုးတက်လိုက်သည်။ သူတက်လိုက်သည်နှင့် နဂိုကျပ်ညပ်နေသော ကားပေါ်၌

"ဟဲ့ ဟဲ့ ဘာကြီးနဲ့ထိုးတာလဲ"

"ဟာ ဟိုလူ ဖျာလိပ်ကြီးက"

"အောင်မလေး ယားတယ်တော့ ယားတယ်"

"ဟာ မျက်မှန် မျက်မှန်"

စသော အသံများဆူညံသွား၏။ အဆိုးဆုံးကား မျက်မှန်သမား. . . .။

"ဟာ မျက်မှန် မျက်မှန် ခင်ဗျားဖျာလိပ်နဲ့ချိတ်ပါသွားပြီ"

ကားက တငြိမ့်ငြိမ့်နှင့် ဘီးလိမ့်နေပြီ. . .။

"ဘယ်မှာ ချိတ်မိသွားလို့လဲဗျ"

"ခင်ဗျား ဖျာလိပ်ထဲဝင်သွားတာဖြစ်မယ်၊ မှန်း ကျုပ်ကြည့်စမ်းမယ်" ဟုဆိုပြီး မျက်မှန်သမားက ဘာမပြော ညာမပြောနှင့် ဖျာလိပ်ထဲ လက်နှိုက်ပြီး စမ်း၏။ သူ့ပုံက မျက်မှန်မပါလျှင် ဘာမှမမြင်သည့်ပုံမျိုး၊ အသက်က သူနှင့်မတိမ်းမယိမ်းဖြစ်သော်လည်း မျက်လုံးကတော့ အားနည်းပုံရ၏။ ရုပ်ကပြီတီတီနှင့် ကြည့်ရတာတစ်မျိုး၊ မရိုး. . .

"မျက်မှန်မရှိရင် ကျုပ်က ဘာမှမြင်ရတာမဟုတ်ဘူးဗျ၊ မှန်း ကျုပ်ထပ်စမ်းမယ်"ဆိုပြီး ဖျာလိပ်ထဲ ခေါင်းပါလျှိုဝင်ပြီးစမ်းသည်။

ကားပေါ်မှ လူများကတော့ အလုပ်ရှုပ်နေသော ကျွန်တော်တို့နှစ်ယောက်ကို တအံ့တဩငေးကြည့်နေကြသည်။

"တွေ့ပြီလား"

"မတွေ့သေးဘူးဗျာ ဒုက္ခပဲ"

www.burmeseclassic.com



ဒုက္ခပဲ ဟုသာဆိုသည် သူ့ပုံစံကတစ်မျိုး. . .

"ခင်ဗျားဟာ ဒီဖျာလိပ်ထဲကျသွားတာ သေချာလို့လား"

"ဟာ သေချာပါတယ်ဗျာ။ ကျုပ်ကိုယ်တိုင် မြင်လိုက်တာ"

"ဟင် ဒါဖြင့် ခင်ဗျား မျက်မှန်မပါရင် မမြင်ဘူးဆို"

"မျက်မှန်ပါလို့မြင်တာပေါ့ဗျ။ ကျုပ်က မျက်မှန်လုံးလုံးမပါမှ မမြင်တာ"

ရော် ခက်ပြီ။ သူ့မမြင်ပုံက တစ်မျိုး၊ သူ့ပုံသဏ္ဌာန်ကလည်း ကြောင်လျှာသီး ကားအကြိတ်ခံထားရသလို အပြားလိုက်ကလေး၊ ရုပ်ကိုပြောပါတယ်။

"ခင်ဗျား ဖျာကြီးမှောက်ချလိုက်ဗျာ၊ ဒါဆို မျက်မှန်ထွက်ချင်ထွက်လာလာမှာ"

ကျွန်တော်လည်း စိတ်ညစ်ညစ်နှင့် ဖျာလိပ်ကြီးကို မှောက်ချပြလိုက်သည်။

"ဟာ အဲဒါ ဖျာလိပ်ထောင်တာကြီးဗျ။ ကျွန်တော်က မှောက်ချခိုင်းတာ"

"ရော. . . ဖျာလိပ်ပဲ၊ ထောင်တာနှင့် မှောက်တာမတူလား"

"မတူဘူးဗျ။ ထောင်တာက ဒီလိုထောင်တာ၊ မှောက်တာက ဟိုလိုမှောက်တာ"

ကျွန်တော် အတော်ကလေးကိုစိတ်ညစ်သွား၏။ လူတွေကြားထဲ အငြင်းမပွားလိုတာကြောင့် သူပြောသလို ဖျာလိပ်ကို ပြန်ပြောင်းထောင်ပြလိုက်၏။

"ဟ ခင်ဗျားကို မှောက်ခိုင်းတာလေ ဘယ့်နှယ် ထောင်ပြနေတာတုံး"

"ဟာဗျာ ဖျာလိပ်ကို ထောင်ထောင်မှောက်မှောက် အတူတူပဲပေါ့ဗျ၊ ခင်ဗျားကလဲ"ဆိုတော့မှ ကြောင်လျှာသီးရုပ်ကြီးပြုံးသွားပြီး. . .

"အော် ဟုတ်လား. . . ကျုပ်က မျက်မှန်မပါတော့ မမြင်ဘူးဗျ ဟဲဟဲ"

ကြည့်. . .။

"ဒီလိုလုပ်ဗျာ ခင်ဗျားဖျာလိပ်ကြီး ဖြန့်ချလိုက်"

"ဘယ်လို"

"ဖျာလိပ်လေဗျာ ဖျာလိပ်ဖြန့်ချလိုက်"

"ဖြန့်ပြပြီးရင်. . ."

"ရှာမယ်လေ. . . ရှာမယ်လေ ကျုပ် မျက်မှန်ကို ကျုပ်မတွေ့

www.burmeseclassic.com



တွေ့အောင် ရေမြေအဆုံးရှာမှာပေါ့”

“ဟာဗျာ. . . ကားပေါ်မှာ”

“ကားပေါ်မှာလည်း ဘာဖြစ်လဲ လုပ်ပါဗျာ၊ ကျုပ်က မျက်မှန်မပါရင် သမီးနဲ့မအေတောင် ကွဲပြားတာမဟုတ်ဘူးဗျာ. . . အာ ပြောရင်းဆိုရင်း မျက်လုံး က အောင့်ခနဲ အောင့်ခနဲ”

ထိုသူ့ပုံက မျက်လုံးတကယ်အောင့်လာသည့်ပုံ။

မတတ်သာသည့်အဆုံး စပါယ်ယာကိုတောင်းပန် လူတွေကို အနည်းငယ်တိုးခိုင်းပြီး ဖျာလိပ်ကြီးကို ဖြန့်ချလိုက်သည်။ (ရှက်တော့ ရှက်တာပေါ့)

“ကဲ ရှာဗျာ စိတ်ကြိုက်သာရှာ”ဟု ဆိုလိုက်သည်နှင့် ကြောင်လျှာသီး မျက်နှာနှင့်လူကား ကြမ်းခင်းပေါ်အကျအနထိုင်ပြီး ပယ်ပယ်နယ်နယ်ရှာတော့သည်။

“အောင်မာ ခင်ဗျားက လူကသာ အပေအတေ စောင်ကျတော့ မုံရွာစောင်ခြုံနိုင်သား”

“ဟေ့လူ ခင်ဗျားမျက်မှန်ရှာမှာ မဟုတ်လား”

ကျွန်တော့်ရဲ့စကားကို ငနဲကြောင်လျှာသီးက ပြုံးဖြီးဖြီးလုပ်ပြီး

“အဟဲ ဟုတ်ပါတယ်ဗျာ၊ ဒါပေမယ့် ခင်ဗျားရုပ်ခင်ဗျားရည်နဲ့ မုံရွာစောင်အသစ်စက်စက်ကို တွေ့လိုက်ရတော့ အံ့အားသင့်သွားတာပါ။ အောင်မာ ခြင်ထောင်ကလည်း ဇာခြင်ထောင် ပန်းနုရောင် အသစ်စက်စက်လေးဗျ”

“ဟေ့လူ တော်ဗျာ တော်”ထိုသူ၏အပြုအမူကြောင့် ကျွန်တော် ဒေါသထွက်လာသည်။ ကြောင်လျှာသီးရုပ်နှင့်ကောင်က ကျွန်တော့်ကို ဘလိုင်းကြီးအချဉ်ဖောက်နေပြီ။

“ဟာ. . . တွေ့ပြီဗျ. . . တွေ့ပြီ”

သူ့အော်သံကြောင့် ကျွန်တော်လည်း ဝမ်းသာသွားသည်။

“ခင်ဗျားမျက်မှန်လား”

“ဟုတ်တယ်”

“ဘယ်မှာတွေ့တာလဲ”

“ကျုပ် အိတ်ကပ်ထဲမှာ”

သူ့စကားကြောင့် ကားပေါ်မှ သူတို့ကိုဝိုင်းကြည့်နေသူအားလုံး ဝါးခနဲ ပွဲကျသွားကြ၏။

“အေးဗျာ ဆောရီး ကျုပ်အိမ်ကထွက်လာကတည်းက မျက်မှန်မတပ်ခဲ့မိတာ မေ့သွားလို့”

www.burmeseclassic.com



ကားပေါ်မှ လူများအားလုံး ကျွန်တော်တို့ကို ပြုံးစေ့စေ့နှင့် ကြည့်ကြသည်။ ကျွန်တော်လည်း ရှက်ရှက်နှင့်မို့ လူအားလုံးကို မော်၍ပင်မကြည့်ဘဲ ဖျာလိပ်ကိုသာ ပြန်လိပ်နေလိုက်သည်။

"အောင်မာ. . . ကျုပ် မျက်မှန်တပ်ပြီး ကြည့်လိုက်မှ ခင်ဗျားက လူချောပဲ"ဟူသောအသံ ကြောင်လျှာသီးထံမှကြားရ၍ မော့ကြည့်လိုက်တော့ သူတပ်ထားသည်မှာ ပါဝါမျက်မှန်မဟုတ်ဘဲ နေကာမျက်မှန်အနက်. . .။

ကားပေါ်မှလူအားလုံး သူ့ကိုကြည့်ပြီး ဝါးခနဲ ထပ်ရယ်ကြပြန်သည်။ ကျွန်တော်လည်း ဒေါသ ထောင်းခနဲထွက်သွားပြီး. . .

"ဟေ့လူ ခင်ဗျား"ဟုဆို၍ ဖျာလိပ်နေရာမှ ဝုန်းခနဲအထ၊ ကြောင်လျှာသီးက

"ဟာ ဟေ့လူ လှည်းတန်းမှတ်တိုင်က ရောက်နေပြီ"ဟု ဆိုလိုက်သောကြောင့် ကျွန်တော်လည်း သူ့ကို ဘာမျှဆက်မလုပ်နိုင်တော့ဘဲ ဖျာလိပ်ကိုသာ ကမန်းကတမ်းပြန်လိပ်နေလိုက်ရသည်။

မှတ်တိုင်ကလည်း ကျော်သွားမည်စိုးရသည်ကိုး။ ပိုက်ဆံမရှိရတဲ့ကြားထဲ ကားမှတ်တိုင်ပါကျော်သွားရင် မခက်ပါလား. . .။

ဖျာလိပ်ပြန်လိပ်ပြီးသည်နှင့် ကားက ကျွိခနဲ ထိုးရပ်သွားသည်မို့ ကျွန်တော်လည်း ဖျာလိပ်အားကိုးနှင့် လူကြားထဲ ကမန်းကတမ်းတိုးပြီးဆင်းလိုက်သည်။

"ဟာ ဟေ့လူ မဆင်းနဲ့ မဆင်းနဲ့လေ မီးပွိုင့်ကြီးဗျ၊ မှတ်တိုင်မဟုတ်သေးဘူး"ဟု စပါယ်ယာက တားရှာပါသေးသည်။ သို့သော် သူတားမြစ်သံကြားရချိန်ဝယ် ကျွန်တော်က လမ်းမပေါ်ရောက်နေပြီ။

ယာဉ်ထိန်းရဲ၏ ခရာသံတရှီးရှီးကြားရ၏။ ကျွန်တော်ရပ်နေသည့်နေရာက မီးပွိုင့်အလယ်တည့်တည့်၊ လက်ထဲတွင်လည်း ဖျာလိပ်ကြီးကပိုက်လျက်။

❑ ❑ ❑

www.burmeseclassic.com

"ကျွန်တော် မသိလို့ပါခင်ဗျာ"

အခွန်းတစ်ထောင်ပြည့်လုနီးပါးအချိန်တွင် ယာဉ်ထိန်းရဲကြီးက သနားသွားပြီး ကျွန်တော့်ကို

"အေး ဒါဆိုလည်း နောက်ဆိုဆင်ခြင်ပေါ့"ဟု နှစ်ဆယ့်နှစ်ခွန်းထပ်ဖြည့်ပြီး ပခုံးသုံးချက်ပုတ်ကာ လွှတ်ပေးလိုက်သည်။ ခုနကလည်း တစ်ခါအဖမ်းခံ ဒဏ်ငွေဆောင်ထားခဲ့ရပြီမို့ ယာဉ်ထိန်းရဲကြီး ကရုဏာသက်သွားပုံရ၏။

ကျွန်တော်ရောက်နေသော နေရာမှာလည်း လှည်းတန်းရောက်ရန် တစ်မှတ်တိုင်သာလိုတော့သည်မို့ ကားထပ်မစီးတော့ဘဲ ဖျာကိုပိုက်၍ ခြေလျင်သာ လျှောက်လာလိုက်တော့၏။

"တောက် ကြောင်လျှာသီး၊ နောက်ဆို တို့စရာတောင် လုပ်မစားတော့ဘူး"

❑ ❑ ❑

www.burmeseclassic.com

လုံးဝရန်မဖြစ်ပါနဲ့ . . ။

ကိုယ့်အစွမ်းအစကို ယုံကြည်သူအဖို့ ရန်ဖြစ်ဖို့

အချိန်မပေးနိုင်။

ခွေးကို လမ်းဖယ်ပေးရတာဟာ

ခွေးကိုက်ခံရတာနဲ့နှိုင်းစာရင်

ပိုအကျိုး ရှိပါလိမ့်မယ်။

**လင်ကွန်း(Lincoln)**

www.burmeseclassic.com

**ဒီ**ဆောင်ဟုဆိုသော်လည်း သိပ်အကျယ်ကြီးတော့မဟုတ်၊ ရွာက သူတို့အိမ်သာသာလောက်ရှိလိမ့်မည်။ ခြံရှေ့တွင် ပုဏ္ဏရိပ်ပင်များ အစီအရီ စိုက်ပျိုးထားပြီး အဝင်လမ်းတစ်လျှောက် သစ်ခွပန်းပင်များ စိုက်ပျိုးထားသေး သည်။

ထိုသစ်ပင် ပန်းပင်များကြောင့် အဆောင်လမ်းမှာ အေးချမ်းနေသ ယောင်။

လူရိပ် လူယောင်မတွေ့၍ ဖျာလိပ်ကြီးပိုက်ပြီး ခြံထဲဝင်လိုက်သည်။

"ကိန်"

"ဟိုက် နင်းပဟ"

ခြံထဲဝင်ဝင်ချင်း ခွေးလည်ပင်းကြောင့် ကျွန်တော်လန့်၍ ထခုန်မိ သည်။ ထိုခွေးအော်သံကြောင့်ပင် အိမ်(အဆောင်)ထဲမှ မိန်းမဝဝကြီးတစ် ယောက်ပြေးထွက်လာသည်။

"ဩော် ဧည့်သည်ကိုး မင်းက ခြံဝကစာမှ မဖတ်ဘဲ"

မိန်းမကြီးစကားကြောင့် သူ ဇဝေဇဝါဖြစ်သွား၏။

"ဘာလဲ ခွေးကိုက်တတ်သည်လို့ ရေးထားလို့လား"

"ဟင့်အင်း ခေါင်းလောင်းဆွဲပါလို့ ရေးထားတာ"

"ဟင် ဘာမှလဲ မဆိုင်ဘူး"

"ဟဲ့ ဆိုင်တာပေါ့ ခေါင်းလောင်းမဆွဲဘဲ ဝင်လာလို့ကတော့ ခွေးကို နင်းပြီးသားပဲ"

"အင်"

www.burmeseclassic.com



"ခွေးက အိမ်သိပ်လုံတာကွယ့်၊ အမြဲတမ်း ခြံဝမှာပဲ လှဲအိပ်နေတာ။ လူဝင်လို့ကတော့ နင်းပြီးသားပဲ၊ နောက် ဒီကောင်က ပါရမီလည်းကောင်းတယ်၊ ဘယ်သူနင်းနင်း လည်ပင်းချည်းပဲ၊ တလောက သူခိုးတစ်ယောက်မိတာလည်း သူ့ကြောင့်ပဲ"

"ဘာလဲ ဒီကောင်ပြေးဆွဲထားလို့လား"

"ဟင့်အင်း သူခိုးက သူ့ပါးစပ်ချော်နင်းမိလို့ ယောင်ပြီးဟပ်ထားတာ"

ဩော်. . . ဖြစ်မှဖြစ်ရလေ။ အတော်လည်း ပါရမီကောင်းတဲ့ကောင်။

"ဒါနဲ့ မင်းက"

"ဟုတ်ကဲ့ တလောက ကျွန်တော့်အဖေက ကျွန်တော့်အတွက် ဒီမှာ အဆောင်လာအပ်ထားပေးတာ"

မိန်းမကြီး၏မျက်လုံးများ အရောင်တောက်သွား၏။

"ဩော် မောင်ငယ်ဆိုတာဖြစ်မယ်၊ ဟုတ်ပါရဲ့ တလောက မင်းဦးလေးဆိုလား ဘကြီးဆိုလား ရောက်လာပြီး မင်းအတွက် အဆောင်လာအပ်သွားပေးတယ်"

ရော် ခက်ပြီ။ အဖေပါဆိုနေမှ ဦးလေးလား ဘကြီးလားလုပ်နေသေး။

"လာ လာ အထဲကိုဝင်"ဟုဆိုပြီး တစ်ယောက်တည်း ပွစိပွစိပြောပြီး မိန်းမကြီး အိမ်ထဲဘက်လှည့်ဝင်သွားသောကြောင့် ကျွန်တော်လည်း မိန်းမကြီး နောက် လိုက်ဝင်လိုက်သည်။

"ကိန်"

"ဟိုက် နင်းပြန်ပဟ" ဒီတစ်ခါ နင်းမိတာတော့ လည်ပင်းမဟုတ်၊ ခေါင်း။

စိတ်ထဲတွင်တော့ ခုနမိန်းမကြီးပြောသွားသလို "ဘယ်သူနင်းနင်း လည်ပင်းချည်းပဲ"ဆိုသည့်စကား လွဲသွားပြီဟု ထင်နေတုန်းမှာပင်၊ အရှေ့မှ ကော့တော့ကော့တော့ သွားနေသော မိန်းမကြီးက သူ့ဘက်ပြန်လှည့်ပြီး

"အဲဒါ ခုနကောင်ရဲ့ အဖေလေ၊ သူ့ကျတော့ ဘယ်သူနင်းနင်း ခေါင်းချည်းပဲ"တဲ့၊ ကဲ ကောင်းရောကွာ . . .။

❑ ❑ ❑

www.burmeseclassic.com

သိပ်မကျယ်ဝန်းလှသော်လည်း ဧည့်ခန်းကလေးသည် ဆက်တီကုလားထိုင်ခုံများ၊ ပန်းအတုများ၊ လက်ရာခပ်ညံ့ညံ့ ပန်းချီကားများနှင့် သန့်ရှင်းသပ်ရပ်နေသည်။

အိမ်၏အလယ်တည့်တည့် ဆက်တီခုံတွင်တော့ ကျွန်တော့်ကိုခေါ်သွားသော မိန်းမကြီးနှင့်ခပ်ဆင်ဆင် နောက်ထပ်မိန်းမကြီးတစ်ဦး အူကြောင်ကြောင်နှင့် ထိုင်နေသည်။

"လာ မောင်ငယ်"

ကျွန်တော့်ကို ဦးဆောင်ခေါ်လာသော မိန်းမကြီးက ကျွန်တော့်ကိုခေါ်ရင်း တစ်ဆက်တည်းမှာပင်

"မြင့်ရေ ဒါမောင်ငယ်တဲ့၊ တလောက သူ့ဘကြီးဆိုလား ဦးလေးဆိုလား သူ့ကိုယ်စား လာအပ်သွားတယ်လေ"

အူကြောင်ကြောင်နှင့် ထိုင်နေသော မိန်းမကြီး၏မျက်လုံးများ ရောင်နီသဖွယ် တောက်ပသွား၏။ နောက် ကျွန်တော့်ကို စေ့စေ့ကြည့်ပြီး

"ဟယ် ဟုတ်လား၊ ဒါကြောင့် တူပါတယ်ဆိုပြီး ကြည့်နေတာ၊ ဒါပေမယ့် သူ့ဘကြီးက ပိုခန့်တယ်တော့"

ဟောဗျာ အဖေ ဘယ်လိုစည်းရုံးရေးဝင်သွားပါလိမ့်။

ကျွန်တော်အတွေးမဆုံးမီ မျက်လုံးရောင်နီထနေသော မိန်းမကြီးက ကျွန်တော့်ကိုစေ့စေ့ကြည့်ပြီး

"ဒါနဲ့ မင်းပစ္စည်းတွေရော"

ထိုမိန်းမကြီးစကားကြောင့် ကျွန်တော်ယောင်ပြီး ဘေးဘီဝေ့ကြည့်မိ

www.burmeseclassic.com



သည်။ နောက်မှ သတိရပြီး ပိုက်ထားသောဖျာလိပ်ကိုသာ ပုတ်ပြလိုက်ပြီး

"ဒါတစ်ခုတည်း"

"ဟယ်"

နှစ်ယောက်လုံးမျက်လုံးပြူးပြီး 'ဟယ်'သွားကြသည်။ နောက်မှ ကျွန်တော့်ကို ဦးဆောင်ခေါ်လာသော မိန်းမကြီးမှ

"ရန်ကုန်မှာ တက္ကသိုလ်လာတက်တာ ဒီဖျာတစ်လိပ်ပဲ ပါတယ်"

"အဲ. . . ဟုတ်. . . ဟုတ်. . . "

"ဩော်. . ရန်ကုန်ရောက်မှ အဝတ်အစားတွေ ဝယ်ဝတ်မယ် ထင်တယ်"

ကျွန်တော်ယောင်ပြီး ခေါင်းညိတ်ပြမိသည် ထင်၏။ ကျွန်တော့်ကို ကြည့်ပြီး မိန်းမကြီး နှစ်ယောက်လုံးကပါ ယောင်ပြီး ခေါင်းလိုက်ညိတ်သည်။ အတန်ကြာသည်အထိ နောက်ထပ်ဘာစကားမှ ဆက်မပြောကြဘဲ ကျွန်တော့်ကိုသာ ပါးစပ်အဟောင်းသားနှင့် ကြောင်ငေးကြည့်နေကြသည်။

ကျွန်တော်လည်း သူတို့ကိုကြည့်ပြီး ဆက်ပဲထိုင်နေရမလား၊ ထပဲထွက်သွားရမလား၊ မခွဲခြားတတ်တော့၊ တစ်နေ့လုံးခရီးသွားလာနေရသည်မို့ လူလည်း ငြီးစီစီနှင့် အနားယူချင်နေပြီ၊ အတော်ကလေးကြာတော့မှ ထိုင်နေသော အန်တီမြင့်မှ မျက်ဝန်းများတောက်ပသွားပြီး

"ဩော်. . . သူ့ဘကြီးကပြောသွားတယ်မဟုတ်လား၊ သူတို့ဘယ်လောက် ချမ်းသာတဲ့အကြောင်း၊ သူ့တူလေးဆိုရင် ငွေကို ဘယ်လိုသုံးတတ်တဲ့ အကြောင်းတွေလေ၊ အခုလည်း ရန်ကုန်မှာ အဝတ်အစားကအစ ဝယ်ပြီး ကျောင်းတက်မယ်ထင်တယ်"

"အယ်. . . ဟုတ်ပါရဲ့၊ သူ့ဘကြီးပြောသွားတာ အခုမှအမှတ်ရတယ်။ ငွေတွေထားစရာနေရာမရှိလို့ အိမ်အောက်မှာ မြေမြှုပ်ထားရတယ်ဆိုလား"

ဩော် အဖေ. . . အဖေ. . . မွှေချက်ကတော့ ကမ်းကုန်ပါပဲ၊ သားသိပါပြီ အဖေရာ. . .။

"အေးကွယ်. . . အန်တီတို့ကလည်း အပျိုကြီးတွေဆိုတော့ အဟင်း"

ဟင် ဘာမဆိုင် ညာမဆိုင် ကြော်ငြာကဝင်ပြီ။

"မင်း ဘကြီးကတော့ သိပါတယ်၊ သူကလေ အန်တီတို့ကို ချွတ်ချွတ်နှိုက်နှိုက်"

"ဗျာ"

လိုအပ်သည်ထက် ပို၍ကျယ်လောင်သွားသော ကျွန်တော့်အသံ

www.burmeseclassic.com



ကြောင့် နှစ်ယောက်စလုံး ရှိုးတိုးရှန့်းတန်းဖြစ်သွားပြီး

"အဲလေ. . . ဟိုလေ. . . နှိုက်နှိုက်ချွတ်ချွတ်ပြောတာ အဟင်း"

အဖေ. . . အဖေ. . . အဖေလက် ဝက်မြီးလိုပါပဲလား။

"မင်းဘကြီးကတော့ သိပါတယ်၊ သူကလေ အန်တီတို့ကို ချွတ်ချွတ်နှိုက်နှိုက်"

လာပြန်ပြီ ချွတ်ချွတ်နှိုက်နှိုက်ကြီး ကျွန်တော်လည်း သူတို့ကို ရွဲ့ချင်သည်နှင့်. . .

"ဘာလုပ်သွားတာလဲ"ဟု စိုးရိမ်ဟန်နှင့် အလောတကြီးမေးလိုက်သည်။ ဒါကိုပင် အန်တီကြီးမှ စိတ်အားထက်သန်စွာဖြင့်

"မေးသွားတယ်. . . မေးသွားတာ. . . အန်တီတို့မှာ နှလုံးရောဂါရှိတဲ့အကြောင်းတွေ နောက်ပြီး ဖိုနဲ့ပတ်သက်လာရင် မီးတောင် မဖိုဖူးတဲ့အကြောင်းတွေ၊ အချစ်နဲ့ပတ်သက်လာရင် အုန်းသီးတောင်မခြစ်ဖူးတဲ့အကြောင်းတွေ အို. . . တကယ့်ချွတ်ချွတ်နှိုက်နှိုက်. . . အဲလေ နှိုက်နှိုက်ချွတ်ချွတ်"

သားတော့မှားပြီလားမသိပါဘူး အဖေရေ အဖေကတော့ ဝက်မြီးလိုမွှေ သွားတာပ။

"ဩော် ဒါနဲ့မှတ်ထားဦးနော် အန်တီအမည်က 'မြ'တဲ့၊ သူ့နာမည်က 'မြင့်'၊ နှစ်ယောက်လုံး အပျိုကြီးတွေပေါ့ကွယ် အဟင်း"

အောင်မလေး အပျိုကြီးကကို မတက်နိုင်တော့ပါလား။ ကျွန်တော်လည်း ကြာတော့ စိတ်ညစ်ချင်ချင်ဖြစ်လာ၏။

"ကဲ မင်းလည်း နားချင်ပြီထင်တယ်။ မင်းနေရမယ့်အခန်းက အပေါ်ထပ်မှာလေ၊ ရေချိုးခန်း အိမ်သာလည်းပါတယ်။ အဲ ဒါပေမယ့် နှစ်ယောက်ခန်း၊ နောက်တစ်ယောက်က အပြင်သွားတယ်ထင်တယ်။ ပြန်လာတာတော့ မတွေ့သေးဘူး။ ဒါနဲ့ ပြောထားရဦးမယ်၊ မင်းနဲ့တစ်ခန်းထဲနေတဲ့ကောင်က လူရှုပ်နော်၊ သတိထားပြီးတော့သာပေါင်း။ မြင့်ရေ ကောင်လေးကို သူနေရမယ့်အခန်းလိုက်ပို့လိုက်ပါဦး"ဆိုတော့ ကျွန်တော်လည်း စိတ်မရှည်နိုင်တော့ဘဲ ဖျာလိပ်ကလေးပိုက်ပြီး အရှေ့မှဦးဆောင်ထွက်လာလိုက်သည်။

သူ့နောက်ကမှ အန်တီမြင့်ဆိုသော မိန်းမကြီးပါးစပ်မှ ဆပ်ပြာပူဖောင်းထွက်လုနီးနီးစကားတွေကို ကျိုက်ထီးရိုးသေနတ်လို တရစပ်ပြောရင်း လိုက်ပါလာသည်။

သူပြောလာသည့်စကားတွေကလည်း ခုနပြောတာတွေနဲ့ သိပ်မကွာ၊ ထုံးစံအတိုင်းနှစ်ယောက်လုံးမှာ အပျိုကြီးပီပီ သိက္ခာရှိရှိနေခဲ့သည့်အကြောင်း

www.burmeseclassic.com



ဖိုဆိုလို့ မီးတောင်မဖိုဖူးကြောင်း၊ ကျားဆိုလို့ တိရစ္ဆာန်ရုံမှာပင် သွားမကြည့်ဖူးကြောင်း၊ ငယ်ငယ်တုန်းကတော့ ရုပ်ရည်ချောမော လှပကြွရွဝထနေသောကြောင့် ကိုကိုကာလသားများ၏ အကြီးအကျယ်ပိုးပန်းခြင်းခံခဲ့ရကြောင်း၊ သူတို့၏ အသားအရည်ကလေးတွေဟာ နုဖတ်အုအတ်နေသည့်အကြောင်း စသည်ဖြင့် ထောင့်တစ်ညပုံပြင်မက မဆုံးနိုင်အောင်ပြောပြီး အနောက်မှလိုက်လာ၏။

ဤသို့ဖြင့် အပေါ်ထပ်အခန်းနှစ်ခန်းကျော်ခန့် ရောက်သောအခါ အန်တီမြင့်မှ

"ဒီအခန်းပဲ"ဟု လှမ်းတားလိုက်သဖြင့် ကျွန်တော်လည်း ရပ်နေလိုက်သည်။ နောက်. . အန်တီမြင့်မှပင် ဦးဆောင်၍ အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

"ဝုန်းခနဲ"ထပျံထွက်သွားသော ခြင်ရိုင်းတစ်စု၊ ရှုပ်ထွေးပွေလီနေသော အိပ်ရာခင်း၊ အနံ့အသက်ဆိုးရွားလှသော စောင်များ။

"ကဲ မြင်တဲ့အတိုင်းပဲ၊ မင်းနဲ့အတူနေရမယ့်ကောင်က လူတင်ရှုပ်တာ မဟုတ်ဘူး၊ သူ့အခန်းကိုပဲကြည့် မင်းနေရမယ့်ခုတင်က ဟိုဘက်မှာ"

အခန်းထဲမှ အဖြစ်အပျက်များကြည့်ပြီး သူအခန်းထဲ ဝင်ချင်တဲ့စိတ်ကုန်သွားလောက်အောင် စိတ်ပျက်သွားမိ၏။

"ကဲ ဝင်လေ"

အန်တီမြင့်၏ စကားကြောင့် သူအောင့်သက်သက်နှင့် လှမ်းဝင်လိုက်သည်။ အခန်းဝရောက်သည်နှင့် ခြင်ထောင်ကြား ခိုအောင်းနေသော လက်ကျန်ခြင်တစ်အုပ် ဝုန်းခနဲ ထပျံသွားသည်။

"ရေချိုးခန်း အိမ်သာက ဒီဘက်မှာ"

ဆယ့်နှစ်ပေပတ်လည်ခန့်ရှိသော အခန်းကလေးတွင် တစ်ယောက်အိပ်ခုတင်နှစ်လုံးချပြီး တစ်ယောက်စာတစ်ခန်းကို နှစ်ယောက်နေစေခြင်းဖြစ်သည်။

"ကဲ အန်တီ အောက်ပြန်ဆင်းလိုက်ဦးမယ် ခဏနေမှ မင်းအတွက် မီးလုံးတွေ မီးအုပ်ဆောင်းတွေယူခဲ့ပေးဦးမယ်၊ ဪ ဒါနဲ့ ဟို. . ဟို"

အန်တီမြင့်ကြီး စကားကို ထပ်မဆက်ဘဲ ဘေးဘီဝဲ့ကြည့်လိုက်သေး၏။ ဘယ်သူမှ မရှိတာ သေချာတော့မှ အပျိုဖြန်းကလေး လက်ဖက်ရည်ဆိုင်ရှေ့က ဖြတ်လျှောက်သလိုရုပ်မျိုးနှင့်

"ဟို ဟိုလေ သူဘယ်တော့လောက် လာဦးမှာလဲဟင်"

"ဗျာ"

www.burmeseclassic.com



သူ၏ မဆီမဆိုင်အမေးကြောင့် ကျွန်တော်ကြောင်သွား၏။

"ဟိုလေ ဟိုအစ်ကိုကြီးကိုပြောတာ၊ မင်းဘကြီးဆိုလား ဦးလေးဆိုလား"

"ဪ"

"လာ အဲ. . လာပါတယ်. . . ဟုတ်ပေါင်. . . လာမှာပါ. . . အဖေ. . အဲ ဘကြီးကလာပါတယ်. . . အဲ"

ကျွန်တော်လည်း ရှင်းပြနေလျှင် ကြာနေမည်စိုး၍ အလိုက်သင့်လေး ပြန်ဖြေလိုက်သည်။ ကျွန်တော်၏အဖြေကိုကြားတော့ အပျိုကြီး၏မျက်လုံးအစုံ သောက်ရှူးကြယ်လို တောက်ပြောင်သွားပြီး. . .

"ဂယ်"

"ဂယ်ပေ့ါ"

"ဟယ် ဝမ်းသာရိုက်တာ"

အပျိုကြီးမှာ မည်မျှဝမ်းသာသွားသည်မသိ၊ စကားပင် မပီချင်တော့။ နောက်တော့မှ မိန်းမတို့ဣန္ဒြေ ကန်တော့ပွဲပေးလို့မရဟူသော ပုံစံမျိုးနှင့် ကိုယ်ဟန်ပြန်သတ်ပြီး. . . .

"ဟယ် စကားကောင်းနေလိုက်တာ အလုပ်တောင်မေ့နေပြီ၊ အဟင်း သွားဦးမယ်နော်၊ တူလေးနောက်တော့မှ စကားတွေအများကြီးမေး. . အဲလေ. . ပြောဦးမယ်သိလား"ဟုဆိုပြီး သူ၏ မုန့်ကျွဲသဲသဖွယ် ပျော့တွဲတွဲဝမ်းဗိုက်သားကို မုန့်ကြိတ်ဆုံသဖွယ်လည်ပတ်စေရင်း အရှက်သည်းသော အပျိုဖြန်းကလေးပုံစံမျိုးနှင့် 'ရဟူး'ဟု အားရဝမ်းသာအော်ပြီး လှေကားအတိုင်း တဒုန်းဒုန်းနှင့်ပြေးဆင်းသွားလေသည်။

"ဪ နှလုံးရောဂါပဲ ထင်ပါရဲ့နော်"

ကျွန်တော်လည်း ဘာမှ ဆက်စဉ်းစားမနေတော့ဘဲ၊ သပွတ်အူသဖွယ် ပွေလီလှသော ခုတင်ကိုကျော်ဖြတ်ပြီး မိမိနေရာဟုသတ်မှတ်ထားသော ခုတင်သို့ရောက်သောအခါ ပါလာသောဖျာလိပ်ကိုဖြန့်ခင်းပြီး ခြေပစ်လက်ပစ်လှဲချလိုက်၏။ တစ်ခဏအတွက်တော့ အကြောအခြင်များ ပြေလျော့သွားသလို ခံစားရ၏။ နောက်တော့မှ ဒါ ရန်ကုန်မြို့ပါလားဆိုသည့်အသိစိတ်က အကြောအခြင်များကို ပြန်လည်တောင့်တင်းသွားစေ၏။

ရန်ကုန်မြို့ကို ရောက်ရောက်ခြင်း ကံမကောင်းခဲ့ရရှာသော သူ့အကြောင်းများကို တွေးရင်းတွေးရင်း ခေါင်းထဲရှုပ်ထွေးနောက်ကျိလာပြန်သည်။

လန်းဆန်းသွားအောင် ရေချိုးလိုက်ဦးမှပဲလေဟု တွေးမိပြီး ဝတ်ထား

www.burmeseclassic.com



သောအဝတ်အစားများအတိုင်း ရေချိုးခန်းဘက် ခြေဦးလှည့်လိုက်သည်။

သန့်ရှင်းသပ်ရပ်နေသော ရေချိုးခန်းက စိတ်ကျေနပ်မှု တစ်စိတ်တစ်ဒေသကို ပံ့ပိုးပေးနေ၏။ ဤကျေနပ်မှုသည် ရန်ကုန်မြို့ရောက်သည့်အချိန်မှစ၍ ပထမဦးဆုံးကျေနပ်မှုသာဖြစ်ပေလိမ့်မည်။

ကျွန်တော်လည်း ဘာမှဆက်စဉ်းစားမနေတော့ဘဲ ရေပန်းကိုလှည့်ဖွင့်လိုက်၏။ အေးမြသောရေ၏အထိအတွေ့သည် ကျွန်တော့်စိတ်ကို အတိုင်းမသိကြည်လင်သွားစေသည်။ နောက်ခေါင်းပေါ်မှ တဖွားဖွားကျနေသော ရေပန်းမှရေများကိုကြည့်ပြီး သဘောအကျကြီးကျနေမိ၏။ ရွာမှာ ရေချိုးရန် ရေငင်နေရသည်မျိုးမဟုတ်ဘဲ ခလုတ်ကလေးဖွင့်လိုက်သည်နှင့် တဖွားဖွားဖြာကျလာသည့် ရေပန်းစနစ်ကို လွန်စွာနှစ်ခြိုက်မိ၏။

ရေချိုးနေရင်းမှာပင် တစ်နေ့လုံး ချွေးသံတရွှဲရွှဲနှင့် ပေကျံနေပြီဖြစ်သော အဝတ်အစားများကိုပါ တစ်ဆက်တည်းလျှော်လိုက်ရန် သတိရမိ၏။

နောက် ရေကန်ပေါင်တွင် အဆင်သင့်တွေ့ရှိသော ဆပ်ပြာတုံးနှင့်ပင် အဝတ်အစားများကို ပယ်ပယ်နယ်နယ် ပွတ်တိုက်နေစဉ်. . .

"ဒေါက်. . . ဒေါက်. . . ဒေါက်"

ကျယ်လောင်သော တံခါးခေါက်သံကြောင့် ခေါင်းထောင်သွားမိ၏။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

အဆက်မပြတ် ခေါက်နေသော တံခါးခေါက်သံကြောင့် 'ကျွန်တော်လာပြီ'ဟုအသံပြုရင်း ရေချိုးခန်းအပြင်ဘက် ပြေးထွက်လိုက်တော့. . .

"ဟင်"

ရေချိုးခန်းအပြင်ဘက်ရောက်မှ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်သုံးသပ်မိသည်။

"ဟာ"

"ဟာ ဒုက္ခပဲ"ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်ရတာကိုက ရှင်းနေသည်။ တစ်စုံတည်းသော ဝတ်စုံကလည်း ရေချိုးခန်းထဲမှာ ဆပ်ပြာနှင့်နယ်ဖတ်ထားပြီးပြီ။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"တူလေးရေ. . . အန်တီဝင်ခဲ့မယ်"

အသံထပ်ကြားတော့ သူ့ဆံပင်မွေးများ မိုးကြိုးအပစ်ခံရသူနှယ် ထောင်ထသွား၏။ နောက်လက်နှစ်ဖက် ရှေ့ဆန့်တန်း၍ တောင်ဘက်ပြေးရမလို၊ မြောက်ဘက်ပြေးရမလိုနှင့် ယောင်နနဖြစ်နေ၏။

www.burmeseclassic.com



"ဒေါက်. . . ဒေါက်. . . ဒေါက်"

"တူလေးရေ"

အပြင်မှခေါ်သံကြောင့် ကျွန်တော်လည်းယောင်ပြီး ခုတင်ပေါ်မှ တွေ့ကရာတစ်ခုကို ကောက်ပတ်ထားလိုက်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"တူလေးရေ"

"ခင်ဗျာ လာ. . . လာပြီ"

အနည်းငယ်လုံခြုံသွားတော့မှ အသံပြန်ပြုရင်း တံခါးကိုပြေးဖွင့်လိုက်သည်။

"ဟင်"

ကျွန်တော်နှင့် ထွာဆိုင်ခန့်အကွာတွင် မီးအုပ်ဆောင်းတစ်ဖက်၊ မီးသီးတစ်ဖက်ကိုင်ထားသော အန်တီမြ။ ကျွန်တော့်ကိုမြင်တော့ သူ့မျက်လုံးအစုံ ထွာဆိုင်ခန့်ပြူးကျယ်သွား၏။ နောက် သူ့အကြည့်က တဖြည်းဖြည်းနိမ့်ကျသွား၏။ ကျွန်တော့်မျက်လုံးကလည်း သူ့မျက်လုံးနောက်မှ လိုက်ပါနိမ့်ဆင်းသွား. .

"ဟင်"

"ဟယ်"

နှစ်ယောက်လုံးထံမှ အာမေဍိတ်သံ ပြိုင်တူထွက်သွားရ၏။ မထွက်ဘဲ ခံနိုင်ရိုးလား။ ကျွန်တော် ကမန်းကတမ်းကောက်ပတ်ထားသည်က ကျွန်တော့်ကို အမြဲတမ်းဒုက္ခပေးလာသော ဖျာလိပ်ကြီး။ ခန္ဓာကိုယ်ဗလာကျင်းနှင့် ဖျာလိပ်ကြီး ပတ်ထားသော ကျွန်တော့်ပုံ မည်မျှကိုးယိုးကားယားနိုင်လိမ့်မည်ကို စဉ်းစားသာကြည့်. . . ဒီကြားထဲ ဖျာလိပ်အစကြီးတစ်ဖက်က ဖတ်လပ်ဖတ်လပ်နှင့် လှုန်နေသေး။

အန်တီမြ ကြောင်ငေးနေရာမှ ကြက်သီးထသွားပြီး. . .

"ခွပ်"

အသည်းယားပြီး ညှစ်မိသည်ထင့်၊ အန်တီမြ လက်ထဲကိုင်လာသော ဖန်မီးသီး ခွပ်ခနဲကွဲသွားသည်။ နောက်တော့ သူ့မျက်လုံးအစုံ လည်တွတ်လည်တွတ်ဖြစ်သွားပြီး တစ်ဖက်သို့ လည်ထွက်သွားကာ. . .

"ဖျာလိပ်နတ်. . . ဖျာလိပ်နတ်"

ဟုရေရွတ်ရင်း မီးလုံးအကွဲကြီးကိုင်ကာ လာရာလမ်းတစ်လျှောက် ကြောင်တောင်တောင်နှင့် ပြန်လှည့်ဆင်းသွား၏။

သူ့ပုံမှာ သာမန်လမ်းလျှောက်လာနေပုံနှင့်မတူဘဲ အိပ်မက်ထဲမှ

www.burmeseclassic.com



လူတစ်ယောက် ယောင်ပြီးလမ်းထလျှောက်နေပုံမျိုး. . . သူ လှေကားထိပ်ခန့် အရောက်မှာပင် အိမ်အောက်ဧည့်ခန်းမှနေ၍ အိမ်ပေါ်သို့ တဒုန်းဒုန်းနှင့်ပြေးတက်လာသော ခြေသံတချို့။ ထိုသူလှေကားထိပ်တွင် အန်တီမြနှင့်ဆုံသော အခါ. . .

"ဟင်"

ခြေသံရှင်သည် မီးလုံးအကွဲကြီးကိုင်ပြီး ကြောင်တောင်တောင်နှင့် ဆင်းလာသော အန်တီမြကိုတွေ့တော့ အံ့အားသင့်သွား၏။ နောက် ဇဝေဇဝါနှင့် ကျွန်တော့်ဘက်လှည့်ကြည့်လိုက်တော့. . .

"ဟာ"

"ဟင်"

သူရော ကျွန်တော်ပါ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး အံ့အားသင့်သွားကြ၏။ မအံ့သြခံနိုင်ရိုးလား. . .။

လှေကားထိပ်ကကောင်က ကျွန်တော်နှင့် လှည်းတန်းကားပေါ်ဆုံလာသော ကြောင်လျှာသီး. . .

"ငကြပ်"

ကျွန်တော်လည်း ဒီလိုကောင်မျိုးကို ဒီလိုနေရာမျိုးတွင် လာတွေ့နေရသေးသည့်အတွက် ဒေါသထွက်သွားပြီး ပတ်ထားသောဖျာလိပ်မှ ဖတ်လပ်ဖတ်လပ်အစကိုသိမ်းကာ ခပ်တင်းတင်းဆွဲ၍ ခါးထိုးလိုက်သည်။

ငတိသည် ကျွန်တော့်ကိုကြည့်လိုက်၊ မီးလုံးအကွဲကြီးကိုင်၍ လှေကားအတိုင်း တွေတွေကြီးဆင်းသွားသော အန်တီမြင့်ကိုကြည့်လိုက်နှင့် ဇဝေဇဝါဖြစ်နေပုံရ၏။ အတန်ကြာမှ ကျွန်တော့်ဘက်လှည့်၍

"ဟေ့ကောင်. . . မင်းအဘွားကြီးကို ဘာလုပ်လိုက်တာလဲ"

သူ့အမေးကြောင့် ကျွန်တော်လည်း ဒေါသထွက်ရမည့်အစား လန့်သွား ပြီး. . .

"ဟာ. . . ဘာ. . . ဘာမှ မလုပ်ပါဘူး. . . ဟင့်အင်း ဘာမှမလုပ်ပါဘူး"

"ဟ. . . မင်းဘာမှမလုပ်ဘူးဆို သူက ဘာကိစ္စမီးလုံးကြီးညှစ်ခွဲသွားတာလဲ"

"အဲ. . . အဲ. . ဒါတော့ ငါမသိဘူး ငါ့ကိုကြည့်ပြီး မီးလုံးကြီးညှစ်ခွဲသွားတာပဲ. . . ငါကတော့ ဘာမှမလုပ်ရိုးအမှန်ပါ"

ငတိ စိတ်ညစ်သွားဟန်နှင့် မျက်မှောင်ကျုံ့လိုက်သည်။ ပြီးမှ. . .

www.burmeseclassic.com



"ကျွတ်. . . မင်းဖြစ်နေပုံကလည်း ဟိုအပျိုကြီး မီးလုံးညှစ်မယ်ဆို ညှစ်ချင်စရာ. . . မင်းကိုယ်မင်း ပြန်ကြည့်စမ်းပါဦး"

သူ့စကားကြောင့် ကျွန်တော် ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်လိုက်သည်။ မြက်ဖျာချော အကွက်စိတ်ကလေးနှင့်. . .။

"လုံပါတယ်ဟ"

"ဟာ. . . မင်းကိုလုံလို့ ပြောနေတာမဟုတ်ဘူး အဆောင်မှာနေတာ အင်္ကျီလုံချည်လေးတော့ ဝတ်ထားမှပေါ့"

"အဲ"

ထိုတော့မှ ကျွန်တော်သတိပြန်ရသွား၏။ ဝတ်စရာကလည်း ဘာမှ မရှိ. . .။

"သွား. . . သွား. . . လုံလုံခြုံခြုံဖြစ်အောင် တစ်ခုခုသွားဝတ်ထား လိုက်"

သူ့စကားကို ကျွန်တော်လည်း ယောင်နနနှင့် ခေါင်းညိတ်ပြလိုက်ပြီး အခန်းထဲပြန်ဝင်လိုက်သည်။ ခက်တာက အခန်းထဲတွင်လည်း ဝတ်စရာက ဘာမှမရှိ။ ခုနရေစိုအဝတ်ကြီးများ ပြန်ဝတ်ထား၍လည်း သင့်တော်မည်မဟုတ်။

ခုတင်ပေါ် ဝေ့ကြည့်လိုက်တော့ ခြင်ထောင်ပန်းရောင်နှင့် မုံရွာစောင် နီညိုလေးတွေ့ရ၏။ ဟုတ်ပြီ. . . လုံခြုံသွားအောင် စောင်ခြုံနေမှဟု စဉ်းစားမိပြီး စောင်ကို ခြေဆုံးခေါင်းဆုံးဆွဲခြုံလိုက်သည်။ စောင်ခြုံပြီး ဘာလုပ်လို့လုပ်ရမှန်း မသိ၍ ခုတင်ပေါ်တွင်သာ အရှက်သည်းစွာ ဆောင့်ကြောင့်ထိုင်နေလိုက်သည်။

ထိုခဏမှာပင်. . . ကျွီခနဲ တံခါးဖွင့်သံနှင့်အတူ. . .

"အောင်မလေး. . . ကလူ ကလူ"

ကြောင်လျှာသီး၏ အလန့်တကြားအော်သံ။

စောင်ခေါင်းမြီးခြုံကြီးနှင့် ဆောင့်ကြောင့်ထိုင်နေသော ကျွန်တော့်ကို ရုတ်တရက်မြင်လိုက်သောကြောင့် အော်လိုက်မှန်းသိရ၏။

"ဟာ ခွီးထဲမှပဲ. . . လန့်လိုက်တာ. . . ဖြည်းဖြည်းအော်ပါဟ"

ကျွန်တော့်၏စကားကို ငတိ ဘာမှပြန်မပြောသေးဘဲ ရေတစ်ခွက် အလျင်အမြန်မော့သောက်လိုက်ပြီး. . .

"အောင်မာ မင်းကပဲ ပြောရတယ်ရှိသေး. . . မင်းထိုင်နေပုံကြီး ကြည့်ပါဦး. . . ဆောင်းတွင်းမှာချမ်းလို့ စုန်းမကြီးစောင်ခြုံပြီး မီးထိုင်လှုံနေတာက မှ ကြည့်လို့ကောင်းဦးမယ်"

သူ့စကားကို ကျွန်တော် အနည်းငယ်တင်းသွား၏။

www.burmeseclassic.com



"ဟော့ကောင် ငါ စုန်းမမဟုတ်ဘူး"

"အေးလေ စုန်းမက မင်းထက်ကြည့်ကောင်းလို့ပြောတာ"

ငတိကလည်း နှုတ်သီးကောင်းလှျာပါး. . .။

"ဟော့ကောင်. . . မင်း လွန်လွန်းပြီနော်"

"အမြင်ကို ပြောတာပါ. . . **And See**"

"တောက်"

ဆက်ပြောနေလျှင် ဒီကောင်နှင့် မလိုအပ်ဘဲ စကားထပ်များနေရမည်မို့ ဘာမှဆက်မပြောတော့ဘဲ အသာလေးငြိမ်နေလိုက်တော့၏။ ရောက်ရောက်ချင်း ရန်မဖြစ်ချင်သေး. . . (နောက်မှ)

ငတိကတော့ ပွစိပွစိနှင့် ဘာတွေပြောနေမှန်းမသိ. . .။ ကျွန်တော်သူ့စကားများကို ဂရုမစိုက်တော့. . .။

မနက်က အဖြစ်အပျက်များကသာ ခေါင်းထဲ၌ စလိုးမိုးရှင်းပြကွက်များလို တစ်ကွက်ချင်း. . . တစ်ကွက်ချင်း. . .။

ပင်ပန်းလွန်း၍ထင့် မျက်ခွံများ လေးလံလာ၏။

ပုံရိပ်များ ဝေဝါးလာသည်. . . နောက်. . . မေ့ခနဲ။

❑ ❑ ❑

www.burmeseclassic.com

လူတွေမှာ လှည့်ကွက်ကိုယ်စီရှိကြတယ်။
အဲဒီလှည့်ကွက်ကို ခင်ဗျားသိရင်
ဘယ်သူ့ကိုမဆို လှည့်စားလို့ရပြီ။
စောကြည်ဖြူ

လူတွေမှာ လှည့်ကွက်ကိုယ်စီရှိကြတယ်။
အဲဒီလှည့်ကွက်ထဲ ခင်ဗျားရောက်သွားရင်
အလှည့်စားခံရပြီသာမှတ် . . .
မောင်ငယ်

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com

**တစ်**နေ့လုံးပင်ပန်းခဲ့သမျှ အတိုးချအနားယူခဲ့၍လားမသိ၊ နံနက်နေအတော်မြင့်မှ အိပ်ရာမှနိုးလာသည်။ နံဘေးခုတင်ဝေ့ကြည့်လိုက်တော့ ကျွန်တော့်ကိုဒုက္ခပေးနေသော ကြောင်လျှာသီးတောင် မရှိတော့။ ညကတော့ ပြန်ဝင်အိပ်နေပုံရသည်။ အိပ်ရာက မနေ့ကပုံစံမဟုတ်တော့၊ ပုံစံပြောင်းနေပြီ။

ကျွန်တော် အိပ်ရာမှမထသေးဘဲ အပျင်းကြောကို အင့်ခနဲဆန့်ပြီး ဘေးဘီကို ဝေ့ကြည့်လိုက်သည်။

"ဟင်"

ကျွန်တော်၏ခြေရင်းတွင် ဆော့ပင်နှင့်ရေးထားသော စာတမ်းတစ်ခု "ဤခုတင်တွင် ဖျာလိပ်နတ်စိုးစံသည်"တဲ့။

တောက်. . . မနေ့က ဖျာလိပ်ကိုအစွဲပြုပြီး ဖျာလိပ်နတ်ဟု သရော်သွားတာဖြစ်မည်။

မနေ့က. . . မနေ့က. . . အော် ဖြစ်မှဖြစ်ရလေ။

ကိုယ့်အကြောင်း ကိုယ်တွေးပြီး ကိုယ့်ကိုယ်ကိုယ် စိတ်မကောင်းဖြစ်နေလိုက်ရတာ ဗိုက်တောင်ဆာလာပြီ။

အဲ ဘာဆိုင်လို့တုံး၊ အော် မနေ့ကတစ်နေ့လုံး ဘာမှမစားထားတာကိုး၊ တွေးရင်းတွေးရင်း ဗိုက်က ပိုဆာလာသလို။

မဖြစ်သေးပါဘူးလေ၊ တစ်ခုခုတော့ စားထားဦးမှပဲဟု စဉ်းစားမိပြီး ကုန်းအထ။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်သံကြားလျှင် 'လာပြီ'ဟုအသံပြုပြီး ခုတင်ပေါ်မှအဆင်း

www.burmeseclassic.com



"ဟယ်"

ဆင်း၍မဖြစ်၊ အဝတ်အစားက ဘာမှရှိတာမဟုတ်တာ။ ထို့ကြောင့် ကြောက်အားလန့်အားနှင့် ခုတင်ပေါ်တွင် ဥကျင်းဝပ်သောလိပ်သဖွယ် စောင်ခေါင်းမြီးခြုံပြီး ပြန်ဝပ်နေလိုက်သည်။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"တူလေးရေ"

"ဗျာ လာပြီ. . . လာပြီ. . . အဲ မလာဘူး. . . မလာဘူး"

"ဩော်. . . ဝတ်စရာမရှိလို့ထင်တယ်"

"မဟုတ်. . . အဲ. . . ဟုတ်"

ကျွန်တော်၏ ယောင်နနစကားများကြောင့် အပြင်မှ သက်ပြင်းချသံကြားရ၏။ မနေ့ကအဖြစ်အပျက်များ ကျွန်တော်ပြောပြ၍ သိထားခြင်းဖြစ်သည်။

"မရှိဘူး မဟုတ်လား၊ ရှက်မနေပါနဲ့ကွယ်. . . မင်းလည်း ကျောင်းသွား ရဦးမယ်မဟုတ်လား၊ ဒီအတိုင်း ဝပ်နေလို့လည်း မင်းဥကပေါက်. . . အဲလေ ကျောင်းကရောက်တော့မယ် မဟုတ်ဘူးကွယ်၊ ဒါကြောင့် အန်တီက အဝတ် အစားတွေယူခဲ့ပေးတာ"

"အဝတ်အစား"

"အေးလေကွယ်၊ မင်းဘယ်လိုကြိုက်မှန်းမသိလို့ နှစ်မျိုးတောင် လိုရမယ်ရယူခဲ့ပေးတာ၊ အန်တီတို့အိမ်မှာက ယောကျ်ားသားရှိတာမဟုတ်တော့ အန်တီတို့အဖေရှိတုန်းက ဝတ်ခဲ့တဲ့အဝတ်အစားတွေရယ် အန်တီတို့ထဘီတွေရယ် ယူလာတယ်"

"ထဘီတွေပါ"

"အေးလေကွယ် မင်းနဲ့သင့်တော်တာရွေးဝတ်ပေါ့"

ဟင်. . . အလိုလိုနေရင်း လုံးရာက ပြားရမယ့်ဘဝပါလား။

"ကဲ. . . အဲဒါတွေ အန်တီအခန်းဝမှာ ထားခဲ့မယ်နော်။ မင်းကြိုက်တာယူဝတ်ပေါ့"

""ဟုတ်. . . ဟုတ်"

ထိုအန်တီကြီး ပြန်ထွက်သွားသော ခြေသံများကြားရ၏။ ခြေသံများ အတန်ငယ်ဝေးသွားတော့မှ ကျွန်တော်လည်း စောင်များခေါင်းမြီးခြုံပြီး တံခါးပေါက်နားချထားသော အဝတ်အစားများကို လှမ်းယူလိုက်သည်။

"ဟာ"

www.burmeseclassic.com



အဝတ်အစားများကိုကြည့်ပြီး မျက်လုံးအစုံပြူးကျယ်သွားသည်ထင်၏။ မပြူးခံနိုင်ရိုးလား၊ ယူလာသောအဝတ်အစားများထဲ ပါတိတ်ဝမ်းဆက်အသစ်စက်စက်တစ်စုံ၊ ပိုးတောင်ရှည် အဝါရဲရဲကြီးတစ်ထည်၊ ရှေးခေတ်လူကြီးများဝတ်လေ့ဝတ်ထရှိသော တိုက်ပုံပန်းရောင်တစ်ထည်။

"သေပဟ"

အဝတ်အစားများကိုကြည့်ပြီး စိတ်တွေ သွေးပေါင်ကျသွား၏။ အတန်ကြာသည်အထိ ဟိုဟာယူလိုက် ကိုယ်ပေါ် ကပ်ကြည့်လိုက် ဒီဟာယူလိုက် ကိုယ်ပေါ်ဖြန့်ကြည့်လိုက်နှင့် ဘာလုပ်လို့ လုပ်ရမှန်းမသိဖြစ်နေမိ၏။

နောက်ဆုံးတော့ ပိုးတောင်ရှည်နှင့်သာ အသင့်တော်ဆုံးမို့ တောင်ရှည်အဝါရဲရဲနှင့် တိုက်ပုံအင်္ကျီပန်းရောင်ကိုသာ ဝတ်ဆင်လိုက်ရသည်။ ထိုဝတ်စုံများဝတ်ပြီးမှ ကျွန်တော့်ပုံမှာ နှစ်ကျိပ်ရှစ်ဆူဘုရားလှည့်စဉ် ဘေးမှ အလှူခံပုံးကိုင်၍လိုက်ရသော ဂေါပကလူကြီးလိုဖြစ်နေ၏။ စိတ်ထဲတွင်လည်း ဒီပုံအတိုင်း အပြင်ထွက်ရကောင်းနိုး၊ မထွက်ရကောင်းနိုး ဝေခွဲရခက်နေသည်။ အပြင်ရောက် လျှင်လည်း လူဝိုင်းအရယ်ခံရမှာ သေချာသည်။ ဗိုက်ကလည်း အဝတ်အစားများ ကို ဂရုမစိုက်ဘဲ တဂွီဂွီမြည်သံပေး၍ ဆန္ဒပြနေပြီ။

နောက်ဆုံးတော့ မထူးပါဘူးလေ၊ ဒီပုံအတိုင်း တစ်ခုခုထွက်ဝယ်စားပြီး အိမ်ထဲလာပြန်ဝင်ပြီး ဥကျင်းဝပ်နေတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်ပြီး မနက်က တည်းက မသစ်ရသေးသောမျက်နှာကို ဖြစ်သလိုလေးသစ်ပြီး အဝတ်အစားများ လဲဝတ်၍ အခန်းပြင်ထွက်လိုက်သည်။

ကျွန်တော်လည်း လှေကားထိပ်အရောက် အိမ်အောက်ဧည့်ခန်းတွင် ထုံးစံအတိုင်း အူကြောင်ကြောင်ထိုင်နေသော အန်တီမြင့်မှ ကျွန်တော့်ကိုလှည့်ကြည့်သည်။ ကိုးရိုးကားယားအဝတ်အစားများနှင့် ကျွန်တော့်ကိုမြင်သည်နှင့် သူ့မျက်လုံးအစုံ ပြူးကျယ်သွားပြီး သူ့ရင်ဘတ်ကို သူ့လက်နှင့်ပြန်ဖိကာ. . .

"အဖေ. . . အဖေ. . ဘုရား. . . ဘုရား. . . အဖေ. . . အဖေ. . ဘုရား. . . ဘုရား"ဟု အော်ဟစ်ရေရွတ်နေလေသည်။ သူရေရွတ်သံကြောင့် အိမ်နောက်ဖေးတွင် စားစရာများချက်ပြုတ်နေသည့် အန်တီမြ ယောက်မတစ်ဖက် လက်နှီးတစ်ဖက်နှင့် ထွက်လာသည်။ ကျွန်တော့်ကိုမြင်သည်နှင့် သူ့လက်ထဲကိုင်လာသော ယောက်မပြုတ်ကျသွားပြီး. . .

"အောင်မလေး. . . အဖေ. . . အဖေ အောင်မလေး. . . အဖေ. . . အဖေ. . . အောင်မလေး"နှင့် ရေရွတ်နေပြန်သည်။ သူတို့နှစ်ယောက်ကိုကြည့်ပြီး ကျွန်တော်ပင် အပေါ်ကိုပြန်တက်ရကောင်းနိုးနိုး၊ အောက်ကိုပဲ ဆက်ဆင်းရ

www.burmeseclassic.com



နိုးနိုးနှင့် ဝေခွဲမတတ်ဖြစ်နေမိသည်။ သူတို့နှစ်ယောက်ပုံကလည်း ပြေးပဲဖက်တော့မလို ထိုင်ပဲကန်တော့မလိုနှင့် လက်အုပ်ကလေးချီလိုက်၊ လက်ချည်းပဲအရှေ့ထွက်လာလိုက်ဖြစ်နေ၏။ သူတို့နှစ်ယောက်ကိုကြည့်၍ ဘယ်လိုမှအခြေအနေမကောင်းမှန်းရိပ်မိသောကြောင့်. . .

"အန်. . . အန်တီတို့. . . ကျွန်. . . ကျွန်တော်မောင်ငယ်ပါ. . . မောင်. . . ငယ်ပါ"ဟု အသံပြုလိုက်ရ၏။ အသံမပြု၍မဖြစ်။ သူတို့ပြေးဖက်ပါက ကိုယ်ကနစ်နာဦးမည်။ ထိုင်ကန်တော့နေပါက အသားလွတ်ငရဲကြီးခံနေရဦးမည်။

ကျွန်တော့်အသံကြားမှ နှစ်ယောက်လုံး မျက်လုံးအပြူးလျော့သွားကြပြီး. . .

"ဟယ် မောင်ငယ်ကိုး. . . အောင်မလေးဟယ် ငါတို့က တို့အဖေမှတ်သွားတယ်၊ နင်နဲ့ အဖေကလည်း တစ်ပုံစံတည်းပဲဟယ်၊ အောင်မလေး မောင်ငယ်ရေ အမျှ အမျှ. . . အဲလေ. . . အဖေရေ သာဓု သာဓု ဟုတ်ပေါင်"

"ဟုတ်ပါရဲ့ဟယ်. . . ငါက အဖေများ အသက်ပြန်ရှင်လာသလားလို့ လန့်ပါလန့်သွားတယ်၊ မောင်ငယ်ရေ သာဓု သာဓု. . . အဲလေ. . . အဖေရေ အမျှ အမျှ ကြည့်ပါဦးဟယ်. . . ဒီဓာတ်ပုံထဲက အဖေ့ပုံမှ အဖေ့ပုံချွတ်ပြီး သူ့ကိုယ်ပေါ် စွပ်ထားသလားတောင် အောက်မေ့ရတယ်"ဟုဆို၍ ဧည့်ခန်းတွင် ချိတ်ဆွဲထားသော ဓာတ်ပုံတစ်ပုံကို လက်ညှိုးထိုးပြ၍ကြည့်လိုက်တော့. . .

"ဟင်"

ဓာတ်ပုံတွင် ကျွန်တော့်ကို ပြုံးဖြီးဖြီးနှင့် ကြည့်နေသူတစ်ဦး။

ဓာတ်ပုံထဲမှ ပုံနှင့် ကျွန်တော့်ပုံမှာ တကယ့်တခြားစီ၊ လားလားမှမတူ၊ မြင်းမြင်းမျှမတူ၊ မြည်းမြည်းနှင့်မတူ။

ကြည့်လေ ဓာတ်ပုံထဲကလူက နှုတ်ခမ်းမွေးတစ်တောင့်ထွာနှင့် ပြုံးဖြီးဖြီးကြီး။ ကျွန်တော့်တွင်တော့ နှုတ်ခမ်းမွေးမပြောနှင့် ဆံပင်မွေးတောင်မကောင်းတတ်လို့ရှည်နေတာ။ နောက်ပြီး ဟိုက ဝက်၊ ကျွန်တော်က နံ့ကောင်၊ မတူတာမှ ဂေါ်ဇီလာနှင့် အိမ်မြှောင်လောက်ပင်ရုပ်မဆင်။ အဲ. . တူတာဆိုလို့ ယောကျ်ားဖြစ်တာခြင်းလောက်သာ တူလိမ့်မည်။ ဒါတောင် သိပ်မသေချာချင်၊ သို့သော် ဇွတ်ကိုတူနေသော အပျိုကြီးနှစ်ယောက်ကတော့ နည်းနည်းမှမလျှော့ဘဲ. . .

"အောင်မလေး ဒါကြောင့် ဒီကောင်လေးရောက်ကတည်းက ဆွေမျိုးသားချင်းလိုကို ဖြစ်နေတာ။ သူ့ဘကြီးမြင်ကတည်းက ငါက အသည်းယားနေတာ"

www.burmeseclassic.com



ဟော. . . ပြောရင်းဆိုရင်း အဖေ့ကိစ္စဘက်လှည့်သွားပြန်ပြီ။

"ဟုတ်ပဟယ်. . . အမှန်အတိုင်းပြောရရင် အဖေတောင် သူ့လောက် အဖေနဲ့မတူရှာဘူး၊ သူမှ အဖေနဲ့ချွတ်စွပ်"

ဟင် တစ်မျိုးကြီးပါလား၊ သူ့အဖေတောင် ကျွန်တော့်လောက် အဖေနဲ့ မတူရှာဘူးဆိုနေပါရောလား။ ကျွန်တော်လည်း သူတို့ကိုကြည့်ပြီး ဘာဆက်ပြော ရမှန်းမသိတော့။ ဗိုက်လည်း လိုအပ်သည်ထက် ပို၍ဆာလောင်နေပြီ။ ထို့ကြောင့် အပျိုကြီးနှစ်ယောက်ကို အစွမ်းကုန်ပြုံးပြလိုက်ပြီး. . .

"အဟီး. . . အန်တီ သွား. . . သွားတော့မယ်နော်. . ဗိုက်ကဆာနေ လို့"

"ဟုတ်ကဲ့ အဖေ. . . အဲလေ ဟုတ်ကဲ့မောင်ငယ်. . . အဲ"

သူတို့၏ အဖြေစကားဆုံးအောင် မစောင့်တော့ဘဲ ကျွန်တော်ခြေလှမ်း ကို ခပ်သွက်သွက်လှမ်းလိုက်သည်။ စိတ်ထဲတွင်တော့ ကိုယ့်မျက်နှာကိုကိုယ် ဘုဒ္ဓိဇာနှင့်ထိုးကလော်ချင်စိတ်ပေါက်နေမိ၏။

❑ ❑ ❑

www.burmeseclassic.com

အပြင်ရောက်တော့လည်း ထင်သည့်အတိုင်း လူများ သူ့ကိုဝိုင်းကြည့်သည်မှာ သမင်လည်ပြန်မက ဇီးကွက်လည်ပြန်ပင်ဖြစ်ကြကုန်၏။ ထိုထဲကမှ တချို့ထံမှ အံ့အားသင့်သောမျက်ဝန်းများ အမွေရသော်လည်း တချို့ထံမှ ခွက်ထိုးခွက်လန်ရယ်သံများ ကြွေကျလာ၏။

ကျွန်တော်လည်း ရှက်ရှက်နှင့် မည်သူ့ကိုမျှ စေ့စေ့မကြည့်ရဲဘဲ ခေါင်းကိုငုံ့၍ ခပ်သွက်သွက်လျှောက်လာမိ၏။

လက်ဖက်ရည်ဆိုင်ကလည်း တဆိတ်ဝေးလွန်းသည်ထင်၏။ တော်ရုံနှင့်ကို မရောက်နိုင်၊ လမ်းမှာ ထမင်းဆိုင်တချို့တော့တွေ့ပါရဲ့။ သို့သော် အိတ်ကပ်ထဲမှ ငွေတစ်ရာကျော်ကလေးနှင့်ကတော့ ဘာထမင်းမှ စား၍လောက်မည်မထင်။ ထို့ကြောင့် လက်ဖက်ရည်ဆိုင်ကိုသာ အားသွန်လျှောက်ရင်းရှာလိုက်သည်။

"တွေ့ပြီ"

အနည်းငယ်ကြီးမားကျယ်ပြန့်သော လက်ဖက်ရည်ဆိုင်တစ်ဆိုင်၊ နောက် လက်ဖက်ရည်ဆိုင်ထဲတွင် ပြုံးဖြီးဖြီးနှင့် ကျွန်တော့်ကို လက်ယပ်ခေါ်နေသော ကြောင်လျှာသီး။

ဒီကောင့်ကိုမြင်သည်နှင့် ကျွန်တော်၏ဒေါသများ ထောင်းခနဲ နားထင်တက်ဆောင့်၏။ သည်ကောင့်ကိုရှောင်ကွင်းပြီး တခြားဆိုင်သွားရန် ဝေ့ရှာကြည့်သည်။ နီးနီးနားနားတွင် နောက်ထပ်လက်ဖက်ရည်ဆိုင် ရုတ်တရက်ရှာမရ. . .။ ဗိုက်ကလည်းဆာနေပြီ။

"ဟေ့ကောင် လာလေကွာ၊ ဘာကြောင်ကြည့်နေတာလဲ၊ ဒီမှာ

www.burmeseclassic.com



လက်ဖက်ရည်ရောင်းပါတယ်ကွ”

ကြောင်လျှာသီးထံမှ ရင်းရင်းနှီးနှီးခေါ်သံ။ ကျွန်တော်လည်း မတတ်သာသည့်အဆုံး ထိုဆိုင်ထဲသို့သာ ဝင်လိုက်သည်။

“လာပါကွ မင်းတို့အလျှုခံအဖွဲ့က ရှေ့ကသွားနှင့်ပြီ၊ ဒီအချိန်မှ မင်းလိုက်သွားလို့လည်း မီတော့မှာ မဟုတ်ဘူး”

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်းသည့်စကားကြောင့် ကျွန်တော် အနည်းငယ်တင်းသွားသည်။ ထို့ကြောင့် ဒီကောင့်စားပွဲတွင်မထိုင်ဘဲ တခြားစားပွဲတစ်ခုတွင် ထိုင်ရန်ပြင်လိုက်သည်။

“ဟ ဟေ့ကောင်ရ ဘယ်လိုဖြစ်ရတာလဲ. . . မင်းစိတ်ကလည်း ကြက်သွန်ခွံလို ထိလွယ်ရှလွယ်ပါလား၊ လာပါကွ ဒီမှာ ရင်းရင်းနှီးနှီးလက်ဖက်ရည်သောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ဆွေးနွေးလို့ရပါတယ်”

ဟုထပ်ပြော နေသဖြင့် ကျွန်တော်လည်း စကားနည်းရန်စဲသဘောမျိုးနှင့် သူ့ဝိုင်းကိုဝင်ထိုင် လိုက်သည်။ စိတ်ထဲတွင်တော့ ဒီကောင့်ရုပ် ပြုံးဖြီးဖြီးကြီး မြင်ကတည်းက အန်ချင်သလို ပျို့ချင်သလို။ သကောင့်သားက မသိလိုက်မသိဘာသာပင်။

“မင်း ဘာစားမလဲ၊ ဗိုက်ဆာလာပြီထင်တယ်။ ဟေ့ ဒီမှာ မုန့်ဟင်းခါး တစ်ပွဲ ပဲကြော် အီကြာကွေးထည့်မယ် ခပ်မြန်မြန်လေး”

ဟုဆိုပြီး စားပွဲထိုးဘက် လှည့်မှာလိုက်သည်။ ကျွန်တော်လည်း ဘာမှဆက်မပြောဘဲ အဆာလွန်နေသော ဝမ်းဗိုက်ထဲ စမူဆာတစ်ခု အရင်ထိုးသိပ်ထည့်လိုက်သည်။ စားလက်စ စမူဆာ မကုန်သေးခင်မှာပင် ကြောင်လျှာသီး မှာလိုက်သော မုန့်ဟင်းခါးပန်းကန်ရောက်လာ၏။

ကျွန်တော်လည်း တောက်လောင်နေသော ဝမ်းမီးတောက်ငြိမ်းသတ်ရန် မုန့်ဟင်းခါးပန်းကန်ကို လှမ်းအဆွဲ ကျွန်တော့်ထက်မြန်သော ကြောင်လျှာသီးက မုန့်ဟင်းခါးပန်းကန်ကို လှမ်းယူလိုက်ပြီး ချက်ချင်း ပလုပ်ပလောင်းနှင့် လွေးနေလိုက်၏။

သူ၏ အမှတ်မထင်အပြုအမူကြောင့် ကျွန်တော် ဒေါသထွက်သွားပြီး

“ဟေ့ကောင် ဒါ ငါ့အတွက်မှာထားတာ မဟုတ်လား”

ကြောင်လျှာသီး၏ ဇီးကင်းခန့်ရှိသောမျက်လုံး ပြူးသွားသည်။ နောက် လည်ချောင်းထဲတစ်နေသော အီကြာကွေးကို ကမန်းကတမ်းမျိုချပြီး. . .

“ဟင် မင်းရောစားဖို့လား. . . မသိဘူးလေကွာ၊ ငါက ငါ့အတွက်ငါ မှာလိုက်တာ၊ မင်းစားချင်ရင် နောက်တစ်ပွဲမှာလိုက်ပေါ့၊ ဟေ့ ဒီမှာ ငါစားသလို

www.burmeseclassic.com



နောက်တစ်ပွဲ”ဟု ပြောလည်းပြော မှာလည်းမှာပြီး မုန့်ဟင်းခါးကို ရန်သူနှိမ်နင်းသလို အစိမ်းလိုက်ဝါးမျိုပြီး အငမ်းမရ စားသောက်နေလေသည်။ ကျွန်တော့်မုန့်ဟင်းခါးပွဲရောက်တော့ သူ့မုန့်ဟင်းခါးပွဲက ကုန်နေပြီ။ ဒါတောင် နောက်ထပ်ရောက်လာသော မုန့်ဟင်းခါးကို သံယောဇဉ်မကုန်သောအကြည့်နှင့် ကြည့်နေတုန်း။

“ရှီးတဲ့မှ ငါကမင်းကိုစောင့်နေတာကွ”

ကျွန်တော် သူ့ကို အမြင်ကပ်ကပ်နှင့် ဘာမှပြန်မပြောဘဲ မုန့်ဟင်းခါးကိုသာ ကြိတ်ဝါးနေလိုက်သည်။ သူက ကျွန်တော့်ကို ပြုံးတူးပျာတာကြည့်ပြီး. .

“ဟေ့ကောင် မင်းရော လက်ဖက်ရည်သောက်မယ် မဟုတ်လား။ သောက်မှာပါ. . မင်းက ငတ်ကြီးကျနေတဲ့ကောင်ပဲ. . ဟေ့ ဒီမှာ လက်ဖက်ရည် နှစ်ခွက်”

ဟု ပြောလည်းပြော ကျွန်တော့်ကို နှိပ်လည်းနှိပ်ကွပ် မှာလည်းမှာပြီး ကျွန်တော့်ကိုကြည့်နေပြန်သည်။ စိတ်ထဲတွင် အောင့်သက်သက်ဖြစ်သွားရသော်လည်း ကျွန်တော်ကျေနပ်သွားရ၏။ ကျွန်တော် ဆာလောင်မွတ်သိပ်နေမှန်းသိ၍ သူ့ငွေအကုန်ခံကာ တစ်ခုပြီးတစ်ခု မှာကျွေးနေပုံရ၏။ အမှန်ဆို ကျွန်တော် အခုစားနေသလောက်ဆို ကျွန်တော့်မှာရှိသောပိုက်ဆံနှင့်ဆို မည်သို့မျှ မလောက်နိုင်။ ထို့ကြောင့် တစ်ခုပြီးတစ်ခုမှာကျွေးနေသော သူ့အပြု အမူကြောင့် ကျွန်တော့်စိတ်များ ပြန်လည်၍ ကြည်ကြည်လင်လင်ဖြစ်လာ၏။

“ဒါနဲ့ မင်းက ဘာမေဂျာလဲ”

**“English”**

လာချပေးသော လက်ဖက်ရည်ပူပူကို တစ်ကျိုက်မော့ပြီး ခပ်ပြတ်ပြတ် ဖြေလိုက်သည်။ ကျွန်တော့်အဖြေကြားတော့ ဒီကောင့်မျက်ဝန်းအစုံ တောမီးလောင်သလို ဝင်းတောက်သွားပြီး

“ဟာ အတော်ပဲ”

“မင်းရော အင်္ဂလိပ်စာပဲလား”

“ဟင့်အင်း မြန်မာစာ”

တောက် စိတ်ကောင်းဝင်လို့မှမဆုံးခင် ဖောက်လာပြန်ပြီ။ ကျွန်တော့် မျက်နှာညိုသွားသည်ကိုသိသည်နှင့် ဒီကောင့်မျက်နှာကို ချက်ချင်း ဂျိုကာရုပ်ပြောင်းလိုက်ပြီး. . .

“အဟဲ စိတ်မဆိုးပါနဲ့ကွာ၊ မင်းက အင်္ဂလိပ်စာ ငါက မြန်မာစာဆိုတော့ တစ်ယောက်နဲ့တစ်ယောက် မသိတာ ဆွေးနွေးလို့ရတာပေါ့၊ ဩော် ဒါနဲ့

www.burmeseclassic.com



မင်းရဲ့ဒီဝတ်စုံ အရမ်းလိုက်တာပဲကွာ၊ ဟိုလေ. . . ရုပ်ရှင်တွေထဲမှာပါပါနေတဲ့ ကြာကူလီရိုက်တဲ့ သူကြီးသားလိုပဲ"

"ဟေ့ကောင် ငါက ကြာကူလီမရိုက်ဘူးကွ"

ကျွန်တော့်ရဲ့ ဒေါသတကြီးစကားကို သကောင့်သား မသိလိုက်မသိ ဘာသာဟန်မျိုးနှင့် လက်ဖက်ရည်ကို တစ်ကျိုက်စုပ်ယူလိုက်ပြီး. .

"ငါသိပါတယ်ကွ၊ နောက်ပြီး မင်းက ငါ့အဘိုးနဲ့ချွတ်စွပ်ကို တူတာကွ၊ ငါတောင် ဆိုင်ရှေ့မှာ မင်းယောင်လည်လည်ဖြစ်နေတုန်း ငါ့အဘိုးမှတ်ပြီး ပြေးဖက်လိုက်တော့မလို့"

လာပြန်ပြီ နောက်တစ်ယောက်။

"နောက်တော့မှ ငါ့အဘိုးက မင်းလိုပဲ ဆုံးသွားပြီဆိုတာ သတိရသွားတော့"

"ဟေ့ကောင် ငါက မင်းအဘိုးလို မဆုံးသေးဘူးကွ"

"အော် ဟုတ်သားပဲ၊ မင်းက ငါ့အဘိုးလို ဆုံးတာမှမကြာသေးပဲ"

"တောက် ဒီကောင်နဲ့တော့ကွာ"

ကျွန်တော်လည်း ဒီကောင်နှင့်စကားဆက်ပြောဆိုပါက လူလယ်ခေါင် နပန်းထလုံးနေရမည်ကိုသိပြီး ဘာမှဆက်မပြောတော့ဘဲ တစ်ဖက်သို့လှည့်နေလိုက်သည်။ အခြေအနေကိုရိပ်မိသော သကောင့်သားမှ သူ့ရုပ်ကို စပရိန်သဖွယ် ရှုံ့တွန့်လုပ်နေပြီး

"အဟဲ. . ငါက ရမလားဆိုပြီး စကြည့်တာပါကွ၊ ဒါနဲ့ မင်းနာမည်က"

"မောင်ငယ်"

"ဟာ. . . ဒါဆို မင်းက ငါ့အဘိုးနဲ့ ရုပ်တင်မကဘဲ နာမည်ပါဆင်နေပြီ"

သူ့စကားကြောင့် ကျွန်တော်စိတ်ဝင်စားသွားပြီး. . .

"မင်းအဘိုးနာမည်က"

"အုန်းစိန်"

"ဟေ့ကောင် မင်း ငါ့ကိုနောက်နေတာလား"

ကျွန်တော်၏ ဒေါသတကြီးစကားကို သကောင့်သား ပြုံးဖြီးဖြီးလုပ်လိုက်ပြီး. . .

"မနောက်ပါဘူးကွာ. . . ဒါနဲ့ မင်း ဟိုသတင်းကြားပြီးပြီလား"

သူ၏ မဆီမဆိုင်စကားကြောင့် ကျွန်တော်မျက်မှောင်ကျုံ့လိုက်မိသည်။

www.burmeseclassic.com



"လာပြန်ပြီ ဘာသတင်းလဲ"

"လူတစ်ယောက် ပိုက်ဆံတစ်ပြားမှမရှိဘဲ လက်ဖက်ရည်ဆိုင်ထိုင်နေတဲ့ သတင်းလေ"

သူ့စကားကြောင့် ကျွန်တော်စိတ်ဝင်စားသွားပြီး ဘေးဘီဝေ့ကြည့်ကာ

"ဘယ်သူလဲ"

"ငါလေကွာ"

"ဟင်"

ကျွန်တော် အံ့အားသင့်သွားသည်။

"ဒါဆို ဒီလက်ဖက်ရည်ဖိုးတွေ ဘယ်လိုရှင်းမလဲ"

"ဟဲ ဟဲ ဒါကြောင့် မင်းကို ငါစောင့်နေတာပေါ့"

"ဟ ငါ့မှာလည်း တစ်ရာကျော်ပဲ ရှိတဲ့ဟာ"

ကြောင်လျှာသီးမျက်နှာ ခြင်းအဖိခံရသော ခရမ်းချဉ်သီးသဖွယ် ရှုံ့တွသွားပြီး. . .

"ကျွတ်. . . ငါက မင်းအားကိုးနဲ့ လာထိုင်နေတာ. . . မင်းကွာ ရန်ကုန်ကို ကျောင်းလာတက်တာ ငွေတစ်ရာကျော်ပဲပါရသလား ဝတ်ထားတဲ့ အဝတ်အစားကလည်း မကိုးမကားနဲ့"ဆိုတော့

ကျွန်တော်လည်း 'မပြောချင်ပါဘူးကွာ'ဟုအစချီ၍ ပြောချင်သော အကြောင်းအရာများကို နှုတ်ခမ်းတလန် ပန်းတလန်နှင့် စွာကျယ်စွာကျယ်ပြောပြလိုက်လေသည်။ ကြောင်လျှာသီးမှာတော့ ကျွန်တော်၏စကားများကို 'အေးပေါ့' 'ဟုတ်တာပေါ့'နှင့် ခပ်တည်တည်ထောက်ခံရင်း စုပ်တသပ်သပ်ဖြစ်နေလေသည်။ နောက် သူ့မျက်နှာပေါ်တွင် ကရုဏာများသမ်းသွားပြီး. . .

"ကျွတ်. . . ကျွတ် မင်းဘဝကလည်း သနားစရာပါပဲလားနော်၊ ဒီလိုလုပ် ငါကူညီမယ်ကွယ်. . . မင်းကို ငါစာရေးပေးလိုက်မယ်။ ငါ့သူငယ်ချင်းတစ်ယောက်ဆီမှာ လောလောဆယ် ငွေတစ်ထောင်လောက် အရင်သွားယူထားလိုက်ပေါ့ ဟုတ်လား"

"တကယ်"

"ဟကောင်ရ တကယ်ပေါ့ကွ၊ နေဦး ငါစာရေးလိုက်ဦးမယ်"ဟုဆိုပြီး လွယ်အိတ်ထဲ၌ စာရွက်နှင့်ဘောလ်ပင်ကိုထုတ်ပြီး စတိုင်လ်တစ်ခွဲသားနှင့် စာထိုင်ရေးနေလိုက်သည်။ သူ ဘာတွေရေးနေသည်ကိုတော့မသိ။ သို့သော် စိတ်ပါလက်ပါရေးနေတာတော့ သေချာ၏။ မျက်မှောင်ကြီးကျုံ့သွားလိုက်၊ မျက်လုံးကြီးလယ်သွားလိုက်နှင့် ပုံစံအမျိုးမျိုးနှင့်ဖြစ်နေလေသည်။ အတော်ကြာ

www.burmeseclassic.com



တော့မှ သူ့စာကိုသူ ဖင်ပြန်ခေါင်းပြန် အထပ်ထပ်ပြန်ဖတ်နေလိုက်သည်။ စိတ်တိုင်းကျတော့မှ စာကို စမူဆာခေါက်ခေါက်လိုက်ပြီး လမ်းမဘက်မျှော်ကြည့်လိုက်သည်။ သူလှမ်းကြည့်ရာဘက် ကျွန်တော်လည်း လိုက်ကြည့်မိသည်။

"ဘာလဲ မင်းသူငယ်ချင်းက ဒီလမ်းအတိုင်းလာမှာလား"

"အေးကွ လာတော့မှာပါ"

"ပိုက်ဆံရမှာလည်း သေချာတယ်နော်"

ကျွန်တော့်စကားကို ကြောင်လျှာသီးက စားပွဲကို လက်ဝါးနှင့်ဖြန်းခနဲ အားရပါးရရိုက်ပြီး. . .

"ဟကောင်ရ ငါကမသေချာဘဲပြောပါ့မလား အဲ. . ဟိုမှာလာပြီ ဟိုမှာ"ဟုဆိုပြီး တစ်ဆက်တည်း လက်ညှိုးထိုးပြနေတော့

"ဟင် ကောင်မလေးတွေ"

ဟုတ်ပါသည်။ ကောင်မလေးတွေမှ ကောင်မလေးတွေပါ။ တစ်ယောက်တည်းမဟုတ်၊ လေးယောက်တောင်။

"ဟေ့ကောင် ရော့. . . စာယူသွား သွားပေးလိုက်"

"ဟာ ကောင်မလေးတွေဆို ငါစာမပေးရဲဘူး"

"ကျွတ် မင်းကလည်းကွာ ညှံ့လိုက်တာ ငါပေးခိုင်းတယ်လို့ပြောပြီး ပေးလိုက်ပေါ့"

"မင်းပေးခိုင်းတာ"

"အေးလေကွာ. . . ငါ စံလွင်ပေးခိုင်းတာ"

"စံလွင်"

ယခုမှ ကြောင်လျှာသီးနာမည်သိရသည်။

"ကဲ ရော့ သွား. . . သွား စံလွင်ပေးခိုင်းလိုက်တာလို့ပြော မသေချာရင် ငါ့ကိုလက်ညှိုးထိုးပြီးပြပေးလိုက် ငါဒီမှာပဲထိုင်နေမယ်"

ဟုဆိုပြီး လက်ထဲ စာအတင်းထိုးထည့်ပေးနေ၍ ကျွန်တော်လည်း ဇဝေဇဝါနှင့်ဆွဲယူလိုက်သည်။

"ဟေ့ကောင် သွားလေကွာ"

ဟု ထပ်ပြောလိုက်၍ ကျွန်တော်လည်း ဖြစ်ချင်ရာဖြစ်ဟုသဘောထားလိုက်ပြီး စာကိုယူကာ ကောင်မလေးတွေနောက် ပြေးလိုက်သွားလိုက်၏။

❑ ❑ ❑

www.burmeseclassic.com

"ဒီမှာ. . . ဒီမှာ"

ကျွန်တော်၏ခေါ်သံကြောင့် ကောင်မလေးတွေ လှမ်းကြည့်ကြသည်။ နောက်ကိုးရိုးကားရား အဝတ်အစားများနှင့်ကျွန်တော့်ကိုမြင်တော့ အံ့အားသင့်သွားကြသည်။

"ဟိုလေ. . ဟို. . ဟို"

"ကန်တော့ပါသေးရဲ့"

"အဲ. . ဟုတ်ကဲ့. . အဲ. . မဟုတ်ဘူး"

အားလုံးတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ပြီးတော့ ဘာလဲဆိုသောပုံစံမျိုးနှင့် ကျွန်တော့်ကိုဝေ့ကြည့်ကြပြန်သည်။

"ဟိုလေ. . စာ. . စာ"

ကျွန်တော့်လက်ထဲက စာကိုထိုးပေးရင်း ပါးစပ်ထဲရှိရာပြောလိုက်သည်။ ကောင်မလေးတွေအားလုံး မျက်မှောင်ကျုံ့သွားကြသည်။ နောက် တော့ ထိုအထဲတွင် ပန်းရောင်အင်္ကျီနှင့်ကောင်မလေးက

"ဘာလာကြောင်နေတာလဲ. . . ဘာစာလဲ"

"ဟိုလေ ဟိုကောင်စံလွင်ရဲ့စာ"ဟုဆိုပြီး လက်ဖက်ရည်ဆိုင်တွင်ထိုင်နေသောကြောင်လျှာသီးကို လက်ညှိုးထိုးပြလိုက်သည်။ ကြောင်လျှာသီးကလည်း အလိုက်သိစွာပင် ပြုံးပြီး လက်ထောင်ပြသည်။

"စံလွင်. . . ဟုတ်လား"

အဖြူရောင်ကလေးဝတ်ထားပြီး ဆံပင်တွင် ဘီးကုပ်ကလေးတပ်ထားသောကောင်မလေးက မသင်္ကာသလို အသေအချာမေး၏။

www.burmeseclassic.com



"ဟုတ်. . . ဟုတ်ကဲ့. . . အဟဲ. . . စံလွင်"

ကျွန်တော့်ရဲ့စကားကြောင့် အားလုံး မျက်နှာရှုံ့မဲ့လိုက်ပြီး

"စံလွင်တဲ့လား ဒီကောင်တော့ လုပ်ပြန်ပြီ. . . ပြစမ်း ဘာတွေရေး ထားလဲလို့"

ဟုဆိုပြီး ကျွန်တော့်လက်ထဲမှ စာရွက်ကိုဖျတ်ခနဲဆွဲယူလိုက်သည်။ နောက်လေးခေါင်းပူး၍ ကျွန်တော့်စာကို အသေအချာဖတ်သည်။ ဖတ်ပြီးသည်နှင့် အားလုံး ကျွန်တော့်ကိုပြန်၍ဝေ့ကြည့်ကြသည်။ ကျွန်တော်လည်း ပိုက်ဆံရပြီးရောသဘောမျိုးနှင့် ပြုံးပြလိုက်သည်။

"အဟီး"

ကျွန်တော့်အပြုံးကိုကြည့်ပြီး တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ နောက် ကျွန်တော့်အပြုံးနှင့်ခပ်ဆင်ဆင် အပြုံးတစ်မျိုး သူတို့ထံမှ ကြွေကျလာသည်။ 'ဘယ်ရမလဲ ငါကွ'ဟုပင် ထအော်လိုက်ချင်သေး၏။ ပန်းရောင်နှင့်ကောင်မလေးက ကျွန်တော့်ကို နှစ်လိုဖွယ်ပြုံးကြည့်ပြီး. . .

"ဘယ်လိုလဲ"

အဖြူရောင်ဘီးကုပ်နှင့်ကောင်မလေးက

"စမ်းကြည့်တာပေါ့"

အဖြူရောင်ဇာအနားကွပ်နှင့် ကောင်မလေးနှင့် မိုးပြာရောင်လေးက

"အေးလေ. . . မြင်မှမမြင်ဖူးတာ"ဟူသော ကျွန်တော်နားမလည်နိုင်သည့် စကားလုံးများပြောပြီး ကိုယ်စီကိုယ့်လွယ်အိတ်ကိုယ် ပြန်နှိုက်ကြသည်။

"ရပြီ. . . ရပြီ"

အဖြူရောင်ဘီးကုပ်မလေးထံမှ အသံကြားရ၏။

"ရွှေ. . . နိပ်ဟ"အောက်ပြည်အောက်ရွာသည် ငွေရှာလွယ်သကိုး စားဖို့သောက်ဖို့ ငွေတစ်ထောင်တော့ရပြီဟု ကျွန်တော်စိတ်ထဲ ထင်နေတုန်းမှာပင်

"ရော့"ဟုဆိုပြီး ကောင်မလေးက ကျွန်တော့်လက်ထဲ ပိုက်ဆံတစ်ရွက် ထည့်ပေးသည်။ တစ်ထောင်တန်မှတ်ပြီး အားရဝမ်းသာဖွင့်ကြည့်လိုက်တော့. .

"ဟင်. . . ငါးကျပ်တန်"

ငါးကျပ်တန် အနွမ်းကလေးမြင်တော့ ကျွန်တော်အနည်းငယ်မွှန်ထူ သွား၏။

"ဟင် ခင်ဗျားတို့ဘာလုပ်တာလဲ"

ကျွန်တော့်၏ ကျယ်လောင်သောမှုန်ထသံကြောင့် ကောင်မလေးတွေ

www.burmeseclassic.com



အားလုံး ကြက်သေသေသွားသည်။ ကျွန်တော်လည်း သူတို့ကိုကြည့်ပြီး ဒေါသထွက်မှန်းသိအောင် ခါးကို ဟန်ပါပါထောက်လိုက်သည်။

"ခင်ဗျားတို့ ကျုပ်ကို ဘယ်လိုလူစားမျိုးမှတ်နေလဲ၊ ကျုပ်က သူတောင်းစား မဟုတ်ဘူးဗျ။ သူတောင်းစား မဟုတ်ဘူးမှတ်ထား"

ကောင်မလေးများ၏ မျက်လုံးများ ကလယ်ကလယ်ဖြစ်သွားကြ၏။ နောက် ဘာကြောင့်ရယ်မသိ အားလုံးပြုံးစိစိဖြစ်ကုန်၏။ သူတို့ပြုံးစိစိဖြစ်လေလေ ကျွန်တော် ပိုမှုန်ယိုထွက်လေလေမို့ ခေါင်းကို လက်နှစ်ဖက်နှင့်စုကိုင်ပြီး သူတို့ကို ဖျတ်ခနဲကျောခိုင်းလိုက်သည်။ နောက်မှ ဖျတ်ခနဲ ပြန်လှည့်ကာ လက်ညှိုးကိုစုံထိုးလိုက်သည်။

"ခင်ဗျားတို့ ဘာပြုံးတာလဲဗျ။ ကျုပ်ကို ဘယ်လိုအစားထဲကမှတ်နေလဲ. . . ဘယ်လိုကောင်မျိုးများ မှတ်နေလဲ"

ကောင်မလေးတွေထံမှ ခွိခနဲရယ်သံကြားရ၏။ သူတို့၏ရယ်သံကြောင့် ကျွန်တော် ပို၍ဒေါသထွက်သွားသည်။ ဟုတ်သည်လေ။ ကိုယ်က ဒီလောက် ဒေါသထွက်ဟန်လုပ်ပြတာတောင် သူတို့ကရယ်နေသေးသည်ဆိုတော့ ကျွန်တော့်ဒေါသတွေ ထားစရာနေရာမရှိတော့၊ ထို့ကြောင့် ဝင်းဦးစတိုင်လ်နှင့် စောင်းငန်းစောင်းငန်းလျှောက်ရင်း. . .

"ဘာရယ်တာလဲဗျ. . . ဘာရယ်တာလဲ ခင်ဗျားတို့ ကျုပ်ကို ဘယ်လို သဘောမျိုးနဲ့ ဒီငါးကျပ်တန်ပေးတာလဲ. . . ဘယ်လို သဘောမျိုးနဲ့ ငါးကျပ်တန် ပေးတာလဲ အရပ်ကတို့ရဲ့ဟင်"

ကျွန်တော့်လက်ထဲက ငါးကျပ်တန် သူတို့လေးယောက်မျက်နှာရှေ့ ဝဲပျံသွား၏။ ကောင်မလေးတွေ ကျွန်တော့်ငါးကျပ်တန်ကို လိုက်ကြည့်ပြီး အားရပါးရနှင့် တခွိခွိရယ်ကြသည်။ သူတို့ရယ်သံကြောင့် ထားစရာနေရာမရှိသော ဒေါသတို့ ကျွန်တော့်ငယ်ထိပ်တက်ဆောင့်သောကြောင့် ကျွန်တော် ရှူးရှူးရှဲရှဲ ဖြစ်သွား၏။

"ရှူးရှဲ. . . ရှူးရှဲ. . . ခင်ဗျားတို့ တောက်"

တဟားဟားရယ်သံကြားရ၏။ လေးယောက်လုံးရယ်တာမှ ခွက်ထိုးခွက်လန်ရယ်ကြသည်။ တစ်ယောက်ဆို ဗိုက်ကိုနှိပ်ပြီး လမ်းမတွင် ဆောင့်ကြောင့်ထိုင်လိုက်ရသည်။ ကျွန်တော်လည်း သူတို့၏ အူကြောင်ကြောင်အပြုအမူများကြောင့် ပို၍ဒေါသထွက်လာပြီး ဘယ်လက်ဖျံနှင့် ညာလက်ဖဝါးကို တဖတ်ဖတ်အသံမြည်အောင်ရိုက်ပြီး

"မဟုတ်ဘူးလေ၊ ခင်ဗျားတို့ ကျုပ်ကို ငါးကျပ်တန်ပေးတယ်ဆိုတော့

www.burmeseclassic.com



ကျုပ်က သူတောင်းစားလား ကိုင်း ကျုပ်မရှင်းလို့မေးတာပါ။ ကျုပ်က မစားနိုင် မသောက်နိုင်ကြီးပေါ့ ဟုတ်လား. . . အဲသည်လိုပဲ ဖြစ်သလိုလေးပြောလိုက်တော့မယ်"

အပြာရောင်နှင့်ကောင်မလေးရယ်ရင်း မျက်ရည်များထွက်လာ၏။

"မရယ်နဲ့လေ. . . ဒီအဆင်နဲ့ ဒီအဆင် ခင်ဗျားတို့ ငါးကျပ်တန်ပေးတယ်ဆိုတော့ ကျုပ်က ဘာကောင်ဖြစ်သွားပြီလဲ ခင်ဗျားတို့လည်း ဦးနှောက်ရှိတဲ့လူတွေပဲ စဉ်းစားကြည့် အဖြေမပေါ်ရင် ပြန်မေး၊ ကျုပ်ပြောပြမယ်"

"တော်ပါပြီ ဟီးဟီး. . . ငါမရယ်နိုင်တော့ဘူး. . . ဟားဟားဟား"

ဘီးကုပ်နှင့်ကောင်မလေးက စီးကျနေသောနှပ်ကိုညှစ်ပြီး ပြောသည်။

"အဟွတ် အဟွတ်. . . ထွက်ကုန်ပြီတော့ မျက်ရည်တွေ အဟင်းဟင်း"

"ဟေ့ ရော့ ရော့ ဟီးဟီး တော်ပြီ. . . ကျေနပ်ပြီ. . . ကျေနပ်ပြီ"

ပန်းရောင်နှင့်ကောင်မလေးက ရယ်လည်းရယ်၊ ပြောလည်းပြောပြီး ကျွန်တော့်လက်ထဲ တစ်ထောင်တန်တစ်ရွက်ကမ်းပေး၏။

ထိုတစ်ထောင်တန်ကိုမြင်တော့ ကျွန်တော်၏စိတ်များ တောင်ကုန်းအတိုင်းလိမ့်ဆင်းလာသော သင်းခွေချပ်လို လျှော့ခနဲဖြစ်သွားရသည်။ ထို့ကြောင့် ခုနရှိနေသောဒေါသများအစား ပီတိပါမောဇ ရုတ်ချည်းစိုးမိုးသွားပြီး ဟန်ပင်မဆောင်နိုင်တော့ဘဲ. . .

"အဟီး. . . ကျေးဇူးပဲ. . . ယူပြီနော်"ဟုဆို၍ တစ်ထောင်တန်ကို ဆတ်ခနဲဆွဲယူပြီး လှည့်ထွက်လိုက်သည်။

"ဟေ့ ဟေ့ ဒီမှာ စာပြန်ယူသွားဦး"ဆိုသောအသံကြားတော့ ခုနနှပ်ထွက်နေသော ဘီးကုပ်နှင့်ကောင်မလေးက ကျွန်တော်ယူလာသောစာကို ပြန်ပေးသည်။ ကျွန်တော်စာကိုပါ ဖျတ်ခနဲဆွဲယူပြီး

"သြော် မေ့လို့နော် သွားမယ်နော်. . . ခုနပြောမိဆိုမိတာတွေလည်း ဘယ်လိုမှ သဘောမထားနဲ့ပေါ့ နောက်ပြီး ကိုစံလွင်ကိုရော ဘာမှာလိုက်ဦးမလဲ"

ကျွန်တော်၏စကားကို ကောင်မလေးတွေအားလုံး မျက်မှောင်ကျုံ့သွားကြသည်။

"ဘယ်ကစံလွင်လဲ"

"ဟိုမှာလေ စံလွင်"

သူတို့စကားမဆုံးမီမှာပင် လက်ဖက်ရည်ဆိုင်တွင်ထိုင်နေသော ကြောင်လျှာသီးကို လက်ညှိုးထိုးပြလိုက်သည်။ အလိုက်သိသော ကြောင်လျှာသီး

www.burmeseclassic.com



မှ လက်ထောင်ပြရုံသာမက ဖလိုင်းကစ်(စ်)ပါ လုပ်ပြနေသေး၏။ သကောင့်သား မျက်နှာကိုမြင်တော့ ကောင်မလေးတွေ၏မျက်နှာများမှာ နေလောင်ခံထားရသော ဘူးသီးပုတ်လို ရှုံ့သွားကြပြီး. . .

“စံလွင်တဲ့ အဲဒါ ဟိုကောင်မဟုတ်လား”

“အေး ဟုတ်ပါရဲ့ သူ့ကိုယ်သူ စံလွင်တဲ့”

“လာ. . . လာ. . . သွားရအောင် ဒီကောင့်အကြောင်းလည်း သိရဲ့ သားနဲ့”

“လာပါဟယ် နင်တို့ကလည်း ရယ်လို့ဝပြီမဟုတ်လား အဟီး”

စသည်ဖြင့် ရေငွဲ့ချက်သောထမင်းအိုးဆူသလို ပွစိပွစိလုပ်ရင်း ထွက်ခွာသွားကြလေသည်။

“ဟူး ငွေတစ်ထောင်ရဖို့ မလွယ်ပါလား”

❑ ❑ ❑

www.burmeseclassic.com

"ဘယ်လိုလဲ အဆင်ပြေတယ် မဟုတ်လား"

"ဟူး မလွယ်ပါဘူးကွာ. . . အရင် ငါးကျပ်တန်ထုတ်ပေးတာကွ. . . နောက်မှ"

ကျွန်တော် ခုနထိုင်ခဲ့သောခုံတွင် ဝင်ထိုင်ရင်း သူ့အမေးကိုဖြေလိုက်သည်။ ကျွန်တော်ခုံပေါ် ထိုင်မိသည်နှင့် လျင်မြန်လှသော သကောင့်သားက ကျွန်တော့်လက်ထဲမှတစ်ထောင်တန်ကို ဖျတ်ခနဲဆွဲယူပြီး

"ဟော့ ဒီမှာရှင်းမယ်"

ဟု အနောက်ဘက်ကို တစ်ဆက်တည်းအော်လိုက်သည်။ စားပွဲထိုး လေးရောက်လာ၏။ အားလုံးပေါင်း လေးရာ့သုံးဆယ် တဲ့။ ကြောင်လျှာသီးက လှည့်မကြည့်ဘဲ စားပွဲထိုးလေးကို တစ်ထောင်တန်ကို ခပ်တင်းတင်းလှမ်းပေး လိုက်၏။ နောက်တစ်ဆက်တည်းမှာပင် ကျွန်တော့်လက်ထဲက စာရွက်ကို ဖျတ်ခနဲလှမ်းဆွဲပြန်သည်။ ဒီတစ်ခါတော့ ကျွန်တော် စာရွက်ကိုအပါမခံဘဲ အနည်း ငယ်ရှောင်တိမ်းလိုက်သည်။

"နေဦး မင်းဘာရေးထားလဲဆိုတာ ငါဖတ်ကြည့်ဦးမယ်"

"ကွာတ်. . . ဘာမှမဟုတ်တာ ဖတ်မနေပါနဲ့ကွာ ပေး. . ပြန်ပေး"

ကြောင်လျှာသီး ကျွန်တော့်လက်ထဲကစာရွက်ကို အတင်းပြန်လု သည်။ ကျွန်တော် စာရွက်ကို သူ့လက်ထဲအပါမခံဘဲ ထိုင်နေသောခုံကို အနောက်ဆုတ်၍ ရှောင်လိုက်သည်။ သူနှင့် အတန်ငယ်ဝေးတော့မှ စာရွက်ကို ဖွင့်ကြည့်လိုက်တော့ စာတွင် အသည်းနာနာ အကဲပါပါရေးထားသည်က. . .

www.burmeseclassic.com



**သို့**

**ချစ်ခင်လေးစားရိုသေရပါသော ချစ်ညီမလေး ချစ်မမများ ခင်ဗျား။ ပန်းသဇင်ပင်မြင့်မှာပွင့်သလို တင့်တယ်လန်းဆန်းကြပါစေကြောင်း ကျွန်တော် တမာမြေစောကြည်ဖြူက ဆုမွန်ကောင်းများ ပို့သအပ်ပါသည်။ ယခုစာယူလာ သူ၏အမည်မှာ မောင်ဖျာလိပ်ဟုခေါ်ပါသည်။ သူသည် ၁၉၉၀ အစောပိုင်းမှ စ၍ ဇာတ်သဘင်လောကထဲ ခြေချဝင်ရောက်ခဲ့သော လူရွှင်တော်ရုပ်ပြောင် တစ်ဦးဖြစ်ပါသည်။ ထိုအကြောင်းများကိုလည်း သူဝတ်ဆင်ထားသော အဝတ်အစား များကြည့်ကာ သိနိုင်ပါလိမ့်မည်။**

**ယခု သူတို့ဇာတ် ခေါင်းကွဲသွားပါပြီ။ ထို့ကြောင့် ဇာတ်တစ်ခုကိုသာ အားကိုးအားထားပြုနေသော လူရွှင်တော် မောင်ဖျာလိပ်မှာ နေစရာ၊ စားစရာ အခက်အခဲအလွန်ဖြစ်နေပါသည်။ ထို့ကြောင့် တတ်သည့်ပညာ မနေသာဆိုသည့် စကားပုံအတိုင်း သူ့ကို ငါးကျပ်တန်တစ်ရွက်ပေးပါက ဇာတ်ထဲကလူရွှင်တော်များဒေါသထွက်သလို ပုံစံအမျိုးမျိုးလုပ်ပြပါမည်ဟု ကျွန်တော့်အား အားကိုးသမှုပြု၍ အကူအညီတောင်းခံလာပါသည်။ သို့သော် ကျွန်တော့်ကို ထိုအပြုအမူများလုပ်ပြနေမည့်အစား ထိုကဲ့သို့ လူရွှင်တော်၏ဒေါသထွက်ဟန် မတွေ့ဖူးမမြင်ဖူးသည့် ကျွန်တော့်ညီမငယ်များနှင့် ပိုမိုသင့်တော်မည်ထင်၍ ညီမလေးများထံ ဤစာနှင့်အတူ ပို့သအပ်ပါသည်။ ကျေနပ်မှုရှိပါက ငွေတစ်ထောင်ကျပ်ပေး၍ ကျေနပ်မှုမရှိပါက ၁၉၉၉ သို့တိုင်ကြား ဖမ်းဆီးအရေးယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။**

"ဟင်. . . မင်း. . . မင်း"

ကျွန်တော့်မျက်နှာကြီး သပြေသီးလိုဖြစ်နေမှာ သေချာ၏။

"မင်း. . . မင်း ဒါဘာလုပ်တာလဲကွ ဟေ"

ကျွန်တော်၏အသံမှာ ထင်ထားသည်ထက် ပိုမိုကျယ်လောင်သွားပုံရ၏။ လက်ဖက်ရည်ဆိုင်ထဲက လူအားလုံး ကျွန်တော့်ကိုဝေ့ကြည့်ကြသည်။ ဤသည်ကို ကြောင်လျှာသီးမှ ဟင်းခိုးစားနေသောကြွက်စုတ် လူအမြင်ခံရသလို ဇက်ကလေးတိုဝင်သွားပြီး. . .

"ဟေ့ကောင် တိုးတိုးလုပ်ပါကွ. . ချီးတဲ့မှပဲ မင်းကိုယ်မင်း ဇာတ်ထဲက လူကြမ်းအောက်မေ့နေလို့လား၊ အားလုံးက မင်းကိုဝိုင်းကြည့်နေကြပြီ"

"ကြည့်ကြည့်ပေါ့ကွ မင်းသာ ဒီလိုမလုပ်ရင် ငါကလည်း ဘာမှအော်နေစရာမလိုဘူး၊ မင်း လူပါးဝလွန်းလို့သာ ဒီလိုအော်နေရတာ ဒီမှာဟေ့ကောင်

www.burmeseclassic.com



လူအချင်းချင်း ဘယ်တော့မှမကျောနဲ့ အေး ဒါကလည်း ဒီတစ်ကြိမ်နောက်ဆုံး ဖြစ်ပါစေတော့လေ"

ဟုဆိုပြီး လက်ဖက်ရည်ဆိုင်ထဲမှ ချာခနဲလှည့်ထွက်လိုက်သည်။ ဒေါသကြောင့် ကျွန်တော့်ခြေလှမ်းတွေ ဆူဝေနေသည်။ တောင်ရှည်သံ တရွှမ်းရွှမ်းကလည်း လင်ကွင်းတီးသလို ကျယ်လောင်နေသည်။ ကန်ပစ်စရာလည်း လမ်းမပေါ်တွင် မည်သည့်နို့ဆီဘူးခွံမှ မတွေ့ရ၊ ခုနက ငါးကျပ်တန်ပေးပြီး ခွက်ထိုးခွက်လှန်ရယ်မောနေသော ကောင်မလေး လေးယောက်၏ပုံတွေကိုသာ ဘောလုံးကန်သလို တဖုန်းဖုန်းနှင့်ကန်ထုတ်လိုက်သည်။ အားရပါးရကန်လို့ဝမှ နောက်ဆုံးကန်ထုတ်စရာကျန်သော ကြောင်လျှာသီးပုံက အထင်းသားပေါ်လာသည်။ သူ့ပုံစံက အပြားလိုက်ကလေးဆိုတော့ စိတ်ထဲ၌ပင် ကန်ထုတ်ရအတော်ခက်နေသည်။ ဦးနှောက်ထဲ ဒီကောင့်ပုံစံရောက်သည်နှင့် ဒေါသတို့ပို၍ အမြှုပ်ထလာပြီး စေ့စေ့ညက်ညက်ကျေသည်အထိ နင်းခြေပစ်ချင်နေမိသည်။ ဘာပဲဖြစ်ဖြစ် လည်စိလေးတော့တက်နင်းချင်နေမိသည်။ လည်စိ လည်စိလေးနင်းရလျှင်ကို မဆိုးဘူး၊ ကဲ အဲဒီမှာ လည်စိနင်းလိုက်စမ်း။

"ကိန်"

"ဟင်"

ခွေးဟောင်သံကြား၍ ငေ့ကြည့်လိုက်တော့ အဆောင်ဝင်းထဲတောင် ပြန်ရောက်နေပြီ၊ ဒါကြောင့် ခုန ပါရမီကောင်းတဲ့ကောင်ကို နင်းမိတာ။ ကြောင်လျှာသီးရာ မင်းလည်စိသာဖြစ်လိုက်ပါတော့။

❑ ❑ ❑

www.burmeseclassic.com

ဘုရားသခင်အမွေပေးခဲ့တာမှ မဟုတ်တာ

ကိုယ့်ဒေါသကို ဖြုတ်သိမ်းပြီး

လူဖြစ်နေတာကြာပေါ့။

မှားယွင်းမှုဆိုတာ ခလုတ်တိုက်သလောက်ပါပဲ

မြေမကွဲသွားတာတောင်

အပြုံးမပျက်ခဲ့တဲ့ကောင်

အမှန်တရားဆိုတာလည်း

မှတ်တိုင်နှစ်ခုကြား

လမ်းမှားနေတယ်။

www.burmeseclassic.com

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"တူလေးရေ"

ဆိုသောအသံကြားမှ နေအတော်မြင့်နေပြီဖြစ်ကြောင်း သိရ၏။ အိပ်ရာပေါ်မှ ကမန်းကတမ်း လူးလဲထပြီး. . .

"လာပြီ. . အန်တီ"

ဟုအသံပြုလိုက်သည်။ ညက ဘယ်အချိန်အိပ်ရာဝင်နေမှန်းမသိရသော ကြောင်လျှာသီးကတော့ တခူးခူး ညာသံပေး၍ အိပ်ပျော်နေတုန်း။

"တူလေးရေ. . . ဒီမှာ အန်တီ အဝတ်အစားတွေယူလာတယ်"

"ဟုတ်ကဲ့ အန်တီလာပြီ"

ဟုဆို၍ တံခါးဖွင့်လိုက်တော့ အပျိုကြီးအန်တီမြင့်ကို အခန်းဝမှာ အခန့်သင့်တွေ့ရ၏။ သူ့လက်ထဲတွင် ခရမ်းရောင်ပါတိတ်ဝမ်းဆက်တစ်စုံကိုင်လို့

"ဟင်. . ဒါကြီး"

"အေးလေကွယ်. . မနေ့က တူလေး အဖေ့ဝတ်စုံဝတ်တုန်းက တို့အဖေနဲ့တူသွားတယ်မဟုတ်လား၊ ဒါကြောင့် ဒီနေ့ အမေ့ဝတ်စုံယူလာတယ်၊ ဒါဝတ်ပြီးရင် တို့အမေနဲ့များတူဦးမလားလို့"

"ဟင့်အင်း တူချင်ဘူး. . . တူချင်ဘူး"

ကျွန်တော့်ရဲ့ အကြောက်အကန်ငြင်းဆန်သည့်စကားကို အပျိုကြီးက ရုပ်ရှင်ဇာတ်ကားများတွင် သမီးနှင့်သဘောမတူနိုင်ဘူးဟုပြောသော မိန်းမကြီးများလို မျက်စလေးချီပြီး

www.burmeseclassic.com



"အဲသည်လို တယူသန်ကြီးမငြင်းနဲ့လေ ဝတ်ကြည့်လိုက်မှ သဘာဝတရားက သူ့ဘာသာသူ အဖြေပေးမှာပေါ့"

အလဲ့ သဘာဝတရားတဲ့ ဟင့်အင်း တူချင်ဘူး. . . တူချင်ဘူး။

"ဟင့်အင်း တူချင်ဘူး. . အဲလေ. . မတူနိုင်ပါဘူး အန်တီ မဖြစ်နိုင်ပါဘူး"

"အိုကွယ် ဘာလို့မဖြစ်နိုင်ရမှာလဲ. . မနေ့ညနေက ဟောဟိုစောကြည်ဖြူကတောင် မောင်ငယ့်ကိုကြည့်ရတာ အန်တီတို့အမေကို ကြည့်နေရတဲ့အတိုင်းပဲတဲ့။ မိန်းမလိုဝတ်ပြီး ဆံပင်တုတပ်လိုက်လို့ကတော့ အန်တီတို့မေမေနဲ့ ခွဲလို့တောင်ရမှာမဟုတ်ဘူးတဲ့၊ အို ကုန်ကုန်ပြောရရင် အန်တီ့အမေတောင် မောင်ငယ်လောက် အမေနဲ့တူမှာမဟုတ်ဘူးတဲ့"

တောက် ကြောင်လျှာသီးကတော့ ချွန်ပြန်ပြီ၊ ဘယ့်နှယ် သူ့အမေတောင် ကိုယ့်လောက်သူ့အမေနဲ့မတူပါဘူးတဲ့၊ ကဲ စဉ်းစားသာကြည့်။

"ဝတ်ကြည့်ပါကွယ် တကယ်တူလို့ရှိရင် အဖေ့လိုတစ်ပုံ၊ အမေ့လိုတစ်ပုံ ဓာတ်ပုံရိုက်ပြီး အိမ်ဧည့်ခန်းမှာ စုံတွဲလေးချိတ်ထားမှာပါ"

ဟင် အတင်းကြီးပါလား။

"မလုပ်. . . မလုပ်ပါနဲ့ အန်တီရယ် ကျွန်တော် ဒါကြီးဝတ်လိုက်ရင်လည်း အန်တီ့အမေနဲ့ ကျွန်တော်က ရေဆင်နဲ့ကြွက်စုတ်လောက်တောင် ရုပ်ဆင်မှာမဟုတ်ပါဘူး"

အန်တီမြင့် ကျွန်တော့်ကို စည်းရုံး၍မရတော့ စိတ်ဓာတ်အနည်းငယ်ကျသွားပုံရ၏။ သက်ပြင်းကို ခပ်ပြင်းပြင်းချရင်း

"အင်း ဒါဆိုရင်လည်း ပြီးရောပေါ့. . . ဒါပေမယ့် အန်တီ့အမေက ရေဆင်နော်"

"အန်"

အထွက်မှာကလပ်သွားသေးတယ်။ စဉ်းစားကြည့်လေ။ သူ့အမေက ရေဆင်ဆို ကျွန်တော်က ကြွက်စုတ်ပေါ့၊ ကြွက်စုတ်ဘဝရောက်မှတော့ မထူးပါဘူး၊ သူ့အမေ ဒေါ်ရေဆင်ကို နှာမောင်းဘယ်မှာလဲဟုသာ မေးလိုက်ချင်တော့၏။

အန်တီမြင့်ကြီး ထွက်သွားတော့မှ ကြောင်လျှာသီးထံမှ တခွိခွိရယ်သံကြားရ၏။

"တောက် ဒီကောင်ချွန်တာ" ကျွန်တော်လည်း ဒီကောင့်ကို ဘာမှပြောချင်စိတ်မရှိပြီမို့ အိမ်အတွင်းဘက်ကို ပြန်လှည့်ဝင်လိုက်သည်။ ကျွန်တော့်ကို

www.burmeseclassic.com



မြင်တော့ ငတိ စောင်ခေါင်းမြီးကို လုံအောင်ခြုံလိုက်သည်။ နောက် သူ့ထံမှ လုပ်ရယ်သံတခွတ်ခွတ်ကိုလည်း ကြားရ၏။ ကျွန်တော် မသိချင်ယောင်ဆောင်ပြီး ရေချိုးခန်းထဲ လှည့်ဝင်လိုက်သည်။

ရေချိုးခန်းထဲမှ ပြန်ထွက်လာတော့ ငတိမရှိတော့၊ ဘယ်အချိန်မှာ ဘယ်လိုမျက်နှာမသစ်ဘဲ လစ်သွားသည်မသိ။ ကျွန်တော်လည်း မနေ့ကလျှော်ထားသောဝတ်စုံကိုသာ ပြန်ဝတ်လိုက်ပြီး အပြင်သို့ထွက်လိုက်သည်။ အခွင့်ကောင်းဟုပင်ဆိုရမည်လား အိမ်၏ညှေ့ခန်းထဲတွင် မည်သူမှရှိမနေ. . ။

❑ ❑ ❑

www.burmeseclassic.com

**လက်**ဖက်ရည်ဆိုင်ရှေ့ရောက်သည်နှင့် လက်ဖက်ရည်ဆိုင်မှ ကြောင် လျှာသီးက လက်ယပ်ခေါ်သည်။

"ဟော့ကောင် လာပါကွ၊ လက်ဖက်ရည် ငါတိုက်ပ့ါမယ်"

ကျွန်တော်လည်း သကောင့်သားကိုမြင်သည်နှင့် စိတ်ထဲတင်းသွားပြီး လက်ဖက်ရည်ဆိုင်ထဲ မဝင်တော့ဘဲ ကျော်လျှောက်လိုက်သည်။

"ဟော့ကောင် လာပါဟ ဒီမှာပိုက်ဆံပါ ပါတယ်"

ဆိုပြီး အသံပြဲကြီးနှင့်အော်လည်း အော်၊ ပိုက်ဆံကိုလည်း ထောင်ပြနေ ၏။ ကျွန်တော်လည်း ပိုက်ဆံထောင်ပြသည်ကိုမြင်ပြီး မနေ့ကအဖြစ်အပျက်များ ကို သတိရသွားကာ မွန်ထူသွားပြီး ခြေလှမ်းကို ခပ်သွက်သွက်လှမ်းလိုက်သည်။

❑ ❑ ❑

www.burmeseclassic.com

**ဒေအား**ချမ်းလှသော လေပြေမြမြတိုက်ခတ်မှုနှင့်အတူ ခန့်ညား ထယ်ဝါလှသော တက္ကသိုလ်ကျောင်းဝန်းကြီးကိုမြင်တော့ ကျွန်တော်၏စိတ်များ လန်းဆန်းစွာ အဓိပ္ပာယ်ပြည့်စုံသွား၏။

သန့်ပြန့်ကျယ်ဝန်းသော ကျောင်းလမ်းကလေးပေါ်သို့ ရုပ်တိုက်ပြေး ပျော်ပါးနေသော သစ်ရွက်ကြွေကလေးများသည်လည်း သဘာဝအလုံးစုံကို မေ့ လျော့၍ မြေပြင်ပေါ် ပျော်ပါးနေကြလေသည်။

သြော်. . . ဒီကျောင်းတော်ကြီးမှာ တက္ကသိုလ်ပညာတွေ ဆက်လက် သင်ကြားရမှာပါလားဆိုသော စိတ်နှင့်ပီတိတို့သည် တစ်ကိုယ်လုံး အနှံ့လည်ပတ် စီးဆင်းနေလေသည်။

အသက်ကို တစ်ဝကြီးရှူသွင်းလိုက်သည်။ ပြီးမှ တက္ကသိုလ်ကျောင်း ဝင်းထဲသို့ ပထမဦးဆုံးခြေလှမ်း စအချ. . .

“ရွှတ်. . . ရွှတ်. . . ရွှတ်. . . ရွှတ်”

တစ်စုံတစ်ယောက်က စုပ်သတ်လှမ်းခေါ်သံကြောင့် လှည့်ကြည့်လိုက် တော့. . . ကျောင်းအဝင်ဝ ခုံတန်းလေးပေါ်တွင် မနေ့ကကောင်မလေး လေး ယောက်။ အားလုံး ရုပ်တွေကပြုံးစေ့စေ့၊ စပ်ဖြဲဖြဲနှင့် ကောင်မလေးတစ်ယောက် က သူ့လက်ထဲကိုင်ထားသော ငါးကျပ်တန်လေးတစ်ရွက် ထောင်ပြ၏။

ထိုငါးကျပ်တန်မြင်တော့မှ မနေ့ကအဖြစ်အပျက်များ အစီစီအရီရီ တစ်စစီပြန်ပေါ်လာပြီး ဒေါသတို့ ထောင်းခနဲဖြစ်မိ၏။

ကောင်မလေးတွေကတော့ ဒေါသထွက်နေသောကျွန်တော့်ကို ကြည့်ပြီး တခွိခွိနှင့် သဘောကျစွာရယ်ကြသည်။ သူတို့ရယ်တာမြင်လေ

www.burmeseclassic.com



ကျွန်တော် မနေ့ကကိစ္စအတွက် ပို၍ဒေါသထွက်လေမို့ အလိုလိုနေရင်း ခြေလှမ်းကျဲကြီးနှင့် ကောင်မလေးတွေထံ လှမ်းသွားမိ၏။

သူတို့ရှေ့ရောက်သည်နှင့် ဒေါသထွက်နေမှန်းသိအောင် ဟန်ပါပါ ခါးထောက်ရပ်လိုက်၏။ ပြီးနောက် ဒေါသသံအပြည့်နှင့်. . .

"ဒီမှာ ခင်ဗျားတို့ လွန်လွန်းလာပြီနော်"

ကောင်မလေးတွေထံမှ ရယ်သံစဲမသွား။

"ခင်ဗျားတို့ကို ကျုပ်အကောင်းပြောနေတာဗျ။ အကောင်းပြောနေတာ မနေ့ကလည်းတစ်ခါ၊ ဒီနေ့လည်းတစ်ခါ ကျုပ်သည်းမခံနိုင်တော့ဘူး. . . ခင်ဗျားတို့ စော်ကားလွန်းနေပြီ တောက်"

ကျွန်တော့်ရဲ့အသားများပင် ဒေါသကြောင့် တဆတ်ဆတ်တုန်လာ၏။ ကျွန်တော့်အသားတုန်လေ ကောင်မလေးတွေ ပိုသဘောကျလေမို့လားမသိ၊ တဟီးဟီး တဟားဟားနှင့် ခွက်ထိုးခွက်လန်ရယ်ကြသည်။

"မရယ်ကြနဲ့. . . မရယ်ကြနဲ့"

ကျွန်တော့်ရဲ့ ကျယ်လောင်တဲ့အသံကြောင့် ရယ်နေသောကောင်မလေးများ ကြောင်ပြီး အရယ်ရပ်သွားကြ၏။

"ကျုပ်ပြောမယ်. . . မရယ်ကြနဲ့"

ကျွန်တော့်ရဲ့စကားနောက်က ကောင်မလေးများ၏ ရယ်သံတိုးတိုးကလေးများ ပြန်ကပ်ပါလာ၏။ သူတို့၏ရယ်သံကြောင့် ကျွန်တော့်၏ဒေါသများ ပိုဆူဝေသွား၏။

"ခင်ဗျားတို့လို မရယ်နဲ့ပြောတာ ပြောလို့မရဘူးလားဟင်. . . ခင်ဗျားတို့ ဘယ်လိုလူတွေလဲ ကျုပ် သူတောင်းစားမဟုတ်ဘူးဗျ. . . မှတ်ထား"

ကောင်မလေးတွေအားလုံး ခွက်ထိုးခွက်လန်ရယ်ကြ၏။ နှစ်ယောက်က မျက်ရည်တွေထွက်ပြီး တစ်ယောက်ကိုတစ်ယောက် ဖက်ထားရ၏။ ကျန်သည့်နှစ်ယောက်က မြေပြင်ပေါ် ဆောင့်ကြောင့်ထိုင် ဗိုက်ကိုနှိပ်ပြီး ရယ်သံများကို ညှစ်ထုတ်နေ၏။ သူတို့ကိုကြည့်ပြီး ကျွန်တော့်ဒေါသတွေ ငယ်ထိပ်ကို လာဆောင့်သည်။

"ခင်ဗျားတို့ ပညာတတ်တွေပဲ နည်းနည်းတော့ စဉ်းစားကြည့်ကြပါဦး၊ ကျုပ်ကို ခင်ဗျားတို့ ဘယ်လိုကောင်မျိုးထင်နေလဲလို့. . . ကျုပ်လည်း ကျောင်းသားပါဗျ"

ကောင်မလေးတစ်ယောက် အရယ်လွန်ပြီး မြေပြင်ပေါ်ထိုင်ချလိုက်သည်။ ကျန်သည့်ကောင်မလေးများက ရယ်ရင်း သူ့လက်မောင်းကိုရိုက်ကြသည်။

www.burmeseclassic.com



သူတို့အပြုအမူများကြောင့် ကျွန်တော့်၏ဒေါသများ ထိန်းမရတော့၊ သူတို့ကို ပြောမရသည့်အဆုံး ကျွန်တော့်လက်သီးတချို့ လေထဲဝှေ့ယမ်းသွား၏။

"ခင်ဗျားတို့ဗျာ. . . အား. . တောက်"

ဝမ်းနည်းခြင်း ရှင်းပြမရခြင်းတို့က မျက်ရည်အဖြစ်ပြောင်းလဲလာ၏။ ခန္ဓာကိုယ်တစ်ခုလုံးကလည်း နတ်ကသလို တဆတ်ဆတ်တုန်လို့၊ ဒေါသကြောင့် ပင်ပန်းနွမ်းနယ်မှုများ ခန္ဓာကိုယ်ကို တစ်စစီဆွဲချနေ၏။ ဘယ်ကဘယ်လို ပေါ်ထွက်လာမှန်းမသိသော ရှိုက်သံတို့ အလိုလိုနေရင်း ပင်ပန်းကြီးစွာ ထွက်ပေါ်လာ၏။ ကျွန်တော့်ထံမှ ရှိုက်သံများကြားရ၍ ရယ်နေကြသော ကောင်မလေးများ အံ့သြတကြီးဝေ့ကြည့်ကြ၏။

ဆက်နေပါက ဒီကောင်မလေးတွေကို လည်ပင်းပဲညှစ်မိမလား၊ တစ်ခုခုပဲလုပ်လေမလား မခွဲခြားနိုင်တော့ သူတို့အစား ဒေါသတို့က အနီးနားသစ်ပင်ပေါ်သို့သာ အားပါးတရ ကျရောက်သွား၏။

"ကဲကွာ. . . ဒီလောက်ညံ့ဦးကွာ. . . ကဲ. . ညံ့ဦးကွာ. . ကဲကွာ. . ကဲကွာ. . ကဲကွာ"

ပြင်းထန်စွာကျရောက်သွားသော လက်သီးများ၊ ထိုလက်သီးများကို အန်တုကြံ့ကြံ့ခံရပ်နေသော သစ်ပင်၏တုံ့ပြန်မှုကြောင့် လက်ခုံပေါ်မှသွေးစက်တို့ ဖြာခနဲလိမ့်ဆင်းလာ၏။ ပါးပြင်ပေါ်မှမျက်ရည်စတို့ မြေပြင်ပေါ်သို့သက်ဆင်း. . .

ချာခနဲလှည့်အထွက် အံ့အားသင့်နေသောမျက်ဝန်းနှင့် ငေးကြည့်နေကြသော ကောင်မလေးတို့၏ ဝေခွဲရခက်သောအကြည့်တို့ကိုတွေ့ရ၏။ ကျွန်တော် ပြန်မလှည့်တော့. . .။

❑ ❑ ❑

www.burmeseclassic.com

လှည့်ကွက်တွေကြားထဲ ငါတိုးမဝင်မိရင်
ဒီလိုဇာတ်နာပုံတွေ ငါသိခဲ့မှာ မဟုတ်ဘူး။
ငါရဲ့ပင်ကိုအတ္တက ဆင်းရဲရှာတော့
လောကကြီးကို စိတ်နာချင်ပေမယ့်
ကိုယ့်ကိုယ်ကိုယ် စိတ်နာခဲ့
လူတွေကို စိတ်နာချင်ပေမယ့်
သက်မဲ့တွေကို အပြစ်ပုံချခဲ့
အမေရေ့ . . .
ကံဆိုးမိုးမှောင်ကျခဲ့ပုံက
ပတ်ထားသော အပေါ်စားရွှေရောင်နာရီလေးတောင်
မိုးကြိုးအပစ်ခံရမှာ ကြောက်နေရတဲ့ဘဝ
ဒါကို တချို့ကဆိုရဲ့
မင်း အတော်ရင့်ကျက်သွားပြီတဲ့၊
မဟုတ်ဘူး့ . . .
သဘာဝကိုက ရင့်ကျက်လာတာပါ
မင်း အတော်တည်ငြိမ်သွားပြီတဲ့
ဟုတ်ကဲ့
ပါးစပ်သေနတ်ဆိုတာ
ဘယ်တော့မှ ယမ်းနံ့မထွက်ခဲ့ဘူး
ဒါပေမယ့်
လူတော့ ခဏခဏသေတယ်။ ။

www.burmeseclassic.com

ကြွေကျနေသော သစ်ရွက်ခြောက်ဘဝရချင်ရဲ့. . . လေပြေသွေး ဆောင်ရာ လွင့်ထွက်ချင်လို့. . .။ အခုတော့ သစ်ပင်မှာ အမြစ်တွယ်သလို မြဲမြံနေရတဲ့ဘဝ. . .။ ခဏခဏမှောက်လျက်လဲတာတောင် ထူမပေးဘဲ ဟာသ တစ်ခုလို ရယ်မောလားရယ်မောရဲ့၊ မငိုတတ်ခဲ့တာတောင် မျက်ရည်ဝဲလား ဝဲရဲ့. . .။ အထိုးခံရတဲ့ သစ်ပင်ကအပြုံးမပျက်ခဲ့ပေမယ့် အပြစ်ပေးခံရတဲ့ လက်တို့သာ သွေးချင်းချင်းနီခဲ့၊ ဩော် လှည့်ကွက်ဆိုတာ ဒါပဲလား။ ဒါဆို သားကောင်ကရော. .။

"မောင်ငယ်"

ဖျော့လျသောခေါ်သံကြောင့် ငဲ့ကြည့်မိတော့ ကောင်မလေး လေးယောက်။

"မောင်ငယ်နော်"

အရှေ့တူရူပြန်ကြည့်လိုက်တော့ စိမ်းမြသောမြက်ခင်းများ၊ နေရောင် ခြည်တို့သည်လည်း တောက်တောက်ပပ ဝင်းလဲ့လို့. . .။

"မောင်ငယ်. . ခုနကကိစ္စကို တောင်းပန်မလို့ပါ"

ဘာသာစကားတို့ ပျောက်ဆုံးနေ၏။

"ဟိုလေ တို့ တကယ်ကိုဘာမှမသိခဲ့တာပါ။ စောကြည်ဖြူရေးလိုက်တဲ့ စာအတိုင်းပဲ တကယ်ထင်ခဲ့မိကြတယ်လေ"

"ဟုတ်ပါတယ်. . မင်းကိုလည်း တောင်းပန်ပါတယ်၊ မင်း ဒီလောက် ခံစားခဲ့ရမယ်ဆိုတာ လုံးဝမထင်ခဲ့လို့ ဒီလိုနောက်ခဲ့မိတာပါ"

စောကြည်ဖြူရဲ့အသံ။

www.burmeseclassic.com



"မောင်ငယ် ကျေနပ်တော့ပေါ့နော်"

အသံက အနည်းငယ်ရှတယ်။

ဪ. . ရန်သူတောင် တောင်းပန်ရင် ကျေအေးရသေးဆိုတဲ့ ဆိုရိုးတောင်ရှိခဲ့မဟုတ်လား၊ ပျော့ညံ့တတ်တဲ့ ကျွန်တော်ခေါင်းတော့ ငြိမ့်ပြမိသည် ထင့်၊ ကျွန်တော် ခေါင်းမမော့ခင်မှာပင် အားလုံး၏မျက်နှာများ ဝင်းလက်သွား၏။

"ကဲ. . ဒါဆို တို့အားလုံး သူငယ်ချင်းတွေဖြစ်ပြီပဲ၊ တစ်ခုခု အတူတူသွားစားတာပေါ့. . .။ ဪ ဒါနဲ့ မိတ်ဆက်ပေးရဦးမယ်. . . တို့နာမည်က မြနွယ်၊ ဘီးကုပ်ကလေးနဲ့က မယ်လေး၊ ပန်းရောင်နဲ့က စိမ်းနု၊ ဟို အဖြူကလေးက ထွေးထွေးတဲ့"

"ဟုတ်ကဲ့ ကျွန်တော် မောင်ငယ်ပါ"

"ကျွန်တော်က စောကြည်ဖြူ"

❑ ❑ ❑

www.burmeseclassic.com

ကြက်ညီနောင်ရေဝယ်မျှောစေတော့

မြကျောရယ်တဲ့ရွှေမင်းဝံတောင်

လဲတော့မယောင်

အာကာဘောင်ကြယ်ပြောင်ကွယ့်မြေလူး

ပြည့်ဧယျာလေလာရင် မြေပါရွှေ့စေတော့

မယ်လေးကို မောင်မမုန်းတယ်

ကွယ်. . . သုံးဘဝကူး. . .

အမည်မသိရေးစာဆို

www.burmeseclassic.com

ထိုနေ့ ထိုအချိန်မှစ၍ ကျွန်တော့်တွင် အင်မတန် ခင်စရာကောင်းသော သူငယ်ချင်းများ စတင်ပိုင်ဆိုင်ခဲ့လေသည်။ ကျွန်တော့်တွင်မရှိသေးသော အဝတ်အစားများထုတ်ပေးခြင်း၊ မရှိသေးသောငွေများ ချေးငှားပေးခြင်းတို့ဖြင့် ကျွန်တော့်ဘဝကလေး အနည်းငယ်စိုပြည်ခဲ့သည်ဟု ဆိုရပေမည်။

သူတို့တစ်တွေနှင့် ခင်မင်ရခြင်းသည် ကျွန်တော့်အတွက် ဘုရားသခင် ဖန်ဆင်းသည့် ကြီးစွာသောဆုလာဘ်ကြီးတစ်ခုပင် ဖြစ်ပေလိမ့်မည်။

အထူးသဖြင့် မယ်လေးဟုအမည်ရသော ကောင်မလေးတစ်ဦးနှင့် ဆုံစည်းရန်ဖန်တီးပေးခဲ့သော ပိုင်ရာဆိုင်ရာ နတ်အားလုံးကို ပြောမပြတတ်လောက် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင် ကမ္ပည်းရေးထိုးအပ်ပါသည်။

❑ ❑ ❑

"ဟေ့ကောင်. . ထ. . . ထ"

အိပ်လို့ကောင်းနေတုန်း အနှိုးခံရသည်မို့ အနည်းငယ်စိတ်တိုသွားမိ၏။ သိသည်။ ဒါ ဟိုကောင် စောကြည်ဖြူအသံ၊ မထသေးဘဲ မျက်လုံးမှိတ်၍ ပြန်အိပ်နေလိုက်သည်။

"ဟေ့ကောင် ဖျာလိပ်နတ် ထလေကွာ. . . အရေးကြီးလို့"

"ကျွတ်"

မထမချင်း အသည်းအသန်နှိုးနေမည်ကို သိသည်။ စိတ်လည်း အတော်ညစ်သွား၏။

"ကျွတ်. . . ဘယ်နှနာရီရှိသေးလို့လဲကွ. . အိပ်ရေးတောင်မဝသေးဘူး"

"ရှစ်နာရီ"

သူ့ရှစ်နာရီဆိုသည့် စကားကြောင့် ကျွန်တော်လန့်သွားပြီး အိပ်ရာပေါ်မှ လူးလဲထကာ. . .

"ဟင်. . ရှစ်နာရီတောင် ထိုးပြီ၊ မနက်လား. . . "

"ည. . "

"ဟာကွာ. . မင်းကလည်း"

ကျွန်တော့်စိတ်တွေ ပြန်ပျော့ကျသွား၏။ စိတ်နှင့်အတူ ခေါင်းကလည်း ခေါင်းအုံးပေါ် ပျော့ကျသွား၏။ သို့သော် ကျွန်တော့်မျက်နှာကြီး ခေါင်းအုံးနှင့် မထိခင် အနီးငတိက ကျွန်တော့်လည်ကုပ်ကို ကြောင်ဖမ်းသလို ဖမ်းကိုင်ရင်း. .

"ဟာ ဟေ့ကောင် မအိပ်ပါနဲ့ဦးကွ"

www.burmeseclassic.com



ကျွန်တော် ပို၍စိတ်ညစ်သွား၏။

"ဟာကွာ မင်းက ညဘက်ကြီး ဘာလုပ်ဦးမှာလည်း"

"မယ်လေးတို့အဆောင်ရှေ့ ဂစ်တာသွားတီးမလားလို့ကွ"

"မယ်လေးတို့ အဆောင်ရှေ့"

"အေးလေ မယ်လေးတို့အဆောင်ရှေ့. . ဟိုကောင်ထွန်းနိုင်တို့ ထွန်းလင်းအောင်တို့ အရက်မူးပြီး ဂစ်တာလွယ်သွားတာတွေ့တယ်။ ဒီကောင်တွေ အဲဒီအဆောင်ရှေ့သွားတာပဲဖြစ်ရမယ်"

"သူတို့သွား သွားပါစေပေါ့. . . ငါတို့နဲ့ ဘာဆိုင်လို့လဲ"

"ကျွတ်. . မင်းဘာသိလို့လဲ. . ထွန်းနိုင်ဆိုတဲ့ကောင်က မယ်လေးကို ပိုးနေတာကွ၊ အခုလည်း ဒီကောင်အရက်မူးပြီး အဆောင်ရှေ့ သံကောင်းသွားဟစ်တာ တော်ကြာ မယ်လေးပါသွားမှာနော်"

ကြပ်ပြီ. . . ဒီကောင် သူခေါ်သည့်နောက် ကျွန်တော့်ကို မပါပါအောင် အမျိုးမျိုးကြပ်ပြီး မြူဆွယ်နေပြီ. . . ကျွန်တော်လည်း သူ့အကြံသိနေပြီမို့ သူ့နောက်မပါရေးသာ အကြောက်အကန်ငြင်းဆန်ရလေသည်။

"ပါ ပါကွာ. . ငါမှ ဂစ်တာမတီးတတ်တာ. . . ဒီလိုသံကောင်းဟစ်လို့မှ ပါသွားမယ်ဆိုလည်း ပါပစေပေါ့. . "

"ဟာကွာ. . . မင်းကလည်း"

သကောင့်သား အနည်းငယ်စိတ်ပျက်သွားပုံရ၏။ ဖြစ်ချင်တော့ သူကိုယ်တိုင်လည်း ဂစ်တာက မတီးတတ်. . . ။

"ဂစ်တာ မတီးတတ်ရင် မင်းဂီတနဲ့ပတ်သက်ရင် ဘာလုပ်တတ်လဲ"

"ရော်. . . ခက်ပြီ" ဒီကောင်ကတော့ တစ်ခုမရတစ်ခုနဲ့ မပါပါအောင် ခေါ်မည့်ပုံ၊ ကျွန်တော်လည်း ညစ်ချင်ချင်စိတ်ဖြင့်

"နှဲမှုတ်တတ်တယ်ကွာ"

"နှဲ"

ကျွန်တော့်စကားကို သံယောင်လိုက်ပြီး သကောင့်သားတစ်ချက်ရုပ်သေဖြစ်သွား၏။ နောက်မှ မသင်္ကာသလိုဖြင့်. .

"နှဲ. . . နှဲ. . မင်းတကယ်မှုတ်တတ်လို့လား"

"မှုတ်တတ်တယ်ကွာ. . နှဲဆိုလို့ရှိရင် သီချင်းကြီး သီချင်းခန့် ကာလပေါ် ပတ်ပျိုး အကုန်ရတယ်"

ငတိ ဇဝေဇဝါဖြစ်သွား၏။ နောက် ကျွန်တော့်ကို မျက်မှောင်ကျုံ့ကြည့်ပြီး . .

www.burmeseclassic.com



"မင်းတကယ် မှတ်တတ်တာနော်"

"ရော်. . . ခက်ပြီ. . မှတ်တတ်တာမှ အိမ်ဘေးကလူပါ နားကန်းသွားလောက်အောင် မှတ်တတ်တယ်၊ ရပ်ကွက်ကလူတွေပါ အိမ်ခေါင်မိုးပေါ်ခဲနဲ့ပစ်ပြီး တားယူရတဲ့အထိ မှတ်တတ်တယ်"

"တကယ်"

"လိမ်ပဲ့မလား အကျိုးမရှိ"

"အေး. . ဒါဆို ခဏစောင့်"ဆိုပြီး ဖနောင့်နှင့် တင်ပါးတစ်သားတည်းကျအောင် ကဆုန်စိုင်းထွက်သွား၏။ သွားပါစေ ရန်ကုန်လိုမြို့ကြီးများ ဘယ်ကဘယ်လို နဲ့လိုတူရိယာမျိုး လွယ်လွယ်ရှာလို့ရမည်နည်း၊ ရဦးတော့ မှုတ်ပြလိုက်ရုံပေါ့၊ ကိုယ်တိုင်ကိုက ရပ်ကွက်ဒိုးဝိုင်း(ဒိုးပတ်ဝိုင်း)တွေမှာ နဲ့မှုတ်လာသည့် နဲ့စပယ်ရှယ်လစ်ပဲဟာ၊ နောက်ပြီး ဒီလိုအချိန်မျိုးမှာ ဒီလိုနဲ့သံမျိုး ဘယ်သူကများ သည်းခံပြီးနားထောင်နိုင်မည်နည်း၊ ခဏလေးနှင့် ဟိုလူအော်. . . ဒီလူအော်နှင့် ပွဲကပျက်သွားပေလိမ့်မည်။ ဒါဆို အိပ်ပေလိမ့် လွတ်လွတ်လပ်လပ်။

စဉ်းစားရင်း စဉ်းစားရင်း ပြုံးချင်လာမိ၏။ ဩော် အတော်နောက်သည့်အကောင်၊ လူတစ်ယောက်ကို ဒုက္ခပေးဖို့ဆို အမျိုးမျိုး အကြံစုတ်အကြံပြတ် အတော်ထွက်သည့်အကောင်။ ဘာပဲဖြစ်ဖြစ် ဟိုကောင်နဲ့သွားရှာတုန်း ကောင်းကောင်းအိပ်လိုက်ဦးမယ်လေဟု စိတ်ကူးပြီး အိပ်ရာပေါ် ခေါင်းချရန်အပြင်. .

"ဘုတ်"

"ဟဲ့ ပလုတ်တုတ်"

ခေါင်းအုံးပေါ် ကျလာသော ရှည်မျောမျောအရာဝတ္ထုတစ်ခုကြောင့် လန့်ပြီးထခုန်မိ၏။ နောက် အသေအချာကြည့်တော့. . .။

"နဲ့ကြီး. . နဲ့ကြီး"

ကျွန်တော် မျက်လုံးပြူးသွား၏။ ကျွန်တော့်ဘေးတွင် ပြုံးပြုံးကြီးရပ်ကြည့်နေသောကြောင်လျှာသီး အနည်းငယ်မောဟိုက်ဟန်နှင့်. . .။

"အေး. . . ဟုတ်တယ်။ မင်း အင်မတန်ပိုင်နိုင်ပါတယ်ဆိုတဲ့ နဲ့၊ ဘေးအိမ်ကလူပါ နားကန်းသွားပါတယ်ဆိုတဲ့ နဲ့. . လာ မယ်လေးတို့အဆောင် ရှေ့သွားရအောင်"

"ဟင် ဒါကြီးနဲ့ ဘယ်လိုလုပ်မှာလဲ"

ကြောင်လျှာသီး သူ့လက်တစ်ဖက်လှမ်းမြှောက်ပြရင်း. . .

"ဒါလည်းပါတယ်လေ. . "

"တယော"

www.burmeseclassic.com



ကျွန်တော့်ရဲ့ အံ့သြတကြီးစကားကို သကောင့်သားပြုံး၍ ခေါင်းငြိမ့်ပြသည်။ မိန့်မိန့်ကြီး ပြုံး၏။

"ဒါတွေနဲ့ ဘယ်လိုလုပ်မှာလဲ"

"မယ်လေးတို့ အဆောင်ရှေ့မှာ သွားပြီးတီးမှုတ်ကြမယ်လေ"

"ဟင် မင်းက တယောထိုးတတ်လို့လား"

"ဟင့်အင်း အဟဲ မထိုးတတ်ဘူး"

"ဟ မင်းတယောမထိုးတတ်ဘဲနဲ့ ဘယ်လိုလုပ်မှာလဲ"

ကျွန်တော့်စကားကို သကောင့်သား တစ်ချက်ပြီတီပြုံးလိုက်ပြီး၊

"ဒီလိုလေကွာ. . ငါက အလင်းရောင်ကနေ တယောထိုးချင်ယောင်ဆောင်မယ်၊ မင်းက အမှောင်ထဲကနေ နှဲနဲ့ လိုက်မှုတ်ပေး"

ကျွန်တော့်မျက်လုံး အပြင်ကိုပြုတ်ကျမတတ် ပြူးထွက်လာ၏။

"ဟင် မင်းက အလင်းရောင်ကနေ တယောထိုးချင်ယောင်ဆောင်ပြီး ငါက အမှောင်ထဲကနေ နှဲမှုတ်ပေးရမယ်"

ကျွန်တော့်စကားကို သကောင့်သားမှ အားတက်သရောဖြင့်. .

"အေးလေကွာ ငါ့အကြံမပိုင်ဘူးလား"

ကျွန်တော့်မျက်နှာကြီး ကြည့်မကောင်းလောက်အောင် ရှုံ့မဲ့သွားမည်ထင်၏။

"ဟာကွာ. . မင်းဟာကလည်း. . မဖြစ်နိုင်တာ"

"ဟ. . ဘာလို့မဖြစ်နိုင်ရမှာလဲ. . သူတို့က တယောသံသော နှဲသံသော ခွဲခြားတတ်တာမှ မဟုတ်တာ"

"ဟာကွာ"

"ဟာကွာတွေ ဘာတွေလုပ်မနေနဲ့ လာသွားရအောင် နောက်ကျနေပြီ၊ ဟိုရောက်ရင်သာ အပီအပြင်လုပ်"

ဟုဆို၍ ကျွန်တော့်လည်ကုပ်မှနေ၍ မ,သွားလေတော့၏။

❑ ❑ ❑

www.burmeseclassic.com

"ပင်လယ်ပြင်ကို ဖြတ်ကျော်မြင်တယ်. . နှလုံးသားများလည်း လေးလံ နေဆဲအချစ်"

အဆောင်ရှေ့မရောက်ခင်ကြားရသော သီချင်းသံကြောင့် ကျွန်တော် စိတ်လေသွား၏။

"ဟေ့ကောင်. . ဘယ့်နှယ်လုပ်မှာတုံး ဟိုကဟဲဗီး။ တို့က နဲ့ကြီးနဲ့ တော့မဖြစ်လောက်ဘူးနော်"

"ကျွတ် ဂရုမစိုက်နဲ့ကွာ ကြည့်နေ မကြာခင် ဒီကောင်တွေအားလုံး ငါ့သရုပ်ဆောင်မှုအောက်မှာ ဝပ်ကျသွားမယ်၊ ဟော ဟိုမှာ မယ်လေးတို့ ပန်းနုတို့ တွေ့လား အပြင်ထွက်လာပြီ"

"စိတ်ချတော့ ချစ်သူရေ. . လှမ်းခဲ့ပါ့မယ် စိတ်ချလက်ချ မင်းတား"

မယ်လေးတို့ကိုမြင်၍ထင့်၊ ဟိုကောင်တွေ အသံကပိုကျယ်လောင်လာ၏။

"ဟေ့ကောင် မင်း ဘာသီချင်းတွေရလဲ"

ကျွန်တော်လည်း ညစ်နေပြီမို့. .

"ကြင်သစ္စာဆင်စဦး. . ညဥ့်သုံးယံခါ ခြသေ့်ခံရွှေမုတ်တွင်း၊ မျှော့မရဲ အောင်၊ ထုံပန်းမာလာ၊ ပြောင်လူးမာတင်၊ တောင်ပတ်လည် ပန်းသည်လယ်၊ ညဥ့်ရုံတော် အခြေပျက်စေဖို့၊ လာမချော့နဲ့၊ ကိုယ့်ဘာသာစိတ်ကူးလို့၊ ငိုကြွေးမှာ"

ကျွန်တော့်စကားမဆုံးမီမှာပင် ငတိက. .

"တော်. . တော်ကွာ. . လှိုင်ထိပ်ခေါင်တင်ခရေစီနဲ့ လာတွေ့နေရ တယ်လို့. . ဟိုကွာ. . ရွှေမင်းဂံတို့၊ ရွှေဘိုသနပ်ခါးတို့ မရဘူးလား. . "

www.burmeseclassic.com



"အဲ. ."

"မရဘူးလားလို့. . ."

"ရပါတယ်ကွာ. . ."

"ရရင်လုပ်ကွာ ဟာ ဟော့ကောင် ဟိုကောင်တွေ သီချင်းဆုံးပြီကွ. . မြန်မြန်လုပ် ငါအရှေ့ကထွက်လိုက်မယ်"

ဟုဆိုပြီး ဟန်ပါပါနှင့် တယောလေး ပခုံးပေါ်တင်ပြီး. . . သကောင့်သား မီးအလင်းရောင်ရှေ့ ခုန်ထွက်သွား၏။ ကျွန်တော်က သစ်ပင်အနောက်က အမှောင်ထဲမှာ နဲ့ကြီးကိုင်လို့၊ အားလုံး၏အာရုံများက တယောကြီးနှင့် သူ့ထံပြုံကျသွား၏။ သကောင့်သား ပြုံးပြုံးကြီးလုပ်ပြီး တယောဘိုးတံကို တယောပေါ် တင်လိုက်သည်။ နောက်ကျွန်တော့်ဘက် ခပ်စွေစွေလှည့်၍ အံကြိတ်သံဖြင့်. .

"ဟော့ကောင် စမယ်. . ဝမ်း. . တူး. . သရီး. . ဖိုး"

"ဂေါ်. . ဂွီ. . ."

ကျွန်တော့်နဲ့မှထွက်သွားသော နဲ့သံကြောင်ကြောင့် ငေါက်ကြောင်သွားပြီး ကျွန်တော့်ကို လေသံလေးနှင့်. . .

"ဟော့ကောင် ဘယ့်နှယ်လုပ်တာလဲ၊ တဂေါ်ဂေါ်တဂွီဂွီနဲ့ မှုတ်ရင်လည်း ကောင်းကောင်းမှုတ်ပါကွ"

ကျွန်တော်လည်း အားကျမခံ အံကြိတ်သံနှင့်. .

"မင်းဘကြီးနဲ့က လျှာခင်မစမ်းဘဲ ဘယ်လိုလုပ်မှုတ်လို့ရမှာလဲ လျှာခင်စမ်းပြီးမှ မှုတ်လို့ရတာ. . ဒါကြောင့် လျှာခင်ကောင်းမကောင်း စမ်းနေရတာကွ"

"ဂဲ. . အဲ. . . ဂစ်"

ကျွန်တော့်ထံမှ နောက်ထပ် နဲ့စမ်းသံကြောင့် သကောင့်သား တင်ပါးဆုံပါ ကျုံ့တက်သွားသည်။

"ဟော့ကောင် လျှာခင်စမ်းရင်လည်း မြန်မြန်စမ်းပါ။ ဒီမှာ ရုပ်ပျက်လှပြီ. . တယောကြီးထမ်းပြီး ဘာလုပ်ရမှန်းကို မသိဘူး"

"ပြီးပါပြီဟ. . ကဲ. . စမယ်"

သကောင့်သားထံမှ သက်ပြင်းချသံကြားရ၏။

"ကဲ. . ဒါဆိုလည်း ဝမ်း. . တူး. . သရီး. . ဖိုး. . . စ"

"တီ. . တီ. . တီ. . တီ. . . တီ. . . တီ"

တယောသံနှင့်တူစေရန် နဲ့ကို အတတ်နိုင်ဆုံး အသံမြင့်နှင့်မှုတ်လိုက်

www.burmeseclassic.com



သည်။ ကျွန်တော့်နဲ့သံနှင့်အတူ စောကြည်ဖြူထံမှ ထွက်ပေါ်လာသော အသံဝါကြီးက. . .

“ပိတုန်းရောင် ကေ. . ကေသာ. . ဖြန့်လိုက်ရင်. . တစ်ကိုယ်လုံး ဝါဝါရည်ရွှင် ကြည်ကြည်လင်လင် မင်းဂံဘုတ်သူ ပျိုဖြူများ. . အသားတော်. . ဝင်းဝင်းလို့. . ဝါဝါရည်ရွှင်. . ကြည်ကြည်လင်လင်”

သူ့အသံက အနည်းငယ်ပြာပြီး ကြောင်တောင်တောင်ပါ။ ဒါပေမယ့် ပတ်ဝန်းကျင်ကလူတွေကတော့ သူ့ကို တယောတစ်လက်နှင့် ဆိုတီးပုံစံမြင်ရတော့ အားလုံးကြောင်ငေးသွားကြ၏။ မယ်လေးတို့ ဝရန်တာတွင်လည်း နောက်ထပ်ကောင်မလေးဦးရေ ထပ်ပြီးတိုးပွားလာ၏။

“ရေကြည်သောက်လျှင် မြင်ရမလောက်ပင် လည်တိုင်သေး အဝေးကြီးကသာလို့ယဉ်”

သကောင့်သားကတော့ အရှေ့မှနေ၍ ပြုံးပြုံးကြီးဆိုရင်း မော့နေ၏။ ကျွန်တော့်မှာသာ သစ်ပင်နောက်မှနေ၍ နဲ့ကို ကုန်းမှုတ်လိုက်နှင့် အလုပ်ရှုပ်နေ၏။ ဟိုဘက်ဝိုင်းမှ ဟဲဗီးသမားတွေအားလုံးကလည်း သူ့ကို ပါးစပ်အဟောင်းသားနှင့် ကြောင်ငေးကြည့်နေကြသည်။ ဒါကိုပင် သကောင့်သားက ထို ဟဲဗီးသမားများဘက် ပြုံးကြည့်ပြီး လှည့်၍ အသံပြဲကြီးနှင့် အော်ပြနေသေး၏။

“မင်းဂံဘုတ်သူ ပျိုဖြူများ အသားတော်ဝင်း. . ဝင်းလို့. . ဝါဝါရည်ရွှင်ငင့်. . . ငင်. . ကြည်ကြည်လင်လင်”

စောကြည်ဖြူက သီချင်းဆို၍ အာတွေ့လာသည်ထင့်၊ သီချင်းကို မေးရိုက်မေးဝဲပါ ထည့်ဆိုလာ၏။ ဒါကို ဟိုဘက်ဝိုင်းမှ ထွန်းနိုင်က မသင်္ကာ၍ထင့်၊ ဟိုက်ဘက်ကြည့်လိုက် ဒီဘက်ကြည့်လိုက်ဖြစ်လာ၏။

နောက် မျက်မှောင်ကျုံ့၍ ကျွန်တော်တို့ထံ ထလာ၏။ ကျွန်တော်က အမှောင်ထဲမှာမို့ မမြင်ဘဲ တယောထိုးချင်ယောင်ဆောင်နေသော စောကြည်ဖြူထံ အရင်သွား၏။ စောကြည်ဖြူကို အသေအချာတစ်ပတ်ပတ်ကြည့်သည်။ ဟိုကောင်ကလည်း သီချင်းစမပြတ်သေးသည်မို့ ဘာမှပြော၍မရ။ ထွန်းနိုင်ဆိုသည့်ကောင်ကလည်း နပ်သည်။ တယောနား အသေအချာကပ်ကြည့်သည်။ တယောနား နားကပ်၍ အသေအချာနားထောင်၏။ နှာခေါင်းတရှုံ့ရှုံ့နှင့် အနံ့ပင်ခံလိုက်သေး၏။ စောကြည်ဖြူ တယောမှ ဘာသံမှမထွက်ဘူးဆိုတာ သေချာတော့မှ မိန့်မိန့်ကြီးပြုံးလိုက်သည်။ စောကြည်ဖြူကလည်း သီချင်းဆိုလျက် တန်းလန်းနှင့် ထွန်းနိုင်ကို လာမနှောင့်ယှက်ရန် မျက်လုံးပြူးပြသည်။ အံကြိတ်ပြသည်။ ထွန်းနိုင်ဆိုသည့်ကောင်က အားပါးတရပြုံးပြီး ‘ငါသိတယ်’ဟူသောအထာမျိုးနှင့်

www.burmeseclassic.com



စောကြည်ဖြူကိုကျော်ပြီး အမှောင်ထဲဝေ့ရှာနေပြန်၏။ ကျွန်တော်ရှိရာသစ်ပင်နောက် ကုပ်ချောင်းချောင်းနှင့်ပတ်ကြည့်သည်။ သိပ်မရှာလိုက်ရပါ။

တွေ့ပြီ။ သစ်ပင်နောက်အမှောင်ကလေးထဲတွင် ဆောင့်ကြောင့်ကလေးထိုင်ပြီး စိမ်ပြေနပြေ နှဲထိုင်မှုတ်နေသောကျွန်တော့်ကို တွေ့သွားပြီ။ ကျွန်တော့်ကိုမြင်သည်နှင့် အားရပါးရပြုံးပြီး ကုပ်ချောင်းချောင်းနှင့် သစ်ပင်နောက်ပတ်လာ၏။ နောက် ကျွန်တော့်ရှေ့ထိုင်ပြီး ကျွန်တော့်နည်းတူ ဆောင့်ကြောင့်ကလေးထိုင်လိုက်သည်။ နှဲနားကပ်၍ အသံနားထောင်သည်။ နှာခေါင်းတရှုံ့ရှုံ့နှင့် အနံ့ခံသည်။ ကျွန်တော့်နှဲမှ အသံထွက်နေသည်သေချာတော့မှ အနီးနား၌ တစ်ခုခုကိုဝေ့ရှာနေသည်။

ကျွန်တော်လည်း သီချင်းစမပြတ်သေးသည်မို့ သူ့ကိုရှင်းပြရန် ပါးစပ်မအား၊ သူမနှောင့်ယှက်အောင်သာ မျက်လုံးမျက်ခုံးများ နှင့် အသနားခံနေရ၏။ ထွန်းနိုင်ဆိုသည့်ကောင်က ကျွန်တော့်ကိုဂရုမစိုက်ဘဲ အနီးနားကတစ်ခုခုကို ဝေ့ရှာနေ၏။ သစ်ကိုင်းခြောက်တွေကောက်ကြည့်သည်။ ခဲလုံးတွေဆကြည့်၏။ ဘာမှစိတ်တိုင်းမကျ၍ထင့်၊ နောက်ဆုံးတော့ သူဝတ်ထားသောအင်္ကျီကိုသာ 'မ'ချွတ်လိုက်သည်။ ပြီးနောက် အင်္ကျီကို ပယ်ပယ်နယ်နယ်လုံးနေ၏။

ကျွန်တော်လည်း သူဘာလုပ်နေမှန်းမသိရ၍ မပြီးပြတ်သေးသော နှဲကိုသာ အသားကုန်မှုတ်နေရ၏။ စောကြည်ဖြူဆိုသည့်ကောင်ကလည်း အသံဝါ၊ အသံပြာကြီးနှင့် သီချင်းဆိုကောင်းတုန်း. . .။

ထွန်းနိုင်အင်္ကျီကို လုံးပြီး စိတ်တိုင်းကျတော့မှ ကျွန်တော့်နှဲပေါက်ကို အသေအချာချိန်ပြီး အင်္ကျီဖြင့် အွပ်ခနဲထိုးထည့်လိုက်ရာ. .

သူထိုးထည့်လိုက်သောအရှိန်ကြောင့် ကျွန်တော့်နှဲကြီး အသံပိတ်သွား၏။ နှဲက ဘယ်လိုမှ ဆက်မှုတ်၍အသံမထွက်တော့. . .။ ဒါကို ဘာမှမသိသေးသော စောကြည်ဖြူမှ အံကြိတ်သံဖြင့်. . .

"ဟေ့ကောင် မောင်ငယ် ဆက်မှုတ်လေကွာ. . ဒီမှာ လူတွေအထင်ကြီးနေတုန်း. . ."

သူစကားကြောင့် ကျွန်တော်လည်း စိတ်တိုသွား၏။

"ဆက်မှုတ်လို့ဖြစ်မလားကွ၊ ဒီမှာ မင်းဘကြီး နှဲပေါက်ပိတ်သွားပြီ"

"ဟင် ငါ့ဘကြီး ဘယ်တုန်းကရောက်လာတာလဲ"

သူ၏ အူကြောင်ကြောင်စကားကြောင့် ကျွန်တော်ပို၍စိတ်တိုသွားပြီး

"အာ ဒီကောင် မင်းဘကြီးဆိုတာ ထွန်းနိုင်ကိုပြောတာဟေ့ ထွန်းနိုင်ကိုပြောတာ"

www.burmeseclassic.com



"ဟင် ထွန်းနိုင် သူဘာလုပ်"

ကျွန်တော်တို့ငြင်းခုန်နေတုန်းမှာပင် ထွန်းနိုင်က ကျွန်တော့်လက်ထဲမှ နဲ့ကြီးကို ဆတ်ခနဲဆွဲလုလိုက်ပြီး အပြင်ဘက်ခုန်ထွက်ကာ အားလုံးကြားအောင် အသံကျယ်ကျယ်ဖြင့်. . .

"ဟော့ ဒီမှာဟော့. . . ဒီမှာ. . . ဒီကောင်တွေ တယောထိုးချင်ယောင်ဆောင်ပြီး အနောက်ကနေ နဲ့မှုတ်နေတာ နဲ့မှုတ်နေတာ"

သူ၏ ကျယ်လောင်သောအသံနှင့် သူမြှောက်ပြလိုက်သော ကျွန်တော့် နဲ့ကြီးကိုမြင်တော့ ခုန အထင်တကြီးကြည့်နေကြသော ပရိသတ်အားလုံး ဝါးခနဲ ပွဲကျသွား၏။

"ဟား ဟား ဘယ်ရမလဲကွ. . နဲ့သံနဲ့ တယောသံ ငါသိတယ်ကွ၊ သီချင်းမစခင်ကတည်းက ဂေါ်ဂွီဆိုတဲ့အသံက နဲ့သံကြီးမှန်း ငါရိပ်မိတယ်ကွ၊ ငါရိပ်မိတယ်၊ ငါ့အဖေက လိပ်ခေါင်းအထူးကုကွ၊ လိပ်ခေါင်းအထူးကု၊ ဒီလို နဲ့ဆရာတွေကို လိပ်ခေါင်းကုလာတာ ဘယ်ဟာနဲ့ ဘယ်ဟာတယောဆိုတာ ငါသိ တာပေါ့ကွ ဟား ဟား ဟား ဟား"နှင့် အော်လည်းအော် ကလည်းကနှင့် ထွန်းနိုင် ဆိုသည့်ကောင် သဘောအကျကြီးကျနေလေတော့၏။ သူ့လက်ထဲမှာကလည်း ကျွန်တော့်နဲ့ရိုးကြီး. . .

"ဟေ့ကောင်. . . နဲ့ကြီးပြန်ပေးကွာ"

ကျွန်တော်လည်း ရှက်ရှက်နှင့် သူ့လက်ထဲကနဲ့ရိုးကြီးကို ပြန်လု၏။ ထွန်းနိုင်ကလည်း နဲ့ကြီးကိုပြန်မပေးဘဲ ပတ်လည်လှည့်ကရင်း ရှောင်ပြေး၏။

မီးတွေကလည်း လင်းထိန်ထိန်မို့ ကျွန်တော်တို့ကို အားလုံးက အထင်းသားမြင်နေရ၏။

"ဟားဟား ဒါမျိုးရရိုးလားကွ၊ ထွန်းနိုင်ဆိုတဲ့ကောင်က ခနေဖြူဒေါ်စောရီဆိုင်က ထမင်းထက်တောင် နပ်တဲ့ကောင်ကွ ဟောဒီမှာကြည့်ကြဟေ့ နိုင်ငံကျော်ငွေနဲ့ကျော်မောင်ငယ်နဲ့ တယောတု တယောယောင် စောကြည်ဖြူတို့ဆိုတာ သူတို့ပဲကွ၊ ဟားဟားဟား၊ ပျော်တယ်ဟေ့ ပျော်တယ်ဟေ့ ပျော်တယ်ဟေ့. . ရဟူး"

ဟု အားရဝမ်းသာ အော်ဟစ်ရယ်မောရင်း အမျိုးစုံအောင် လှည့်ပတ်ကနေလေတော့၏။ ဒါကို စောကြည်ဖြူက အမြင်ကပ်သည်ထင့်၊ ထွန်းနိုင်ဆီက နဲ့ကို အတင်းဝင်လုသည်။

"ဟေ့ကောင် နဲ့ကြီးပြန်ပေး"

"မပေးနိုင်ဘူးကွာ"

www.burmeseclassic.com



ထွန်းနိုင်ကလည်း မလျှော့၊ အတင်းရုန်းကန်ထွက်ပြေးရင်း လစ်လျှင်လစ်သလို ကလိုက်သေး၏။

"ဟေ့ကောင် ပေးဆိုပေးနော်. . . နောက်မှ ငါ့အဆိုးမဆိုနဲ့"

"မဆိုဘူးကွာ မပေးဘူး မင်းဘာလုပ်ချင်လဲ"

ထွန်းနိုင်၏စကားကို စောကြည်ဖြူဒေါသထွက်ဟန်နှင့် ပုဆိုးပြင်ဝတ်ရင်း

"ဟေ့ကောင် မစားရတဲ့အမဲ သဲနဲ့မပက်နဲ့ နဲ့ကြီးပြန်ပေး"

"သဲနဲ့ပက်ရုံမကဘူး ခွေးချေးပါသုတ်တယ်ကွာ. . ဘာလုပ်ချင်လဲ"

ထွန်းနိုင်ကလည်း မလျှော့၊ လုံချည်စွန်တောင်ဆွဲ၍ ကက်ကက်လန်ရန်ပြန်တွေ့သည်။

"အော် ဒီလိုလား. . ဒါဆို မင်းတို့ထဲက မိုက်တဲ့ကောင်ထွက်ကွာ"

စောကြည်ဖြူ၏ဒေါသစကားကြောင့် ထွန်းနိုင်တို့အဖွဲ့ ခေတ္တငြိမ်သက်သွား၏။ မုန်တိုင်းမကျမီ ငြိမ်သက်သွားပုံမျိုး. . ။ ခဏကြာတော့မှ အားလုံးပြိုင်တူ ခုန်ထွက်လာကြပြီး. . .

"ထွက်တယ်ကွာ. . ဘာလုပ်ချင်လို့လဲ"

အားလုံးက ဖိုက်တင်ပလေးရန် အသင့်ပြင်ထားကြပုံမျိုး၊ အခြေအနေကတော့ သိပ်မကောင်း။ ကျွန်တော်လည်း အဆင်သင့်ဖြစ်အောင် လုံချည်ပြင်ဝတ်ထားလိုက်သည်။ စောကြည်ဖြူက အားလုံးကိုဝေ့ကြည့်လိုက်ပြီး. . .

"ဒါဆို မင်းတို့ဖယ်. . ကျန်တဲ့ကောင်နဲ့ချမယ်"

စောကြည်ဖြူစကားကို ထွန်းနိုင်တို့အားလုံးကြောင်သွားပြီး အနောက်သို့ပြန်ဝေ့ကြည့်ကြ၏။

"ဘယ်သူမှ မကျန်ဘူး"

"ဒါဆိုမချဘူး၊ ငါတို့နဲ့ပြန်ပေး"

ထွန်းနိုင် နဲ့ကို အနောက်ဘက်သို့ဖွက်လိုက်သည်။

"ဘာလို့ပြန်ပေးရမှာလဲ. . . မပေးနိုင်ဘူး"

ဆိုတော့မှ စောကြည်ဖြူ မျက်နှာငယ်လေးဖြင့်. . .

"မလုပ်ပါနဲ့ကွာ မင်းတို့လည်းနှောင့်ယှက်လို့ပြီးပြီပဲ. . ပြန်ပေးပါကွာ။ ငါ အဲဒီနဲ့ကို နဲ့ဆရာကိုအောင်ကြီးဆီက အရက်တစ်လုံးတိုက်မယ်ဆိုပြီး ငှားလာတာကွ၊ နောက်ပြီး အဲဒီနဲ့ပျောက်သွားရင် တန်ဖိုးရဲ့သုံးဆလျော်ပါ့မယ်ဆိုပြီး ကတိခံခဲ့တာ. . မင်းတို့ယူသွားရင် ငါ. . ငါလျော်ရမှာကွ. . . ငါလျော်ရမှာ"

စောကြည်ဖြူ၏စကားကြောင့် အားလုံး၏မျက်နှာပေါ်တွင် ကရုဏာ

www.burmeseclassic.com



ရိပ်များသမ်းသွား၏။

"တကယ်ပြောတာပါကွာ. . အခုတစ်လလုံး အိမ်ကလည်း ပိုက်ဆံလည်းမပို့ စားစရာမရှိရတဲ့ကြားထဲ ဒီနဲ့ကြီးကိုလျော်ရမယ်ဆိုရင် ငါ့ဘဝဟာ ခွက်ကလေးတစ်လုံးဆွဲပြီး"

ပြောရင်း ပြောရင်း မျက်ရည်များဝေ့သီလာ၏။ ထွန်းနိုင်တို့အဖွဲ့မှာ သူ့ကိုကြည့်ပြီး သနားလာသည်ထင့်. .

"ရော့"

စောကြည်ဖြူ၏စကားမဆုံးခင် ထွန်းနိုင်က သူ့လက်ထဲကနဲ့ကြီးကို ထိုးပေး၏။ သူ့မျက်ဝန်းတွင်လည်း မျက်ရည်တို့ဝေ့သီနေ၏။ စောကြည်ဖြူ၏ အပြောကြားတွင် မျောပါသွားပုံရ၏။ နောက်ပြီး တကယ်လည်း ကရုဏာသက်သွားပုံရ၏။

စောကြည်ဖြူကတော့ သူ့လက်ထဲမှနဲ့ကို ဆတ်ခနဲဆွဲယူလိုက်သည်။ နဲ့လည်းပြန်ရရော သကောင့်သားမျက်နှာ ချက်ချင်းပြောင်းသွားပြီး အသံကျယ်ကျယ်နှင့်. . .

"မှတ်ပလားကွဟေ. . နောက်ဆို ဒါမျိုးဘယ်တော့မှ လာမကျောနဲ့ စောကြည်ဖြူတဲ့ကွ. . ဒီတစ်ခါတော့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆို လက်တွေခြေတွေ ဖနောင့်တွေပဲ လာတော့မယ်မှတ်ထား လာမောင်ငယ် သွားမယ်. . . တွေ့တယ်မဟုတ်လား။ ဒီကောင်တွေ ငါ့ကိုဆိုကြောက်ပါတယ်"

အခြေအနေက ရုတ်ချည်းပြောင်းသွားပြန်၏။

သူ့စကားလည်း ကြားရော ထွန်းနိုင်တို့အုပ်စု ပျာပျာသလဲဖြစ်သွားပြီး

"ဟင်. . . ဟိုကောင် ဘလိုင်းချည့်ပါလား၊ ဟေ့ကောင် မင်းဘာပြောသွားတာလဲ"

"ဟေ့ကောင် မင်းကဘယ်လောက်မိုက်လို့လဲ"

"သတ္တိရှိရင် ပြန်လာလေကွာ"

စသော အသံများ ဆူညံကျွန်ရစ်ခဲ့လေသည်။ သကောင့်သားက လှည့်ပင်မကြည့် ခြေလှမ်းကျဲကြီးနှင့်လှမ်းသွားပြီး အမှောင်ထဲရောက်မှ သုတ်ခြေတင်. . . ။

❑ ❑ ❑

www.burmeseclassic.com

လူခြေပြတ်သောနေရာရောက်မှ စောကြည်ဖြူက ပြေးနေသည့် အရှိန်ကို လျှော့လိုက်ပြီး . .

"ဝူး. . . မောလိုက်တာ"

ကျွန်တော်လည်း ဘာမှမပြောနိုင်ဘဲ သွေနားရပ်၍ လေကိုတစ်ဝကြီး ရှူရှိုက်လိုက်သည်။

"တောက်. . ဒီကောင်တွေ အရက်မူးနေတာက တို့ထက်နှာတစ်ဖျား သာသွားတယ်ကွ"

အော်. . မလျှော့သေးပါလားနော်. . ။

"တောက် လာကွာမောင်ငယ် တို့လည်းအရက်သွားသောက်ရ အောင်"

"အရက်"

"ဟင့်အင်း ငါမသောက်ဘူး၊ ငါမသောက်ဘူး"

ကျွန်တော့်ရဲ့ အကြောက်အကန်ငြင်းဆန်စကားကြောင့် စောကြည်ဖြူ မျက်မှောင်ကျုံ့သွား၏။

"ဟ ဘာဖြစ်တာလဲကွ. . အရက်သောက်တာ အဆိပ်သောက်တာမှ မဟုတ်ဘဲ"

"ဟင့်အင်း. . . ဟင့်အင်း. . ငါ. . . ငါ. . အရက်မသောက်ဘူး"

ကျွန်တော့်ကိုကြည့်ပြီး စောကြည်ဖြူ ပို၍အံ့အားသင့်သွားပုံရ၏။ ကျွန်တော့်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး. . .

"ဟေ့ကောင်ရ၊ အရက်သောက်တာပဲ. . ဘာဖြစ်လို့လဲကွ. . မင်းက လည်း

www.burmeseclassic.com



ဘာလဲ. . မသောက်ဖူးလို့လား”

“ငါ. . ငါ. . သောက်ဖူးပါတယ်ကွာ”

ကျွန်တော့်အဖြေကို စောကြည်ဖြူ သဘောကျသွားသည်။

“ဟား ဟား သောက်ဖူးတာများကွာ ဘာများဖြစ်တာလိုက်လို့. . ငါက မင်းရောဂါနဲ့မတည့်ဘူးလားလို့”

“ဟုတ်. . ဟုတ်တယ်. . . ငါ့ရောဂါနဲ့ မတည့်ဘူး”

သူ မျက်မှောင်ကျုံ့သွားပြန်၏။

“ဘာရောဂါလဲ”

“အတိတ်မေ့တဲ့ရောဂါ”

“အတိတ်မေ့တဲ့ရောဂါ”

သူ ကျွန်တော့်စကားကို သံယောင်လိုက်၏။

သူ့မေးကို လက်ထောက်၍ စဉ်းစားနေပြန်၏။

“နို့. . . မင်းတစ်ခါမှ အတိတ်မမေ့ဖူးပါဘူး”

“ဟုတ်တယ်. . ဒါပေမယ့် ငါကအရက်သောက်ပြီးရင် ဘာမှသတိမရတော့ဘူးကွ”

ကျွန်တော့်စကားကို သူ အတန်ကြာစဉ်းစားနေလိုက်ပြန်သည်။ ပြီးမှ ကျွန်တော့်လက်ကိုဆွဲပြီး. .

“ဟာကွာ. . မဖြစ်နိုင်တာ လာပါကွာ. . ရစ်မနေနဲ့ တော်ကြာဆိုင်တွေပိတ်ကုန်ဦးမယ်. . . လာ သွားရအောင်. . . ”

သူဆွဲခေါ်ရာနောက် ကျွန်တော်ယက်ကန်ယက်ကန်လိုက်ပါရင်း

“ဟေ့ကောင်. . . မဖြစ်ဘူးနော်. . . ငါက အရက်သောက်ပြီး တကယ် အတိတ်မေ့တတ်တာ”

“မေ့မေ့ကွာ. . ငါပါတာပဲ. . ငါကြည့်ထိန်းမယ်”

“မဖြစ်ဘူးနော်. . မင်းထင်ထားတာထက် ငါက အများကြီးပိုဆိုးတယ်ကွ. . . တော်ကြာ. . . ”

“ဟာကွာ. . ဘယ်လောက်ဆိုးဆိုး. . . ငါထိန်းလို့ရပါတယ်”

သူကဆွဲ ကျွန်တော်ကရုန်းနှင့် နောက်ဆုံးတော့ ကန့်လန့်ကန့်လန့်နှင့် ပါသွားရလေသည်။

❑ ❑ ❑

www.burmeseclassic.com

"ဟေ့. . ဒီမှာအရက်တစ်လုံး ကန်စွန်းပလိန်းတစ်ပွဲလုပ်ကွာ"

အရက်ကို မာန်ပါပါမှာပြီး ကျွန်တော့်ဘက်လှည့်၍. .

"မောင်ငယ်. . . မင်းဘာစားမလဲ"

"မလုပ်. . . မလုပ်ပါနဲ့ကွာ. . ငါအရက်လည်း မသောက်ချင်ဘူး. . ဘာမှလည်းမစားချင်ဘူး"

ကျွန်တော့်စကားကို စောကြည်ဖြူက ဖွဖွပြုံးလိုက်ပြီး. .

"ဘာလဲ. . အရက်သောက်ပြီးရင် အတိတ်မေ့တယ်လို့ပြောဦးမှာလား"

"အဟုတ်ပြောတာကွ. . ငါတကယ်ပြောတာ. . အရက်သောက်ပြီး ငါ ဘာမှမှတ်မိတော့မှာ မဟုတ်ဘူး၊ နောက် ငါကပြဿနာလည်း"

"ကျွတ်. . တော်ပါကွာ. . ဟေ့ကောင် ငါပါပါတယ်ကွ စောကြည်ဖြူပါ တယ်၊ မင်းဘာမှမဖြစ်စေရဘူး. . . မင်းအိပ်ပျော်သွားရင်တောင် ငါထမ်းခေါ် သွားမယ်. . ကတိပေးတယ်"

စောကြည်ဖြူက သူ့နံရိုးပိန်ကို တဘုတ်ဘုတ်ပုတ်ပြပြီး ဇွတ်ကို အာမခံနေတော့၏။ နောက်. . လာချထားပေးသောအရက်ကို ခွက်ထဲ စိမ်ပြေနပြေငှဲ့ထည့်နေ၏။ ကျွန်တော်သာ အရက်ခွက်များကိုကြည့်ပြီး ဇောချွေးတို့သီးထနေ၏။

"မဟုတ်ဘူးနော်. . မင်းကြုံဖူးတာလည်း မဟုတ်ဘဲ"

"ကျွတ် တော်ပါကွာ. . . ရော့သောက်"

ကျွန်တော့်ရှေ့သို့ အရက်ခွက်ကို ဒေါက်ခနဲလာချပေးပြီး သူကိုယ်တိုင် အရက်ခွက်ကို ဂွပ်ခနဲမြည်အောင် မော့သောက်လိုက်သည်။ နောက် အရက်မသောက်သေးသော ကျွန်တော့်ကို မျက်မှောင်ကျုံ့ကြည့်ပြီး. . .

www.burmeseclassic.com



"ဟေ့ကောင် ချလေကွာ. . . ဘာတွေသွေးပျက်နေတာလဲ"

"ငါ. . . ငါ"

"ဟေ့ကောင်. . . မင်း ဘာမှပြောမနေနဲ့. . ငါ့ကိုခင်ရင်သောက်"

ကျွန်တော်တွေဝေသွား၏။

"ဟေ့ကောင် သောက်လေကွာ. . ဘာလဲ မင်းငါ့ကိုမခင်လို့လား"

ကျွန်တော် သက်ပြင်းချလိုက်သည်။ နောက် ဆုံးဖြတ်ချက်လည်းပြင်လိုက်သည်။

"အေး သောက်မယ်၊ ပြီးတော့မှ မင်းငါ့ကို အဆိုးမဆိုနဲ့နော်"

သကောင့်သားက အားရပါးရပြုံးပြီး. . .

"ပြောစရာလားကွာ. . မင်းနဲ့ငါက သူငယ်ချင်းအရင်းခေါက်ခေါက်ကြီးတွေပဲ. . . ချကွာ၊ မောင်ငယ်နဲ့စောကြည်ဖြူ စောကြည်ဖြူနဲ့မောင်ငယ်မှာ ဘာမှပြဿနာမရှိဘူး. . . ဟေ့ကောင် သောက်လေကွာ"

"အေး. . သောက်ပြီကွာ"

ဟုဆိုပြီး ကျွန်တော့်ရှေ့ချထားသောဖန်ခွက် ကို တရှိန်ထိုးမော့ချလိုက်သည်။ စောကြည်ဖြူက သဘောကျသွားသလို လက်ခုပ်ကို တဖြောင်းဖြောင်းတီးရင်း. . .

"ဒါမှ ငါ့သူငယ်ချင်းကွ. . ဒါမှ မောင်ငယ်"

ဟုဆိုပြီး အရက်ကို ဖန်ခွက်ထဲ အားရပါးရလောင်းထည့်ပေးပြန်၏။ နောက် အရက်ထည့်ပြီးသားသူ့ခွက်ကို မြှောက်၍

"ချီးယားစ်"

ကျွန်တော်လည်း သူနည်းတူ ခွက်ကိုမြှောက်လိုက်သည်။

"ချီးယားစ်"

ဖန်ခွက်နှစ်ခုတိုက်သံ ချွင်ခနဲကြားရ၏။ ပြီးတော့ သောက်ပြီးသားပြီးတော့ နောက်တစ်ခွက်။

နောက်တစ်ခွက်. . .

နောက်တစ်ခွက်. . .

ကျွန်တော့်အတွေးများ ရီဝေမှုန်ဝါးလာ၏။ အရုပ်တွေက အထပ်လိုက်အထပ်လိုက် ပူးကပ်ကုန်၏။ ပြန်ခွာ၍မရ. . .။ ကျွန်တော့်ကိုယ်ကျွန်တော် ဒေါသထွက်ကလာ၏။ ဒါဖြစ်နေကျရောဂါ. . .။

"တောက်"

ကျွန်တော့်ထံမှ ကျယ်လောင်သော တောက်ခတ်သံကြောင့် အရှေ့

www.burmeseclassic.com



တွင်ထိုင်နေသော ငတိမျက်လုံးပြူးကြီးနှင့်ကြည့်သည်။ ပြီးနောက် သူ့ဖန်ခွက်ကို ဆောင့်ချလိုက်ပြီး. .

"ဟုတ်တယ်. . ဒီထွန်းနိုင်ဆိုတဲ့ကောင်ကို ဆုံးမရမယ်. . တောက် မောင်ငယ် မင်း. . ထွန်းနိုင်ကို ဒေါသထွက်နေတာမဟုတ်လား"

သူ့စကားကြောင့် ကျွန်တော်ပို၍ စိတ်ရှုပ်သွား၏။

"ဘယ်က ထွန်းနိုင်လဲ"

ကျွန်တော့်အမေးကြောင့် ငတိယောင်လည်လည်ဖြစ်သွား၏။ နောက်မှ သဘောပေါက်သွားသလိုပြုံးလိုက်ပြီး. . .

"ဟာကွာ မင်းကလည်း မနောက်ပါနဲ့. . ကဲ. . ဒီတစ်ခွက်ထပ်ချ"

အရက်တစ်ခွက် ထပ်ငှဲ့ပေး၏။ ကျွန်တော်လည်း စိတ်ရှုပ်နေပြီမို့ သူချပေးသောခွက်ကို ဂွပ်ခနဲမော့သောက်လိုက်၏။

"နောက်ထပ်တစ်ခွက် ထပ်ငှဲ့ ငါ့အတွက် ပိုပါစေ"

ကျွန်တော့်စကားကို ငတိက ပုလင်းကိုမြှောက်ပြရင်း. .

"ကုန်ပြီ"

"ဘာကွ"

မိုးခြိမ်းသံလို ကျယ်လောင်သောအသံကြောင့် ငတိကိုယ်ကလေး တွန့်သွား၏။

"ကုန်ရင်ထပ်မှာပေါ့ကွ. . . တောက်. . . ငါအခုနားရင်းအုပ်လိုက်ရ"

ကျွန်တော့်၏ လက်ဖဝါးကိုမြင်တော့ ငတိမျက်နှာ ကြွက်စုတ်လောက်သာရှိတော့၏။

"မ. . မဟုတ်ဘူးလေ. . . ငါက. . မင်း. . မင်းများမှာစိုးလို့"

"လျှာမရှည်နဲ့. . . မှာဆိုမှာစမ်း"

ကျွန်တော် ဘာမှသတိမရတော့၊ စိတ်ထဲတွင် ဒေါသတွေသာ အလိပ်လိုက်၊ ငတိ ကြောက်လန့်တကြားနှင့် အရက်တစ်လုံးထပ်မှာ၏။ အရက်ပုလင်းရောက်လာတော့ ကျွန်တော့်ခွက်ထဲ ရိရိသေသေငှဲ့ထည့်ပေး၏။ ကျွန်တော်က သူထည့်ပေးသမျှ တစ်ခွက်ပြီးတစ်ခွက်၊ ငတိက မျက်နှာသေကလေးနှင့် ကျွန်တော့်ကိုငေးကြည့်နေ၏။ သူ့ပုံက ဘာလုပ်ရမှန်းမသိသည့်ပုံ။ နောက်တော့မှ အရဲစွန့်ပြီးထင့်၊ သူ့ခွက်ထဲ အရက်တစ်ခွက် တုန်တုန်ရင်ရင်ငှဲ့ထည့်ပြီး သောက်ရန် ပြင်လိုက်စဉ်. .

"ဟေ့ကောင် မင်းဘာလုပ်တာလဲ"

ဒေါသတကြီးအော်ဟစ်သံနှင့်အတူ ငတိလည်ကုပ်မှဆွဲမလိုက်၍ ငတိ

www.burmeseclassic.com



လေထဲမြောက်ပါလာပြီး ယက်ကန်ယက်ကန်နှင့် ပါလာ၏။

"ငါ. . ငါဘာလုပ်လို့လဲ"

သွားပြီ။ ကျွန်တော့်အသိများ ခန္ဓာကိုယ်ပေါ်တွင် မရှိတော့။

"ဟော့ကောင် စကားကိုပြန်ပြင်ပြောစမ်း မင်းကငါ့ကို မင်းနဲ့ငါနဲ့ပြော ရအောင် မင်းက ဘာကောင်မို့လဲ"

"မ. . မဟုတ်ဘူးလေ. . မင်းနဲ့ငါ၊ ကျွန်တော်နဲ့ခင်ဗျား"

"ဟော့ကောင် ဘာခင်ဗျားလဲ ကဲကွာ"

"အောင်မလေးဗျ. . တကယ်ဆော်တယ်ဗျ"

ငတိ နားရင်းကို လက်နှင့်အုပ်ရင်း သံကုန်အော်၏။

"ဟော့ကောင် မအော်နဲ့၊ ဒါ မသာအိမ်မဟုတ်ဘူး၊ ပထွေးရိုက်တော့ နာတယ်ပေါ့လေ ဟုတ်လား၊ ဟော့ကောင်. . . တယ်လေ. . . ငါထပ်ဆော်ထည့် လိုက်ရ"

"ဖောင်း"

အပြောကနောက်ကျသွားပြီး လက်ကအရင်ရောက်သွား၏။ နှစ်ချက် ထိမှ မှတ်မိသွားသော ငတိက ဇက်ကလေးပုပြီး. . .

"ကြောက်ပါပြီဗျ. . မောင်. . . မောင်ငယ်. . . ငါ စောကြည်ဖြူလေ စောကြည်ဖြူ"

"ဟင်"

သူ့စကားသံကြားမှ ကျွန်တော့်အသိစိတ်များ ကျွန်တော့်ထံ ရုတ်ချည်း ပြန်ကပ်၏။

"သြော်. . . စောကြည်ဖြူ. . ဆောရီးကွာ. . ဆောရီး. . ငါမေ့သွားလို့ စိတ်မဆိုး နဲ့နော်. . . အဟီး. . . ကဲ. . . ရော့သောက်"

ဟုဆိုပြီး သူ့ကုပ်ဆွဲထားရာမှ လွှတ်ချကာ သူ့ခွက်ထဲ အရက်တွေငှဲ့ ထည့်ပေးလိုက်သည်။ နောက် ကျွန်တော့်ခွက်ထဲအရက်ထည့်ပြီး ဂွပ်ခနဲ ဂွပ်ခနဲ နှစ်ခွက်သုံးခွက်ငှဲ့သောက်လိုက်၏။

"မင်းကပြောတာ မဟုတ်ဘူး၊ ငါကမင်းကို တို့ရွာက ငမူးသမားဇေမြင့် မှတ်ပြီး နားရင်းလိမ့်တွယ်နေတာ"

လူလည်း အတော်ဒေါင်ချာစိုင်းနေပြီ။ ဘေးဝိုင်းများကတော့ ကျွန်တော်တို့နှစ်ယောက်ကိုကြည့်လို့၊ တဖြည်းဖြည်းသောက်ရင်းနှင့် ရုပ်ပုံများ ပြန်လည်မှုန်ဝါးလာပြန်၏။

ထိုစဥ်မှာပင်. . .

www.burmeseclassic.com



"ခွီးထဲမှပဲ. . . မင်းလုပ်လိုက်ရင် အရမ်းချည်းပဲ"

ဟူသော အသံကြောင့် ကျွန်တော့်ဒေါသများ ထောင်းခနဲဖြစ်သွားရပြန်သည်။ ကြည့်လိုက်တော့ ကျွန်တော့်ကို မျက်မှောင်ကျုံ့ပြီးကြည့်နေသော ငတိ။ ကျွန်တော့်လက်က သူ့လည်ကုပ်ဆီသို့ ရောက်သွားသည်။

"ဟေ့ကောင် မင်းဘာစကားပြောတာလဲ. . . မင်းမိုက်ရိုင်းလှချည်လား"

ငတိ ယက်ကန်ယက်ကန်နှင့် လေထဲမြောက်ပါလာပြန်၏။ နောက်လက်ကားယား ခြေကားယားနှင့် မျက်လုံးကြီးပြူးပြီး. . .

"ဟေ့ကောင် ငါ. . ငါ. . စောကြည်ဖြူပါဟ"

ကျွန်တော်မသိတော့. .

"ဩော်. . . ဇေမြင့်၊ မင်းက နာမည်တောင်ပြောင်းလိုက်ပြီကိုး ကဲကွာ"

"ခွပ်"

"အောင်မလေးဗျ. . ကျွတ်ပါပြီ နှစ်ချောင်း"

"ခွပ်"

"အောင်မလေး ကယ်တော်မူကြပါဗျို့. . ကယ်တော်မူကြပါ"

ကျွန်တော်လည်း စိတ်ရှိလက်ရှိတွယ်သည်။ ငတိလည်း သံကုန်ဟစ်အော်သည်။ ဘေးဝိုင်းမှ ရုတ်ရုတ်သဲသဲနှင့် ထဆွဲကြ၏။

သွားပြီ။

ကျွန်တော် ဘာမှမမြင်တော့၊ မည်းမည်းမြင်ရာ လှည့်ပတ်တွယ်သည်။ အသိစိတ်များ ဘယ်ကိုထွက်ပြေးကုန်ပြီမသိ၊ ဝိုင်းလာသူများကလည်း သည်းမခံနိုင်တော့ရှော့ထင့်၊ ကျွန်တော့်ကို ပြန်တွယ်ကြသည်။ ဘတစ်ပြန် ကျားတစ်ပြန်၊ ဖရိုဖရဲ လဲသူလဲ ကွဲသူကွဲ။

နောက်ဆုံး ကျွန်တော်မှတ်မိတာက ထိုဆိုင်ထဲမှ ဝုန်းခနဲခုန်ထွက်လိုက်ခြင်းသာ။ ကျွန်တော့်လက်ထဲတွင် ပျော့ခွေခွေနှင့်ပါလာသော ဟိုငတိ။ ဒေါသက မပြေသေး။ လူတွေနဲ့ တော်တော်ဝေးဝေးရောက်တော့မှ ငတိက အသံလေးညောင်နာနာနဲ့

"ကျေးဇူးတင်လိုက်တာကွာ. . မင်းမှ မဆွဲလာရင် ငါဟိုဆိုင်ထဲမှာ အခုလောက်ဆို အရိုးပါကြေနေလောက်ပြီ"

"ဘာကွ"

ကျွန်တော်၏ကျယ်လောင်သောအော်သံကြောင့် ငတိမျက်နှာ ဖရိုဖရဲဖြစ်သွား၏။

www.burmeseclassic.com



"မင်းကို ငါကသနားလို့ခေါ်ခဲ့တာများ အောက်မေ့လို့လား"

ငတိမျက်နှာ ဖရိုဖရဲမှုပြုံကျသွား၏။ နောက်အသံကလေး ကတုန်ကရင်ဖြင့်. . .

"ဒါ. . ဒါဆို ဘာ. . ဘာလုပ်ဖို့"

"ဟိုမှာတွယ်ရတာ မဝလို့ မင်းကို အစာပိတ်တွယ်ချင်လို့ ခေါ်လာတာကွ. . . အစာပိတ်တွယ်ချင်လို့ ကဲကွာ. . ကဲကွာ"

"ခွပ်"

"ခွပ်"

"အောင်မလေး သေပါပြီဗျ. . . ကယ်တော်မူကြပါဗျို့. . ကယ်တော်မူကြပါ"

❑ ❑ ❑

ဘဝကိုလျှာခင်တပ်ပြီး
နှဲကြီး တစ်လက်လို မှုတ်ပစ်လိုက်ချင်ရဲ့
ပတ်ဝန်းကျင်ကို မကျေနပ်လို့
ဖြစ်နေပုံက
ပွဲထဲက လူကြမ်းသေနတ်အမှန်ခံရသလို
မကိုးမကားနဲ့လဲကျ . . သေ။
မျက်ရည်လေးများ ဝဲသလားဆိုတော့
ပြုံးဖြီးဖြီးနဲ့
ရုပ်ကတော့ တည်ပါရဲ့
နို့ပေတဲ့
အလုပ်ကမတည်တော့
ခဏခဏ ကွက်နွေပျက်နေတယ် . . .။

www.burmeseclassic.com

**နံ**နက်ခင်းသည် နေဝန်းကို သစ်ပုတ်ပင်ထိပ်ချိတ်ဆွဲထားပြီး နာရီလက်တံများက ဒီလိုမနေနဲ့. . ဒီလိုနေ ဆိုသည့်ပုံထဲက ပါးစပ်လိုမျိုးကွေးနေရာမှ ကော့တက်လာသည်။

နူးညံ့စွာဖြူဖျော့နေသော နှင်းစက်တို့သည်လည်း နံနက်ခင်းအတွက် ဆောင်းဥတုကို လက်ဆွဲခေါ် ဆောင်ရင်း အစိမ်းနုရောင်သစ်ရွက်တို့ကို တို့ထိကျီစယ်လိုက်သည်။

ကျွန်တော်သာ စာရေးဆရာတစ်ယောက်ဖြစ်ပါက နံနက်ခင်းကို ထိုသို့ဖွဲ့ဆိုမိမည်။ ယခုတော့ ထိုကဲ့သို့ မဖွဲ့ဆိုတတ်၍ ရိုးရိုးသားသားဖွဲ့ဆိုလိုက်သည်။

ဆောင်းနံနက်ခင်းတစ်ခုဖြစ်သည်။ သစ်ပုတ်ပင်ကြီး၏ထိပ်နားတွင် နေလုံးနီနီ ကြီးရှိနေသည်။ နာရီလက်တံသည်လည်း နိမ့်ရာမှ တဖြည်းဖြည်းမြင့်တက်လာ၏။ ထိုအချိန်မှာပင် နှင်းစက်များလည်ကျနေ၏။ ဆောင်းဥတုဟာကိုး။ ထိုနှင်းစက်များသည် သစ်ရွက်များပေါ် ကျနေသည်မှာ အလွန်လှ၏။

မယ်လေးသည်လည်း အစိမ်းနုရောင် အနွေးထည်ကလေးနှင့်လှနေ၏။ သူ၏ဘေးတွင်တော့ စိမ်းနု၊ ထွေးထွေး. . ။ သူတို့၏အရှေ့မှာမှ ကြောင်ရှေ့ရောက်နေသော ငါးကြော်လို မျက်လုံးကြောင်တောင်တောင်နှင့် ကျွန်တော်နဲ့ စောကြည်ဖြူ။

ရုတ်တရက်ကြည့်မည်ဆိုပါက တရားရုံးတွင် အစစ်ဆေးခံရန်ရောက်နေသော တရားခံနှစ်ယောက်လို။ အမှုက မိန်းကလေးဆောင်ရှေ့ နဲ့မှုတ်မှု. . ။ မျက်နှာတွင်လည်း ကိုယ်စီဒဏ်ရာတွေနှင့်။

"မနေ့ညက ရန်ဖြစ်ကြသေးတယ် မဟုတ်လား"

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com



မယ်လေး၏အသံမှာ သေးငယ်လှသော်လည်း ကြောင်မနေ။ ကျွန်တော်ဆိုလိုသည်မှာ သူ့အသံသည် သံသေးသံကြောင်မဟုတ်၊ ဆွဲဆောင်မှုရှိသည်။

"ဟဲ့ ငါမေးနေတယ်လေ. . မနေ့ညက"

သူ့စကားမဆုံးမီ စောကြည်ဖြူကဖြတ်ပြီး. .

"ဟာ ဘယ်ဖြစ်မှာလဲ. . . ဒီကောင်တွေ ငကြောင်တွေပါ၊ ငါတစ်ချက်ဟောက်ထည့်လိုက်တာနဲ့ အမြီးကုပ်ပြီး ငြိမ်ကျသွားတယ်နော် မောင်ငယ်"

စောကြည်ဖြူက သူ့ဘာသာသူ မဟုတ်ကဟုတ်ကပြောပြီး ကျွန်တော့်ဘက်ကိုပါ စစ်ကူတောင်းသည်။

"မဟုတ်. . . အဲ. . . ဟုတ်"

"ဒါဆို နင်တို့မျက်နှာပေါ်က ဒဏ်ရာတွေက"

"အဲ. . . ဒါ. . . ဒါက. . "

စောကြည်ဖြူက ကျွန်တော့်ကို မခိုတရို့ကလေး ဝေ့ကြည့်၏။ ဒဏ်ရာတွေက ကျွန်တော်မနေ့ညက အတိတ်မေ့ပြီး တွယ်ထားသည့်ဒဏ်ရာတွေ. . . ။

"ရှက်စရာကြီးဟယ်. . . မိန်းကလေးအဆောင်ရှေ့ နဲ့သွားမှုတ်ရတယ်လို့ တစ်ခါမှမကြားဖူးပေါင်၊ ဗုံသွားတီးရင်တောင်တော်သေး"

မြနွယ်က သူ့မျက်နှာကို ဟိုဘက်တိုးလိုက် ဒီဘက်တိုးလိုက်နှင့် မဲ့ကာရွဲ့ကာဝင်ပြောသည်။ ဒါကို စောကြည်ဖြူကလည်း အားကျမခံ

"ငါလည်း ထရမ်းပက်လိုက်ငှားတာပဲ. . . ဘယ်မှာမှ ငှားမရလို့ နဲ့ပဲမှုတ်ပြရတာ"

"တော်ပါဟာ"

စကားလမ်းကြောင်းပြောင်းသွား၏။ ထိုတော့မှ ကျွန်တော်လည်း ဟင်းခနဲ သက်ပြင်းချနိုင်သည်။ နို့မဟုတ်လျှင် ကျွန်တော်အရက်သောက်ပြီး အတိတ်မေ့သည့်အကြောင်းတွေ ပေါ်ကုန်လိမ့်မည်မဟုတ်ပါလား။

စကားသံများ ခေတ္တတိတ်ဆိတ်သွား၏။ အားလုံး၏မျက်နှာပေါ်တွင်တော့ မိုးအနည်းငယ်အုံ့ဆိုင်းနေသည်။ ရွာရန်ရာနှုန်းကတော့ မသေချာ။ ရာသီဥတုကတော့ စိမ့်စိမ့်ပြီးအေးနေတုန်း။

"အခုလည်း နင်တို့လုပ်တာနဲ့ ငါတို့ကိုပါ လူတွေက နဲ့ကြိုက်တဲ့မမတွေဆိုပြီး လိုက်စနေကြတယ်. . . တောက် ရှက်စရာကြီး"

ထွေးထွေးက မျက်နှာလေးပန်းရောင်သမ်းပြီး ဝင်ပြော၏။

"အဲဒီစကား ဘယ်သူပြောတာလဲ"

www.burmeseclassic.com



စောကြည်ဖြူအသံ၊ ဒေါသပါ၏။

“ဘယ်သူရှိရမှာလဲ. . ဟိုကောင်တွေ ထွန်းနိုင်တို့အုပ်စုပေါ့”

“ဟင် ဟုတ်လား. . . ဒီကောင် ဒီလိုပဲပြောလား”

“အဲဒီထက်တောင် ပိုသေး”

စောကြည်ဖြူ စားပွဲခုံကို လက်သီးနှင့်ခပ်ပြင်းပြင်းထုပြီး ထရပ်လိုက်သည်။ သူ့မျက်နှာကလည်း တိုက်ကြက်ဖလို နီရဲခက်ထန်. . ။

“တောက် တွေ့ကြသေးတာပေါ့ ထွန်းနိုင်ရာ”ဟုဆိုပြီး ခြေလှမ်းကျဲကြီးနှင့်ထွက်သွားရာ. .

“ဟဲ့ စောကြည်ဖြူ”

“ဟဲ့ စောကြည်ဖြူ မသွားနဲ့လေ. . ရန်ဖြစ်ကုန်ဦးမယ်”

“ဟဲ့. . . ဟဲ့”

‘မ’သံများ ဆူညံသွား၏။ စောကြည်ဖြူကတော့ လှည့်ပင်မကြည့်တော့ အင်္ကျီလက်ကို ခပ်ကြမ်းကြမ်းခေါက်တင်လိုက်သည်။ ရင်ဘတ်ကြယ်သီးနှစ်လုံးဖြုတ်လိုက်သည်။ ခြေလှမ်းကတော့ အဘွားအိုတစ်ယောက်၏သွားလို ကျဲနေတုန်း။ ဒေါသကြောင့်ထင့်၊ သူ့လှမ်းလိုက်သောခြေလှမ်း၏ အနောက်က ဖုန်တထောင်းထောင်း။ သိတယ်မဟုတ်လား စောကြည်ဖြူတို့က မလုပ်ရင်လည်း အရှင်း. . . ။

ပြဿနာကတော့ စပြီထင်သည်။

ဟိုကောင်တွေနှင့်ဆုံပြီး ထိုးကြကြိတ်ကြဆို အခက်၊ ဘာမဟုတ်သောကိစ္စကလေးနှင့် ပြာသာဒ်မီးလောင်နိုင်သည်။ ကျွန်တော်လည်း လိုက်သွားရကောင်းနိုးနိုး ထိုင်နေရကောင်းနိုးနိုးဖြစ်နေ၏။ လိုက်သွားတော့လည်း လက်သီးထိုးက မတတ်၊ ထိုင်နေတော့လည်း ကြောက်ရာကျမည်။

“ခက်တော့တာပဲ” (မယ်လေး)

“ဘယ်လိုလုပ်မလဲ” (ထွေးထွေး)

“ရန်ဖြစ်ကြရင် ပိုဆိုးလိမ့်မယ်” (မြနွယ်)

“ထိုးကြမှာထင်တယ်” (စိမ်းနု)

သူတို့၏ မှတ်ချက်တွေက မဆုံးနိုင်။ တစ်ယောက်စကားလည်း တစ်ယောက်နားမထောင်ဘဲ ကိုယ်စီလမ်းမဘက်ငေးကြည့်ပြီး ထင်ရာပြောနေ၏။

သိပ်မကြာလိုက်ပဲ. . .

ထွန်းနိုင်ဆိုသည့်ကောင် မိန်းလမ်းမကြီးအတိုင်း ရေးကြီးသုတ်ပျာ

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com



လျှောက်လာ၏။ သူ့လက်ထဲတွင်လည်း နှဲကြီးတစ်လက်နှင့်. . ။

ကျွန်တော်တို့အုပ်စုကိုလည်းတွေ့ရော အားရဝမ်းသာအသံကြီးဖြင့် "မယ်လေး ကိုယ်မကြာခင် အောင်ပန်းနဲ့အတူ ပြန်လာမယ်. . အောင်ပန်းနဲ့ အတူပြန်လာမယ်. . စောင့်နေ. . ဟား ဟား ဟား ဟား ဟား ဟား"

ဟုဆိုပြီး ဘာမဆိုင် ညာမဆိုင် လက်သီးလက်မောင်းတန်း အော်ဟစ်ပြီး ကျောင်းအပြင်ဘက်သို့ ခြေလှမ်းကျဲကြီးနှင့် ထွက်သွားလေသည်။ သူ၏ အပြု အမူကို ကြည့်ပြီး ကျွန်တော်တို့အုပ်စုလည်း အံ့အားသင့်သွားသည်။

"ဟင် ဟိုကောင် ဘာပြောသွားတာလဲ"

"အောင်ပန်းနဲ့အတူ ပြန်လာမယ်တဲ့. . လူရွှင်တော်အောင်ပန်းနဲ့ အတူပြန်လာမှာ ထင်တယ်"

"ဟုတ်ပ. . မယ်လေးကို နှဲရိုးကြီးထောင်ပြသွားတာပဲ"

"အေး ဟုတ်တယ်. . စောကြည်ဖြူ ဘာသွားပြောလိုက်ပြန်ပြီလဲ မသိဘူး"

"အေး စောကြည်ဖြူ ပြန်လာမှ မေးကြည့်ရမယ်"

"ဟော ဟိုမှာလာပြီ စောကြည်ဖြူ"

ဟုတ်ပါသည်။ ပြန်လာပါပြီ စောကြည်ဖြူ. . ဆရာကြီးစတိုင်မျိုးနှင့် အင်္ကျီလက်ကို ပြန်ချပြီး ခေါင်းတလှုပ်လှုပ် တင်တလှုပ်လှုပ်နှင့် ပြန်လာပါသည်။ မျက်နှာပေါ်ကဒဏ်ရာတွေက အသားမသေသေး၊ ကျွန်တော်တို့နားလည်း ရောက်ရော. .

"ဟင်း ဘယ်ရမလဲ စောကြည်ဖြူတဲ့ကွ ဟားဟား အခုတော့ ဘာတတ် နိုင်သေးလဲ"

သူ့စကားကြောင့် အားလုံးကြောင်သွားသည်။ ထွေးထွေးက မျက်မှောင် ကျုံ့ပြီး. .

"ဟဲ့ နင် ထွန်းနိုင်ကို ဘာသွားပြောလိုက်တာလဲ ဟိုကောင်နှဲရိုး ကြီးကိုင်ပြီး သုတ်သီးသုတ်ပျာထွက်သွားတာပဲ. . နောက်ပြီး မယ်လေးကို အောင်ပန်းနဲ့အတူပြန်လာမယ်တဲ့. . "

"ကျွတ်. . ဘာမှ မဟုတ်ပါဘူးကွာ"

"ဟာ ဘာမှ မဟုတ်ဘဲနဲ့ ဟိုကောင်က ဘာလို့အော်သွားတာလဲ ပြောနော်. . နင်မပြောရင် ငါသူ့ကို သွားမေးမယ်"

မယ်လေး၏ မကျေမနပ်စကားသံကြောင့် စောကြည်ဖြူ ဖြေခနဲရယ် လိုက်သည်။

www.burmeseclassic.com



"အဟဲ ဘာမှ မဟုတ်ပါဘူးဆိုနေ"

"မဟုတ်လို့မရဘူး၊ စောကြည်ဖြူ ပြောဆိုပြောနော် နောက်မှငါ့ကို အဆိုးမဆိုနဲ့"

မယ်လေး၏ အသံက ဒေါသဖြင့် တုန်ခါနေ၏။ စောကြည်ဖြူက မယ်လေးကို မခို့တရို့ကလေး မျက်လုံးလှန်ကြည့်သည်။ ခေါင်းကုတ်သည်။ လက်နှစ်ဖက်ကို ယှက်လိုက်ပြီး ဘယ်ညာလွှဲယမ်းသည်။ ပြီးမှ ချွဲနွဲ့သောအသံဖြင့်. . .

"အဟဲ ဘာမှမဟုတ်ပါဘူးဟာ. . ဟိုလေ မနေ့ညက တို့ နင်တို့အဆောင်ရှေ့ နဲ့သွားမှုတ်တယ်မဟုတ်လား၊ အဲဒါ မယ်လေးတို့က အရမ်းသဘောကျသွားတယ်လို့. . အခုတောင် နဲမှုတ်တဲ့ မောင်ငယ်ကိုအဖြေပေးတော့မယ် တကဲကဲလုပ်နေလို့ မနည်းတားယူထားရတယ်လို့. . အဲဒါနောက်တစ်လအတွင်း မောင်ငယ်ကို ယှဉ်နိုင်တဲ့နဲ့သမားမပေါ်ရင် မောင်ငယ့်ကိုပဲ စုပုံချစ်လိုက်တော့ မယ်လို့ ပြောလိုက်တာ. . ဒီကောင်ဘာဖြစ်သွားတယ် မပြောတတ်ပါဘူး အဟဲ ဒါဆို ငါယှဉ်မယ်ဆိုပြီး ငါ့ဆီကနဲ့ရိုးကြီး လုပြီးပြေးထွက်သွားတာပဲ အဟီး"

"တောက် စောကြည်ဖြူ နင်ဟာလေ"

မယ်လေး၏ ကြုံးဝါးသံ။ ကျွန်တော့်မျက်နှာကြီး ရှိန်းတိမ်းဖိန်းတိမ်း ကိုဖြစ်လို့. . ။

❑ ❑ ❑

www.burmeseclassic.com

**အောင်**မြင်ပါသည်။

ထွန်းနိုင်ဆိုသည့်ကောင်ဟဲဗီးမှသည် နဲ့ကြီးဆီသို့ ပြောင်းပြီး တဂေါ်ဂေါ် တဂွိဂွိ ဖြစ်သွား၏။

ပင်လယ်ပြင်ကို မဖြတ်ကျော်တော့ဘဲ လှေကလေးကိုသာ နဲ့နှင့်စိမ်ပြေနပြေလှော်နေပါတော့သည်။

နောက်ဆက်တွဲသတင်းက နဲ့အမှုတ်ကောင်းသော ထွန်းနိုင်တစ်လအတွင်း နဲ့ကို အပြင်းအထန်လေ့ကျင့်သောဒဏ်ကြောင့် ဆေးရုံတက်၍ လိပ်ခေါင်းဖြတ်နေရသည်ဟူသတတ်။

လိပ်ခေါင်းဖြတ်ပေးသူမှာလည်း တခြားသူမဟုတ် လိပ်ခေါင်းအထူးကုဟူသော သူ့အဖေကိုယ်တိုင်. . ။

❑ ❑ ❑

www.burmeseclassic.com

**မယ်**လေး

ချစ်ခြင်းဆိုတဲ့ဝါကျကို

တစ်ခါမကပြောကြားချင်ရဲ့

အစ အလယ် အဆုံး ချစ်ခြင်းနဲ့ ဖုံးလွှမ်းနေတဲ့ ကျွန်တော့်ရဲ့ခန္ဓာကိုယ် တစ်ခုလုံး ချစ်သူအရှေ့ဖြန့်ခင်းထားပါသည်။ လိုအပ်သောအချိန်၌ ဖြတ်နင်းပါလေ၊

ကျွန်တော့်ရဲ့ နှလုံးသားသည်ကား ချစ်သူအတွက် ပန်းတစ်ခင်းဖြစ်၏။ လိုအပ်သောအချိန်၌ ခူးယူပန်ဆင်ပါလေ။

ကျွန်တော့်၏ အိပ်မက်များသည် ချစ်သူအတွက်ဖြစ်၏။ ချစ်သူ အချိန်မရွေးစံမြန်း၍ လိုအပ်သည်များညွှန်ကြား ပါ။

ကျွန်တော်နှင့်တူသော ကျွန်တော်၏ ကိုယ်ပွားများ ချစ်သူရှေ့ ကျေးကျွန်အဖြစ် ခစားနေပေလိမ့်မည်။

"ဟေ့ကောင် ဘာလုပ်နေတာလဲ"

စိတ်ကူးကောင်းယဉ်လို့ကောင်းတုန်း အနီးကပ်အော်သံကြောင့် လန့်သွားမိ၏။ ဘယ်သူရှိမှာလဲ. . စောကြည်ဖြူပေါ့. . ။

"ဟာကွာ လန့်လိုက်တာ. . မင်းကလည်း"

ငတိ ကျွန်တော့်ခုတင်ပေါ်ဝင်ထိုင်လိုက်ပြီး. .

"မင်းကလည်းတွေ ဘာတွေလုပ်မနေနဲ့ အောက်မှာမယ်လေးရောက် နေတယ်"

မယ်လေးဆိုသောအသံကြောင့် ကျွန်တော်အိပ်ရာထဲမှ ကုန်းရုန်းထ လိုက်သည်။ အခုပဲစိတ်ကူးယဉ် အခုပဲရောက် တယ်ဟန်ကျပါလား. . ။

www.burmeseclassic.com



"ဟုတ်ရဲ့လားကွ"

အိပ်ရာကထပြီးမှ မသက်ာ၍ ပြန်မေးကြည့်လိုက်သည်။ ဒါကို သကောင့်သားက မျက်နှာရှုံ့မဲ့လိုက်ပြီး. .

"ကျွတ် ငါကမဟုတ်ဘဲပြောပါ့မလား. . မင်းကိုလာခေါ်တာတဲ့"

ကျွန်တော်လည်း သူ့စကားဆုံးအောင် နားမထောင်တော့ အင်္ကျီပင် မဝတ်မိဘဲ ကမန်းကတမ်း အောက်သို့ပြေးဆင်းလာမိ၏။ ရှိပါစေ. . နောက် မှလာပြန်တက်ဝတ်မည်။

"ဟဲ့ ဘာဖြစ်လာတာလဲ. . မြွေတွေ့လို့လား"

ဒရောသောပါး ပြေးဆင်းလာသော ကျွန်တော့်ကို အိမ်အောက်က အန်တီမြက အလန့်တကြား မေး၏။

"မြွေတွေ့လို့မဟုတ်ဘူးအန်တီရေ့. . ဧည့်သည်လာတယ်ဆိုလို့"

အန်တီမြ ဘေးဘီဝေ့ကြည်လိုက်ပြီး. .

"ဘယ်ကဧည့်သည်လဲ မင်းတို့ဘကြီးလား"

ဧည့်ခန်းထဲဝေ့ကြည့်တော့ ဘယ်သူမှမရှိ. . တောက် ဟိုကောင်ကြပ် ပြန်ပြီ. .။

"မင်းတို့ ဘကြီးလားလို့ မေးနေတယ်လေ. . ရှုတ်ရှုတ် အနံ့တော့ရသ လိုပဲ"

သြော် ဒီကလည်း တမျောင့်. .။

"ဟေ့ကောင် ဘာကြောင်နေတာလဲ သွားရအောင်လေ"

ပခုံးကိုခပ်ဆတ်ဆတ်ပုတ်ပြီးပြောလိုက်သော အနီကောင်စကား ကြောင့် ဒေါသထွက်သွားရသည်။ ထို့ကြောင့် သူ့လက်ထဲက အတင်းရုန်းပြီး

"ဟေ့ကောင် ကြောင်လျှာသီး မင်းငါ့ကို ကြပ်ပေါင်းများပြီနော်. . နောက်တစ်ခါဆို ငါသည်းမခံနိုင်တော့ဘူး"

ကျွန်တော်၏ ဒေါသတကြီးစကားကို ငတိမျက်မှောင်ကျုံ့လိုက်ပြီး

"ငါဘာကြပ်လို့လဲ"

"ဘာမကြပ်ရမှာလဲကွ. . မင်းပြောတော့ မယ်လေးအောက်မှာ စောင့်နေတယ်ဆို"

"အေးလေ စောင့်နေတယ်လေ. . ဘာဖြစ်လို့လဲ"

သူ့စကားကြောင့် ကျွန်တော်ပို၍ ဒေါသထွက်သွားပြီး. .

"စောင့်နေတယ်ဆို အခုဘယ်မှာလဲ မယ်လေး"

"အာ. . မင်းကလည်း ဒေါသကြီးပဲ ငါပြောတာ အောက်ဆိုတာ

www.burmeseclassic.com



ဂျပ်ဆင်အောက်ကိုပြောတာကွ. . ဒီအဆောင်အောက်မှာ စောင့်နေတယ်လို့မှ မပြောဘဲ. . မင်းကရှင်းအောင်လည်း နားမထောင်ဘဲ”

“တောက်. . မင်းနော်. . မင်း”

“ဟေ့ကောင် ဘာကြောင်နေတာလဲ သွားရအောင်လေ”

ပခုံးကိုခပ်ဆတ်ဆတ်ပုတ်ပြီးပြောလိုက်သော အနီကောင်စကားကြောင့် ဒေါသထွက်သွားရသည်။ ထို့ကြောင့် သူ့လက်ထဲက အတင်းရုန်းပြီး

“ဟေ့ကောင် ကြောင်လျာသီး မင်းငါ့ကို ကြပ်ပေါင်းများပြီနော်. . နောက်တစ်ခါဆို ငါသည်းမခံနိုင်တော့ဘူး”

ကျွန်တော်၏ ဒေါသတကြီးစကားကို ငတိမျက်မှောင်ကျုံ့လိုက်ပြီး

“ငါဘာကြပ်လို့လဲ”

“ဘာမကြပ်ရမှာလဲကွ. . မင်းပြောတော့ မယ်လေးအောက်မှာစောင့်နေတယ်ဆို”

“အေးလေစောင့်နေတယ်လေ ဘာဖြစ်လို့လဲ”

သူ့စကားကြောင့် ကျွန်တော်ပို၍ ဒေါသထွက်သွားပြီး. .

“စောင့်နေတယ်ဆို အခုဘယ်မှာလဲ မယ်လေး”

“အာ. . မင်းကလည်း. . ဒေါသကြီးဘဲ ငါပြောတာ အောက်ဆိုတာ ဂျပ်ဆင်အောက်ကိုပြောတာကွ. . ဒီအဆောင်အောက်မှာ စောင့်နေတယ်လို့မှ မပြောဘဲ. . မင်းကရှင်းအောင်လည်း နားမထောင်ဘဲ”

“တောက်. . မင်းနော်. . မင်း”

“မင်းတွေဘာတွေ လုပ်မနေနဲ့လာ. . ကျောင်းထဲသွားရအောင်”

ကျွန်တော့ပခုံးကိုဖက်ပြီး အတင်းဆွဲခေါ်လာသောကြောင့် ကျွန်တော်လည်း မငြင်းသာတော့။ သူဆွဲခေါ်ရာနောက်သာ အလိုက်သင့်လိုက်ခဲ့တော့၏။ ကျောင်းချိန်ကလည်း နီးပြီကိုး။

အဆောင်ပြင်ရောက်တော့. . ။

“ဟေ့ကောင် မင်းငါ့ကို နောက်ဆိုမကြပ်နဲ့တော့ကွာ၊ ငါကအဲဒီလိုကြပ်ရင် သိပ်သည်းခံနိုင်တာမဟုတ်ဘူး၊ ဒေါသထွက်ရင် ငါကဘာမှသတိရတော့တာမဟုတ်ဘူး၊ အယောင်ယောင်အမှားမှားတွေဖြစ်ကုန်ရော”

ကျွန်တော်၏ စကားကို သကောင့်သားကဖွဖွလေးပြုံးလိုက်သည်။ နောက် ကျွန်တော့်ကို ဖက်ထားသောပခုံးကို ဖွဖွလေးပုတ်ပြီး. . .

“အေးပါကွာ. . ငါသိပါတယ်. . မင်းဟိုတစ်ခါအရက်မူးကတည်းက ငါသိပါတယ်”

www.burmeseclassic.com



"ဒါဆို မင်းငါ့ကို ဘယ်တော့မှ မစတော့ဘူးလို့ ကတိပေးကွာ၊ နောက် မဟုတ်ရင် ငါအရက်သောက်ပြီး မင်းကိုထပ်တွယ်မယ်"

ကျွန်တော်၏ကြိမ်းဝါးစကားကြောင့် ငတိလန့်သွားပုံရ၏။

"အဲဒီလိုတော့ မလုပ်ပါနဲ့ကွာ. . ငါကတိပေးပါတယ်. . မင်းကိုမစ တော့ဘူးလို့"

"မင်းကတိပေးတယ်နော်"

"ပေးပါတယ်ကွာ. . မင်းကလည်း အချင်းချင်းတွေပဲ တစ်ယောက် မကြိုက်တာ တစ်ယောက်မလုပ်ကြေးပေ့ါ. . ။

သူ့စကားကြောင့် ကျွန်တော်စိတ်သက်သာရစွာ သက်ပြင်းချမိ၏။ ဟုတ်တယ်လေ။ သူမစတော့ရင်ပြီးတာဘဲ. . ။ နောက်မဟုတ်လျှင် သူ့ကြောင့်သာ မကြာခဏ စိတ်အနှောင့်အယှက် ဖြစ်နေရမည်။ ယခုတော့ သူကတိပေး ထားပြီဆိုတော့ အဲဒီဒုက္ခကကင်းဝေးပြီပေ့ါ

ယခုမှ သူကျွန်တော့ပခုံးကိုဖက်ထားသော လက်ကပို၍ နွေးထွေးနေ သလို၊ ကျွန်တော်လည်း နွေးထွေးစွာ သူ့ခါးကို ပြန်ဖက်ထားလိုက်၏။

ပတ်ဝန်းကျင်ကို ဝေ့ကြည့်တော့ အားလုံးက ကျွန်တော့်တို့နှစ်ယောက် ကို ပြုံးစိစိနှင့် ကြည့်သွားကြ၏။ သူငယ်ချင်း အချင်းချင်းခါးဖက်သွားတာ ဘာဖြစ်တာလိုက်လို့။

ထိုအတွေးမှာ သိပ်မကြာလိုက်၊ တွေ့သည့်သူတိုင်းပြုံးကြည့်သွားကြ သောအခါ ကျွန်တော့်စိတ်ထဲ ထင့်ခနဲဖြစ်သွား၏။ ဒီကောင်ဘာလုပ်ပြန်ပြီလဲ ဟူသော စိတ်ဖြင့် ဒီကောင့်လက်လှည့်ကြည့်တော့ ဒီကောင်က ဘာမှမသိသလို လေကလေးချွန်လို့. . ။ နောက် ကိုယ့်ကိုယ်ကိုယ် မသင်္ကာ၍ ငုံ့ကြည့်တော့. .

"ဟင်"

ဟိုက်သေပြီ။

ခုန မယ်လေးရောက်နေသည့် အသံကြား၍ ကမန်းကတမ်းပြေးဆင်း ခဲ့တာ အင်္ကျီဝတ်ဖို့မေ့ခဲ့သည်။ ယခု ဒီကောင်ဆွဲခေါ်လာလို့ ဒီအတိုင်းထွက်ခဲ့ မိ၍ အင်္ကျီက ကိုယ်ပေါ်ပါမလာခဲ့။ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ်ပြန်ငုံ့ ကြည့်ပြီး ဒေါသထွက်သွားရကာ သကောင့်သားဘက်လှည့်၍ ဒေါသတကြီး ဖြင့်. .

"ဟေ့ကောင်. . မင်း. . မင်း. . ဘာလုပ်တာလဲ"

ဟိုကောင် အံ့သြဟန်နှင့် ဘေးဘီဝေ့ကြည့်သည်။ နောက်ဘာမှမသိ သလိုဟန်မျိုးနှင့်. .

www.burmeseclassic.com



"ဟ. . ဘာဖြစ်ရပြန်တာလဲ. . ငါဘာလုပ်လို့လဲ"

"ဘာလုပ်ရမှာလဲကွ. . ငါအကျီပါမလာတာ မင်းဘာလို့မပြောလဲ"

"ဟ ငါက ဘာသိမှာလဲ"

သူ့စကားကြောင့် ကျွန်တော်ပို၍ ဒေါသထွက်သွားသည်။

"မသိလို့ ရမလားကွ. . မင်းနဲ့ငါနဲ့ အတူလာတာ"

"ဟ အတူလာတာတော့ ဟုတ်တာပေါ့၊ ဒါပေမယ့် အခုကိစ္စကို ငါမပြောနဲ့ ကာယကံရှင် မင်းတောင်မသိတာ"

"ငါမသိတာ ငါက ဒေါသဖြစ်ပြီး မေ့လာလို့ကွ"

"အေးလေ ငါကလည်း မင်းမျက်နှာဘဲ တစ်လမ်းလုံးကြည့်လာတာ"

"မင်းမျက်နှာဘဲ ကြည့်ကြည့် ဘာဘဲကြည့်ကြည့် မင်းငါ့ကိုကြည့်ရင် မင်းငါ့ကိုယ်လုံးကိုတော့ မြင်မှာဘဲ"

"ဟာ မမြင်လို့ပြောနေတာပေါ့. .၊ မင်းကိုယ်လုံးကို ငါက ဘာကိစ္စကြည့်ရမှာလဲ. . ကျားအချင်းချင်းကတော့ စိတ်မဝင်စားပေါင်. . အသက်သာ အသေခံသွားမယ်. . ဒါမျိုးကတော့ မကြည့်ဘူး. . "

"တောက်. . . မင်းနော်. . . မင်း"

ဆက်ပြောနေလျှင်လည်း အကြောင်းထူးတော့မည် မဟုတ်၍ လှည့်ထွက်လိုက်သည်။ ကျွန်တော်၏ခြေလှမ်းနောက်ကမှ သကောင့်သား၏ ခိုးခိုးခစ်ခစ်ရယ်သံကပ်ငြိလာ၏။

"ကျက်သရေတုံးကောင်. . "

❑ ❑ ❑

www.burmeseclassic.com

ဒယောင်ယောင်အမှားမှားပါပဲ၊ ဘဝကို လမ်းခွဲထွက်ဖို့ ကြိုးစားရင်း ရထားတွဲလမ်းချော်ခဲ့. . မှတ်တိုင်မှားရပ်မိလို့ ကြက်ခြေခတ်ခံရတာလည်းမနည်း။ ဒါတောင် စိတ်မှတ်မရှိဘဲ ပြုံးနေတတ်တဲ့ကောင်. . နောင်တတွေ သူ့ရှေ့ကြို ရောက်နေရင် ကောင်းမယ်။

အခုတော့ ခြေချော်လဲလိုက် သိက္ခာတွေ ပွန်းသွားလိုက်နဲ့ လုံးလည်ချာလည်လိုက်နေလိုက်တာ ပွဲဈေးက ချားရဟတ်ကြီးလို. . ။

❑ ❑ ❑

www.burmeseclassic.com

"စောကြည်ဖြူ . . နင်မနေ့က မောင်ငယ်ကို စလိုက်သေးတယ်ဆို"

ထွေးထွေးက စွဲချက်အရင်တင်၏။

"မစပါဘူးဟာ သူ့ဘာသာသူဖြစ်တာ ငါ့ကိုအပြစ်ပုံချနေတာ"

"ဘာ မစလဲ . . နင်မစရင် သူက ဘာလို့ပြောမှာလဲ"

မယ်လေးကပါ ကျွန်တော့်ဘက်ကဝင်ကူသည်။ ဒါကို စောကြည်ဖြူက မျက်နှာကို ဇောက်ထိုးဖြစ်သည်အထိ ရှုံ့မဲ့လိုက်ပြီး . . .

"ဟာ မဟုတ်ပါဘူးဆို . . . ဒီကောင်ကိုက နည်းနည်းဖြစ်လိုက်တာနဲ့ မျက်ရည်နဲ့မျက်ခွက်"

"ဟော့ကောင် မင်းငါ့ကို မိန်းမပြော မပြောနဲ့"

"တွေ့လား ကက်ကက်လန်ရန်တွေ့ပြန်ပြီ၊ နည်းနည်းဖြစ်လိုက်တာနဲ့ နှုတ်ခမ်းတလန် ပန်းတလန်နဲ့ ပွစိပွစိ"

"ဘာပွစိပွစိလဲကွ . . ဘာပွစိပွစိလဲ"

"မင်းအခုကိုက ပွစိပွစိနဲ့ ပြောနေပြီမဟုတ်လား"

"ဘယ်မှာ ပွစိပွစိနဲ့ပြောလို့လဲ"

"ဟော ပြောပြန်ပြီ . . . ပွစိပွစိနဲ့"

မိန်းကလေးတွေထံမှ ခစ်ခနဲရယ်သံကြားရ၏။ သူတို့ရယ်သံကြောင့် ကျွန်တော်အရှက်ကွဲခံရပြန်ပြီ။

"ဟော့ကောင် မင်းစကားပြောရင် ကြည့်ပြောနော်. . . ငါဘယ်တုန်းကမှ ပွစိပွစိနဲ့ မပြောဖူးဘူး"

"မင်းအခုပြောနေတာ ပွစိပွစိမဟုတ်လို့ ဘာလဲ"

စောကြည်ဖြူက အားကျမခံပြန်ပက်သည်။ သူ့စကားကို မယ်လေးတို့ ဘယ်လိုသဘောပေါက်သည်မသိ၊ ဝါးခနဲ ပွဲကျသွားကုန်၏။ သူတို့ရယ်သံကြားလေ ကျွန်တော်ဒေါသထွက်ရလေနဲ့ စားပွဲခုံကို ဖြန်းခနဲ ဒေါသတကြီးပုတ်လိုက်မိသည်။ နောက် စောကြည်ဖြူ၏မျက်နှာကို လက်ညှိုးစုံ ငေါက်ငေါက်ထိုးပြီး

www.burmeseclassic.com



"ဟေ့ကောင် မင်းလွန်လာပြီနော်. . . ငါဘယ်တုန်းကမှ မိန်းမလို မိန်းမရ ပွစိပွစိမပြောဖူးဘူး"

ကျွန်တော့်လက်ညှိုးကို ငတိက တိမ်းရှောင်လိုက်ပြီး. .

"ဖြည်းဖြည်းလုပ်ပါဟ. . မျက်လုံးလည်း ကလော်မိနေပါဦးမယ်. . . မင်းဟာ ပွစိပွစိလည်းပြောသေး၊ လက်လည်းပါသေး"

"ဟေ့ကောင် မင်းလွန်လာပြီနော်. . . မင်းသာပွစိပွစိ. . . ငါက ဘယ်တုန်းကမှ ပွစိပွစိ မပြောဖူးဘူး"

"တွေ့လား ပြောတာကိုက ပွစိပွစိ"

မယ်လေးတို့ထံမှ ခစ်ခနဲရယ်သံကြားရ၏။ အရယ်သန်သော ထွေးထွေး မျက်လုံးပိတ်ပြီး ပါးစပ်ကိုဖြဲသည်။ အသံတော့ မထွက်၊ မယ်လေး ကတော့ သူ့မျက်နှာကိုလက်ဝါးနှင့်အုပ်ပြီး ကြိတ်ရယ်၏။ မြနွယ်နှင့်စိမ်းနုက ပွဲထဲကလူကြမ်းများလို ခေါင်းကိုမော့ပြီး အားရပါးရရယ်သည်။ သူတို့ကိုကြည့်ပြီး ကျွန်တော်လည်း ပိုရှက်လာပြီး. . .

"မရယ်နဲ့ မရယ်ကြနဲ့. . နင်တို့က ငါ့ကို ပွစိပွစိပြောတယ်ဆိုပြီး ထင်နေကြတာလား၊ ငါဘယ်တော့မှ ပွစိပွစိနဲ့မပြောဘူး၊ ဒီကောင်ကသာ ပွစိပွစိ သူသာပွစိပွစိ"

ကျွန်တော့်လက်ညှိုးကို သူ့နားထင်ထိမတတ် ဘယ်ညာစုံထိုးရင်း ပြော၏။ ဒါကို သကောင့်သား ဝါးခနဲဝင်ရယ်သည်။ အားလုံး ဘာမှဆက်မပြော နိုင်ကြတော့၊ အားလုံး အူနှိပ်နေကြရ၏။

အတန်ကြာမှ မယ်လေးက. . .

"တော်ပါတော့ဟယ်. . . မောင်ငယ်. . နင်ဟာလေ. . "

သူ့စကားကြောင့် ကျွန်တော်အံ့အားသင့်သွားသည်။

"ငါဘာဖြစ်လို့လဲ. . . ပွစိပွစိနဲ့ ပြောတယ်လို့ နင်ပြောဦးမလို့လား"

ကျွန်တော့်စကားကို မယ်လေး ဟီးခနဲ ရယ်ချလိုက်ပြီး. . .

"တော်ပါတော့ဆိုတာ. . အဟီး. . ခစ်ခစ်. . . "

"ဘာရယ်တာလဲ"

"မရယ်တော့ဘူး. . . ကဲ သွားကြရအောင်"

အားလုံးတိုင်ပင်မထားပေမယ့် ပြုံးရွှင်နေသောမျက်နှာဖြင့် ပြိုင်တူထ ရပ်လိုက်ကြသည်။

"ကဲ. . . ဘယ်သွားကြမလဲ"

မယ်လေး၏အမေးကို ထွေးထွေး၊ မြနွယ်၊ စိမ်းနုတို့က ရယ်ကျဲကျဲနှင့်

www.burmeseclassic.com



တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး. . .

"ငါတို့က အတန်းတက်ရမယ်. . . ဒီနေ့အတန်းကပျက်လို့မရဘူး"

"ဟယ် နင်တို့ကလည်း. . ငါနဲ့. . . "

"မောင်ငယ်ကို ခေါ်သွားပေါ့. . . စောကြည်ဖြူရေ. . "

စိမ်းနုကဝင်ပြောသည်။ စောကြည်ဖြူက သူ့ဆံပင်ကိုကိုင်ကြည့်ပြီး. .

"ငါက ဆံပင်သွားညှပ်မလို့"

"ခေါင်းတုံးသာတုံးလိုက်"

ကျွန်တော်လည်း သူ့ကိုမကြည်လင်သည်မို့ အခွင့်သာတုန်း ဝင်ခွပ်သည်။ ဒါကိုတောင် သကောင့်သားက. . .

"တွေ့လား ပွစိပွစိနဲ့"

ဟုဆိုလိုက်ရာ သူ့စကားကို အားလုံးဝါးခနဲပွဲကျသွား၏။ အားလုံးထက် ဦးအောင် မယ်လေးက မျက်နှာပိုးအလျင်သတ်လိုက်ပြီး. .

"လာ သွားရအောင်"

ဟုဆို၍ ကျွန်တော့်လက်ကိုတို့၍ခေါ်သဖြင့် ကျွန်တော်လည်း သူ့နောက်ကလိုက်သွားရလေသည်။ ဒါတောင် ခပ်လှမ်းလှမ်းရောက်တော့. . .

"ဟေ့ကောင် မယ်လေးကို ပွစိပွစိနဲ့ လိုက်ပြောမနေနဲ့နော်"

ဟူသော စောကြည်ဖြူ၏အသံကိုကြား၍ ကျွန်တော် သူ့ကိုအသံတိတ်သာ လှည့်ဆဲလိုက်ရ၏။ မယ်လေးကတော့ ဘာကိုသဘောကျနေသည်မသိ၊ တခွိခွိနှင့်ရယ်နေတုန်း၊ သူ့ကိုကြည့်ပြီး ကျွန်တော်ပို၍စိတ်ဆိုးသွားပြီး. . .

"ဘာရယ်တာလဲ မယ်လေး"

မယ်လေးက ကျွန်တော့်ဘက်စေ့ကြည့်ပြီး. . .

"ဘာမှ မဟုတ်ပါဘူးဟာ"

ဟုဆိုပြီး တခွိခွိနှင့် ရယ်နေပြန်၏။

"ဘာလဲ နင်ကပါ ငါ ပွစိပွစိနဲ့ပြောတတ်တယ်လို့ ထင်နေလို့လား"

မယ်လေးအဖြေမပေးဘဲ တခွိခွိနှင့်ရယ်သည်။ သူရယ်လေ ကျွန်တော် ပို၍ဒေါသထွက်လေမို့ ခါးပေါ်လက်ကို မှောက်ခုံထောက်၍. . .

"မဟုတ်ဘူးလေ. . . နင်အခုရယ်နေတာကိုက. . . ငါ ပွစိပွစိနဲ့ပြောတတ်တယ်ထင်ပြီး ရယ်နေတာမဟုတ်လား၊ နင်မြဲမြဲမှတ်ထား. . . ငါ ပွစိပွစိနဲ့ ဘယ်တုန်းကမှ မပြောခဲ့ဘူး. . . "

ကျွန်တော် နှုတ်ခမ်းတလန်ပန်းတလန်နှင့် ဒေါသသံပါပါ စွာကျယ်စွာ ကျယ်ပြောလိုက်မိသည်။ ကျွန်တော့်ကိုကြည့်ပြီး မယ်လေး လမ်းပင်ဆက်မ

www.burmeseclassic.com



လျှောက်တော့ဘဲ လမ်းမအလယ်ဆောင့်ကြောင့်ထိုင်ကာ ဗိုက်နှိပ်၍ အားရပါးရ ရယ်သည်။

"နင်က"

ကျွန်တော့်စကားမစမီ မယ်လေးကဆက်မပြောရန် လက်ကာပြသည်။ နောက် အားရပါးရဆက်ရယ်နေသည်။ ထုံးစံအတိုင်း နှပ်ထွက်သည်အထိပေါ့။ အတန်ကြာမှ စီးကျနေသောနှပ်ကို စိတ်ရှိလက်ရှိညှစ်ထုတ်လိုက်ပြီး. . .

"မောင်ငယ်. . နင်ဟာလေ. . . ဘာကိုမှ မသိဘူး"

"ဟ ငါကဘာကိုသိရမှာလဲ. . . သိစရာလည်းမလိုဘူး. . . ပွစိပွစိ လည်း မပြောဘူး"

မယ်လေး စိတ်ရှိလက်ရှိ ထပ်ရယ်ပြန်သည်။ အတန်ကြာမှ ရယ်သံ တစ်ဝက်ဖြင့်. . .

"နင် အခုပြောနေတာကိုက ပွစိပွစိမဟုတ်လား"

"ဘာပွစိပွစိလဲ"

"အဲဒီပွစိပွစိလေ"

"ပွစိပွစိ"

"အေး ပွစိပွစိ"

"ပွစိပွစိ. . . ပွစိပွစိ. . ဟာ ငါ ပွစိပွစိနဲ့ မပြောဖူးပါဘူး ပွစိပွစိ ပွစိ ပွစိ. . အဲ"

ထိုတော့မှ ကျွန်တော်လည်း သဘောပေါက်သွား၏။ မယ်လေးကတော့ အူနှိပ်ရယ်နေတုန်း. . .။ နှပ်တွေကတွဲလို့။ ဟုတ်သား ကိုယ်ကိုယ်တိုင်ကိုက ပွစိပွစိဆိုသောစကားလုံးကို ပြောနေမိသည် မဟုတ်ပါလား. . .။ တောက် ဟို ကောင်ကြပ်သွားတာ. . .။

"တောက်. . . ဒါ ဟိုကောင် တမင်ကြပ်သွားတာ"

"တော်ပါဟာ လာ နောက်မှဒေါသထွက်ပြီး ပွစိပွစိပြော. . . အခု တော့ ငါနဲ့လိုက်ခဲ့ဦး. . . "

"ဘယ်ကိုလဲ"

"ကြည့်မြင်တိုင်ဘက်ကိုဟ. . . ငါ့အဒေါ်အိမ်ကို ခဏသွားမလို့"

ဟုဆို၍ အတင်းလက်ဆွဲခေါ်သဖြင့် ကျွန်တော် ဂဏန်းလိုက် လိုက်သွားရ၏။

❑ ❑ ❑

www.burmeseclassic.com

ဂျ၊ါ်တွင် တစ်ခုကိုမေးမြန်းအံ့. . .

ထိုမေးခွန်းကို အပိုင်းသုံးပိုင်းခွဲပြီး မေးမြန်းမည်ဖြစ်သောကြောင့် မိတ်ဆွေတို့ အတတ်နိုင်ဆုံးကူညီဖြေကြားပေးစေလိုပါသည်။ ထိုမေးခွန်းများမှာ

၁။ မိမိချစ်ရေးမဆိုရသေးသော (ချစ်ရေးဆိုရန်အခွင့်ကောင်းကို အမြဲတန်း ချောင်းမြောင်းနေသော၊ သူငယ်ချင်းလည်းဖြစ်သော)မိန်းကလေးနှင့် ထီးတစ်လက်တည်းဆောင်းသွားရချိန် မည်ကဲ့သို့ခံစားရသနည်း။

၂။ ထိုသို့လျှောက်သွားစဉ် မိန်းကလေး၏ ကိုယ်သင်းနံ့(ဝါ)ပခုံးလက်မောင်းချင်း မတော်တဆထိခိုက်မိချိန် မည်ကဲ့သို့ခံစားရပါသနည်း။

၃။ ပတ်ဝန်းကျင်က သင်တို့နှစ်ယောက်ကို ချစ်သူစုံတွဲအဖြစ်နှင့် အထင်ရောက်နေချိန်ဝယ် ချစ်သူ၏မျက်နှာကို ရွှန်းရွှန်းစားစားကြီး ငုံ့ကြည့်ဖူးပါသလား။

"ဘာလဲ ငါ့မျက်နှာပေါ်မှာ လမ်းရှိတယ်လို့များ အောက်မေ့နေလို့လား. . .။ ပလက်ဖောင်းပေါက်ထဲ လဲကျသွားဦးမယ်"

စိတ်ကူးယဉ်ကောင်းဆဲ မယ်လေး၏စကားသံကြောင့် ကျွန်တော် ရှိုးတိုးရှန့်တန့်ဖြစ်သွားရ၏။

"မဟုတ်. . . မဟုတ်ပါဘူး. . . ဟိုလေ. . . ဟို"

"ဟိုတွေ ဘာတွေလုပ်မနေနဲ့. . . နင် ငါ့ဖိနပ်တက်နင်းနေတာ (၁၆)ခါ ရှိပြီ. . . နင် ငါ့ကိုဒေါက်ဖြုတ်နေတာလား. . . "

မယ်လေးက ဒေါသသံကလေးနှင့်ပြော၏။

"မ. . . မဖြုတ်ရပါဘူးဟာ. . . ငါက. . ငါက. . ဟိုလေ"

www.burmeseclassic.com



ထိုသို့ပြောနေစဉ်မှာပင် ခြေထောက်ကအရှိန်လွန်ပြီး သူ့ခုံမြင့်ဖိနပ် အနက်ကလေး၏ နောက်ပိတ်ကို တက်နင်းမိသည်။

"ကြည့်"

"ဆောရီး. . ဆောရီး. . အဟဲ"

တောင်းပန်လို့မဆုံးခင်မှာပင် နောက်တစ်ချက်. . .

"အမေ့"

"ဖြုတ်"

အာမေဋိတ်သံကလေးနှင့်အတူ ခဏခဏအနင်းခံရ၍ စိတ်ဆိုးနေသော သူ့ဖိနပ်သဲကြိုးလေး ဖိနပ်မှလွင့်ပျံတက်သွား၏။

"ဟာ သွားပြီ. . ."

"ဟာ ဒုက္ခပဲ. . ."

ဟုတ်ပါသည်။ သူ၏ ဖိနပ်ကလေးသဲကြိုးပြုတ်သွားပါပြီ. . .။ မယ်လေး သူ့ခြေထောက်ကို သူပြန်ငုံ့ကြည့်ပြီး မဲ့တဲ့တဲ့ဖြစ်သွား၏။ ကျွန်တော်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့. . .။

"မောင်ငယ်. . . နင်ဟာလေ"

မယ်လေး ကျွန်တော့်လက်မောင်းကို မနာအောင်ထုရင်းပြောသည်။ ပြီးနောက် ဖိနပ်ပေါ်မှဆင်းလိုက်သည်။ သူ့အရပ် နှစ်လက်မခန့်ပုဝင်သွားသလို ခံစားလိုက်ရ၏။ ကျွန်တော့်မှာတော့ ဖိနပ်ပဲ ပြေးကောက်ရတော့မလို အရပ်ပဲ ထောက်ရမလိုနှင့် ယောင်နနဖြစ်နေ၏။ မယ်လေးကတော့ တစ်ချက်မှက္ကန်ခြေ မပျက်ဘဲ. . .

"ကဲ လာ သွားမယ်"

ဟုဆို၍ အရှေ့မှနေ၍ဦးဆောင်ပြီး ထွက်သွားလေသည်။ ကျွန်တော်လည်း ပျာယီးပျာယာ သူ့အနောက်ကပြေးလိုက်ကာ. . .

"ဟေ့ နေဦးလေ. . . ဘယ်သွားဦးမှာလဲ"

ကျွန်တော့်စကားကြောင့် မယ်လေးခြေလှမ်းများရပ်လိုက်သည်။ နောက်ခါးကို မိန်းမထောက် ထောက်လိုက်ပြီး ကျွန်တော့်ဘက် လှပစွာလှည့်လာ၏။

"ဘယ်သွားရမလဲ ဟုတ်လား၊ ဖိနပ်မှမရှိတာ ဖိနပ်သွားဝယ်ရမှာပေါ့"

"ဘယ်မှာသွားဝယ်မှာလဲ"

"ဘယ်မှာဝယ်ရမှာလဲ. . နီးနီးနားနား လှည်းတန်းဈေးပဲရှိတာ အဲဒီမှာပဲ သွားဝယ်ရမှာပေါ့"

www.burmeseclassic.com



"လှည်းတန်းဈေး ဟာ အဝေးကြီး"
မယ်လေးမျက်နှာ ရှုံ့မဲ့လိုက်သည်။
"ဘာလဲ နင်က မလိုက်ချင်လို့လား"
"မ. . . မဟုတ်ပါဘူးဟာ. . နင့်မှာက ဖိနပ်လည်းမပါဘဲနဲ့"
"ဘာလဲ နင်က ထမ်းခေါ်သွားချင်လို့လား"
"အဲ"
"အဲတွေဘာတွေ လုပ်မနေနဲ့ မလိုက်ချင်နေခဲ့ ငါသွားပြီ"
"မယ်လေး. . . မယ်လေး. . . နေဦးလေ"
မယ်လေး ခြေလှမ်းခပ်သွက်သွက်လှမ်းသွားသောကြောင့် ကျွန်တော်လှမ်းတားလိုက်ရသည်။ မယ်လေးက စိတ်ရှုပ်သွားသလို ခြေလှမ်းကိုရပ်တန့်ပြီး
"ဘာလဲဟာ. . နင်ကလည်း. . တစ်မျိုးပြီးတစ်မျိုး ပွစိပွစိနဲ့"
မယ်လေး သူ့ဘာသာသူပြောပြီး သူ့ဘာသာသူရယ်၏။
"ဟာ ငါ ပွစိပွစိလုပ်တာ မဟုတ်ဘူးဟ. . . မိန်းကလေးတစ်ယောက် ဖိနပ်မပါဘဲ လျှောက်သွားနေတော့ ဘယ်သင့်တော်မှာလဲဟ"
"အဲဒီတော့ နင်ကုန်းပိုးသွားမှာလား"
"အဲ အဲဒီလိုလည်း မဟုတ်ဘူးလေဟာ"
"ဒါဆို ဘယ်လိုလဲ"
"ဟို နင် ငါ့ဖိနပ်စီးသွားပေါ့"
"နင့်ဖိနပ်"
"အေးလေ. . . ငါ့ဖိနပ်"
ကျွန်တော်ဖိနပ်ချွတ်ပေးလိုက်သည်။ မယ်လေးက ကျွန်တော့်ဖိနပ်ကို ကြည့်ပြီး. . .
"နင့်ဖိနပ်ကြီးကလည်း နှင်းတောထဲမှာဆို လျှောတောင်စီးလို့ရတယ် မဖြစ်ပါဘူးဟာ နင့် ဖိနပ်အကြီးကြီးနဲ့ ငါ့ခြေထောက်သေးသေးနဲ့"
"ဟာ. . ဒါတော့ ဘယ်တတ်နိုင်မှာလဲ. . သူ့ဘာသာသူ မိမွေးတိုင်း ဖမွေးတိုင်းကြီးနေတဲ့ဥစ္စာ"
"အေးလေ နင့်အကြီးကြီး ငါဘယ်လိုလုပ်စီးလို့ဖြစ်မှာလဲဟ. . . လာပါဟာ. . . ဒီအတိုင်းပဲသွားမယ်"
"ဟာ ဘယ်ဖြစ်မှာလဲ. . . နင်ကခွာလွတ် ငါကခွာကြီးနဲ့ဆိုတော့ ကြည့်လို့မကောင်းပါဘူး"
မယ်လေး တစ်ချက်စဉ်းစားလိုက်သည်။

www.burmeseclassic.com



"ဒါဖြင့် နင်လည်းဖိနပ်ချွတ်လိုက်"

"ဖိနပ်ချွတ်လိုက်"

"အေး"

"ဟင် ဒါဆို နှစ်ယောက်လုံးဖိနပ်မပါဘဲ လျှောက်သွားနေရင် တို့ကို အရူးလို့ထင်ကြမှာပေါ့"

"ဟာ စိတ်ညစ်တယ်ဟာ. . နင်လိုက်ရင်လိုက် မလိုက်ရင်နေ ငါတော့ သွားပြီ။ ရစ်ကိုရစ်တယ်. . . "

မယ်လေး ဖိနပ်ဗလာနှင့် ရှေ့ကထွက်သွားတော့ ကျွန်တော်လည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိတော့။ မိန်းကလေးက ဖိနပ်မပါ။ ကိုယ်က ဖိနပ်ကြီးနဲ့ဆိုတော့ လူမြင်လို့ကလည်း လုံးဝသင့်တော်မည်မဟုတ်။ ထို့ကြောင့် ဖိနပ်ကိုချွတ်ပစ်လိုက်ပြီး. . .

"မယ်လေး ခဏနေဦး ငါလည်းလိုက်မယ်"

ဟုဆိုပြီး သူ့နောက်ပြေးလိုက်သွားရလေသည်။ သူ့နားရောက်တော့ မယ်လေးက ဖိနပ်မပါသောကျွန်တော့်ခြေထောက်ကိုကြည့်ပြီး ခပ်ဖွဖွရယ်လိုက်သည်။

မိတ်ဆွေ ဤတွင် မေးခွန်းတစ်ခုကို ထပ်ထုတ်အံ့. . . ။

ထိုမေးခွန်းသည်လည်း ပထမမေးခွန်းလိုပင် အပိုင်းသုံးပိုင်းခွဲ၍ မေးမည် ဖြစ်သောကြောင့် မေးခွန်းကို အသေအချာဖတ်ရှုရန် လိုပေလိမ့်မည်။

၁။ မိမိချစ်နေသောချစ်သူ(ချစ်ကြိုက်စကားမပြောရသေးသော၊ သူငယ်ချင်းလည်းဖြစ်သော)မိန်းကလေးတစ်ဦးနှင့် မြို့ထဲတစ်နေရာတွင် ဖိနပ်မပါဘဲ ထီးကလေးဆောင်းပြီး လျှောက်သွားဖူးပါသလား။ ထိုသို့လျှောက်သွားချိန်တွင် မိတ်ဆွေ၏ရင်ခုန်သံ မည်သို့ရှိမည်နည်း။

၂။ ထိုသို့လျှောက်သွားချိန်၌ ပတ်ဝန်းကျင်က အထူးအဆန်းသဖွယ် ဝိုင်းကြည့်ခြင်းကို သင်မည်သို့ခံစားရသနည်း။ ကြည်နူးရပါသလား။ ရှိုးတိုးရှန့်တန့်ဖြစ်ပါသလား။ ကြေကွဲရပါသလား(အမှတ်ခြစ်ပါ)။ ချစ်သူ၏ မျက်နှာပေါ်တွင် မည်သည့်အရောင်မျိုးဖြစ်နေမည်ဟု ထင်သနည်း။ အဖြူ၊ ပန်းရောင်၊ အနီ၊ နဂိုရောင်(အမှတ်ခြစ်ပါ)။

၃။ ချစ်သူနှင့်နှစ်ယောက်ထဲ. . .

"ဟဲ့ ဒီမှာ စတိုးဆိုင်ဟဲ့"

ကျွန်တော့်အတွေးမဆုံးမီ မယ်လေးက အားတက်သရောပြောသံကြောင့် သူညွှန်ပြရာသို့ ကျွန်တော်မျက်စိရောက်သွားရ၏။

www.burmeseclassic.com



ဟုတ်ပါသည်။ စတိုးဆိုင်ပါ။ စတိုးဆိုင်ကမှ သိပ်မကြီးသော စတိုးဆိုင်။

"လာ. . ဆိုင်ထဲဝင်ကြည့်ရအောင်"

မယ်လေးက ပြောလည်းပြော ဦးဆောင်ပြီးတော့လည်း ဆိုင်ထဲဝင်သွား၏။ ကျွန်တော်ကတော့ သူ့နောက်က ကုပ်ချောင်းချောင်း. . . ။

မယ်လေး ဆိုင်တွင်းရှိဖိနပ်များအားလုံးကို စိတ်ရှည်လက်ရှည် လိုက်ကြည့်သည်။ နောက်ဆုံး သူစိတ်ကြိုက်မရရော့ထင့်၊ ဆိုင်ရှင်ဘက်လှည့်ပြီး. . .

"ဦးလေး. . . ဒီမှာ ဒေါက်မြင့်ဖိနပ်တွေမရှိဘူးလား"

"မရှိဘူးတူမရဲ့. . . ဒီမှာက ဒေါက်မြင့်ဖိနပ်တွေ အစီးနည်းလို့ တင်မထားဘူး"

"ဟင်"

မယ်လေးထံမှ သက်ပြင်းချသံကြားရ၏။ ကျွန်တော်ကသာ အားမလို အားမရနှင့်. . .

"နင်ကလည်း ဒေါက်မြင့်မရှိလည်း ရှိတာဝယ်စီးလိုက်ပေါ့"

"အို မဝယ်နိုင်ပါဘူး. . . ဖိနပ်က ဝယ်ပြီးရင် နှစ်လသုံးလလောက်စီးရမှာ. . . ကိုယ်မကြိုက်တာကြီးကတော့ နှစ်လသုံးလအောင့်အက်ပြီး မစီးနိုင်ပါဘူး"

"မဟုတ်ဘူးလေ. . . လက်တလော အဆင်ပြေဖို့"

"အို လတ်တလော အဆင်ပြေရုံလောက်နဲ့တော့ ပိုက်ဆံအကုန်မခံနိုင်ပေါင်. . . ဟယ်. . . ဒီဦးထုပ်ကလေးက လှလိုက်တာ. . . ဘယ်လောက်လဲဦး"

"နှစ်ထောင့်သုံးရာ"

"ဟယ်. . . တန်သားတော့. . ပြကြည့်ပါဦး"

ဆိုင်ရှင်က ဦးထုပ်ကိုပြသည်။ ကျွန်တော်စိတ်ညစ်သွား၏။ ဝယ်မှာက ဖိနပ်၊ ကြည့်တော့ဦးထုပ်. . .၊ ကဲ စဉ်းစားသာကြည့်တော့ မိန်းမများ ခက်ပုံ၊ မယ်လေးကတော့ သူ့အဖြစ်ကို သတိပင်ရပုံမပေါ်. . . နောက်ဆုံးပေါ်(ဘာ တံဆိပ်မှန်းမသိသည့်. . . သိလျှင်လည်း ကျွန်တော်စိတ်မဝင်စားသော)ဦးထုပ်ကလေးကိုဆောင်းပြီး မှန်ရှေ့တွင် ရှုံ့အမျိုးမျိုးထုတ်နေ၏။ ပြီးတော့ မှန်ကြည့်ရုံနှင့် အားမရတော့ရော့ထင့်. . ကျွန်တော့်ဘက်ကိုပါလှည့်၍

"ကြည့်စမ်း မောင်ငယ်. . . ဒီဦးထုပ် ငါနဲ့လိုက်လားလို့"

"ဟာ ဘယ့်နှယ်လိုက်ရမှာလဲ နင့်မှာက ဖိနပ်လည်းမပါဘဲနဲ့ ဦးထုပ်

www.burmeseclassic.com



ကြီး ဆောင်းထားတော့ တောသူမ ဘုရားပွဲသွားတဲ့ပုံကြီး ဖြစ်နေတယ်"

ကျွန်တော်လည်း စိတ်ညစ်နေပြီမို့ သူ့ကို သာသာနှင့်နာနာနှက်လိုက်သည်။ မယ်လေးက နှုတ်ခမ်းကိုစူပြီး. . .

"နင့်ကို ငါကခေါင်းနဲ့ မျက်နှာပဲကြည့်ခိုင်းတာ. . . ဘာမှ ခြေဆုံးခေါင်းဆုံးကြည့်နေစရာ မလိုဘူး. . . လိုက်ရင်လိုက်တယ် မလိုက်ရင်မလိုက်ဘူးပဲပြော. . . ငါ ဒီဦးထုပ်ဆောင်းလိုက်တာ ဘာနဲ့တူသွားလဲ"

"ခရမ်းကြွပ်သီးနဲ့တူတယ်"

ငတိမ ဦးထုပ်ကို ဘုတ်ခနဲပစ်ချပြီး ဘောက်ဆတ်ဘောက်ဆတ်နှင့်ဆိုင်ထဲမှထွက်သွား၏။ မှတ်ကရော. . .။

နောက် မလှမ်းမကမ်းမှ စတိုးဆိုင်တစ်ခုထဲ လှမ်းဝင်သွားသည်ကိုတွေ့ရ၏။

ထိုစတိုးဆိုင်ထဲသို့ ကျွန်တော်ရောက်သောအခါ သူက ဖိနပ်သုံးရန်လောက် စီးကြည့်ပြီးဖြစ်နေပြီ။ ကျွန်တော့်ကိုမြင်တော့(အခုနက အဖြစ်တွေမေ့ပစ်လိုက်သလို) ပြုံးရွှင်သောမျက်နှာထားဖြင့်. . .

"ဟဲ့ မောင်ငယ်. . . ကန်တော့နော်. . . ဒီဖိနပ်နဲ့ ငါနဲ့လိုက်ရဲ့လား"

ဖိနပ်က ကတ္တီပါအပြာရောင်ကလေး သဲကြိုးမှာက ပန်းပွင့်ကြီးတစ်ပွင့်နှင့် လှပါသည်။ သို့သော် ကျွန်တော်လည်း ညစ်ညစ်နှင့်. . .

"ကုလားမခြေထောက် ပွေးပေါက်နေသလိုကြီး"

သူမ မျက်လုံးပြူးပြသည်။ အံကြိတ်ပြသည်။ လက်သီးထောင်ပြသည်။ လက်ညှိုးနှင့်လက်ခလယ်ကြား လက်မလေးကထွက်လို့ ကလေးတွေ လက်သီးဆုပ်ပြပုံမျိုး။ ကျွန်တော်ရယ်လိုက်မိသည်။ သူက ကျွန်တော့်ကို ဆက်မကြည့်တော့ဘဲ ဆိုင်ရှင်ဘက်သို့လှည့်၍. . .

"မကြိုက်သေးလို့နော်. . . တခြားဆိုင်လိုက်ကြည့်ဦးမယ်"

ဟုဆို၍ အရှေ့မှနေ၍ ကော့ပက်ကော့ပက်နှင့်ထွက်သွားလေသည်။ ကျွန်တော် ပို၍ညစ်သွားမိ၏။

"တောက် ဒီပါးစပ်ကိုက"

လိုက်ပါတယ်. . . လိုက်ပါတယ်. . . အင်မတန်ကြည့်ကောင်းပါတယ် အလွန့်အလွန်သင့်တော်ပါပေတယ် မိုးမွှန်အောင် ချီးမွမ်းလိုက်ရင်ပြီးပြီဥစ္စာ. . . အခုတော့ ကုလားမခြေထောက် ပွေးပေါက်သလိုကြီး ပြောလိုက်မိတော့ ဟိုက ခါပြီးထွက်သွားပြီပေါ့. . .၊ စဉ်းစားကြည့်လေ. . . လှည်းတန်းတစ်ဈေးလုံး ဖိနပ်မပါဘဲ လျှောက်သွားနေတာက ဘယ်လောက်များရှက်ဖို့ကောင်းလိုက်သနည်း၊

www.burmeseclassic.com



ကျွန်တော် သူ့နားကပ်၍

"မယ်လေးရာ. . . နင်ဖိနပ်ဝယ်ရင်လည်း မြန်မြန်ဝယ်ပါဟာ. . . ဖိနပ်မပါဘဲ လျှောက်သွားနေတာက မြင်လို့မကောင်းပါဘူး"

သူ ကျွန်တော့်ဘက် ဆတ်ခနဲလှည့်၍. . .

"နင် ရှက်ရင်နေခဲ့လေ. . . ငါကတော့ ငါ့စိတ်ကြိုက်မရမခြင်း ရှာရမှာပဲ"ဟုဆိုပြီး အရှေ့ကဦးဆောင်ထွက်သွားတော့ ကျွန်တော်ဆိုသည့်ကောင် လိုက်ရပြန်ပြီပေါ့။

ဟော ပြောရင်းဆိုရင်း နောက်တစ်ဆိုင်ဝင်ပြန်ပြီ။ ဒီတစ်ခါတော့ ပြီးပြီးရော အလိုက်သင့်ပြောမှ. . .

ကျွန်တော်ဆိုင်ထဲရောက်တော့ ထုံးစံအတိုင်း သူဖိနပ်တွေရွေးနေပြီ။ ဖိနပ်တစ်ရန်ကိုတောင်းပြီး စီးကြည့်သည်။ အရောင်က ကျွဲမြင်လျှင် အသည်းယား မည့်အရောင် နီရဲရဲ၊ ကျွန်တော့်ဘက်လှည့်ပြီး ဘယ်လိုလဲဆိုသည့်ပုံမျိုးနှင့် မျက်ခုံး ပင့်ပြသည်။ ကျွန်တော်လည်း ကြိုတင်ကြံစည်ထားသည့်အတိုင်း ခေါင်းကို တဆတ်ဆတ်ငြိမ့်၍

"လိုက်ပါတယ်. . . လှပါတယ်. . . အင်မတန်ကြည့်ကောင်းပါတယ်။ အလွန့်အလွန် သင့်တော်ပါပေတယ်။ အတော့အတော်ကို ကျက်သရေရှိလှပါ ပေတယ်. . . တောင်ကြည့် မြောက်ကြည့် အရှေ့ကြည့် အနောက်ကြည့် မျက်လုံး ထဲစွဲကျန်လောက်ပါပေတယ်"

ကျွန်တော့်စကားလည်းဆုံးရော. . . မယ်လေး ခါးကိုထောက်၍

"ဘာလဲ. . . နင် ငါ့ကိုနောက်နေတာလား"

"ရော်. . . ခက်ပြီ"

"ရော်. . . ခက်ပြီဆို ငါ့ကို သရော်တာပေါ့"

"မဟုတ်ဘူးလေ. . . ငါက နင်နဲ့လိုက်လို့ လိုက်တဲ့အကြောင်းပြောပြတာ. . ."

သူမမျက်လုံးပြူးပြသည်။ အံကြိတ်ပြသည်။ လက်သီးထောင်ပြသည်။ လက်ညှိုးနှင့်လက်ခလယ်ကြားတွင် လက်မက ပြူတစ်ကလေး၊ ထိုလက်မကို လှုပ်ပင်လှုပ်ပြလိုက်သေး၏။ သဘောကတော့ မျက်လုံးကလော်မယ်ဆိုတဲ့ သဘော. . .။

နောက်တော့ ဖိနပ်တစ်ရန်ကို သူ့ဘာသာသူရွေးထုတ်ပြီး စီးကြည့်သည်။ အရှေ့အနောက် လှည့်ပတ်ငုံ့ကြည့်သည်။ ဖိနပ်ကိုမြှောက်၍ ဖိနပ်ခုံပိုကြည့်သည်။

www.burmeseclassic.com



"လှပါတယ်ဟာ"

ကျွန်တော့်အသံကြားတော့ ကျွန်တော့်ကို မျက်စောင်းထိုးကြည့်သည်။ နောက် ဖိနပ်ကို အမျိုးမျိုးလှည့်ပတ်ကြည့်နေပြန်သည်။

စိတ်တိုင်းကျတော့မှ ဆိုင်ရှင်ဘက်လှည့်ပြီး

"ဒီဖိနပ်လေး ဘယ်လောက်လဲ"

ဆိုင်ရှင်က ဖိနပ်ကိုငုံ့ကြည့်ပြီး. . .

"ငါးထောင့်ရှစ်ရာ ညီမလေး"

"ငါးထောင့်ရှစ်ရာ"

မယ်လေးက သံယောင်လိုက်ပြီး သူ့လွယ်အိတ်ထဲမှပိုက်ဆံအိတ်ကို ထုတ်ယူလိုက်သည်။ ပိုက်ဆံအိတ်ထဲမှ ငွေတွေကို တစ်ရွက်ချင်းဆွဲထုတ်၍ ဆိုင်ရှင်ကို စိမ်ပြေနပြေရေတွက်၍ ပေးနေသည်။ သို့သော် သိပ်မကြာလိုက်။ ငါးထောင့်နှစ်ရာအရောက်မှာ သူ့အိတ်ထဲမှ ပိုက်ဆံထပ်ထုတ်စရာမရှိတော့. . .။

"အဲတော့. . . ပိုက်ဆံက ငါးထောင့်နှစ်ရာပဲပါတယ်. . . ဒုက္ခပါပဲ"

သူ့မျက်နှာလေး အခုမှရဲသွား၏။ ကျွန်တော် မနေနိုင်တော့. . .

"နေ နေ ငါ့မှာပါသေးတယ်"

ကျွန်တော့်ပိုက်ဆံအိတ်ထဲမှ ပိုက်ဆံများကို ထုတ်လိုက်သည်။

"စုစုပေါင်း ခုနစ်ရာကျပ်. . . ကုန်ပြီ၊ ဒါ အကုန်ပဲ"

ကျွန်တော့်ထံမှ ပိုက်ဆံများကိုမြင်တော့ သူ့မျက်နှာကလေး ရွှင်လန်းသွား၏။ ကျေနပ်သလိုပြုံးပြီး ဆိုင်ရှင်ဘက်လှည့်၍

"ခုနက ဘယ်လောက်"

"ငါးထောင့်နှစ်ရာ"

"ငါးထောင့်နှစ်ရာနော်. . . ဒီမှာခြောက်ရာ"

ဟုဆို၍ ပိုက်ဆံများကိုရေတွက်၍ ပေးလိုက်သည်။ နောက် ကျွန်တော့် ဘက်လှည့်၍. . .

"မောင်ငယ်. . . လိုက်တယ်မဟုတ်လား"

"လိုက်ပါတယ်ဟာ. . . လှပါတယ်"

ကျွန်တော့်စကားလည်းကြားရော. . . ငတိမ အူမြူးသွားပြီး. . .

"လာ သွားရအောင်"ဟုဆို၍ ထုံးစံအတိုင်း ရှေ့မှနေ၍ ရွှင်မြူးစွာဦးဆောင်သွား၏။ အပြင်ရောက်တော့လည်း သူ့ဖိနပ်ကို အရှေ့ဘက်ကငုံ့ကြည့်လိုက်၊ အနောက်ဘက်က ထောင်ကြည့်လိုက်နှင့် အကျေနပ်ကြီးကျေနပ်နေသည့်ပုံ. . .။

www.burmeseclassic.com



"ဟဲ့ ဖိနပ်က နည်းနည်းကြပ်နေသလား မသိဘူး၊ ငါနဲ့ရော လိုက်ရဲ့လား"ဆိုပြီး ကျွန်တော့်ဘက်လှည့်မေးနေသေး၏။ ကျွန်တော်လည်း ဘယ်သူစိတ်ချမ်းသာရင် ဘာဖြစ်ဆိုသည့်စကားပုံအတိုင်း သူ့အကြိုက်သာလိုက်၍ 'လိုက်ပါတယ်ဟာ' 'ကြပ်ပါဘူးဟာ' 'လှပါတယ်ဟာ'စသည်ဖြင့် ဖော်လိုလိုက်လာ လိုက်တာ ကိုယ့်ဘဝကိုယ်မေ့လို့. . . ဈေးအပြင်ရောက်တော့မှ. .

"နင် ခုနပြောတာ ဘယ်သွားမလို့ဆိုလား"

"ကြည့်မြင်တိုင်လေဟာ. . . ငါ့အဒေါ်အိမ်ခဏသွားမလို့ မှာစရာရှိလို့. . . အဲ. . နင့်. . နင့်. . ဖိနပ်ရော. . ဖိနပ်"

သူပြောမှ ကျွန်တော်ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိ၏။

"ဖိနပ် . . ဟာ ဟိုမှာ ချွတ်ခဲ့မိပြီ. . နင်ဖိနပ်ပြတ်တဲ့နေရာမှာ"

"ဟာ အဲဒါမှ ဒုက္ခပဲ. . ဖိနပ်ဝယ်ဖို့ ပိုက်ဆံကလည်း မရှိတော့ဘူး"

သူ့မျက်လုံးလေး ပြူးကျယ်သွား၏။

"အေး. . ငါ့မှာလည်း နင်ခုနယူလိုက်တာ အကုန်ပဲ"

သူမခေါင်းကို ခပ်ဖွဖွလေးကုပ်ပြီး. .

"ဒါဆိုဘယ့်နှယ်လုပ်ကြမလဲ"

သူ့အမေးကို ကျွန်တော် သူ့ဖိနပ်ပြတ်တုန်းက ဟန်အတိုင်းရင်ကိုကော့၍ . .

"အို . . ဘာဖြစ်လို့. . ဖိနပ်ပဲ မရှိလို့ မစီးတာ ဘယ်သူ့ကို ဂရုစိုက်ရမှာလဲ"

မယ်လေး လန့်သွားပုံရ၏။ ကျွန်တော့်ကိုလည်း မျက်လုံးပြူးကြီးနဲ့ကြည့်ပြီး. ."

"ဖြစ်မလားဟဲ့ . . ငါ့နောက်ကို နင်ဖိနပ်မပါဘဲ လိုက်နေတော့ လူမြင်လို့ကောင်းပါ့မလား"

"အင်"

ကျွန်တော်ဘာပြန်ပြောရမှန်းမသိတော့ . . ။

"ဟယ်. . နင်ဒီပုံကြီးနဲ့ ငါ့နောက်လိုက်လာတယ်. . ရှက်လိုက်တာ. . သေတော့မှာပဲ"

သူ့ပုံက တကယ်ရှက်နေသည့်ပုံ မျက်နှာကရဲပြီး ငိုချတော့မည်ပုံမျိုး ချက်ချင်းဖြစ်သွား၏။ ကျွန်တော်ကပင် ပျာပျာသလဲနှင့် သူ့ကိုရှင်းပြရ၏။

"ဟိုလေ. . ခုနထဲက နင်နဲ့ငါက ဖိနပ်မပါဘဲလာတယ်လေ"

"အေးလေ. . . အဲဒါဘာဖြစ်လဲ. . . နှစ်ယောက်လုံးဖိနပ်မရှိတာ

www.burmeseclassic.com



ဘာဖြစ်လဲ”

“အေးလေ. . အဲဒီလိုပဲလေ. . နင်ဖိနပ်မရှိတုန်းက ငါကဖိနပ်ကြီးနဲ့လေ”

“အေးလေ. . အဲဒါငါ့ဘာသာ ငါဖိနပ်ပြတ်သွားလို့ ငါ့ဘာသာငါ ခြေဗလာနဲ့လာတာပဲ ဘယ်သူ့ဂရုစိုက်ရမှာလဲ”

“အေးလေ . . ဒီလိုပဲလေ. . အခုနင်ဖိနပ်ဝယ်ပြီး သွားတော့ ငါက ဖိနပ်မရှိတော့ဘူးလေ”

“အေးလေ. . အဲဒါကို ပြောတာပေါ့. . နင်က ဖိနပ်လည်းမပါဘဲနဲ့ ငါ့နောက်လိုက်နေတယ်ဆိုတော့ ဘေးလူတွေဘယ်လိုထင်ကြမလဲ. . သေတော့ မှာပဲ. . ရှက်လိုက်တာ”

“ရော်. . ခုတစ်မျိုးတော်ကြာတစ်မျိုးပါလား. . ခက်ပြီ. . ။

“မဟုတ်ဘူးလေ. . နင်ဖိနပ်မရှိတုန်းက”

“ငါဖိနပ် မရှိတုန်းက ဘာဖြစ်လဲ. . ငါကမိန်းကလေး သွားရင်းလာရင်း ဖိနပ်ပြတ်သွားလို့မှန်း လူတိုင်းသိတယ်”

“အဲ”

“ဟိုလေ. . ဟို တို့နှစ်ယောက်လုံး ဖိနပ်မရှိတော့ရော”

“အဲဒါကလည်း ဘာဖြစ်လဲ. . လူတွေအလွန်ဆုံးထင်လှနှစ်ယောက် လုံးစတန့်ထွင်ပြီး လမ်းလျှောက်နေကြတယ် ထင်မှာပေါ့”

“ငါ့. . ငါ့ ဖိနပ်မရှိတော့”

“နင်ကဖိနပ်မပါဘဲ ငါ့နောက်လျှောက်လိုက်နေတယ်ဆိုတော့ လူတွေ ငါ့ကိုဘယ်လိုထင်ကြမလဲ. . စိတ်ညစ်ပါတယ်။ ငိုသာငိုချလိုက်ချင်တယ်”

သူ့ပုံက တကယ်ငိုချတော့မည့်ပုံ၊ ကျွန်တော်လည်း စိတ်ပဲဆိုးရမလား . . တောင်းပဲတောင်းပန်ရမလားမသိဘဲ စိတ်ရှုပ်စွာ ခေါင်းကိုသာ ဖိကုတ်မိ၏။ သြော် ကံကြမ္မာ. . ။

“ဒီလိုလုပ်ပါလား . . နင်အဲဒီချွတ်ခဲ့တဲ့နေရာမှာ သွားပြန်ရှာကြည့် ပါလား”

“ရှိပါတော့မလားဟာ”

“ရှိနိုင်ပါတယ်ဟာ . . သွားရှာပါ. . ငါနေ်. . ရှက်လိုက်တာ”

သူအတင်းတိုက်တွန်းနေတော့ ကျွန်တော်လည်း ဘာမှဆက်မပြော သာတော့ ချာခနဲ လှည့်ထွက်လိုက်မိ၏။ စောဒကလည်း တက်မနေတော့. . ။

“ကိုင်းစဉ်းစားသာကြည့်”

သူ့ဖိနပ်မရှိတော့ ဖိနပ်ပြတ်သွားလို့တဲ့. . ၊ နှစ်ယောက်လုံးဖိနပ်မရှိ

www.burmeseclassic.com



တော့ စတန့်ထွင်တာတဲ့. . ။ ကျွန်တော်ဖိနပ်မရှိဘဲ သူ့နောက်လိုက်တော့ သူက ရှက်သတဲ့. . ။

ဩော်. . မ. . မ ယောက်မတောင် မမြင်ချင်လောက်အောင် စိတ်နာမိ၏။ ကိုယ့်ခြေမကိုပါ ကလော်ထုတ်ချင်လောက်အောင် စိတ်ပျက်မိ၏။

"ကျွန်တော်မှားသလားခင်ဗျား". . ဤတွင်

မိတ်ဆွေ. . ကျွန်တော် တတိယမေးရန် မေးခွန်းတစ်ခုကျန်ပါသေးသည်။ ထိုမေးခွန်းကို ယခုပင်မေးအံ့. . ။

ချစ်သူနှင့် (ကိုယ်ကကြိတ်ချစ်နေသူ) လည်ပတ်ပြီး အပြန်ဖိနပ်မပါဘဲ အိမ်ပြန်ဖူးပါသလား. . ၊ ပြန်ခဲ့ဖူးလျှင် မည်သို့ခံစားရသနည်း။

၁။ ရှိုးတိုးရှန့်တန့် ၂။ ရှိန်းတိန်းဖိန်းတိန်း ၃။ ရှက်ကိုးရှက်ကန်း ၄။ ရှုဖရိုဖရဲ (အမှတ်ခြစ်ပါ)

❑ ❑ ❑

www.burmeseclassic.com

ဘဲဆောင်ပြန်ရောက်တော့ အဆောင်ဝတွင် စောကြည်ဖြူနှင့် ပက်ပင်းတိုးမိသည်။ တစ်ယောက်ကို တစ်ယောက်မြင်တော့မရယ်ဘဲ မနေနိုင် ဖြစ်မိ၍ ပြိုင်တူရယ်မိကြသည်။ မရယ်ဘဲရှိနိုင်မည်လား။

ကြည့်လေ. . ကျွန်တော်ကခြေဗလာ၊ သူက ခေါင်းဗလာ။ သူကပင် စ၍ . .

"ဟေ့ကောင် ဘယ်လိုဖြစ်လာတာလဲ"

ကျွန်တော် မျက်နှာကိုရှုံ့မဲ့၍. .

"မပြောချင်ပါဘူးကွာ . . ဒါနဲ့မင်းကရော"

သူလည်း မျက်နှာကိုရှုံ့မဲ့လိုက်ပြီး . .

"မပြောချင်ပါဘူးကွာ . . ဆံပင်ညှပ်ဆရာက သိပ်တော်တယ်ကွ၊ ဆံပင်သာကုန်သွားတယ် ပညာကမကုန်ဘူး၊ ဆက်ညှပ်ဦးမယ်လုပ်နေလို့ မနည်းထ ပြေးလာရတယ်"

ကျွန်တော်ပေါ့ပေါ့ပါးပါး ရယ်မိသည်။ နောက် သူ့ကို အသေအချာ ကြည့်ပြီး . .

"ဟာ ဟေ့ကောင် မင်းနားထင်ဘေးမှာ ဆံပင်သုံးလေးချောင်းကျန် နေပါလား"

"ဒါတမင်ထားတာ. . မာယာမွေးလို့ခေါ်တယ်. . ဒီအမွေးလေးတွေ နဲ့ပဲ မိန်းမတွေကို မြူဆွယ်ရတော့မယ်"

သူ့ရဲ့ မာယာမွေးကို ကြည့်ပြီး . . ကျွန်တော် ဘယ်လောက်ရယ်မိ လိုက်သလဲ မပြောတတ်ပါ။

❑ ❑ ❑

www.burmeseclassic.com

ဒုက္ခဆိုတာ
ကံစမ်းမဲ မပါဘဲ
သူ့အလိုလို ရောက်လာတတ်တယ်။
သူ့မှာ
ဗလာမပါဘူး ဟာသမပါဘူး၊
ကဲ . .
ကျွန်တော့်ရဲ့ ဒုက္ခတွေကို ပြောပြမယ် . .
ခင်ဗျားသာ ကျွန်တော်ရဲ့ ဒုက္ခတွေကို
ရယ်မောပစ်မယ်ဆိုရင်
ခင်ဗျားရဲ့ ရယ်မောခြင်းဟာ
အတုပဲ
ဒုက္ခအစစ်မှာ
ရယ်မောခြင်းဆိုတာ
ဘယ်တုန်းကမှ မရှိခဲ့ဘူး . . ။

www.burmeseclassic.com

**ကျွန်**တော်တို့နှစ်ယောက်ကိုမြင်တော့ မယ်လေးတို့ အုပ်စုထံမှ ဝါးခနဲ ရယ်သံကြားရ၏။ ရယ်လည်းရယ်ချင်စရာ ကြည့်လေ ကျွန်တော်တို့ နှစ်ယောက် ဖြစ်နေပုံ။

တစ်ယောက်က ခေါင်းတုံး၊ တစ်ယောက်က ရေချိုးရာတွင် သုံးသော ဖော့ဖိနပ် အစုတ်ဖင်ပြတ်နှင့် . . ။

"ဟဲ့ ဘယ်လိုဖြစ်လာရတာလဲ"

မယ်လေး၏ အမေးကို စောကြည်ဖြူကလွတ်နေသော ခုံတစ်ခုံတွင် ဝင်ထိုင်လိုက်ပြီး . .

"မပြောချင်ပါဘူးဟာ . . မနေ့က ဆံပင်သွားညှပ်တာ ငါကဆံပင် ညှပ်ဆရာကို ခင်ဗျားဆံပင် ပုံစံကောင်းကောင်း ညှပ်တတ်လို့လားလို့ အာချောင် မိတာနဲ့ ဆံပင်ညှပ်ဆရာက စိတ်ဆိုးပြီး ဆံပင်ကို ပုံစံအမျိုးမျိုး ညှပ်ပြလိုက် တာ. . လီယိုနာဒိုကေရော. . တွမ်ခရု(စ်)ကေရော. . အော်တာကေရော. . ဘိုကေရော စုံသွားတာပဲ"

"နင်ရော မတားဘူးလား"

မြနွယ်က ဖြတ်မေး၏။

"တားတာပဲဟာ. . ဒါပေမယ့် ဘယ်လိုမှ တားလို့မရတော့ဘူး။ သူ့ပညာကို စော်ကားရမလားဆိုပြီး ညှပ်လိုက်တာ ဆံပင်သာကုန်သွားတယ်၊ သူ့ပညာကမကုန်လိုက်ဘူး . . အခုတောင် သူညှပ်ဖို့မေ့သွားတဲ့ သရီးစတက် ဆံပင်ပုံစံကို ကျန်နေတဲ့ ဆံပင်သုံးချောင်းမှာ မညီမညာညှပ်ပေးလိုက်တယ် . . ကြည့်ပါလား"

www.burmeseclassic.com



ဆံပင်သုံးလေးချောင်းကို ကိုင်ပြပြီး ပြောသော စောကြည်ဖြူ၏ စကားကြောင့် အားလုံးဝါးခနဲရယ်ကြပြန်သည်။

"ကောင်းတယ် . . နင်လိုကောင်မျိုး ဒီလိုထိမှ ကောင်းတယ်"

မယ်လေးကဝင်ပြီး ထောက်ခံသည်။ စောကြည်ဖြူက မျက်နှာရှုံ့မဲ့လိုက်ပြီး . .

"ဟာ . . မကောင်းဘူးဟ . . အခုတောင် ဆံပင်လည်းညှပ်ပြီးရော ခေါင်းလျှော်ရည်တွေ ပွတ်ထည့်ပေးလိုက်သေးတယ်၊ ဘာလုပ်တာလဲဆိုတော့ ဆံပင်အမြန်ရှည်အောင်လို့တဲ့ . . ဆံပင်နည်းနည်းထွက်တာနဲ့ အမြန်ပြန်လာတဲ့၊ သူမပြရသေးတဲ့ ပညာတွေထပ်ပြမလို့တဲ့ . . ၊ မရှည်ရင်လည်း ကိစ္စမရှိဘူးတဲ့၊ အခုသရီးစတက်ညှပ်ထားပေးတဲ့ ဆံပင်သုံးချောင်းကို အိမ်တိုင်ယာရောက် ဘိုကေလာထိုးပေးဦးမယ်တဲ့ . . စိတ်ကိုညစ်ရော"

အားလုံးထံမှ ဝါးခနဲသံပြိုင်ရယ်သံကြားရ၏။

"ဒါနဲ့ မောင်ငယ်ကရော . ."

ထွေးထွေး၏ မေးသံနှင့်အတူ သူနှင့်ကပ်နေသော မယ်လေးက အံကြိတ်ပြီး တံတောင်နှင့်ကပ်တွက်သည်။ ကျွန်တော်လည်း မသိချင်ယောင် ဆောင်နေလိုက်သည်။ သူရှက်သွားမှာစိုးရတာကိုး၊ ဒါကိုအကြောင်းလည်း သိပြီး အလိုက်မသိသော စောကြည်ဖြူက . .

"ဟော့ကောင် ပြောလိုက်လေကွာ . . မင်းပဲမနေ့က ပြောတယ် ဘာတဲ့ အရှုမလေးတစ်ယောက် လှည်းတန်းဈေးထဲမှာ ဖိနပ်မပါဘဲ လျှောက်သွားနေလို့ သနားတာနဲ့ မင်းဖိနပ်ချွတ်ပေးခဲ့တယ်ဆို"

အားလုံးဝိုင်းရယ်ကြပြန်သည်။ မယ်လေးက အံကြိတ်ပြီး မျက်လုံးပြူး ပြသည်။ ဒါတောင် စောကြည်ဖြူက မလျှော့သေးဘဲ သူ့ခေါင်းပေါ်မှာ လက်ကျန် သရီးစတက်မာယာမွေးကို ပွတ်ပြီး . .

"မင်းကလည်းကွာ . . သူ့ဘာသာ ဖိနပ်မပါရုံမကလို့ လုံချည်ပဲ မပါပစေ ပေါ့ . . ဟိုဘုရင်ကြီးလို နှလုံးမူစမ်းပါ"

"ဘယ်ဘုရင်ကြီးလဲ"

စောကြည်ဖြူက သူ့ဆံပင်မရှိသော ခေါင်းကိုပွတ်ပြီး . .

"ဘာလဲကွာ . . ဟိုနိုင်ငံက ဟိုဘုရင်ကြီးလေကွာ . . သူ့ ဟိုဥစ္စာကြီး မီးလောင်နေတာတောင် သူက ဟိုဟာကြီးထိုးနေတယ်ဆိုလား"

သူ့စကားကြောင့် အားလုံးဝိုင်းရယ်ကြပြန်သည်။

"ဟာ မင်းဟာက နီရိုးဘုရင်ကြီးကို ပြောတာမဟုတ်လား . . ရောမမြို့

www.burmeseclassic.com



ကြီး မီးဟုန်းဟုန်းတောက်နေတာတောင် တယောထိုးနေတယ်ဆိုတာ”

စောကြည်ဖြူက စားပွဲကို လက်ဖြင့်ဖြန်းခနဲ ပုတ်ပြီး . .

“အေး . . အဲဒါကိုပြောတာ . . မင်းလည်း အဲဒီဘုရင်ကြီးထိုးနှလုံး မူစမ်းပါ။ အရှုံးမလေး ဘာဖြစ်ဖြစ် မင်းလည်း နဲ့သမားပဲ နဲ့လေးမှုတ်ပြီး မသိသလို နေလိုက်ရင်ပြီးတာပဲ”

“စောကြည်ဖြူ”

မယ်လေးအော်သံနှင့်အတူ အောက်နှုတ်ခမ်းကိုက်၍ လက်သီးထောင်ပြသည်။ ထုံးစံအတိုင်းလက်ညှိုးနှင့် လက်ခလယ်ကြားလက်မကလေးက ထွက်လို့ . . .

“ဟဲ့ နင့်လက်ညှိုးနဲ့ လက်ခလယ်ကြားမှာ တီကောင်လား”

စောကြည်ဖြူ စကားကို မယ်လေးက သူ့လက်သီးသူပြန်ကြည့်ပြီး

“လက်မဟဲ့ လက်မ နင့်နှာခေါင်းကို ကလော်မလို့ . . ”

“အဟီး ယားကျိကျိနဲ့နေမှာ”

စောကြည်ဖြူ၏ စပ်ဖြဲဖြဲစကားကို မယ်လေး ဒေါသထွက်ဟန်နှင့်အံကို ကြိတ်ပြီး . .

“ဟင်း အခုကလော်ထုတ်လိုက်ရ နှာခေါင်းပါ နတ်ပြည်ရောက်သွားတော့မယ်”

“ဟာ အဲဒီလိုတော့ မလုပ်ပါနဲ့ . . နတ်ပြည်ကို နှာခေါင်းသက်သက်ရောက်သွားရင် နတ်သမီးတစ်ဖက်ငါးရာနဲ့ ဒီနှာခေါင်းကြီးနဲ့ အလုပ်ဖြစ်မယ် မထင်ပါဘူး”

“စောကြည်ဖြူ . . နင်နော် . . . တောက် . . . ”

မယ်လေး ခုံပေါ်က ထပြီး စောကြည်ဖြူနှာခေါင်းကိုကလော်ရန် ပြင်သည်။

မယ်လေးကိုကြည့်ပြီး အားလုံးဝိုင်းရယ်ကြပြန်သည်။ အတန်ကြာမှ ဘာစကားမှဝင်မပြောသည့် စိမ်းနုက . . .

“ကဲ ရယ်လို့လည်း ဝပြီ၊ အတန်းသွားတက်ကြရအောင်”

အားလုံး ပြိုင်တူဆိုသလိုပင် မတ်တပ်ထရပ်လိုက်သည်။

သွားရမှာက တစ်လမ်းစီ . . စိမ်းနုနှင့်မြနွယ်က သင်္ချာ၊ စောကြည်ဖြူက မြန်မာစာ၊ မယ်လေးနဲ့ ထွေးထွေးက သမိုင်း၊ ကျွန်တော်က အင်္ဂလိပ်စာ၊ ကျွန်တော်က အတန်းချိန်မရှိ၍ မသွားသေး . . ။

အားလုံးလမ်းခွဲပြီး ခပ်လှမ်းလှမ်းရောက်တော့မှ မယ်လေး ကျွန်တော့်

www.burmeseclassic.com



ဆီ ပြန်လှည့်လာသည်။ နောက် သူ့လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ်ကို ဆွဲထုတ်လိုက်သည်။

"ရော့ မောင်ငယ်"

ကျွန်တော် မျက်မှောင်ကျုံ့၍ ကြည့်လိုက်သည်။

"ဘာလဲ"

"ဖိနပ်"

"ဖိနပ်"

"အေး"

"နင့် ဖိနပ်အဟောင်းလား၊ ငါသွားလှွင့်ပစ်ပေးရမှာလား"

ကျွန်တော့်စကားကို မယ်လေး စိတ်ဆိုးသွားပြီး . .

"နင့်အတွက် ဖိနပ်ဟဲ့ . . ငတုံးရဲ့ . . ငအရဲ့ . . ငထူရဲ့"

"ငါ့အတွက် ဖိနပ် နင်ဝယ်လာတာလား"

"ငါမဝယ်လာရင် ဘယ်ကသွားတောင်းရမှာလဲ . . တောက် နင်ဟာလေ"

"ဟာ. . နင်ကလည်း ဒေါသချည်းပဲ . . နင်ဝယ်လာတဲ့ ဖိနပ်ငါ မစီးချင် ပါဘူးဟာ. . တော်ကြာ. . စောကြည်ဖြူတို့ သိသွားရင် 'စ'နေဦးမယ်"

"ဒါဆို ဒီဖိနပ် ငါလွှင့်ပစ်လိုက်ရမှာလား"

"အဲ. . အဲ. . ဒီလိုလည်း မဟုတ်ဘူးလေ. . နင်ဝယ်လာတာ ဆိုတော့ ငါက အားနာလို့ဟ . . အဟဲ"

"အားနာတာတွေ ဘာတွေလုပ်မနေနဲ့ . . ရော့ မြန်မြန်ယူ ငါလက်ညောင်းလာပြီ"

ကျွန်တော် ဖိနပ်ကို လှမ်းယူလိုက်သည်။ မယ်လေးက သူ့အိတ်ကို ထပ်နှိုက်လိုက်ပြီး . .

"ရော့. . ဒီမှာ မနေ့က နင့်ဆီက ငါယူထားတဲ့ ငွေခုနစ်ရာ"

"ဟာ ရပါတယ်ဟာ. . နင်ဖိနပ်ဝယ်ပေးပြီးပြီပဲ"

"မောင်ငယ် ယူမလား မယူဘူးလား"

မယ်လေးက ခပ်ဆတ်ဆတ်ပြော၏။ ကျွန်တော်လည်း ပျာပျာသလဲဖြင့်. .

"ယူ. . ယူပါ့မယ်ဟာ"

ဟုဆို၍ သူ့လက်ထဲမှ ငွေခုနစ်ရာကို လှမ်းယူလိုက်သည်။

"ကဲ ငါသွားမယ်"

www.burmeseclassic.com



ဟုဆိုပြီး မယ်လေးရုတ်ချည်းဆိုသလို လှည့်ထွက်သွား၏။ ကျွန်တော် လည်း ဘာရယ်မဟုတ် သူ့နောက်ပျာပျာသလဲလိုက်ပြီး . .

"မယ်လေး ခဏနေဦး"

မယ်လေးခြေလှမ်းများ ရပ်တန့်သွား၏။

"ဘာလဲဟာ"

"ဟိုလေ . . ဟို. . နင်. . နင် ငါ့ကို ဘာလို့ ဒီလောက်တောင် စေတနာ တွေ ပိုနေရတာလဲဟင်"

မရည်ရွယ်ဘဲ လွတ်ခနဲထွက်သွားသော စကားကြောင့် မယ်လေး ကျွန်တော့်ကို အံ့အားသင့်သလို ဖျတ်ခနဲမော့ကြည့်၏။ နောက်မျက်လွှာကလေး ချသွား၏။ ထိုခဏကလေးများပင် ကျွန်တော်၏ ရင်ခုန်သံများ ဆူညံသွား၏။ တစ်စက္ကန့်ဟူသော အချိန်ကလေးအတွင်းမှာပင် ကျွန်တော့်ခြေဖျားလက်ဖျား တွေ အေးစက်ပြီး ကြက်သီးမွေးညှင်းများ ထောင်ထလာ၏။ စိတ်တို့သည်လည်း ဂနာမငြိမ်စွာ လွင့်ပျံ့ပြီး ပတ်ဝန်းကျင်ကိုပင် မေ့လျော့နေမိ၏။

မယ်လေး ကျွန်တော့်ကိုဝေ့ကြည့်သည်။ ကျွန်တော် သူ့နှုတ်က ထွက်လာမည့် စကားကို အတိုင်းထက်အလွန်မျှော်လင့်မိ။

တိုးတိုးကလေးပါပဲ . . မယ်လေးပြောလိုက်တာက. .

"နင့်ကို သနားလို့" တဲ့။

သေဟ. . လူပါ ပက်လက်လန်မတတ်ယိုင်နဲ့သွား၏။ မယ်လေးက တော့ ခြေလှမ်းမပျက် ရှေ့ဆက်လှမ်းသွားသည်။ ကျွန်တော်သာ မျက်နှာကြီး ဖရိုဖရဲနှင့် ငေါင်စင်းစင်း ကျန်ခဲ့၏။ သစ်ပင်ပေါ်မှ သစ်ရွက်တစ်ရွက်ကလည်း ပခုံးပေါ်ကြွေကျ၏။ သစ်ရွက်ကြွေ ကိုယ်ပေါ်ကျရင် ကံကောင်းတတ်သတဲ့၊ ဒါကံကောင်းခြင်း တဲ့လား။

ကဲ. . အခု ကျွန်တော်ကြွေကျနေပြီ. .၊ သမ္မာဒေဝနတ်ကောင်း နတ်မြတ်တို့ရေ. . တစ်ဆိတ်လောက်ပခုံးနဲ့သာ ဆီးခံကြပေရော့။

❑ ❑ ❑

www.burmeseclassic.com

တစ်ကိုယ်တော် အောင်မြင်မှုအတွက်

သင်၏သနားကရုဏာကိုခံယူလိုသော

သတ္တိကြောင်သူမဖြစ်လိုပါ . . ။

ရှုံးနိမ့်သည့်အခါတွင်မှ

သင့်လက်ကို ဆုပ်ကိုင်ထားနိုင်ခွင့်

ရရှိသောသူသာ ဖြစ်ရပါလို၏။

ရာဘင်ဒြာနတ်(သ်)တဂိုး . . . .

ဟရိုဖရဲပါပဲ. . အချစ်အတွက်လှမ်းလိုက်သော ခြေလှမ်းတိုင်းချိန်နဲ့ တံခါးဝကို တွန်းဖွင့်မယ်ကြံတုန်းမှာပဲ. . မင်းတုပ်က သူ့အလိုလိုကျရောက်လာတယ်။

အချိန်တိုတိုလေး အတွင်းမှာ ငါနဲ့ကံကြမ္မာထပ်တူမကျခဲ့လို့ ငါ့ရဲ့ စိတ်ရွှက်လှေမှန်တိုင်းကြားမှာ ရှာလည်ခဲ့။

အကျင့်စရိုက်ဆိုတာကလည်း သဘာဝကပေးအပ်တဲ့ အမှန်တရားမဟုတ်လား ဒါကြောင့် ငါ့ရဲ့ထူတူတူ အတတမေတ္တာဟာလည်း အနာဂါတ်နဲ့ ပတ်သက် ပြီး စိုးရိမ်မကင်းဖြစ်စရာပေါ့. . ။

အရိုးမှန်းသိလျက်နှင့် မျိုချတဲ့သူဟာ ကိုယ့်လည်ချောင်းကို ယုံကြည်လွန်းသူပဲလို့မှတ်သားဖူးပါရဲ့။

ဒါပေမယ့်. . ငါ့ရဲ့အချစ်တွေကို မျိုချဖို့တောင် ငါ့ကိုယ်ငါအယုံအကြည်နည်းတဲ့ကောင်. .

မဖြစ်နိုင်ဘူးဆိုတဲ့ ဝေါဟာရနဲ့ ငယ်ပေါင်းကြီးဖော်ဖြစ်နေရပြီ. . ။

❑ ❑ ❑

www.burmeseclassic.com

"မဖြစ်သင့်ဘူးကွာ"

မဆီမဆိုင် စောကြည်ဖြူ၏အသံကြားတော့ ကိုယ့်အတွေးနှင့်ကိုယ် အိပ်ရာပေါ်မှောနေသော ကျွန်တော် ခေါင်းထောင်ကြည့်မိသည်။

"တောက် ဒါလုံးဝမဖြစ်သင့်ဘူး. . ဒီလူကိုက အသည်းငယ်တာ"

ကျွန်တော့်ကိုလည်း မကြည့်ဘဲ သူ့ဘာသာ သူတစ်ကိုယ်တည်း ပြောနေသော စကားကြောင့် ကျွန်တော်စိတ်ဝင်စားသွား၏။

"ဘာတွေ မဖြစ်သင့်တာလဲ"

စောကြည်ဖြူ ကျွန်တော့်ကို တစ်ချက်စွေစောင်းကြည့်ပြီး ဂရုမစိုက် သလိုဖြင့်. .

"မင်းမသိပါဘူးကွာ. . တောက်. . အတော်အသည်းငယ်တဲ့လူ"

ကျွန်တော်မနေနိုင်တော့ အိပ်နေရာမှ ဝေါက်ခနဲထထိုင်လိုက်ပြီး. .

"ဘယ်ကောင်လဲကွ. . အသည်းငယ်တာ"

"အာ. . မင်းမသိပါဘူးဆိုနေမှကွာ. . တို့ရွာက သက်မောင်ဆိုတဲ့ သူကိုပြောတာ အိပ်ပါကွာ. . မင်းဘာသာ အေးအေးဆေးဆေး"

"မင်းတို့ရွာက သက်မောင်က ဘာဖြစ်လို့လဲ"

"ကျွတ် ဘာမှမဟုတ်ပါဘူးကွာ. . အဲဒီသက်မောင်ဆိုတဲ့ကောင် ကားလေးပွတ်တိုက်သွားရုံနဲ့ သေသွားရတယ်လို့. . အတော်အသည်းငယ်တဲ့ ကောင်ကွာ. . တောက် အိပ်ပါကွာ. . မင်းဘာသာအိပ်ပါ. . ငါ ဒီကောင့်အ တွက် ခံပြင်းလွန်းလို့ပါ"

ကျွန်တော် မအိပ်နိုင်တော့. . ။

www.burmeseclassic.com



"ဟင် ကားပွတ်တိုက်သွားတာ ဘယ်နေရာထိသွားလို့လဲ"

စောကြည်ဖြူ ကျွတ်ခနဲ စုပ်သပ်လိုက်ပြီး. .

"ဘယ်နေရာမှ မယ်မယ်ရရ ထိတာမဟုတ်ပါဘူးကွာ၊ တစ်ကိုယ်လုံး အကောင်းပဲ. . "

"ဒါဆိုဘာဖြစ်လို့သေသွားရတာလဲ"

"ခေါင်းလေးတင်ပြုးသွားတာပါကွာ. . 'တောက်' မင်းစဉ်းစားကြည့် စမ်း လမ်းကြိတ်စက်နဲ့ ခေါင်းကိုပြားတယ်ဆိုရုံလေး နင်းမိတာ သေသွားရမယ်လို့ သက်မောင်ကွာ၊ အတော်အသည်းငယ်တဲ့ကောင်"

"အင်"

တောက် ဒီပါးစပ်ကြီးကိုက အသုံးမကျသွားမေးမိတယ်၊ အိပ်နေပါလား ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး. . ဒီကောင်ဒီလိုပြောတတ်မှန်း သိသိ ကြီးနဲ့များ အာချောင်ပြီး သွားမေးလိုက်သေးတယ်. . ကိုယ့်ကိုယ်ကိုယ် ပိတ်ရိုက် ပစ်ဖို့တောင်ကောင်းသေး။

တော်ပြီ. ဒီကောင် ဘာပြောပြော ဂရုမစိုက်တော့ဘူး. . အိပ်တော့မယ် ဟုဆုံးဖြတ်ပြီး အိပ်ရာပေါ် ပြန်လှဲရန်ပြင်စဉ်. . စောကြည်ဖြူက စပ်ဖြဲဖြဲနှင့်. .

"အဟဲ မောင်ငယ် ငါလက်ဖက်ရည်ဆိုင်သွားချင်လို့ မင်းကိုနှိုးလိုက် တာပါကွာ"

ကျွန်တော် ဘာမှ ဆက်မပြောတော့ဘဲ. . အိပ်ချင်ယောင်သာဆောင် နေလိုက်သည်။

'ထပါကွာ. . ဒီအတိုင်းနှိုးရင် မင်းအိပ်ချင်ယောင်ဆောင်နေမှာသိလို့ တမင်လုပ်ကြံပြီး နှိုးလိုက်တာပါကွာ'

'ဟာကွာ. . ငါမလိုက်ချင်ဘူးကွာ'

'ဟာ. . အဲဒီလိုတော့မလုပ်ပါနဲ့ကွာ. . ငါ့တစ်ယောက်တည်း သွားရမှာ ပျင်းလို့ပါကွာ'

'ကျွတ်. . ကျောင်းပိတ်ရက်ကလေး လွတ်လွတ်လပ်လပ် အိပ်ရတာ ကွာ'

'မအိပ်ပါနဲ့ကွာ. . ကျောင်းပိတ်ရက်ကလေး လက်ဖက်ရည်ဆိုင် အေးအေး ဆေးဆေးသွားထိုင်ရအောင်'

'ဟာ. . မင်းဘာသာမင်းထိုင်ချင်ရင် လွတ်လွတ်လပ်လပ်၊ ကိုယ့်ဘာ သာကိုယ်သွားထိုင်ပါလား ငါမှမလိုက်ချင်တဲ့ဥစ္စာ'

"မင်းကလည်း ငါ့တစ်ယောက်တည်းဆို ပျင်းလို့ပါကွာ"

တော်ဝင်မြို့မစာအုပ်တိုက်

www.burmeseclassic.com



"ဒါဆို ငါ့လိုပဲအိပ်နေ"

"အဲ"

ငတိခေါင်းကုတ်နေသည်ထင်၏။ နောက်တော့ ကျွန်တော့်ပခုံးကို ကလေးသဖွယ်တွန်းထိုးပြီး. .

"လာပါကွာ. . ဟာ ဟော့ကောင် စနေ တနင်္ဂနွေဆို မယ်လေးတို့ထွေး ထွေးတို့ လက်ဖက်ရည်ဆိုင်လာထိုင်တတ်တယ်ကွ"

မယ်လေးအသံကြားသည်နှင့်ရင်ကဖိုခနဲ. .၊ဆံပင်ကထောင်ခနဲ။

"ဟုတ်တယ်ကွ. . မယ်လေးကပြီးခဲ့တဲ့ သောကြာနေ့က ပြောလိုက်တယ်. . စနေနေ့ကျရင် တို့တွေ လက်ဖက်ရည်ဆိုင်ထိုင်ပြီးအလာဘ သလာဘ ပြောကြရအောင်တဲ့. . ငါ့ကိုမှာလိုက်တယ်"

"ဘာလဲကွ. . အလာဘသလာဘ"

"ဟိုဟိုဒီဒီပေါ့ကွာ. . ဟိုအကြောင်းဒီအကြောင်း"

ကျွန်တော် မပါပါအောင် ဒီကောင်ကြပ်နေမှန်းသိသည်။ သို့သော် ကျွန်တော့်စိတ်က မယ်လေးအသံကြားကတည်းက မည်သို့ဖြစ်သည်မသိ။ စိတ်တွေအားလုံး အပြင်ရောက်နေသည်။ ဒါကိုချက်ချင်းထ၍ ဒီကောင့်နောက် လိုက်မည်ဆိုပါက ဒီကောင်ရိပ်မိသွားမည်စိုး၍ အနည်းငယ်မူလိုက်ပြီး မထချင် ချင် ပုံစံမျိုးနှင့်. . .

"ကဲ. . သွားရင်လည်း သွားကွာ. . ဒါပေမယ့် ဟိုရောက်ရင် မင်းငါ့ကို မကြပ်ရဘူးနော်"

ငတိသွားကြီးဖြီးပြီး. . .

"မကြပ်ပါဘူးကွာ. . "

"ပေါက်ကရလည်း မပြောရဘူး"

"မပြောပါဘူးကွာ. . လိမ်တော့ လိမ်မယ်နော်"

"တော်တော်. . ဟော့ကောင် ဒါဆိုငါမလိုက်ဘူး"

ကျွန်တော့်ကျော အိပ်ရာပေါ်ပြန်မရောက်ခင် ငတိက အတင်းဆွဲ ထူလိုက်ပြီး. .

"ငါက အလကားစတာပါ သူငယ်ချင်းရာ. . လာပါလိုက်ခဲ့ပါ"

❑ ❑ ❑

www.burmeseclassic.com

လက်ဖက်ရည်ဆိုင်ရောက်တော့ ဒီနေ့မှလက်ဖက်ရည်ဆိုင်က ထူးထူး ခြားခြား ထူးမခြားနားဟူသော ပတ်ပျိုးသီချင်းကြီးကို ဖွင့်ထား၏။ ခါတိုင်း လေးဖြူ ဇော်ဝင်းထွဋ်၊ Hip Hop သီချင်းများကိုသာ မနားတမ်းဖွင့်တတ်သော လက်ဖက်ရည်ဆိုင်က ထူးမခြားနားပတ်ပျိုးကြီးဖွင့်ထား၍ စိတ်ထဲတစ်မျိုး တော့ ခံစားရသည်။

ဒါကို ဘာမဆိုပြောလိုက်ရမှ ကျေနပ်သော စောကြည်ဖြူက. .

"ဟေ့ မင်းတို့ လက်ဖက်ရည်ဆိုင်က ဇာတ်ပွဲထောင်ဖို့ အစီအစဉ် ရှိလို့လားကွဟေ"

ဟုအော်လိုက်ရာ သူ့အော်သံဆုံးသည်နှင့် ဆိုင်ထောင့်တစ်နေရာမှ အသံတစ်သံက. .

"ဟော့ကောင် ကိုယ့်အလုပ် ကိုယ်လုပ် ဒီမှာ ငါ့အလုပ် ငါလုပ်နေတာ"

ဟူသော အော်သံကြား၍ လှည့်ကြည့်လိုက်တော့ ထွန်းနိုင်။ လက်ထဲ နဲ့ရိုးမပါလင့်ငြား၊ လက်ချောင်းများနှင့် နဲ့ပေါက်ကို ပိတ်ဖွင့်သလို ကျင့်ရင်းကျင့် နေ၏။ သူ့ကို ကြည့်ပြီး စောကြည်ဖြူကမျက်နှာကို စပ်ဖြဲဖြဲလုပ်ပြီး. .

"ဩော်. . ထွန်းနိုင်ပါလား. . မင်းက လက်ဖက်ရည်ဆိုင်လာပြီး သီချင်းကျင့်နေတာကိုး. . ကျင့်ကွာ. . ကျင့်ကျင့်. . တစ်နေ့က မယ်လေးတောင် ပြောသေးတယ်"

မယ်လေးတောင်ပြောသေးတယ် ဟူသောစကားသည် ထွန်းနိုင်ကို အရှိုက်ထိသွားစေရော့ထင့် သကောင့်သား လေသံပျော့၊ မျက်လုံးပြူးထွက်လာ ပြီး. .

"မယ် မယ်လေးက ဘာပြောလဲဟင်"

www.burmeseclassic.com



ငတိ ဘယ်လိုဖြစ်သွားသည်မသိ စကားပင်မပီတော့. . ၊ ဒါကို စောကြည်ဖြူက မသိချင်ယောင်ဆောင်ပြီး စားပွဲထိုးကို 'လက်ဖက်ရည်ကျဆိမ့် နှစ်ခွက်' ဟုခပ်တည်တည်နှင့် လှမ်းမှာပြီး မသိချင်ယောင်ဆောင်နေလိုက်သည်။

သူက အေးဆေးသလောက် မအေးဆေးတာက ထွန်းနိုင်။ မျက်လုံးကြီးပြူးပြီးဆိုင်ထောင့်မှနေ၍. . .

"လုပ်ပါကွာ. . ဟေ့ကောင်. . မယ်လေးက ငါ့ကိုဘာပြောလဲ. . ပြောပါကွာ သူငယ်ချင်းရာ. . အချစ်ဆုံးရာ. . စောကြည်ဖြူရာ. . အခင်ဆုံးရာ. . အလိမ္မာတုံးရာ"

သိချင်ဇောနှင့်ထင့်. . ပါးစပ်မှ ချီးမွမ်းသည့် အီဒီယမ်ကုန်သွား၏။ စောကြည်ဖြူက ဟက်ခနဲ တစ်ချက်ရယ်လိုက်ပြီး. .

"ဘာမှမဟုတ်ပါဘူးကွာ"

စောကြည်ဖြူ၏ ဘာမှမဟုတ်ပါဘူးကွာဆိုသည့်စကားက ဒီကောင့်တင်ပါးကို မီးစနှင့်အထိုးခံရသလို ဖြစ်သွားစေသည်မို့လားမသိ။ ထိုင်ခုံမှနေ၍ ဖင်တကြွကြွဖြစ်သွားရ၏။ နောက် စောကြည်ဖြူကို ကြွေနေသည့် မျက်လုံးကြီးနှင့် ကြည့်ပြီး. . .

"မယ်လေး ဘာပြောလဲ. . . ပြောပါ. . . အချစ်ဆုံးကြီးရာ. . ငါသိချင်လို့ပါ. . ငါလက်ဖက်ရည်တိုက်ပါ့မယ်ကွာ၊ ဟေ့. . . ဒီနှစ်ခွက်အတွက် ပိုက်ဆံလာယူ"

ဟုဆိုပြီး ပိုက်ဆံကို အတင်းရှင်းလိုက်သည်။

"ကဲ. . . ငါ လက်ဖက်ရည်ဖိုးရှင်းပြီးပြီ. . . မယ်လေးက ဘာပြောလဲပြော"

"အော်. . ဘာလဲ မင်းက ငါ့ကို လက်ဖက်ရည်တစ်ခွက်နဲ့ လာဘ်ထိုးတာလား"

စောကြည်ဖြူစကားကို ထွန်းနိုင် ဆပ်ပြာသည်လင်ပျောက်သလို ပါးစောင်ကြီး ဟိုချော်ဒီချော်ဖြစ်သွားပြီး. . .

"မဟုတ်ရပါဘူးကွာ. . . မဟုတ်ရပါဘူး. . . ငါက ခင်လို့တိုက်တာပါကွာ. . . လက်ဖက်ရည်က လက်ဖက်ရည် မယ်လေးက မယ်လေးပါကွာ မယ်လေးက ငါ့ကိုဘာပြောလဲဟင်"

စောကြည်ဖြူက သက်ပြင်းကို ဟင်းခနဲချလိုက်ပြီး. . .

"အေးကွာ. . . မင်းက ခင်လို့လက်ဖက်ရည်တိုက်တယ်ဆိုတော့ ငါကလည်း ခင်လို့ပြန်ပြောပြရတာပ. . . "

www.burmeseclassic.com



ဟုဆို၍ အရှေ့မှ လက်ဖက်ရည်ခွက်ကို ရှူးခနဲ မှုတ်သောက်လိုက်သေး၏။ ဟိုကောင်ထွန်းနိုင်ကတော့ ကြွက်စုတ်သွားအမှုတ်ခံထားရသလို ဂနာမငြိမ်ကိုဖြစ်လို့. . .။

"မယ်လေးက ပြောတယ်ကွ"

"အေး"

ဟိုကောင် အေး ဟုထောက်ခံသံမှာ ထောက်ခံသံနှင့်မတူဘဲ လေတက် သံနှင့်တူ၏။

"နှဲနဲ့ပတ်သက်လာရင် မင်းနဲ့မောင်ငယ်မှာ မောင်ငယ်က မကြိုးစားဘူးတဲ့၊ မင်းက ကြိုးစားတယ်တဲ့. . ."

"အဲဒီတော့. . ."

ငတိမျက်လုံးတွေ အပြင်ကျွတ်ကျလာမလား အောက်မေ့ရလောက်အောင် ပြူးထွက်လာ၏။ စောကြည်ဖြူကတော့ အေးဆေးပင် မျက်လုံးကလေး စင်းပြီး. . .

"အဲဒီတော့. . . နှဲနဲ့ပတ်သက်ပြီး ရွေးချယ်မယ်ဆိုရင်"

"ငါ့ကိုပဲရွေးတော့မယ်ဆိုပါတော့. . ."

ထွန်းနိုင် သူ့ပြားကပ်ကပ်ရင်ဘတ်ကို တဘတ်ဘတ်ပုတ်ပြရင်း အလောတကြီးမေး၏။ ဒါကို စောကြည်ဖြူက. . .

"မဟုတ်ပါဘူးကွ. . . စိန်လှမြိုင်ကိုပဲ ရွေးတော့မယ်တဲ့. . ."

"အန်"

ထွန်းနိုင်လည်ပင်းရှည်၊ ဆံပင်ထောင်ပြီး ရုပ်သေဖြစ်သွား၏။ အတန်ကြာမှ . . .

"ဘယ်က စိန်လှမြိုင်လဲ"

"ဟာ. . မင်းကလည်း. . . စိန်လှမြိုင်ဆိုတာ မြန်မာပြည်မှာအတော်ဆုံး နှဲဆရာလေ. . ."

"ဟာ ဘာဆိုင်လို့လဲကွ. . . ဒီမှာက နှဲမှုတ်တတ်တာ ငါနဲ့မောင်ငယ် နှစ်ယောက်ပဲရှိတဲ့ဟာကို"

"အဲဒါတော့. . . မသိဘူးကွ. . မယ်လေးလာမှ မေးကြည့် ဟော. . . ဟိုမှာ ပြောရင်းဆိုရင်းလာပြီ"

ကျွန်တော့်ရင်ထဲ နွေးခနဲဖြစ်သွား၏။ ဟုတ်ပါသည်။ မယ်လေးပါ။ မယ်လေးနှင့်အတူ ထွေးထွေးလည်းပါလာ၏။ မယ်လေးကိုမြင်တော့ ထွန်းနိုင် ဂနာ မငြိမ်ပိုဖြစ်သွား၏။ သူထိုင်နေသော စားပွဲမှထပြီး. . .

www.burmeseclassic.com



"ဟော့ကောင် မင်းတို့ ဝိုင်း ငါလာထိုင်မယ်နော်" ဟုဆိုပြီး ကျွန်တော်တို့ဝိုင်းကို လက်ဖက်ရည်ခွက်ကလေးကိုင်ပြီး ပြောင်းလာ၏။ မျက်နှာတစ်ကွက်တည်းရှုးလို့. . .။

ထွန်းနိုင် ကျွန်တော်တို့ဝိုင်း ပြောင်းလာတာမြင်တော့ ခုနပြုံးရွှင်လာသော မယ်လေး၏မျက်နှာ ရုတ်ချည်းတည်သွား၏။ နောက် ကျွန်တော်တို့ဝိုင်းကို မဝင်တော့ဘဲ ခုန ထွန်းနိုင်ထိုင်ခဲ့သောစားပွဲဝိုင်းသို့ သွားထိုင်လိုက်၏။ မယ်လေး သူ့ခုံကိုဝင်ထိုင်တာမြင်တော့ ထွန်းနိုင် သူ့နှဖူးသူရိုက်ပြီး

"တောက်. . . တွက်ကိန်းက တစ်လုံးတည်း ကပ်လွဲသွားပြီ"

ဟုပြောသည်။ စောကြည်ဖြူက သူ့ပခုံးကိုပုတ်ပြီး. . .

"ကဲ. . . လွဲသွားရင်လည်း ဆက်တွက်နှင့်ဦး ငါတို့ ဟိုဘက်ဝိုင်းကို ခဏပြောင်းလိုက်ဦးမယ်. . . လာ မောင်ငယ်"

ဟုဆို၍ ကျွန်တော်တို့နှစ်ယောက်လုံး ထသွားရာ ထွန်းနိုင်ခမျာ

"ဟာ ဟော့ကောင်တွေ နေပါဦးလေကွာ"

ဟူသော အော်သံမျိုးစုံနှင့် အတူ ဟင်းလင်းပြင်ရောက် မျောက်တစ်ကောင်လို ခုန်ဆွခုန်ဆွကျန်ခဲ့လေသည်။

ထိုနေ့ လက်ဖက်ရည်သည် နို့ဆီမပို၊ သကြားမပါဘဲ ပို၍ချိုမြနေ၏။

❑ ❑ ❑

www.burmeseclassic.com

"**နှင်**တို့ကလည်း ဟယ်. . . အဲဒီကောင်နဲ့ ဘာလို့ထိုင်နေတာလဲ"

"အေးလေဟာ. . . ဒီမျက်နှာရှုးနဲ့မှ"

ထွေးထွေး၏စကားကို မယ်လေးထောက်ခံ၏။ စောကြည်ဖြူက အရှေ့ သွားအကုန်ပေါ်အောင် ဖြဲခနဲလုပ်လိုက်ပြီး. . .

"ငါတို့ထိုင်တာ မဟုတ်ပါဘူး. . သူ့ဘာသာသူ ဝင်ထိုင်တာ ဘာဖြစ်လဲ ဟာ ဒီကောင်မျိုး နားရင်းတောင် ခေါ်အုပ်လို့ရတယ်ဟ. . . မယုံရင် ငါမေးပြမယ်"

ဟုဆို၍ ထွန်းနိုင်ဘက်သို့လှည့်၍

"ဟုတ်တယ်နော် ထွန်းနိုင်"

ဟူ၍ အသံပေးသည်။ ထွန်းနိုင်လှည့်ကြည့်တော့ နှဲမှုတ်သည့်ဟန်မျိုး လုပ်ပြသည်။ သဘောကတော့ မင်းနဲ့ကျင့်နေတယ် မဟုတ်လားပေါ့။ ဒါကို ဘာမှမသိသော ထွန်းနိုင်က မျက်နှာကြီးစပ်ဖြီးဖြီးနှင့် ခေါင်းတဆတ်ဆတ်ငြိမ့်ပြ၏။ သူ နဲ့ကျင့်နေသည်ပေါ့။

"တွေ့လား ခေါင်းငြိမ့်ပြနေပြီ"

"တောက်. . . စောကြည်ဖြူ. . . နင်ဟာလေ"

မယ်လေးကြိမ်းဝါးပြီး စကားစဖြတ်လိုက်သည်။ စကားဝိုင်းမှာ ရုတ်ချည်းဆိုသလို တိတ်ဆိတ်သွား၏။ အတန်ကြာမှ မယ်လေးက ခေါင်းကို ဖြည်းညှင်းစွာ ယမ်းခါပြီး. . .

"စောကြည်ဖြူ. . . နင် ဒီအတိုင်းဆက်လုပ်နေမယ်ဆို တို့တွေ တစ်နေ့ မှာ"

မယ်လေး၏ စကားစပြတ်တောက်သွား၏။

www.burmeseclassic.com



သူပြောသည့် တစ်နေ့နေ့မှာဟူသောစကားသည် ကျွန်တော့်စိတ်ကို ထင့်ခနဲဖြစ်သွားစေ၏။

စောကြည်ဖြူ၏ ဦးခေါင်း တဖြည်းဖြည်းငိုက်ကျလာသည်ကို သတိထားမိသည်။ ထွေးထွေးကတော့ အကြောင်းမဲ့ လက်ဖက်ရည်ကို ဇွန်းနှင့်ခလောက်နေ၏။

မယ်လေးကတော့ အဝေးသို့ငေးရီရင်း. . . ငြိမ်သက်။

လေပြေတောင် မတိုက်ခတ်တဲ့နေ့ပေါ့. . .။

❑ ❑ ❑

www.burmeseclassic.com

လူ့ဘဝဆိုတာ နှစ်တွေနဲ့ ရေတွက်လို့ရတာမျိုး မဟုတ်ဘူး။ တချို့ကျတော့ တစ်နေ့တည်းနဲ့ပဲ တစ်သက်စာလောက် ခံစားလိုက်ကြရတယ်။

သူတို့ဟာ . . . နံနက် အရုဏ်တက်နဲ့ နေဝင်ချိန် ဆည်းဆာကြားမှာပဲ အိုမင်းရင့်ရော်သွားကြတယ် လေ . . .

(ဩဂုတ်စတပ်အီဗိန့်)

www.burmeseclassic.com

" **ဟဲ့** မောင်ငယ်. . . အခုတစ်လော စောကြည်ဖြူတစ်ယောက် ပျောက်နေပါလား"

မြနွယ်က မေးသည်။

"အေး. . . ငါနဲ့ ကျောင်းထဲမှာလည်း မဆုံဘူး. . . အဆောင်မှာတော့ ဆုံပါရဲ့. . . ဒါပေမယ့် အရင်လို ဟက်ဟက်ပက်ပက် မရှိတော့ဘူး"

"ဟိုကောင် ထွန်းနိုင်တို့ ထွန်းလင်းအောင်တို့နဲ့ တွဲနေတာတော့ တွေ့တယ်ဟ"

စိမ်းနုက ဝင်ပြောသည်။

"အေး. . ဟိုတစ်နေ့က မယ်လေးပြောလိုက်တာ စိတ်ခုသွားတယ် ထင်တယ်"

အကြောင်းသိနေသော ထွေးထွေးက ဝင်ထောက်သည်။ ထိုအချိန်ကျမှ လေပြေကလေးဝေ့ခနဲ တိုက်ခတ်လာ၏။

"ငါပြောတာက နည်းနည်းပါဟာ. . . သူ့ဘာသာသူ ဘာတွေခံစားပြီး ဘာဖြစ်သွားတယ်တော့ မပြောတတ်ဘူး"

"သနားတော့ သနားပါတယ်ဟယ်"

ထွေးထွေးက မျက်နှာငယ်လေးနှင့် ပြောသည်။ ပြီးတော့ သူကပင်. .

"ပြောမယ့်သာပြောတာ. . . စောကြည်ဖြူက အရက်လည်းမသောက် တတ်ဘူး"

ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ အခုတလော ညညဘက် အရက်မူးပြီးပြန်လာတာ သူတို့မှမသိဘဲ. . .

"အေး. . . နောက်ပြီး သူက ကွမ်းလည်းမစား. . . ဆေးလိပ်လည်း မသောက်တတ်ဘူးနော်"

www.burmeseclassic.com



စိမ်းနုကပါ ဝင်ထောက်ခံသည်။ ထိုစကားကို ကျွန်တော်လည်း ခေါင်းညိတ်မိ၏။

"ဟဲ့ နောက်ပြီး. . . သူက မိန်းမလည်း မရှုပ်ဘူး"

မြနွယ်က စောကြည်ဖြူဘက် တနင့်တပိုး အလေးသာပေး၏။ ဒါကို မယ်လေးက မျက်နှာကို မဲ့ရွဲ့လိုက်ပြီး. . .

"သူလိမ်ပြောတတ်တာရော ထည့်မပြောဘူးလား"

မယ်လေးစကားကို အားလုံးခေါင်းညိတ်လိုက်ပြီး. .

"ဒါလည်း ဟုတ်သားပဲ. . . သူ့မှာတွေ့တဲ့လူကို လိမ်တတ်တဲ့အကျင့်ကလေးတစ်ခုပဲ မကောင်းတာ"ဟု မှတ်ချက်ပေးကြ၏။

လေပြေကတော့ ဝေ့နေတုန်း. . .။

"ဟဲ့. . ဒါနဲ့. . တို့လာမယ့် စနေ၊ တနင်္ဂနွေကျရင် ပျော်ပွဲစားထွက်ဖို့ စီစဉ်ထားတယ်. . . မောင်ငယ် နင်ရော လိုက်မယ်မဟုတ်လား"

ကျွန်တော်ပျော်သွား၏။

"အေး. . . လိုက်ခဲ့မယ်၊ အဲ. . ဒါနဲ့ စောကြည်ဖြူကိုရော. . မခေါ်ဘူးလား"

အားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။ အတန်ကြာမှ မယ်လေးသက်ပြင်းချ၍. . .

"သူလိုက်မယ်ဆိုရင်လည်းခေါ်ပေါ့. . . ငါတို့ကတော့ ကိစ္စမရှိပါဘူး"

ကျွန်တော်ပို၍ပျော်ရွှင်သွားသည်။

လေပြေက လေပြင်းအသွင်ဆောင်ရန် ပြောင်းလဲလိုက်သည်။ မုန်တိုင်း ကျမည်ထင့်. . .။

❑ ❑ ❑

www.burmeseclassic.com

ည . . .

မှေးခနဲ အိပ်ပျော်စမှာပင် အဆောင်အောက်ထပ်မှ ဆူဆူညံညံအသံ ကြားရ၍ လန့်နိုးလာရ၏။

အသံက စောကြည်ဖြူနှင့် အန်တီမြတို့ အန်တီမြင့်တို့ စကားများနေသည့်အသံ။

ဟိုကောင် မူးလာပြန်ပြီထင့်. . .။

ကျွန်တော်လည်း ကမန်းကတမ်းထပြီး အိမ်အောက်သို့ပြေးဆင်းသွားမိ၏။ ကျွန်တော်ရောက်သွားတော့ ဇာတ်ရှိန်က အတော်ကိုတက်နေပြီ. . .။

အရင်ဆုံးကြားရသည်က အန်တီမြင့်အသံ။

“မင်း အဲဒီလို ညတိုင်းကြီးမူးလာတော့ ဘယ်ကောင်းပါ့မလဲ. . . ပတ်ဝန်းကျင်ကရော ဘယ်လိုထင်ကြမလဲ. . . အန်တီတို့က သူများမျက်စောင်းထိုးပြီး ကြည့်တာတောင် ခံနိုင်တာမဟုတ်ဘူး. . . အန်တီတို့အဆောင်က အပြင်ဆောင်ဆိုပေမယ့် စည်းနဲ့ကမ်းနဲ့နေမှကြိုက်တယ်. . . နောက် အန်တီတို့ကလည်း အပျိုကြီးတွေ ဒီလိုအရက်မူးလာတဲ့လူကို မပြောနဲ့ ဖိုဆိုလို့ မီးဖိုတောင် စေ့စေ့ကြည့်ဖူးကြတာမဟုတ်ဘူး. . . အန်တီတို့ကိုတော့ သိက္ခာမချပါနဲ့”

အန်တီမြင့်က အပျိုကြီးပီပီ အပျိုကြီးမှန်းသိသာအောင် ကြွားကြမ်းလေးကြမ်း၏။ စောကြည်ဖြူကလည်း ပစိပစပ်သမားဆိုတော့မလျှော့. . .။

“မဟုတ်ဘူးလေ. . . ကျွန်တော့်ဘာသာ ကျွန်တော်အရက်သောက်လာတာ ဘာဖြစ်လို့လဲ အန်တီတို့ပိုက်ဆံနဲ့ သောက်နေလို့လား. . . ကျွန်တော်အရက်သောက်ပြီး ကိုယ့်အဆောင်ကိုယ်ပြန်လာတာ အန်တီတို့စီးပွားရေးအိုးကို

www.burmeseclassic.com



တုတ်နဲ့ထိုးသလို ဖြစ်နေလို့လား. . .။ အန်တီတို့ ဖိုဆိုလို့ မီးဖိုတောင်စေ့စေ့မကြည့်တာနဲ့ ကျွန်တော်က ထမင်းပေါင်းအိုးဝယ်ပေးရမှာလား. . . ”

“ဟဲ့ကောင်လေး. . . နင်လွန်လာပြီနော်”

“မသိလို့မေးတာပါ”

အခြေအနေမဟန်တော့မှန်းသိ၍ ကျွန်တော်ကပင် ကြားဝင်လိုက်ပြီး

“အန်တီတို့ ကန်တော့နော်. . . ဒီကောင် အမူးလွန်လာလို့ ထင်ရာပြောနေတာ စိတ်မရှိနဲ့နော်”ဟု ဝင်ပြောလိုက်ရသည်။ ဒါကိုပင် စောကြည်ဖြူက ကျွန်တော့်ဘက်လှည့်ပြီး. . .

“ဩော်. . . ဘုရားတကာက အခုမှရောက်လာသကိုး၊ ကဲပြော မင်းကိုရော ထမင်းပေါင်းအိုးဝယ်ပေးရဦးမှာလား. . . ကျားဖမ်းပေးရမလား”

သူ့စကားကို အပျိုကြီးနှစ်ယောက်လုံး ဆွေ့ဆွေ့ခုန်သွား၏။ ပြီးတော့ ဒီကောင့်ကို အမှန့်ကြိတ်မယ်မှစ၍ အဝတ်လျှော်တုတ်နဲ့ရိုက်မယ်. . . ဒန်အိုးထဲထည့်ပြီး ယောက်မနဲ့ကလော်မယ်. . . ဆီပူထိုးမယ်စသည်ဖြင့် ဆူညံသွားကြလေ၏။ ဟိုကောင်ကလည်း မလျှော့. . .။

နောက်ဆုံးတော့ ကျွန်တော်မှပင် စောကြည်ဖြူကို လည်ကုပ်မှဖမ်းချုပ်၍ အပေါ်ထပ်သို့ခေါ်တက်လာရ၏။ အခန်းရောက်သည်အထိ ငတိက မကျေချမ်းနိုင်သေးဘဲ ပွစိပွစိလုပ်နေသေး၏။

“တောက်. . . မင်းဘာလို့ ငါ့ကိုခေါ်လာရတာလဲကွ. . . ငါက ဒီအဘွားကြီးနှစ်ယောက်လုံးကို ပါးစပ်လမ်းကြိတ်စက်နဲ့တင် အမှုန့်ကြိတ်ပစ်ချင်နေတာ. . . မင်းဝင်လာလို့ပေ့ါကွာ. . . နောက်မဟုတ်ရင် အခုချိန်လောက်ဆို နှာခေါင်းလောက်တော့ ပြားနေလောက်ပြီ”

“ကျွတ်. . တော်ပါကွာ. . မင်းကလည်း ကိုယ်ကိုယ်တိုင်က သူတို့အဆောင်မှာငှားနေရတာ နည်းနည်းဆင်ခြင်မှပေ့ါ၊ တော်ကြာ အဆောင်က မောင်းချလိုက်ရင် နေရာပါပျောက်နေဦးမယ်. . . ”

ကျွန်တော့်စကားကို စောကြည်ဖြူက ဟက်ဟက်ပက်ပက် အော်ရယ်လိုက်သည်။

“ဟား ဟား ဒီအဘွားကြီးတွေလား. . . ငါ့ကိုမောင်းထုတ်မှာ. . . စောကြည်ဖြူတဲ့ကွ ကုပ်နဲ့ကလော်ထုတ်တာတောင် ဖနောင့်ကြွမှာမဟုတ်ဘူး ငါ ဒီအိမ်ပေါ်ကဆင်းရတဲ့နေ့ဟာ ဒီအဘွားကြီးနှစ်ယောက်လုံး ဆံပင်ဦးစွန်းဖုတ်ဖြစ်တဲ့နေ့ပဲ. . သူတို့ဆံပင် ဦးစွန်းဖုတ်ထိုးပြီးမှကိုဆင်းမှာ. . . ဦးစွန်းဖုတ်ဖြစ်မှဆင်းမှာ”

www.burmeseclassic.com



"တိုးတိုးအော်ပါကွ အဘွားကြီးတွေကြားသွားရင် မကောင်းဘူး"

"မကောင်းဘူး ဟုတ်လား. . . ဟား. . . ဟား လောကမှာ မကောင်းဘူးဆိုတာ ပြောင်းဖူးမွှေးတောင်မရှိဘူးကွ၊ လုပ်တတ်ရင် ပြောင်းဖူးမွှေးတောင် ပန်းချီရေးတဲ့စုတ်တံဖြစ်တယ်"

ကျွန်တော် သက်ပြင်းချလိုက်သည်။ သူ့ကိုတော့ ဘယ်လိုမှ ရှင်းပြလို့ရမည် မဟုတ်တော့။

"မင်း ဘာတွေဖြစ်နေတယ်. . . ဘာတွေခံစားနေရတယ်ဆိုတာ ငါ့ကို ပြောစမ်းပါသူငယ်ချင်းရာ"

ကျွန်တော့်စကားသံကြောင့် စောကြည်ဖြူ ခေါင်းထောင်သွားသည်။ ပြီးတော့ လျှောင်ပြုံးပြုံးလိုက်ပြီး. . .

"ဘာခံစားနေရလဲ ဟုတ်လား ဟား ဟား. . . "

သူ အိပ်ရာပေါ် ပြန်လှဲချလိုက်သည်။ အတန်ကြာသည်အထိ မျက်လုံးကိုမှိတ်ထားလိုက်သည်။ ပြီးမှ တိုးညှင်းစွာဖြင့်. . .

"မင်းအချစ်နဲ့ နဖူးတွေ့ ဒူးတွေ့ကြုံမှ မကြုံဖူးတာ"

ကျွန်တော့်ရင်ထဲ ဒိန်းခနဲလာဆောင့်သလို ခံစားရ၏။

မယ်လေး၏ မျက်နှာကလေးက ကွက်ခနဲလင်းသွား၏။ ကျွန်တော် မှတ်မိတာက သူ့ဘီးကုပ်အနက်ရောင်ကလေး. . .။ နောက် စောကြည်ဖြူ၏ ဟောက်သံ တရှူးရှူး. . .။

❑ ❑ ❑

www.burmeseclassic.com

လူ့ဘဝဆိုတာ ရေပွက်ပမာဆိုကြပေမယ့်
ဆူလွယ်နပ်လွယ်တော့ ဟုတ်ဟန်မတူဘူးကွဲ့
ဒုက္ခ ပျော်ရွှင်မှုသောကနဲ့ အချစ်ကိုလည်း
ကြုံဖူးရသေးတယ်
တကယ့်အချစ်စစ်မှာ လက်နှစ်ဖက်ရှိတယ်
တစ်ဖက်က အဆိပ်လူးမြှားကိုကိုင်ထားပြီး
တစ်ဖက်က ပန်းသီးတစ်လုံးကိုင်ထားတယ်
အဆိပ်လူးမြှားကိုရွေးချင်ရွေး
မရွေးရင် ပန်းသီးကိုရွေး
အကယ်၍များ
နှစ်ခုလုံးကိုရွေးမိရင်တောင်
အဲဒီလူဟာ အဆိပ်သင့်တဲ့လူပဲဖြစ်လိမ့်မယ်
ဘာလို့လဲဆိုတော့
အချစ်ရဲ့ ချိုမြိန်ခြင်းထက်ကို
အဆိပ်ရဲ့ ပြင်းပြခြင်းက ပိုခါးသက်စေတယ်။

www.burmeseclassic.com

ယနက်မိုးလင်းတာနှင့် ပထမဦးဆုံးသတိထားမိတာက နံဘေးအိပ်ရာတွင် စောကြည်ဖြူရှိမနေခြင်းပင်. . .

ကျွန်တော်လည်း သူ့အတွက်စိတ်ပူပြီး အိပ်ရာမှ ကမန်းကတမ်းထပြီး အောက်ထပ်ပြေးဆင်းသွားမိ၏။

အောက်ထပ်တွင်မြင်ရသော မြင်ကွင်းကြောင့် ကျွန်တော်အကြီးအကျယ်အံ့အားသင့်သွား၏။

ဟုတ်ပါသည်။

မြင်ရသောမြင်ကွင်းက အလွန့်အလွန် ထူးဆန်းပါ၏။ မည်သူမဆို ဤမြင်ကွင်းမျိုးမြင်ပါက လူတိုင်း အံ့အားသင့်ကြပေမည်။

အကြောင်းမှာ စောကြည်ဖြူဆိုသည့်ကောင် အန်တီမြနှင့် အန်တီမြင့်တို့အခန်းဝမှာ လေးဖက်ထောက်ဝပ်နေသောကြောင့် ဖြစ်၏။

သူ့မျက်နှာမှာလည်း လူသေကို ရှေးခေတ် အဖြူအမည်းဓာတ်ပုံရိုက်ထားသလို မှုန်မှုန်ဝါးဝါး ဖုန်ဖုန်ဖွားဖွားကြီးဖြစ်နေ၏။

သူ့ပုံစံကိုကြည့်ပြီး ကျွန်တော်လည်း အံ့အားသင့်သွားပြီး. . .

"ဟေ့ကောင် မင်းဘာလုပ်နေတာလဲ"

ကျွန်တော့်အသံကြားတော့ ငတိ တွန့်ခနဲဖြစ်သွားပြီး ကျွန်တော့်ကို ဝပ်နေရာမှ မထဘဲလှည့်ကြည့်၏။ နောက် သူ့ပါးစပ်ရှေ့လက်ညှိုးလေးထောင်ပြီး ရှူးခနဲလုပ်ပြသည်။ သဘောကတော့ တိတ်တိတ်နေပေါ့။ နောက်ဘာမှဆက် မပြောဘဲ ပုဏ္ဏားဝပ် ပြန်ဝပ်နေ၏။

သိပ်မကြာလိုက်ပါ။ အန်တီမြ အခန်းဆီမှ ချောက်ခနဲအသံကြားရ၏။

www.burmeseclassic.com



ကျွန်တော်လည်း သူတို့ဘာဆက်ဖြစ်မလဲသိချင်တာနဲ့ပဲ လှေကားဘေးတိုင်တစ်ခုတွင် ကွယ်၍ရပ်နေလိုက်သည်။ ထိုအချိန်မှာပင် အန်တီမြင့် အခန်းတံခါးက ကျွီခနဲပွင့်လာသည်။

"ဟဲ့ ပလုတ်တုတ်"

အခန်းဝတွင် ပုဏ္ဏားဝပ် ဝပ်နေသော စောကြည်ဖြူကိုတွေ့တော့ အန်တီမြင့် မျက်လုံးပြူးပြီး ထခုန်သည်။

စောကြည်ဖြူကတော့ ဝပ်နေရာမှ တုတ်တုတ်မလှုပ်သေး။

"ဟဲ့. . မြမြ. . ဒီမှာ ဒီမှာ"

အန်တီမြင့်၏အော်သံကြောင့် အန်တီမြလည်း နိုးလာပုံရ၏။

"ဘာလဲဟဲ့ ငါလာပြီ. . . ယီးယား"ဟူသောအော်သံများနှင့်အတူ အခန်းတံခါးကို တွန်းဖွင့်လိုက်သည်။

"ဟင်"

အခန်းဝတွင်ဝပ်နေသော စောကြည်ဖြူကိုတွေ့တော့ သူလည်းအံ့အားသင့်သွားပုံရ၏။ ပါးစပ်အဟောင်းသားနှင့် ငြိမ်သွား၏။ ထိုတော့မှ စောကြည်ဖြူက သူ့ခေါင်းကို မော့တယ်ဆိုရုံလေးမော့ပြီး တိုးညှင်းသက်သာသော ကရုဏာသံလေးဖြင့်. . .

"အန်တီတို့ ခြေဖမိုး ဝက်သိုးထိုးသလို ဦးတိုက်ကလော် ဒူးမဖော်ဘဲ ဦးတော်မိုးချုပ် ပန်ကြားအပ်ပါသည်။ နားဆင်ပါ အန်တီတို့. . . မနေ့တစ်ညမေ့မရအောင် အရက်တွေမူး ပလပ်တွေပူးပြီး မတူးတောင် အိန္ဒြာကျော်ဇင်ထင်ရလောက်အောင် အမြင်မှောက်မှား အသောက်အစားလွန်ခဲ့သည်မို့ ပြောမှားဆိုမှား ကာယိက္ကန္ဒြေပျက်ပြားအောင် ပြုလုပ်ခဲ့မိပါလျှင် အမျက်တော်မဝင်ဘဲ ခညက်(ထန်းလျက်)တော်ကြပါလို့ မြေပြင်စုံထိုး လက်စုံမိုး၍ ရှိခိုးတောင်းပန်အပ်ပါသည်။

သို့ပါ၍ အပြစ်တစ်ည ရှစ်လတစ်ကြိမ် ရက်သုံးဆယ်မက မူးပါလှုလည်း နာရာဂီရိအမည်ရှိသည့် တောင်ရှိနီးနီး ဆင်ပြောင်ကြီးပင်လည်းကောင်း၊ အရက်ကိုမော့သောက် မူးနောက်စွာလျှင် ဘုရားရှင်ကို မာန်စွယ်နှင့်ထိုး မုန်းမာန်ညှိုးခဲ့ကြောင်း သာဓကရှိသည့်အတိုင်း ကျွန်တော်စောကြည်ဖြူသည်လည်း ဘီအီးကိုးဆယ်ဖိုးသောက် ငဝေါက်လောက်မှ ကျပ်မပြည့်ဘဲ အန်တီတို့လို ကျေးဇူးကြီးမြင့် အပျိုတော်ရင့်တို့ကို အစွယ်နှင့်ထိုးရန်ကြံစည်သလို ဖြစ်ခဲ့ပါသဖြင့် အမျက်တော်မသမ်းဘဲ ခညက်(ထန်းလျက်)တော်ကမ်းကြပါလို့ ဝေဟင်ပျံမတက် ခြေစုံဖက်၍ ရိုသေမြတ်နိုး တနင့်တပိုး ရှိခိုးတောင်းပန်အပ်ပါသည်"

www.burmeseclassic.com



စသည်ဖြင့် ဘာတွေမှန်းမသိသော ဂါထာတွေလား၊ မန္တန်တွေလားမသိသော လင်္ကာများဖြင့် တတွတ်တွတ်တောင်းပန်နေလေသည်။ ဒါကို အပျိုကြီးနှစ်ယောက်ကလည်း ဘာကိုသဘောပေါက်သည်မသိ နှစ်ယောက်လုံး မျက်နှာကြီးများပြုံးပြီး ကျေနပ်သလို ခေါင်းတညိတ်ညိတ်နှင့်

"ငါ့တူနာမည် စောကြည်ဖြူ လှည်းတန်းအဆောင်မှာနေပါတယ်"

"အရက်သေစာ မသောက်စားနှင့်

ကျောသားရင်သားပူတတ်တယ်"

"လက်သုပ်ချဉ်တွေ စွတ်မမြည်းနဲ့ ဝမ်းလျှောပြီးတော့ နာတတ်တယ်"

"မှုးလာတဲ့အခါ အော်မဆဲနဲ့ အိမ်ခေါင်မိုးခဲကျတတ်တယ်"

"အိပ်ရာဝင်ချိန် အင်္ကျီမချွတ်နဲ့ အအေးပတ် လေဖြတ်သေတတ်တယ်"

"အိပ်ရာထချိန် ခေါင်းတွေမူးလို့ အစာမဝင်ဘဲ အန်တတ်တယ်"

"အမူးမပြေလို့ အဖြေပေးရင်း အရက်စွဲပြီးသေတတ်တယ်. . ရှူး. . ရှူး . . ရှူး"ဟူသောဆုံးမစကားကို လက်ညှိုးဘယ်ညာစုံထိုးပြီးမဆုံးတန်း ဆုံးမနေလေချေတော့သည်တမုံ့. . ။ကြာတော့ စောကြည်ဖြူလည်း သည်းမခံနိုင်တော့ ရော့ထင့်၊ ထိုင်ရာမှ ထလိုက်သည်။နားနှစ်ဖက်ကိုပိတ် အံကြိတ်၍ကလော်ထုတ်လိုက်သည်။ ကျွန်တော်သိပြီ။

"ဟေ့ကောင် စောကြည်ဖြူ ခဏစောင့်ဦး"

အန်တီမြတို့ ဆုံးမစကားမဆုံးမီ "ဟုတ်ကဲ့ ဟုတ်ကဲ့ ကျွန်တော်သွားတော့မယ်" ဟုဆို၍ စကားစဖြတ်ပြီး ထထွက်သွားသည်ကိုသိသောကြောင့် ကျွန်တော်လှမ်းတားလိုက်ရ၏။ သူ ကျွန်တော့်ကိုကြည့်၍ စိတ်ညစ်သွားဟန်ဖြင့်

"ဟာကွာ. . မင်းကလည်း တမှောင့် ဘာလုပ်ဖို့လဲ"

"မင်းကို ပြောစရာရှိလို့ကွ"

စောကြည်ဖြူ စိတ်မရှည်ဟန်ဖြင့်. . .

"ပြောစရာရှိ မြန်မြန်ပြောကွာ. . . ငါသွားစရာရှိသေးတယ်"

"ငါလိုက်ခဲ့ပါ့မယ်. . . ခဏလေးစောင့်ကွာ ငါမျက်နှာသစ်လိုက်ဦးမယ်"

စောကြည်ဖြူထံမှ ကျွတ်ခနဲ စုပ်သပ်သံကြားရ၏။ ကျွန်တော်လည်း လှည့်မကြည့်တော့ဘဲ ရေချိုးခန်းဝင်၍ ကမန်းကတမ်း မျက်နှာသစ်လိုက်သည်။ ပြီးတော့ ကမန်းကတမ်း အဝတ်အစားလဲ၍ ကမန်းကတမ်းဧည့်ခန်းထဲပြန်ပြေးထွက်လာသည်။

www.burmeseclassic.com



"ဟင်"

ဧည့်ခန်းထဲတွင် စောကြည်ဖြူမရှိတော့။

"မောင်ငယ်ရေ. . တူသားကျောပူစောကြည်ဖြူက လက်ဖက်ရည်ဆိုင်က စောင့်နေမယ်တဲ့"

ဟူသော အန်တီမြင့် အသံကျယ်ကျယ်ကိုကြားရ၏။

ကျွန်တော် လက်ဖက်ရည်ဆိုင်ရောက်တော့ စောကြည်ဖြူက လက်ဖက်ရည်ပင် သောက်ပြီးနေပြီ။

"မင်းကွာ ငါ့ကိုတောင်မစောင့်ဘူး"

ထိုင်ခုံတစ်ခုကို ဆွဲထိုင်ရင်းပြောသော ကျွန်တော့်စကားကို စောကြည်ဖြူက မျက်နှာကိုရှုံ့မဲ့လိုက်ပြီး. . .

"အာ. . . ဘယ့်နှယ်စောင့်နိုင်ရမှာလည်း ဟိုက အဘွားကြီးတွေ ပေါက်ပေါက်ဖောက်နေတာလဲ မင်းကြားရဲ့သားနဲ့ အပြစ်ရှိလို့သာ သည်းခံနေရတာ နောက်မဟုတ်ရင် ငါကလော်ပြီးနေပြီ"

သူ့စကားကြောင့် ကျွန်တော်ရယ်ချင်သွားမိ၏။

"ဒါနဲ့ မနေ့ညကပြောတော့ မင်းက အဘွားကြီးနှစ်ယောက်ကို ဦးစွန်းဖုတ်ထိုးမှာဆို"

"ထိုးမှာ. . . ထိုးမှာ. . . တကယ်ထိုးမှာ. . ကျောင်းကမပိတ်သေးလို့ ကျောင်းပိတ်ခါနီးဆို ထိုးရုံမကဘူး ဂျော်ကာပုံဖော်ပေးခဲ့ဦးမယ်"

ကျွန်တော် ဟက်ဟက်ပက်ပက်ရယ်မိ၏။

"ဒါနဲ့ မင်းငါ့ကို ပြောစရာရှိလို့ဆို ဘာလဲ"

"ဩော် အေး အခုလာမယ့် စနေ တနင်္ဂနွေကျရင် မယ်လေးတို့အုပ်စုက လှော်ကားဘက် ပျော်ပွဲစားထွက်မလို့တဲ့ကွ. . အဲဒါ"

ကျွန်တော့်စကားမဆုံးမီ စောကြည်ဖြူက ထုံးစံအတိုင်း ကျွတ်ခနဲစုပ်သပ်၏။ ပြီးတော့မှ. . .

"အဲဒါလား. . . အဲဒါ ငါသိပြီးပြီ. . . "

"ဟင် မင်းက ဘယ်လိုသိတာလဲ"

"မနေ့က စိမ်းနုနဲ့ လမ်းမှာဆုံလို့ သူပြောလိုက်တာ"

"ဩော်"

"ဩော်တွေ ဘာတွေလုပ်မနေနဲ့ မင်းမှာပိုက်ဆံရှိလား"

"လက်ဖက်ရည်ဖိုးလား ရှိပါတယ်ကွ"

စောကြည်ဖြူက မျက်မှောင်ကျုံ့၍ ခေါင်းကို ခပ်သွက်သွက်ရမ်းသည်။

www.burmeseclassic.com



"ဟာ လက်ဖက်ရည်ဖိုးလောက်က ငါ့မှာလည်းရှိပါတယ်ကွ. . . ငါ ပြောတာ ပျော်ပွဲစားသွားရင် သုံးဖို့ပိုက်ဆံ"

"ပျော်ပွဲစားသွားရင် သုံးဖို့ပိုက်ဆံ"

"အေးလေကွာ. . ခွီးထဲမှပဲ ဟိုရောက်ရင် သူများကျွေးတာချည်းပဲ ကပ် စားနေလို့ ဘယ်ကောင်းမှာလဲ. . . ကိုယ့်မှာလည်း ပိုက်ဆံကပါဦးမှပေါ့"

"အဲ အများကြီးတော့ မရှိဘူးဟ"

"ကျွတ်"

စောကြည်ဖြူက စုတ်သပ်ပြန်သည်။ နောက် သူခေါင်းကိုကုတ်၍ စဉ်းစားနေပုံရ၏။ အတန်ကြာမှ. . .

"အဲ အကြံရပြီ"

သူ့စကားကြောင့် ကျွန်တော်အံ့အားသင့်သွား၏။

"ဘာအကြံရတာလဲကွ"

"ဘာအကြံလဲမမေးနဲ့. . . ပိုက်ဆံရမယ့်အကြံ၊ လက်ဖက်ရည်ဖိုးရှင်း ပြီးသွားရအောင်"

ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့၊ လက်ဖက်ရည်ဖိုးအမြန်ရှင်း ပြီး သူ့နောက် ကမန်းကတမ်းပြေးလိုက်ရလေသည်။

❑ ❑ ❑

www.burmeseclassic.com

"**တောက်** . . လုံးဝမထင်ရဘူးကွာ"

ဘာမဆိုင် ညာမဆိုင်ဝင်ပြောလိုက်သော စောကြည်ဖြူ၏စကားကြောင့် ကိုယ့်ဘာသာကိုယ် စကားကောင်းနေကြသော ထွန်းနိုင်တို့၊ ထွန်းလင်းအောင်တို့ ဖျတ်ခနဲ သူ့ကိုဝိုင်းကြည့်ကြသည်။ စောကြည်ဖြူက စကားကိုဆက်မပြောဘဲ မျက်နှာသေကလေးနှင့် လမ်းမဘက်ငေးနေသောကြောင့် ခုနသူတို့ပြောနေသည့်စကားကိုပြန်ဆက်ရင်း ဖောင်ဖွဲ့နေကြပြန်သည်။ အတန်ကြာမှ စောကြည်ဖြူထံမှ ပြန်ထွက်လာသည့်အသံက

"တောက် တစ်နေ့ကပဲ လက်ဖက်ရည်ဆိုင်မှာဆုံတုန်းက အကောင်းကြီးကွာ အခုတော့ အခုတော့"

သူ့မျက်ဝန်းတွင် မျက်ရည်များဝေ့သီလာသည်။ သူ့ကိုကြည့်ပြီး အားလုံး တအံ့တသြ။ ကျွန်တော်ပင် အတော်စိတ်ဝင်စားသွား၏။

"ဘာဖြစ်လို့လဲ စောကြည်ဖြူ"

ထွန်းလင်းအောင်က ဖြတ်မေး၏။ စောကြည်ဖြူက သူ့အမေးကို ဂရုမစိုက်ဘဲ သူ့ဘာသာသူရေရွတ်နေသလို တဖွဖွပြော၏။

"တစ်နေ့က လက်ဖက်ရည်ဆိုင်မှာ သူငါ့ကိုပြောခဲ့တဲ့စကား ငါဒီနေ့ထိမမေ့သေးဘူး. . . ဘာတဲ့. . လူဆိုတာ ခဲတံချွန်စက်ထဲရောက်နေတဲ့ ခဲတံလိုပဲတဲ့ တဖြည်းဖြည်း လုံးပါးပါးသွားကြရတာချည်းပဲတဲ့ တောက်. . . အဲဒီစကားငါ့နားထဲက မထွက်သေးဘူးကွာ. . မှန်လိုက်တဲ့စကား"

မျက်ရည်များ ပိုဝဲတက်လာ၏။ အသံက ကတုန်ကရင်နှင့် သူ့အပြုအမူကြောင့် အားလုံး ပို၍စိတ်ဝင်စားသွားကြ၏။ မနေနိုင်တော့သော ထွန်းနိုင်က

www.burmeseclassic.com



"ဘယ်သူလဲ. . . ဘယ်သူဘာဖြစ်လို့လဲ"

"သန်းအောင်လေ. . . သန်းအောင်"

"သန်းအောင်. . . မင်းတို့ မြန်မာစာက သန်းအောင်လား"

"အေး ဟုတ်တယ်"

"သန်းအောင်က ဘာဖြစ်လို့လဲ"

"ဆုံးပြီကွ. . . ဆုံးပြီ"

"ဟယ်"

သူ့စကားကြောင့် အားလုံးအံ့အားသင့်သွားကြ၏။

"တောက် ငါလုံးဝမထင်ဘူးကွာ. . . မျက်စိထဲ သူ့ကိုမြင်ယောင်နေတုန်းပဲ"

"အေးကွ. . . ဒီကောင့်ကို မတွေ့တာတော့ကြာပြီ"

"ဘယ် သန်းအောင်ကိုပြောတာလဲ. . . ဟို အင်္ဂလိပ်နှာခေါင်းနဲ့ ကုပ်ချောင်းချောင်းကောင်လား"

"အေးလေကွာ. . . အဲဒီသန်းအောင် တစ်ယောက်တည်းရှိတာဟာ. . . အစက တယောထိုးဖို့ကြိုးစားသေးတယ်ကွ၊ နောက်မှ တယောဘိုးတံနဲ့ သူ့နှာခေါင်းနဲ့ မလွတ်လို့ လက်လျှော့လိုက်ရတာ. . . အခု သူဆုံးပြီတဲ့ကွ"

အားလုံး ပွစိပွစိဖြစ်ကုန်ကြ၏။ စောကြည်ဖြူကတော့ မျက်ရည်တဝဲဝဲ၊ ခေါင်းတခါခါနှင့် ခံစားနေရသည့်ပုံ၊ သူ့ကိုကြည့်ပြီး ထွန်းလင်းအောင်တို့ ထွန်းနိုင်တို့ အုပ်စုပါ မျက်ရည်လည်လာ၏။

"ဒါနဲ့ သူက ဘာရောဂါနဲ့ဆုံးတာလဲ"

ထွန်းနိုင်က မျက်ရည်အဝဲသားနှင့်မေး၏။ စောကြည်ဖြူကလည်း မျက်ရည်အဝဲသားနှင့် ပြန်ဖြေသည်။

"မင်းတို့လည်း သိသားနဲ့ကွာ. . . သူက ခေါင်းမှာစိတ်၊ နှာခေါင်းမှာ ထိပ်၊ ဖင်မှာလိပ် တစ်ကိုယ်လုံးရောဂါရှိတာကွ"

"ဘာလဲကွ မင်းစကားက"

ထွန်းနိုင်က မျက်မှောင်ကျုံ့ပြီး မေး၏။

"ဒီလိုလေကွာ. . . ဒီကောင်က ခေါင်းမှာက စိတ်ရောဂါ၊ နှာခေါင်းမှာက ထိပ်ကပ်နာ၊ ဖင်မှာက လိပ်ခေါင်း ရောဂါစုံရှိတာကွ. . "

"ဩော်"

ထွန်းနိုင် ရှင်းသွား၏။

"ဒီကောင်က ဆာကေးနဲ့လှဌေး အမြဲဆောင်ထားရတာကွ. . . အဲဒါမှ မရှိရင် မမာဘူး"

www.burmeseclassic.com



"ဘာလဲကွ ဆာကေးနဲ့ လှဌေး"

"ဟို ဆာကေးဆိုတာ ဂျပန်လိုကွာ. . အရက်ကိုခေါ်တာ. . . လှဌေး ဆိုတာ မှန်ချိုဦးလှဌေးရဲ့ လိပ်ခေါင်းပျောက်ဆေး အဲဒီနှစ်ခုကို အမြဲဆောင်ထား ရတာကွ"

"ဩော်"

ထွန်းနိုင် ပို၍ရှုပ်သွား၏။ ခေါင်းတညိတ်ညိတ်နှင့်ဖြစ်သွားသည်။ နောက် သူမရှင်းသေးသည်များကို ဆက်မေး၏။

"ဒါနဲ့ သူဘာနဲ့ဆုံးတာလဲ"

"ကျွတ် ပြောကိုမပြောချင်ပါဘူးကွာ. . . တစ်နေ့က ကျောင်းက ကောင်မလေးလှလှနှစ်ယောက်နဲ့ ဆရာတစ်ယောက်အိမ်သွားတာ ဝမ်းသာလွန်း လို့ နှလုံးလေဟပ်သွားတာကွ. . . အဲဒါ အဲဒီနေ့က အဲဒီကောင်မလေးနှစ် ယောက်ပဲ သူ့ကိုတွဲပြီး ဆေးခန်းပို့ခဲ့ရသေးတယ်. . . အဲဒါတစ်ခါတည်း မဟုတ်ဘူး နှစ်ခါတောင်"

"နှစ်ခါတောင်"

"အေး. . . အဲဒီလိုဖြစ်ပြီး နောက်နေ့မှာပဲ အသက်ထွက်သွားတာပဲ"

"ဟာ ဖြစ်မှဖြစ်ရလေ. . ဝမ်းသာလုံးဆို့သွားတာနဲ့ တူတယ်"

"အေး ဖြစ်နိုင်တယ်ကွ သူတွဲသွားတဲ့ ကောင်မလေးနှစ်ယောက်က လည်း အလှတွေ အဲ. . အဲဒါတွေထားပါတော့ကွာ. . . အခု မင်းတို့လည်း သိထားတဲ့အတိုင်း ဒီကောင်တွေအိမ်က သိပ်ပြေလည်တာမဟုတ်ဘူးကွ. . . အဲဒါ ငါကပဲ သူ့အသုဘလေး လှလှပပဖြစ်သွားအောင် အလှူငွေကောက်ပေး နေတာကွ"

ဟုဆိုပြီး စာအုပ်လေးတစ်အုပ်ဆွဲထုတ်လိုက်ပြီး သူ့နာမည်သူရေးပြီး အလှူငွေနေရာတွင် ငါးရာဟု ရေးထည့်လိုက်သည်။ နောက် ကျန်သည့်သူများ ဘက်လှည့်၍. . .

"ကဲ မင်းတို့လည်း ကိုသန်းအောင်ကြီးအတွက် တတ်နိုင်သလောက် လေး ကူညီကြပါဦး"

ဟုဆိုလိုက်ရာ အားလုံးက တိုင်ပင်စရာမလိုဘဲ တစ်ယောက် ငါးရာ၊ နှစ်ရာ၊ တစ်ရာ စသည်ဖြင့် တတ်နိုင်သလောက် အလှူငွေထည့်ဝင်ကြ၏။

ထိုသတင်းမှာ ကျောင်းတွင်း၌ ခဏတွင်းပျံ့နှံ့သွားပြီး တစ်ယောက်ပြီး တစ်ယောက် အလှူငွေလာထည့်ကြရာ တစ်ထိုင်တည်းမှာပင် ငွေနှစ်သောင်း ကျော်ကျော်အလှူခံ၍ ရရှိလေသည်။

www.burmeseclassic.com



ဤသည်ကို မျက်ဝါးထင်ထင်မြင်တွေ့နေရသော ထွန်းနိုင်က အားမလို အားမရဖြင့်

“တောက် ငါလည်း ဒီအတိုင်းဆက်နေရင် ရူးမလား သေမလားပဲ”

စောကြည်ဖြူက မျက်မှောင်ကျုံ့လိုက်ပြီး. . .

“ဘာဖြစ်လို့လဲကွ”

“မယ်လေးကြောင့်ပေါ့ကွာ. . . မယ်လေးကြောင့် မယ်လေးအချစ်ကိုမှ မရရင် ငါလည်း ရူးမလား သေမလားပဲ”

သူ့စကားကြောင့် ကျွန်တော့်မျက်ခုံးနှစ်ဖက် မြင့်တက်သွား၏။ စောကြည်ဖြူကတော့ အေးအေးဆေးဆေးပင် ပိုက်ဆံများရေတွက်နေရာမှ သူ့ဘက်လှည့်၍. . .

“အဲဒီအတွက်တော့ မပူပါနဲ့ကွာ”

စောကြည်ဖြူစကားကြောင့် ထွန်းနိုင် အားတက်သရောဖြင့်

“မင်းကူညီမှာလား. . . မင်းကူညီမှာလား သူငယ်ချင်းရာ”

ဟုမေးသည်။ စောကြည်ဖြူက ခေါင်းခါယမ်းလိုက်ပြီး

“မဟုတ်ဘူး၊ သေမှာပဲလို့ပြောမလို့”

“ဟာကွာ. . . တောက်”

ထွန်းနိုင်ပျော့ကျသွား၏။ ကျွန်တော်ရယ်ချင်သွားသည်။

“ဒါပေမယ့် မပူပါနဲ့ သူငယ်ချင်းတွေအများကြီးရှိတာပဲ”

စောကြည်ဖြူ စကားထပ်စသည်နှင့် ထွန်းနိုင်ခေါင်းပြန်ထောင်တက်လာသည်။ မျက်လုံးများ အရောင်လက်လာပြန်၏။ နောက် ဗလုံးဗထွေးနှင့်

“သူငယ်ချင်းတွေ ကူညီနိုင်မှာလား သူတို့က ကူညီနိုင်မှာလား”

“မဟုတ်ဘူး၊ သူငယ်ချင်းတွေများတော့ မင်းအသုဘပိုစည်တာပေါ့”

“ဟာကွာ. . တောက်”

ထွန်းနိုင်ပြန်၍ ပျော့ကျသွားပြန်သည်။ စောကြည်ဖြူကတော့ ခပ်တည်တည်ပင် ထွန်းနိုင်ကို လှည့်ပတ်ကြည့်လိုက်ပြီး. . .

“ဒါနဲ့ မင်းဒီဆွဲကြိုး အဆုံးမခံနိုင်ဘူးလား”

ထွန်းနိုင် ပြန်မတ်လာပြန်သည်။ နောက်. . . သူ့ဆွဲကြိုးကို ကိုင်ကြည့်ပြီး ဝမ်းသာအားရအသံဖြင့်. . .

“ဒီဆွဲကြိုးလေးကို မယ်လေးက တောင်းလို့လား ငါအဆုံးခံနိုင်ပါတယ်ကွာ. . . မယ်လေးမှယူမယ်ဆို ငါပေးပါ့မယ်. . . သူက ဒီဆွဲကြိုးလေးမှ လိုချင်လို့လား”

www.burmeseclassic.com



"သူကတော့ ဘာမှမပြောပါဘူးကွာ"

"ဒါဆို ဘာလုပ်ဖို့လဲ"

"ဘာမှ မလုပ်ပါဘူးကွာ. . . မသာနဲ့ဆွဲကြိုး မလိုက်လို့ပါ"

ထွန်းနိုင်၏ ကလော်သံ မိုးမွှန်သွား၏။

ဘာပဲပြောပြော. . ထိုနေ့သည် ကျွန်တော်တို့အတွက် အစည်ကားဆုံး နေ့တစ်နေ့တော့ ဖြစ်သွား၏။ ကိုသန်းအောင်ကြီးဆုံးလို့ ဟုဆိုပြီး ကောက်ခံထားသော အလှူငွေနှင့် လက်ဖက်ရည်တွေကိုယ်တိုင်လည်း တစ်ဖြုန်စ်ဖြုန်းသောက်၊ သူများကိုလည်း တစ်ဖြုန်စ်ဖြုန်းဒါနပြုရင်း လှပစွာကုန်လွန်သွား၏။

သို့သော် ထိုလှုပခြင်းမှာ သိပ်မကြာလိုက်၊ နောက်နှစ်ရက်ခန့်မှာပင် ဆုံးပြီဟုကြေညာထားသော သန်းအောင်မှာ သူ၏လူသိများသော နှာခေါင်းကြီး ရှေ့ထုတ်ကာ ကျောင်းကိုပြန်ရောက်လာရာမှ ပြဿနာစပြန်သည်။

အားလုံးက သူဆုံးပြီဟုသောသတင်းကြောင့် ဝမ်းနည်းနေတုန်းမှာပင် သူ့ကို အရှင်လတ်လတ်ကြီးပြန်တွေ့လိုက်ရသောအခါ ဝိညာဉ်လေလား၊ ဖုတ်ဝင်တာလားဟူ၍ တအံ့တသြဖြစ်သွားကြရလေသည်။

နောက်တော့မှ ဒါ စောကြည်ဖြူစနက်ဖြစ်ကြောင်း သိသွားကြပြီး စောကြည်ဖြူကို အမှုန့်ကြိတ်မယ်ဆိုပြီး မြေလှန်ရှာကြလေသည်။ စောကြည်ဖြူနှင့်တွေ့တော့လည်း စောကြည်ဖြူက အေးအေးဆေးဆေးပင်။

"ငါလည်း မင်းတစ်ပတ်လောက်ပျောက်နေတယ်ဆိုတော့ မင်းရောဂါ အခြေအနေနဲ့ အနီးစပ်ဆုံးခန့်မှန်းလိုက်တာပဲ၊ မင်းကို မသေဘဲပြန်တွေ့ရတော့ ဝမ်းသာပါတယ်"ဆိုပြီး ဆရာကြီးလေသံနှင့် ရှင်းပြလိုက်သည်။ ဒါကို မကျေမနပ်ဖြစ်နေသည့် ထွန်းနိုင်တို့အဖွဲ့က သူဆုံးပြီဆိုပြီး ကောက်ထားတဲ့ပိုက်ဆံက ရောဆိုတော့. . .

"ဟ ဒါက မင်းတို့လည်း လက်ဖက်ရည်သောက်ကြတာပဲ. . . အဲဒီ လက်ဖက်ရည်ဖိုးတွေ ရှင်းပေးနေတာ သူ့အတွက်ကောက်လို့ရတဲ့ ပိုက်ဆံထဲက ရှင်းပေးနေတာပေါ့. . . ပိုတာကရော့ ဒီမှာ ငါးထောင်. . . ကိုသန်းအောင်ကြီး မသေဘူးဆိုတော့ ငါတို့ ပျော်ပျော်ပါးပါး ပျော်ပွဲရွှင်ပွဲကျင်းပကြရအောင်"

"ရွှေ နိပ်ပဟ"

ဟူသောအသံ သန်းအောင်ထံမှ အရင်ဦးဆုံးကြားရ၏။

"နောက်တစ်ခါ ငါပျောက်သွားရင် အဲဒီလိုလုပ်ပေးပါဦး"ဟုဆို၍ ပျော်ရွှင်စွာ သုတ်ခြေတင်သွားလေ၏။ ကျန်သည့်သူများက လက်ဖက်ရည်ခြေချုပ်မိ၍ ဘာမှဆက်မပြောနိုင်တော့. . . စောကြည်ဖြူကို အမှုန့်ကြိတ်ဖို့မပြောနှင့်

www.burmeseclassic.com



ကြံရာပါဆိုပြီး အငေါက်ပင်ခံရသေး၏။

ဘာပဲပြောပြော ကျွန်တော်တို့နှစ်ယောက်အတွက်ကတော့ ပျော်ပွဲစားစရိတ်တစ်သောင်း ပျော့ပျော့ခန့်ရလိုက်၏။ တစ်ခုပဲပြောစရာရှိ၏။ ပျော်ပွဲရှင်ပွဲတွင် ကျွန်တော် အရက်မသောက်ရခြင်းပင်။

❑ ❑ ❑

www.burmeseclassic.com

အချစ်၏ရောင်စဉ်များသည် စုစည်းမိပြီး အားလုံးသော ဘဝနေနည်းတို့အပေါ် ဆင်းသက်ကျရောက်လျက်ရှိသည်။

မိတ်ဆွေဖြစ်ခြင်း၊ သိနားလည်ခြင်း၊ ပျော်ရွှင်ခြင်း စသော ကောင်းမွန်သည့် ဘဝအနုပညာအားလုံးသည် အချစ်၏ ရွှေရောင်ကြိုးမျှင်များအပေါ်တွင် သီကုံးထားသော တောက်ပသည့်ပုတီးစေ့များဖြစ်သည်။

အချစ်သည် ကျွန်ုပ်တို့ဖြစ်တည်နေမှု ပိရမစ်၏ အခြေခံအုတ်မြစ်လည်းဖြစ်၍ အထွတ်အထိပ်လည်းဖြစ်သည်။

**Wilzerd Peterson**

❑ ❑ ❑

www.burmeseclassic.com

တကယ်ပျော်ပွဲစားထွက်ကြတော့ ကျွန်တော်တို့နှင့်အတူ ထွန်းနိုင်၊ ထွန်းလင်းအောင်၊ သန်းအောင်တို့ပါ ပါလာ၏။ သူတို့ကလည်း ငွေရှာသည့်အထဲ သူတို့ပါ ပါသည်ဆို၍ မရမက အတင်းကပ်လိုက်၏။ ကျန်သည့်သူများပါလာတာက ကိစ္စမရှိ။ ထွန်းနိုင်ကိုမြင်တော့ မယ်လေးမျက်နှာက စူပုပ့်ပုပ့်ဖြစ်နေ၏။ မယ်လေးဖြစ်မယ်ဆိုလည်းဖြစ်စရာ. . .။ ထွန်းနိုင်ဆိုသည့်ကောင်က မျက်နှာချေတွေလူးပြီး နှဲရှိုးကြီး တကိုင်ကိုင်နှင့်ကိုး။

နင်တို့ကလည်းဟယ်. . . အဲဒီမျက်နှာရှုးကိုမှ ခေါ်လာရတယ်လို့ အခုလည်းကြည့်ပါလား ငါ့ဘက်လှည့်ပြီး သွားဖြဲနေတာ. . . လေးဆယ့်ငါးမိနစ်လောက်ရှိနေပြီ။ ငါ စိတ်ညစ်ပါတယ်ဟယ်. . .။

ဟုတ်လည်းဟုတ်ပါသည်။ ထွန်းနိုင်ဆိုသည့်ကောင် မယ်လေးကိုမြင်ကတည်းက သွားဖြဲနေတာ ပါးစပ်ပြန်မစေ့တော့။ ဒီအတိုင်းဆို သူ့ပါးစပ်ထဲ ယင်ကောင်ဝင်အုရုံမက ပင့်ကူပါအိမ်ဝင်ဆောက်ပြီး ယင်ကောင်ဖမ်းလို့ ရနေလောက်ပြီ။ဖြစ်နေပုံက သူယူလာသည့်နှဲရှိုးကြီးပင်ပြန်ကိုက်၍ လွယ်မည်မထင်. . .။

စောကြည်ဖြူက ထွန်းနိုင်ကိုကြည့်ပြီး. . .

"ငါတို့လည်း မလိုက်ဖို့ပြောတာပဲဟ. . . ဒါပေမယ့် သူကိုကဇွတ်"

"ငါတော့ စိတ်ညစ်ပါတယ်ဟယ်"

မယ်လေးခေါင်းကုတ်ပြီး ချွဲသံပါအောင်ညည်း၏။ မယ်လေးကိုကြည့်ပြီး စောကြည်ဖြူက

"ဒီလောက်လည်း မပူပါနဲ့ဟာ ငါဒီကောင့်ကို ဒီကမပြန်ခင် နောက်တစ်သက်လုံး ဆက်မလိုက်ရဲအောင် ဆုံးမလိုက်ပါ့မယ်"

www.burmeseclassic.com



စောကြည်ဖြူအသံက ပြတ်သားခိုင်မာနေ၏။

"နင်က ဘယ်လိုဆုံးမ မလို့လဲ ကြည့်ကြက်တော့လုပ်ဦးဟ. . . တော်ကြာ ကျော်မကောင်း ကြားမကောင်းတွေဖြစ်နေပါဦးမယ်"

စောကြည်ဖြူက ပြုံးလိုက်ပြီး. . .

"မဖြစ်ပါဘူးဟာ. . . ပညာရှိနည်းပါ"

"ဘယ်လို"

"ဒီလိုလေဟာ"

စောကြည်ဖြူ မယ်လေးနားကပ်ပြီး တိုးတိုးလေးပြောသည်။ ကျွန်တော်နှင့်ခပ်လှမ်းလှမ်းမို့ သူတို့အသံကမကြားရ။

မယ်လေးမျက်နှာ ပန်းရောင်လေးသန်းသွား၏။ နောက်မှ ခပ်ဖွဖွရယ်လိုက်ပြီး. . .

"နင့်ဟာဖြစ်ပ့ါမလားဟ"

"နင်သာ ပီပြင်ပါစေ"

သူတို့နှစ်ယောက် အတိုင်အဖောက်လုပ်နေ၏။ ကျွန်တော်လည်း သိချင်နေပြီမို့. . .

"ဘာတွေတိုင်ပင်နေတာလဲ"

မယ်လေးကတော့ ရယ်နေလိုက်သည်။ စောကြည်ဖြူကသာ. . .

"ဟိုကောင့်ကို ချောက်ထဲတွန်းချမလို့"

သူ့စကားကို ကျွန်တော်ပါ ဘုမသိဘမသိ ရောယောင်ရယ်လိုက်မိ၏။

❑ ❑ ❑

www.burmeseclassic.com

**ကား**စထွက်ကတည်းက အနှောင့်အယှက်ပေးသည်က ထွန်းနိုင်၏နဲ့ကြီးပင်. . .။ သူနှင့်နဲ့ကြီးအတူပါလာသည့်အတွက် အခြားပျော်ပွဲစားများလို ဂစ်တာတဒေါင်ဒေါင်ခေါက်ပြီး ပျော်ရွှင်စွာခရီးသွားရခြင်းမျိုးမဟုတ်တော့ဘဲ နဲ့ ကြီးတဂွီဂွီမှုတ်နေသောကြောင့် အားလုံးသော သူများမျက်စိကိုမှိတ် နားကိုပိတ်၍ အံကြိတ်လိုက်လာရခြင်းပင်. . .။

တော်ပါတော့လို့လည်း ပြောလို့မရ တောင်းပန်ပါတယ်ဆိုလည်းမရ၊ မမှုတ်ရင် ဘယ်လောက်ပေးရမလဲဆိုတာလည်း မတိုးနှင့် ဘယ်လိုမှ ပြောမရဆို မရဘဲ ကတ်သတ်ပါလာသေး၏။

တစ်ယောက်ယောက်က 'တော်ပါတော့၊ တောင်းပန်ပါတယ်'ဆိုလျှင် သူက မျက်နှာထိမျက်နှာထားကြီးနှင့် 'နဲ့သံမကြိုက်ရင် နားပိတ်ထား၊ မကြိုက်တဲ့ သူအတွက် လေအကုန်ခံမှုတ်နေတာ မဟုတ်ဘူး၊ ကြိုက်တဲ့လူတစ်ယောက်အတွက် လိပ်ခေါင်းအထွက်ခံ ကြိုးစားနေတာ'တဲ့။

မယ်လေးကိုရည်ရွယ်၍ ပြောခြင်းဖြစ်၏။

သူထင်လည်း ထင်စရာ မယ်လေးက သူ့နဲ့သံမကြားချင်၍ နားကြပ်ကက်ဆက်ကလေး နားမှာတပ်ပြီး အိပ်နေလိုက်တာမှ ပါးစပ်ကလေးဟပြီး သိုးလို့. . .။

ဒါကို ထွန်းနိုင်က မယ်လေး သူ့နဲ့အရသာခံနေသည်ဟု ထင်နေပုံရ၏။ ဒါကြောင့် အားကြိုးမာန်တက် တစ်ပုဒ်ပြီးတစ်ပုဒ် မဆုံးတမ်းမှုတ်လို့. . .။ ခရီးက နီး၍တော်သေး၏။ ခရီးသာဝေးပါက အားလုံး သူ့နဲ့သံကြောင့် နားကန်း သွားလောက်၏။

ခင်ဗျားတို့ သူ့နဲ့သံကိုမှ နားထောင်ချင်ရင်တော့ အနီးစပ်ဆုံး မြေပုံ ညွှန်းပေးချင်တာက ကလေးငယ်တစ်ဦး အင် အင်းညှစ်သံကို နားထောင်ကြည့်ပါလို့. . .။

❑ ❑ ❑

www.burmeseclassic.com

**ပေ်ား**ခနဲအော်သံသည် လှော်ကားဥယျာဉ်ရောက်ရှိပြီဖြစ်ကြောင်း အသိပေးသံပင်ဖြစ်ပေလိမ့်မည်။

အားလုံး လန်းဆန်းတက်ကြွသော မျက်နှာနှင့် ပျော်ရွှင်စွာအော်မိကြခြင်းပင်. . . ။

ကားကိုလည်း ကြီးမားကျယ်ပြန့်သော မြက်ခင်းစိမ်းတစ်ခုတွင် ရပ်ခိုင်းလိုက်၏။

လတ်ဆတ်သော သစ်ပင်တောရိပ်၏ အရိပ်အငွေ့များသည် လူကို တဒင်္ဂငြိမ်းချမ်းစေ၏။ ပါလာကြသူအားလုံး ကိုယ့်အထုပ်ကိုယ်ချ၊ ကိုယ့်ပစ္စည်းကိုယ်သယ်နှင့် ရှုပ်ရှက်ခတ်သွား၏။ ထွန်းနိုင်ပင်လျှင် နဲ့မမှုတ်နိုင်ဘဲ မျက်နှာလို မျက်နှာရ မယ်လေး၏အထုပ်များကို ဝိုင်းကူသယ်နေ၏။ ထဘီထုပ်ဆိုလည်းမရ ငပိအိုးဆိုလည်း ပြုံးဖြီးဖြီးနှင့်သယ်ချပေးနေ၏။

အားလုံးနေရာချပြီးတော့ ပါလာသောအစားအသောက်များနွှေးရန် မီးဖိုများပြင်ဆင်ရလေသည်။

ထိုတော့မှ ထွန်းနိုင်နဲ့ကြီးမှာ အားလုံးအတွက် အဆင်ပြေသွားတော့၏။

"ထွန်းနိုင် မင်းနဲ့ကြီးမှုတ်ဦးမှာလား"

စောကြည်ဖြူ၏အမေးကို ထွန်းနိုင်က မျက်နှာထိမျက်နှာထားကြီးနှင့် ပြန်ဖြေသည်။

"မှုတ်မှာပေါ့ကွာ. . . နဲ့က မှုတ်ဖို့ယူလာတာ"

"ကဲ ဒါဆိုလည်း ဒီမှာ မီးပြောင်းကပါမလာဘူးကွ. . . မင်းပဲ မီးဖိုနားလာထိုင်မှုတ်နေ. . . ထမင်းဟင်းလည်း မြန်မြန်ကျက်တာပေါ့ကွာ"

www.burmeseclassic.com



“ဟေး ဟုတ်တယ်ဟေ့”

“ဟုတ်တယ် ဒါ ထွန်းနိုင်တာဝန်”

“အခုမှ ထွန်းနိုင်နဲ့ကြီး နေရာမှန်ရောက်သွားပြီဟေ့”

အားလုံးက ထွန်းနိုင်ကို အမြင်ကတ်နေကြပြီမို့ ကြံဖန်ထောက်ခံကြသည်။ အားလုံးဝိုင်းပြောကြတော့ ထွန်းနိုင်ခမျာလည်း ဘာမှမတတ်နိုင်တော့။ သူ့နဲ့ကြီးကို လျှာခင်ဖြုတ်ပြီး မီးပြောင်းလုပ်၍ တဖူးဖူးမှုတ်နေရလေတော့၏။

မျက်နှာကြီးရဲ ချွေးတွေရွှဲထွက်လာသည်အထိ မှုတ်နေရသော်လည်း သူ့ကို မည်သူမှ မသနားကြ။ ဩော် ချစ်မွေးကနည်းပါ့. . . ။

“ကဲ. . အားလုံးအဆင်သင့်ဖြစ်ရင် ပါလာတဲ့လူအားလုံး ကွက်လပ်ထဲမှာ နေရာယူပေးကြပါ”

ဟေးခနဲ အော်သံနှင့်အတူ အားလုံး ကွက်လပ်ကိုရောက်လာကြသည်။

“ကဲ. . မိန်းကလေးတွေကတစ်ဖက်. . ယောကျ်ားလေးတွေကတစ်ဖက် နေရာယူပေးကြပါ”

စောကြည်ဖြူ၏စကားအတိုင်း မိန်းကလေးကတစ်ဖက် ယောကျ်ားလေးကတစ်ဖက် နေရာယူလိုက်ကြသည်။ အားလုံး၏မျက်နှာများမှာ ပြုံးရွှင်လို့။

မိန်းကလေးက (၇)ယောက်၊ ယောကျ်ားလေးက (၇)ယောက်။

သို့သော် စောကြည်ဖြူကဒိုင်ဆိုတော့ ယောကျ်ားလေးက (၆)ယောက်ပဲဖြစ်နေ၏။ ယောကျ်ားလေးက ကံဆိုးစွာ တစ်ယောက်လိုနေ၏။

“ဟိုမှာ မီးမှုတ်နေတဲ့ထွန်းနိုင်ကို ခေါ်လိုက်ပါလား. . . သူ့ခမျာလည်း ကစားချင်ရှာမှာပေါ့. . . ”

မယ်လေးတို့နှင့်ပါလာသော ခပ်ဝဝကောင်မလေးက အဆိုပြုသည်။

“အေး ဟုတ်တယ်. . . ခေါ်လိုက်ပါဟာ. . သူ့ခမျာ ကစားချင်ရှာမှာပေါ့”

နောက်တစ်ယောက်ကပါ ထောက်ခံတော့ စောကြည်ဖြူကလည်း မနေနိုင်တော့။

“ဟေ့ကောင် ထွန်းနိုင် လာလေ. . . ဘာလုပ်နေတာလဲ. . . ဒီမှာ ကစားဖို့ မင်းကိုစောင့်နေတာ”ဟု ခပ်ဆတ်ဆတ်ပြောလိုက်ရာ နဂိုရှုပိုးထိုးနေသော ထွန်းနိုင်မှာ ‘ရဟူး’ဟု ရွှင်မြူးတက်ကြွစွာအော်ပြီး ခုန်ထလာ၏။ နောက်တော့ သတိရသွားသလိုနှင့် တစ်ချက်ရပ်နေလိုက်သေး၏။ အတော်ကြာမှ အံကြိတ်ပြီး သူ့လက်ထဲမှနဲ့ရိုးကို မီးဖိုထဲပစ်ထည့်လိုက်လေသည်။ နောက်ထပ်

www.burmeseclassic.com



မီးမမှတ်ရစေရန် ကိစ္စတုံးလုပ်လိုက်သည့်သဘော. . . ။

အားလုံးသဘောကျစွာ ဟေးခနဲအော်ကြသည်။

ထွန်းနိုင်ရောက်လာတော့ လူပြည့်သွားပြီဖြစ်၍ ကစား၍ရသွားပြီ။

"ကဲ. . . ဟောဒီမှာ မဲခွက်နှစ်ခွက်ထည့်ထားတယ်၊ ယောကျ်ားလေးတွေကတစ်ခွက်၊ မိန်းကလေးတွေကတစ်ခွက်နှိုက်ရမယ်. . . နာမည်တွေကအတွဲတွေ၊ ဥပမာ ယောကျ်ားလေးက စိတ်တိုဆိုရင် မိန်းကလေးဘက်ကမျောက် ညိုကိုရှာရမယ်. . . ရှာလို့တွေ့ရင် လက်တွဲပြီး ပန်းတိုင်ကိုပြေးရမယ်၊ ပန်းတိုင်ကို နောက်ဆုံးမှရောက်တဲ့အတွဲက အားလုံးတောင်းဆိုတာတစ်ခုကို လုပ်ပြရမယ်. . ကဲရှင်းပြီလား"

"ရှင်းပါပြီ. . . ဆရာကြီး"

အားလုံးရွှင်မြူးစွာ ဝိုင်းအော်ကြသည်။ ပြီးတော့ သဘောကျစွာရယ်မောကြ၏။ စောကြည်ဖြူက အားလုံးကို လက်ပြပြီးတားလိုက်သည်။

"ကဲ ဆက်နားထောင်. . . မဲလိပ်ထဲမှာ 'စိတ်တို မျောက်ညို'၊ 'မိုးဒီ မော့စ်'၊ 'ဗိုလ်အောင်ဒင်နဲ့ မမြဝင်း'၊ 'လီယိုနာဒိုနဲ့ ကိတ်ဝင်းစလက်'၊ 'ဦးကပ်စီးနဲ့ ခင်မောင်သိန်းထွန်းဝင်း'၊ ဝိဇ္ဇာနဲ့ဗျူး'၊ 'လူပေါနဲ့ ညဏ်ကျယ်လေး'စသည်ဖြင့် အတွဲတွေပါပါတယ်. . . အဲဒီကမှ ကိုယ်ကျရာအတွဲကို လက်ဆွဲပြေးရပါမယ်. . အတွဲမှားလို့မရပါဘူး၊ ဥပမာ ဦးလူပေါက မိုးဒီကိုဆွဲပြေးလို့မရသလို၊ ဗိုလ်အောင်ဒင်က ကိတ်ဝင်းစလက်ကို ဆွဲပြေးလို့မရပါဘူး. . . ကဲ ကစားပွဲစမှာမို့ အားလုံးသတ်မှတ်ထားတဲ့နေရာကို သွားပေးကြပါ"

အားလုံးသတ်မှတ်ထားသည့် စည်းအထိ နောက်ဆုတ်ပေးကြသည်။ မဲလိပ်ထည့်ထားသည့်ခွက်က ခပ်လှမ်းလှမ်းမှာချထား၏။ ပန်းတိုင်က ခပ်လှမ်းလှမ်းက ယူကလစ်ပင်မှာ. . စောကြည်ဖြူထံမှ ရှီခနဲ ခရာမှုတ်သံကြားသည်နှင့် အားလုံးမဲခွက်ဆီပြေးသွားကြသည်။ နောက် ဆူညံစွာထွက်ပေါ်လာသည့်အသံက

"မော့(စ်). . . မော့(စ်)"

"မမြဝင်းဘယ်မှာလဲ. . . မမြဝင်း ဒီမှာဗိုလ်အောင်ဒင် ခေါ်နေတယ် ဗိုလ်အောင်ဒင်"

"ဦးလူပေါဗျို့ ဦးလူပေါ ဦးလူပေါ ဒီမှာ"

"ကိတ်ဝင်းစလက်ရှင့် ကိတ်ဝင်းစလက်"

"မိုးဒီ မိုးဒီ"

"လီယိုနာဒိုဗျို့"

www.burmeseclassic.com



စသည်ဖြင့် အသံများဆူညံသွား၏။ ကျွန်တော်ကျတာက ဦးကပ်စီး၊ ကျွန်တော်လည်း ပျော်ရွှင်စွာ ကျွန်တော်ကျရာနာမည်ကို အော်သည်။ သိပ်မကြာလိုက်၊ ကျွန်တော့်လက်ကို ဖျတ်ခနဲလာဆွဲသည်မို့ လန့်ဖြန့်စွာကြည့်လိုက်မိသည်။ မယ်လေးကရယ်ရင်း. . .

"နင် ဦးကပ်စီးလား"

"အေး"

"ငါက ခင်မောင်သိန်းထွန်းဝင်း"

ဟုဆို၍ ကျွန်တော့်လက်ကိုဆွဲပြီး ပန်းတိုင်ရောက်အောင်ပြေးကြသည်။ ကျွန်တော်တို့နောက်ကမှ ထွန်းလင်းအောင်နှင့် ထွေးထွေး၊ သူတို့က လီယိုနာဒိုနှင့် ကိတ်ဝင်းစလက်၊ အဲဒီနောက်ကမှ စိတ်တိုနှင့်မျောက်ညို၊ နောက်ကမှ မိုးဒီနှင့် မော့(စ်)။

ဝိဇ္ဇာနှင့်ဗျူး၊ ဦးလူပေါ်နှင့် ညဏ်ကျယ်လေး၊ ဗိုလ်အောင်ဒင်နှင့် မမြဝင်းတို့ကတော့ ရှာလည်နေကြတုန်း၊ လူမှားပြီးဆွဲပြေးလိုဆွဲပြေး၊ တစ်ယောက် ကိုတစ်ယောက် ဝင်တိုက်နှင့် လုံးထွေးနေကြတော့၏။

မယ်လေးကတော့ ပန်းတိုင်ရောက်နေတာတောင် မောလျော့ပြီးတော့ ထင့်၊ ကျွန်တော့်လက်ကို မလွှတ်သေးဘဲ ခုန်ဆွခုန်ဆွနှင့် ဝမ်းသာအားရအားပေး၏။ ကျွန်တော့်စိတ်ထဲတွင်တော့ ကြည်နူးစိတ်များဖိတ်လျှံကျနေ၏။

နောက်ဆုံးတော့ အဖြေက ဗိုလ်အောင်ဒင်နှင့် မမြဝင်းကျန်ခဲ့၏။ ဗိုလ်အောင်ဒင်က ထွန်းနိုင်၊ မမြဝင်းက သူ့ကိုခေါ်လိုက်ဖို့ အဆိုပြုခဲ့သည့် ခပ်ဝဝကောင်မလေး. . .။

"ကဲ ပရိသတ်ကြီး နောက်ဆုံးကျန်ခဲ့တဲ့အတွဲကို ဂုဏ်ပြုတဲ့အနေနဲ့ ကြိုက်ရာတစ်ခု တောင်းဆိုနိုင်ပါတယ်"

စောကြည်ဖြူစကားဆုံးသည်နှင့် မယ်လေးက. . .

"ဗိုလ်အောင်ဒင်နှင့် မမြဝင်းရန်ဖြစ်သည့်အခန်း သရုပ်ဆောင်ပြပါဗျို့"

သူ့စကားကို အားလုံးကဝိုင်းရယ်ကြသည်။ ပြီးတော့ "ဟုတ်တယ်ဗျို့ ဗိုလ်အောင်ဒင်နဲ့ မမြဝင်းရန်ဖြစ်တဲ့အခန်း သရုပ်ဆောင်ပြပါ"

ထွန်းနိုင်နှင့် ကောင်မလေး ရှက်ကိုးရှက်ကန်းနှင့် ခေါင်းကုတ်ကြသည်။ နောက် ထွန်းနိုင်က. . .

"အဲဒီအခန်းက စကားတွေ ငါမမှတ်မိဘူးကွ. . . တခြားဟာ"

"တခြားဟာမကြည့်ချင်ဘူးဗျို့. . အဲဒီအခန်းက စကားတွေ မမှတ်မိ

www.burmeseclassic.com



ရင်လည်း မှတ်မိတာသာပြော"

"ဟုတ်တယ်ဗျို့"

စသည်ဖြင့် အော်ကြတော့ ထွန်းနိုင်တို့ ဘာမှမတတ်နိုင်တော့။ ရယ်ကျဲကျဲနှင့် ခေါင်းကိုကုတ်လိုက်သည်။ နောက် ဗိုလ်အောင်ဒင်စတိုင်လ်ဖမ်းရန် ဘောင်းဘီဆွဲတင်လိုက်စဉ်မှာပင် သူနှင့်တွဲရမည့်ကောင်မလေးက မျက်လုံးပြူး မျက်ဆန်ပြူးနှင့်. . .

"မ. . မလုပ်ပါနဲ့ အစ်ကိုကြီးရယ်. . . ကျွန်မ မမာလို့ပါ"ဟူသော ဗိုလ်အောင်ဒင်ဇာတ်ကားထဲမှ မမြဝင်းပြောသည့်စကားကို ပြောချလိုက်ရာ အားလုံး ဝါးခနဲပွဲကျသွား၏။ ထွန်းနိုင်ကလည်း မခေါ ခါးကို မာန်ပါပါထောက်ပြီး. . .

"ဟား ဟား ဟား သိပ်ကြောက်သွားသလား မမြဝင်း. . . ဗိုလ်အောင်ဒင်ဘောင်းဘီချွတ်တာ ရေချိုးမလို့ပါ"

သူ့စကားကို အားလုံး ဝါးခနဲပွဲကျသွားပြန်၏။

"အို. . . ရှင်. . . ရှင် အရှေ့မတိုးနဲ့နော်. . ရှင် အရှေ့ဆက်တိုးရင် ကျွန်မ ဟိုဟာကြီးနဲ့ ထိုးလိုက်မယ်"

"ဘယ်ဟာကြီးလဲဗျို့"

"အဲ. . ကတ်ကြေး. . . ကတ်ကြေး"

ကောင်မလေးဝဝ၏ စကားကြောင့် အားလုံးပွဲကျသွားပြန်၏။

"ဗိုလ်အောင်ဒင် ဆက်ပြောပါဗျို့"

အားလုံးက ပွဲတောင်းကြပြန်သည်။ ထွန်းနိုင်က ခါးကြားမှ သေနတ်ထုတ်ဟန်လုပ်လိုက်ပြီး. . .

"ဟား ဟား မမြဝင်း မင်းက ငါ့ကို ကတ်ကြေးနဲ့ထိုးမယ်ဟုတ်လား၊ ဒီမှာကြည့်စမ်း မမြဝင်း ဒါဘာလဲ"

လက်တွင် ဘာမှမပါဘဲ သေနတ်ကိုင်ထားဟန်လုပ်ပြသည်။ ဒါကို ကောင်မလေးက အသေအချာကြည့်ပြီး ပြန်ဖြေလိုက်သည်။

"လက်ညှိုး"

ကောင်မလေး၏အဖြေကြောင့် ထွန်းနိုင်နင်သွား၏။ ဘာဆက်ပြောရမှန်းမသိတော့. . . သူတို့နှစ်ယောက်ကိုကြည့်ပြီး အားလုံးဝါးခနဲပွဲကျသွားပြန်၏။ မယ်လေးဆို ဗိုက်ကိုနှိပ်ပြီး နှပ်သုတ်ရနေပြီ။

ထွန်းနိုင်က မှင်ပြန်သပ်လိုက်ပြီး. . .

"သေနတ်လုပ်ပါဟ. . . နင်ကလည်း"

www.burmeseclassic.com



ဆိုတော့မှ ကောင်မလေးလည်း ယောင်နနနှင့် ခေါင်းကိုငြိမ့်ပြီး

"အေး. . . သေနတ်"

ထွန်းနိုင် ခါးကို ဟန်ပါပါပြန်ထောက်လိုက်ပြီး. . .

"အေး. . . မင်း ငါ့ကိုကတ်ကြေးနဲ့ ထိုးမယ်မဟုတ်လား. . . ဟား ဟား ငါ့ရဲ့ မဟူရာရောင်သေနတ်ထဲက ငွေရောင်ကျည်ဖူးလေးတွေ မင်းရဲ့ရင်မှာ ထာဝရမကိန်းအောင်းစေချင်ဘူးဆိုရင် မင်းစကားကို သရန်၊ သရင်၊ သရော လိုက်ပါ. . ."

အားလုံးဝါးခနဲပွဲကျသွားပြန်၏။ အမှန်တော့ သူပြောချင်တာက ပြန် ပြင်ပြောလိုက်ပါဟု ပြောချင်ခြင်းဖြစ်၏။ ဒါကို လျှာကလိပ်နေတော့ သရန် သရင် သရောဟူ၍ ဖြစ်သွားရခြင်းဖြစ်၏။ အားလုံးကတော့ သူ့စကားကို ဘယ်သူမှဘာမှပြန်မပြောနိုင်တော့ အားလုံး အူနှိပ်ပြီးရယ်ကြသည်။ မယ်လေး ကတော့ ကျွန်တော့်လက်ကို ဆွဲအားယူပြီး အားရပါးရရယ်လေသည်။

ဩော်. . . ကြည်နူးမှုဆိုတာ. . . ဒါပါလား. . .။

❑ ❑ ❑

www.burmeseclassic.com

" ကဲ. . ဒီတစ်ခါ နောက်တစ်မျိုးကစားကြမယ်. . ယောကျ်ားလေးနဲ့ မိန်းကလေး လူမျှပြီးခွဲလိုက်ပါ"

စောကြည်ဖြူ၏စကားအတိုင်း တစ်ဖက်ကို လူ(၇)ယောက်စီခွဲလိုက်သည်။

ကျွန်တော်တို့အဖွဲ့တွင် ယောကျ်ားလေးကသုံးယောက်၊ မိန်းကလေးက လေးယောက်၊ ယောကျ်ားလေးက ကျွန်တော်ရယ်၊ သန်းအောင်ရယ်၊ နောက်မယ်လေးတို့သမိုင်းမေဂျာက မျိုးလှိုင်ရယ် သုံးယောက်။ မိန်းကလေး လေးယောက်က ထုံးစံအတိုင်း မယ်လေး၊ ထွေးထွေး၊ စိမ်းနု၊ မြနွယ်. . .။

ဟိုဘက်အဖွဲ့က ထွန်းနိုင်ဦးဆောင်သည်။ ကျွန်တော် နာမည်တွေမသိသောအဖွဲ့။

"ကဲ ဒီကစားနည်းကတော့ ကြိုးဆက်ကစားနည်းပဲဖြစ်ပါတယ်. . . ကြိုးဆက်ကစားနည်းမှာ အရှည်ဆုံးကြိုးဆက်နိုင်တဲ့ အဖွဲ့က အနိုင်ရမှာဖြစ်ပါတယ်။ သတ်မှတ်အချိန်က သုံးမိနစ်ပါ. .။ ဒီသုံးမိနစ်အတွင်းမှာ ကိုယ့်မှာရှိတဲ့ ဘာနဲ့မဆို ဆက်လို့ရပါတယ်. . .။ အဲ အနိုင်ရတဲ့အဖွဲ့ကို ရှုံးတဲ့အဖွဲ့က ထမင်းထည့်ကျွေးရပါမယ်"

"ဟေး"

အားလုံးဝမ်းသာအားရ ဟေးခနဲအော်ကြသည်။

"ကဲ ကြိုးဆက်ပြိုင်ပွဲကြီး စတင်ပါတော့မယ်။ အားလုံးနေရာယူကြပါ"

အဖွဲ့နှစ်ဖွဲ့လုံး အသီးသီးနေရာယူပြီး ဖြုတ်စရာရှိသည့်ကြိုးများကို ဖြုတ်၊ ဆက်စရာလွယ်အိတ်များကို ပြေးယူကြနှင့် အလုပ်ရှုပ်နေကြသည်။

"ကဲ အသင့်ပြင်ကြပါ"

www.burmeseclassic.com



အားလုံးအသင့်ပြင်ကြသည်။

"ကဲ. . စပြီ"

"ရှိ"

စောကြည်ဖြူ၏ ခရာသံဆုံးသည်နှင့် ကြိုးဆက်ပွဲကြီးစတင်ပါပြီ။

လွယ်အိတ်ပါသူများက လွယ်အိတ်တွေ အရင်ဆုံးဆက်ကြသည်။ လွယ်အိတ်တွေကုန်သွားတော့ ရှာဖွေထားရှိကြသော ကြိုးအတိုအစများ၊ သစ်ကိုင်းအခြောက်များ။ ထိုအရာများကုန်တော့ မိန်းကလေးများက ကျွန်တော်တို့ယောကျ်ားလေးများထံမှ အကျီများဆွဲချွတ်ကြသည်။ အကျီသာဆိုတော့ အတင်းမရုန်းကြတော့. . .။

အားလုံးအော်ဟစ်သံများနှင့် ဆူညံနေကြသည်။ ယခုအချိန်ထိ နှစ်ဖက်အသင်းနှစ်ခုလုံး မည်သူသာလို့သာမှန်းမသိရသေး။ အချိန်က တစ်မိနစ်ကျော်ပြီ။ ဟိုဘက်အဖွဲ့ကြည့်တော့လည်း ယောကျ်ားလေးများ ကျွန်တော်တို့အတိုင်း အကျီကျွတ်နေကြပြီ။ ကျွန်တော်တို့ အကျီများကုန်သွားတော့ မိန်းကလေးများက သူတို့ဝတ်လာကြသော အနွေးထည်များကို ဆက်ကြပြန်သည်။ အဲဒါတွေကုန်သွားတော့ ဖိနပ်တွေချွတ်ပြီး ချည်ကြပြန်သည်။ ကြိုးက နှစ်ဖက်စလုံးလယ်ပယ်. .။ အချိန်က နှစ်မိနစ်နှင့် ဆယ်စက္ကန့်။

ကြိုးကထပ်ဆက်စရာ ဘာမှမရှိတော့. . .။

ထိုစဉ်မှာပင် မယ်လေးက သူ့တွင်ဆွဲထားသော ဆွဲကြိုးကိုဖြုတ်ပြီး ဆက်လိုက်သည်။ နိုင်ပြီ. . . ကျွန်တော်တို့ကြိုးက သူတို့ကြိုးထက် တစ်တောင်ခန့်ပိုရှည်သွားပြီ. . .။ ဟိုဘက်အဖွဲ့က ကျွန်တော်တို့အဖွဲ့၏ကြိုးကိုကြည့်ပြီး ရုတ်ချည်းငိုင်ကျသွား၏။ အချိန်က နှစ်မိနစ်နှင့် စက္ကန့်နှစ်ဆယ်။

"နိုင်ပြီ"

နိုင်ပြီ ဟူသောအသိဖြင့် မယ်လေးတို့ အားရဝမ်းသာထခုန်၏။

ထိုခဏလေးမှာပင် ထွန်းနိုင် လှစ်ခနဲ ချုံတစ်ခုထဲပြေးဝင်သွား၏။ သိပ်မကြာလိုက်ပါ။

"ရော့ ဟော့. . ဒီမှာ ထပ်ဆက်လိုက်ဦး"

ဟူသော အော်သံနှင့်အတူ ချုံထဲမှ ဝဲပျံထွက်လာသော သူ့ဘောင်းဘီ။

မယ်လေးတို့အားလုံး မျက်လုံးပြူးသွား၏။

ထွန်းနိုင်တို့အဖွဲ့ အားရဝမ်းသာထခုန်၏။

ထိုဘောင်းဘီကို သူတို့ဆက်လိုက်တော့ သူတို့ကြိုးက ကျွန်တော်တို့ကြိုးထက် တစ်လံလောက်ပိုရှည်ထွက်သွား၏။

www.burmeseclassic.com



မယ်လေး ကျွန်တော့်ကိုငေ့ကြည့်သည်။ ကျွန်တော်တို့အဖွဲ့တွင် ဘောင်းဘီဝတ်ထားသော ကျွန်တော်တစ်ယောက်တည်း။

ကျွန်တော်လည်း ယောင်ယမ်းပြီး ဘောင်းဘီကိုလက်နှင့်ကိုင်ကာ ခေါင်းခါပြလိုက်သည်။ အချိန်က နှစ်မိနစ်နှင့်စက္ကန့်လေးဆယ်။

"သွားချွတ်လေ. . ဘာကြောင်နေတာလဲ"

သူက နိုင်ဖို့သာ စိတ်ထဲရှိနေသည်မို့ ကျွန်တော့်ဘောင်းဘီကို ချုံထဲ အတင်းသွားချွတ်ခိုင်းနေ၏။ ကျန်သည့်သူများကလည်း "ဟဲ့ မြန်မြန်လုပ်ပါဟဲ့၊ ဒီမှာ ရှုံးတော့မယ်"

"ပြေးသွားလေဟယ်"

"လုပ်ပါဟဲ့"

စသည်ဖြင့် ပြိုင်ပွဲနိုင်လိုစိတ်နှင့် အားလုံးခုန်ဆွခုန်ဆွနှင့် အသည်းတယားယား အားပေး၏။

"ဟင့်အင်း. . . ဟင့်အင်း"

ကျွန်တော် ခေါင်းကို ခပ်သွက်သွက်ယမ်းပြီး ဘောင်းဘီကိုဆုပ်ကိုင်ထားသည်။ အားလုံး ကျွန်တော့်ကို အသည်းတယားယားနှင့် ဝိုင်းအားပေးကြ၏။

"ရှီ"

အချိန်စေ့ပါပြီ. .။ တစ်ဖက်အဖွဲ့မှ ဟေးခနဲ အော်သံကြားရ၏။

ထိုတော့မှ ကျွန်တော်လည်း သက်ပြင်းချနိုင်တော့၏။

ကျွန်တော်တို့အဖွဲ့ ရှုံးသွားပါသည်။ မယ်လေးကတော့ ကျွန်တော့်ကို မျက်စောင်းတခဲခဲ။

❑ ❑ ❑

www.burmeseclassic.com

နိုင်ခြေတစ်တောင်ကျော်ကျော်ရှိပါလျက်နှင့် ကျွန်တော့်ကြောင့် ရှုံးသွားရသည်ဆိုပြီး မယ်လေးက ထွန်းနိုင်တို့အဖွဲ့စားရန် ပန်းကန်တွေဆေးရင်း ပွစိပွစိပြောသည်။ ပြောပြီး ရယ်လည်းရယ်သေးသည်။ ကျွန်တော်လိုက်ရယ်လျှင် "မရယ်နဲ့ နင့်ကို ငါကြည့်လို့ရတာမဟုတ်ဘူး"ဟု ငေါက်သေး၏။

ထိုထမင်းဝိုင်းမှာတော့ ထွန်းနိုင်က သူရဲကောင်း၊ သူ့ထမင်းပန်းကန်ထဲတွင် ဟင်းတွေဆိုတာ 'ဟီး'ထလို့။ ကျွန်တော့် ထမင်းပန်းကန်မှာသာ ကြက်ရိုးက နှစ်ချောင်းသုံးချောင်း။ ဒါတောင် မယ်လေးက ထပ်မထည့်ပေးသည့်အပြင် ကြက်ရိုးတစ်ချောင်းလာနှိုက်ယူပြီး "အမြင်ကို ကပ်တယ်"ဟု ကပ်ပြောသွားသေး၏။

ဩော်. . . ဘာလဲဒုက္ခ။

"ကဲ နောက်ကစားနည်းတစ်ခု ထပ်စပါ့မယ်"

ထမင်းစားပြီး ခဏနားပြီးသည်နှင့် စောကြည်ဖြူ၏စကားသံကြောင့် အားလုံး လှုပ်လှုပ်ရွရွဖြစ်ကုန်ကြ၏။

"ဒါကတော့ လွယ်လွယ်ကူကူ ပါဆယ်ဂိမ်းစကားနည်းပါပဲ၊ ကက်ဆက်ဖွင့်ထားမယ်. . . ကိုယ့်လက်ထဲက အထုပ်ကို ဘေးလူကိုပစ်ပေးမယ်။ အကယ်၍ ကက်ဆက်ပိတ်သွားချိန် ကိုယ့်လက်ထဲ အထုပ်ရှိနေခဲ့ရင် အဲဒီအထုပ်ရှိနေသူ က ကိုယ့်အချစ်ဆုံးလူတစ်ယောက်ရဲ့ နာမည်ထုတ်ပြောရမယ်"

"ရှေ့ နိပ်ပဟ"

ဟူသောအော်သံနှင့်အတူ ထွန်းနိုင်အရင်ဆုံး ဝိုင်းထဲဝင်လာ၏။

"ကိုယ်ကလည်း ကိုယ့်ချစ်သူကို လူတွေရှေ့ တရားဝင်ပြောချင်နေတာ အတစ်ထုပ်ကို ဘယ်သူ့မှမပေးဘဲ ပိုက်ကိုပိုက်ထားဦးမှာ"

www.burmeseclassic.com



ဟုဆို၍ မျက်နှာပြောင်နှင့် ဝင်ထိုင်နေ၏။ ဒါကို စောကြည်ဖြူက လည်း

"အဲ တစ်ခုတော့ရှိတယ်။ ဒီလိုမျိုး အကြံအစည်နဲ့ အထုပ်ကိုကိုင်ထား မယ်ဆိုရင် ကိုင်ထားတဲ့လူက မျောက်က ငါးမိနစ်ကပြရမှာ ဖြစ်ပါတယ်"

"အင်"

ထွန်းနိုင် အနောက်သို့ပြန်တွန့်ဝင်သွား၏။ သူ့ခမျာ ရည်းစားစကားသာ ပြောချင်သည်။ မျောက်ကတော့ ကချင်ပုံမပေါ် . . .။

"ကဲ စမယ် . . . အားလုံးနေရာယူကြပါ"

လူအားလုံး ဝိုင်းထိုင်လိုက်ကြ၏။ စောကြည်ဖြူက သူပါကစားမယ်ဟု ဆို၍ နေရာတစ်နေရာဝင်ယူလိုက်သည်။ ကျွန်တော့်အနားတွင် မယ်လေးက နေရာဝင်ယူလိုက်သည်။ သူက ကျွန်တော့်လက်အောက်က အထုပ်ကို ကျွန်တော် ပြီးမှသူရမည်။

"ကဲ စပါပြီခင်ဗျာ"ဟုဆို၍ အသင့်ထုပ်ပြီးသား အထုပ်ကို သူ့ဘေး နားက ထွေးထွေးဆီကမ်းပေးလိုက်သည်။ သီချင်းက **M.C** ရဲ့ **Hip** ဆိုသည့် သီချင်း၊ ထွေးထွေးက သူ့နားက ထွန်းနိုင်ကို ကမ်းပေးလိုက်သည်။ ထွန်းနိုင်က အထုပ်ကို ဆက်မပေးသေးဘဲ မယ်လေးကို တွေတွေကြီးစိုက်ကြည့်ပြီး ချီတုံချ တုံဖြစ်နေပုံရ၏။ ဤသည်ကိုသိသော စောကြည်ဖြူက

"ဟော့ကောင် မျောက်ကနော်"ဟုပြောလိုက်မှ လန့်ဖျပ်ပြီး သူ့ဘေးနား ကပ်ထိုင်နေသော ကောင်မလေးဝဝထံ ကမန်းကတမ်းပေးလိုက်၏။ ထိုကောင် မလေးကမှတစ်ဆင့် နောက်တစ်ယောက်၊ နောက်တစ်ယောက်မှတစ်ဆင့် သန်းအောင်၊ သန်းအောင်မှတစ်ဆင့် ကျွန်တော်။

လက်ထဲအထုပ်ရောက်တော့ အသည်းထဲအေးခနဲ . . . ဒီအချိန်မှာ သီချင်းဆုံးသွားလျှင် ကျွန်တော်ဘာပြောရမည်နည်း၊ အချစ်ဆုံးလို့ ဘယ်သူ့ကို ပြောရမည်နည်း၊ မယ်လေးကိုလား မယ်လေးမည်သို့ရှိမည်နည်း။

"ဟော့ကောင် မျောက်ကနော်"

စောကြည်ဖြူအသံကြားတော့ ကျွန်တော့်အတွေးလွန်နေရာက ယောင်ပြီး အထုပ်ကိုလွှတ်ချလိုက်သည်။ နောက်မှ ကမန်းကတမ်း ပြန်ကောက် ပြီး မယ်လေးဆီထိုးထည့်ပေးလိုက်၏။ မယ်လေး 'အား'ခနဲတစ်ချက်အော်ပြီး ဘေးနားက စိမ်းနုဆီထိုးပေးလိုက်၏။ စိမ်းနုက အထုပ်ကိုပင် မကိုင်တော့ဘဲ သူ့ဘေးနားက မြနွယ်ဆီပစ်ပေးလိုက်၏။ အထုပ်ကပို၍ မြန်လာသည်။ သီချင်း ကဆုံးတော့မည်ကိုး။

www.burmeseclassic.com



ကျွန်တော်တို့ဘက် ပြန်ပတ်လာပြန်တော့ ကျွန်တော့်တွင် ဇောချွေးများစိမ့်ထွက်လာ၏။ ကျွန်တော်တို့ကို ကျော်သွားပြန်တော့မှ သက်ပြင်းချနိုင်တော့၏။ မယ်လေးကတော့ သူ့ဆီအထုပ်ရောက်လာတိုင်း ထခုန်မတတ်အော်၍ ဘေးကိုပစ်ပေး၏။

ဒီလိုနှင့် တစ်ပတ်၊ နှစ်ပတ်၊ သုံးပတ် ကျွန်တော်တို့ကို ကျော်သွားပြီ။ မယ်လေးမှတစ်ဆင့် စိမ်းနုကတစ်ဆင့် မြနွယ်။

သီချင်းရပ်တော့မည်။

မြနွယ်ကတစ်ဆင့် နောက်တစ်ယောက်၊ နောက်တစ်ယောက်က တစ်ဆင့်၊ နောက်တစ်ယောက်က တစ်ဆင့်. .

သီချင်းက ချောက်ခနဲ ရပ်သွား၏။

အထုပ်က စောကြည်ဖြူလက်ထဲမှာ. . .

အားလုံး ဝမ်းသာအားရဟေးခနဲအော်၍ လက်ခုပ်ထတီးကြ၏။ မယ်လေးကပါ ဘာမဆိုင် ညာမဆိုင် 'ရဟူး'ဟု ထအော်လိုက်သေး။

စောကြည်ဖြူကတော့ အထုပ်ကိုကိုင်၍ ပြုံးဖြီးဖြီး. . .

"ကဲ ပြောပါဗျို့ မင်းရဲ့အချစ်ဆုံးလူကို"

"မင်းသားပြောပါဗျို့ မင်းသမီးကို သီချင်လှပြီ"

"ပြောပါဗျို့"

"စောင့်ရတာ ညောင်းလှပြီဗျို့"

အားလုံးဝိုင်း၍ ဩဘာပေးကြသည်။ စောကြည်ဖြူကတော့ ဘာမှမပြောဘဲ ပါဆယ်ထုပ်ကလေးမြှောက်ကာ မြှောက်ကာနှင့် ရယ်ကျဲကျဲလုပ်နေ၏။

သူ့ကိုကြည့်ပြီး အားလုံး အားမလို အားမရဖြစ်ကုန်၏။

"ကဲ မင်းသားရယ် မြန်မြန်ပြောပါဟ"

"သားရေ ပြောလိုက်လေ. . . အဖေ့ချွေးမဘယ်သူဆိုတာ"

ဝါးခနဲ ရယ်ကြပြန်သည်။ ရယ်သံက တော်ရုံနှင့်မစဲ။ အတန်ကြာမှ စောကြည်ဖြူက အားလုံးကို လက်ကာပြလိုက်ပြီး. . .

"ပြောပါမယ်. . . ပြောပါမယ်. . ကျွန်တော် ပြောပြီးရင်. . မရယ်ကြနဲ့နော်"

"မရယ်ဘူး"ဟူသော သံပြိုင်ထွက်လာကြ၏။ စောကြည်ဖြူက ပါဆယ်ထုပ်ကလေးကို မြှောက်ကာမြှောက်ကာလုပ်ပြီး ချောင်းဟန့်လိုက်သည်။

"အဟမ်း. . ကျွန်တော့်ရဲ့ အချစ်ဆုံးသူကတော့"

အားလုံးအသံငြိမ်ကျသွား၏။

www.burmeseclassic.com



"ကျွန်တော့်မွေးသမိခင် ကျေးဇူးရှင်ပဲဖြစ်ပါတယ်"

ဟာခနဲ အသံပြိုင်တူထွက်လာပြန်၏။ နောက်မှ ဆူညံဆူညံအသံများက. . .

"မရဘူးဟေ့. . . မိဘမပါကြေး"

"ဒါ သက်သက်ညစ်တာ"

"ချစ်သူကိုသာပြောပါဗျို့"

စသည်ဖြင့် အော်ကြပြန်သည်။ အားလုံးကိုကြည့်ပြီး စောကြည်ဖြူက ရယ်ကျဲကျဲလုပ်နေပြန်၏။ အသံတွေအတော်ဆူတော့မှ. . .

"ပြောပါ့မယ်. . . ပြောပါ့မယ်. . ဒါပေမယ့်. . ကျွန်တော်ပြောပြီးရင် မရယ်ရဘူးနော်"

"မရယ်ဘူး"ဟူသောသံပြိုင်က ကျယ်လောင်စွာပေါ်ထွက်လာပြန်၏။

"ကဲ ဒါဆိုနားထောင်"

အားလုံးအသံတိတ်သွားပြန်၏။ အားလုံး၏မျက်လုံးအစုံက သူ့ထံမှာ စိတ်ဝင်တစားစွဲကပ်နေကြ၏။ ထိုခဏ၌ စက္ကန့်၏ရွေ့လျားမှုနှုန်းများ လေးလံနေပြီထင့်. . .

စောကြည်ဖြူ ခေါင်းငုံ့သွားသည်။ သူ့ပုံက တကယ်အတည်ပြောတော့မည့်ပုံ. . .

ထိုခဏ ကျွန်တော့်၏မျက်လုံးများ မရည်ရွယ်ဘဲ မယ်လေးဆီသို့ ရောက်သွား၏။ ကျွန်တော့်ရင်ထဲ ထိတ်ခနဲ. . မယ်လေး၏မျက်နှာပေါ်မှာ ရှက်ပြုံးတချို့. .

ဘာဖြစ်သွားတာလဲ. . . ဒီအပြုံးက ဘယ်ကရောက်လာတာလဲ။ ပြုစား ခံလိုက်ရတာလား. . . မဖြစ်နိုင်တာ။ ကျွန်တော့်အတွေးမဆုံးမီမှာပင် စောကြည် ဖြူထံမှ တိုးညှင်းစွာထွက်လာသော အသံက

"မယ်လေး. . . "တဲ့။

ကျွန်တော့်ရင်ထဲ ဝုန်းခနဲပြိုကျ ရင်ကိုလာဆောင့်သောအရှိန်က နောက်ပြန်လဲကျမတတ်။ အားလုံးထံမှ ဩဘာပေးသံများ ထွက်လာရမည့်အစား ချောက်ချားစွာ တိတ်ဆိတ်နေ၏။ အံ့အားသင့်စွာ ငြိမ်သက်နေကြ၏။

ထွန်းနိုင်၏ ဝါးခနဲအော်ငိုသံက တိတ်ဆိတ်ခြင်းကို ဖောက်ခွဲပစ်လိုက်သည်။ အလိုလိုနေရင်း ရည်ရွယ်ချက်ကင်းမဲ့စွာ ဝုန်းခနဲထရပ်မိသည်။

"မယ်လေး"

သူ့မျက်ဝန်းထဲက အရိပ်အယောင်တွေ ကျွန်တော်မဝေခွဲနိုင်တော့။

www.burmeseclassic.com



ကြေကွဲနေသည်လား။

ကျေနပ်နေသည်လား. . . ကျွန်တော်မသိတော့။

ကျွန်တော့်မျက်ဝန်းထဲတွင် အရာရာမှုန်ဝါးသွားပြီး. . .။

ကျွန်တော် ဘယ်ကိုရောက်နေသလဲ၊ ဘယ်ကိုရောက်နေပါသလဲ ခင်ဗျာ. . .။

❑ ❑ ❑

အို ့ ့ ့ ဘုရားသခင် ့ ့ ့
ငါ့ထံတွင် စစ်မှန်သောချစ်ခြင်းတရား ရှိပါလျက်နှင့်
ငါ့ထံ အချစ်စစ်အချစ်မှန် အဘယ်ကြောင့်
မရောက်ခဲ့ပါသနည်း။
အို ့ ့ ဘုရားသခင်
ငါ၏ခန္ဓာကိုယ် တစ်ခြမ်းသည် ငါ၏ချစ်ခြင်းဖြစ်၏။
ယခုအဘယ်ကြောင့် ငါ၏ခန္ဓာကိုယ်တစ်ခြမ်း
တစ်ပါးသူ၏ရင်ခွင်ထဲ ရောက်နေရပါသနည်း။
ဘုရားသခင်
ဘုရားသခင်သည် အမှန်တရားကို သိမြင်တော်မူ
၏။
သို့သော် ့ ့ ့
ဤတစ်ကြိမ်၌ရော ့ ့
ဆိတ်ဆိတ်နေဦးမည်လား။

www.burmeseclassic.com

"**မင်း** ငါ့ကိုလိမ်တာ. . . မင်းတို့ ငါ့ကိုလိမ်တာ"

ကျွန်တော်၏ ကျယ်လောင်သော အော်ဟစ်သံကြောင့် စောကြည်ဖြူ မျက်ခုံးမြင့်တက်သွား၏။ ကျွန်တော့်ခန္ဓာကိုယ်တစ်ခုလုံးလည်း ဒေါသနှင့် တဆတ်ဆတ်ခါနေ၏။

"ဟ တိုးတိုးအော်စမ်းပါကွ. . . သူများတွေလည်း ကြားကုန်ဦးမယ်. . ငါက ဘာများလိမ်လို့လဲ"

စောကြည်ဖြူက ဘေးဘီဝေ့ကြည့်ရင်း အသံကို နှိမ့်၍ပြောသည်။ ရှိတာက သူနှင့်ကျွန်တော်နှစ်ယောက်တည်း၊ လှော်ကားဥယျာဉ်၏ထောင့် ဗာဒံပင်ကြီးတစ်ပင်အောက်မှာ. . .။

"မင်း ခုနကစကားကို ပြန်ပြောစမ်း စောကြည်ဖြူ မင်းနောက်တစ်ခါလောက် ပြန်ပြောစမ်းပါ"

စောကြည်ဖြူ မျက်မှောင်ကျုံ့သွား၏။

"ဘယ်စကားလဲ မင်းဘာတွေမေးနေတာလဲ"

"မင်းရှူးချင်ယောင်ဆောင်မနေပါနဲ့ စောကြည်ဖြူ. . . မင်းခုန လူတွေကြားပြောခဲ့တဲ့ စကားလေ. . . ဘာတဲ့. . မင်းအချစ်ဆုံးလူဟာ မယ်လေးဆိုတာလေ"

"အေးလေ. . အဲဒါဘာဖြစ်လို့လဲ"

"အဲဒါ အမှန်ပဲလား စောကြည်ဖြူ"

စောကြည်ဖြူ၏မျက်လုံးများ မှိုင်းဝေသွား၏။ နောက် ကျွန်တော့်ကို ကရုဏာသက်သလို မျက်လုံးမျိုးနှင့်ကြည့်သည်။ သူ့အမူအရာကိုကြည့်ပြီး ကျွန်တော် သူပြောမယ့်စကားကို သိပြီ။ ကျွန်တော့်အတွက် ကံကောင်းခြင်းမှလွဲ၍ ဘာမှမဖြစ်နိုင်တော့။

**တော်ဝင်မြို့မစာအုပ်တိုက်**

www.burmeseclassic.com



သို့သော် ရုတ်ချည်းဆိုသလို သူ့မျက်နှာ အမူအရာပြောင်းလဲသွား၏။ သူ့မျက်နှာမှာ အုံ့ဆိုင်းနေသောမိုးလို ညိုတက်လာ၏။ မျက်နှာမှာလည်း ကောက်ကျစ်မည့်ရုပ်သွင်မျိုး ချက်ချင်းပြောင်းသွား၏။

ဘယ်လိုဖြစ်သွားပါလိမ့်၊ ကျွန်တော် စဉ်းစား၍မဆုံးမီမှာပင်. .

"အမှန်ပဲ မောင်ငယ်"

"ဟင်"

"ဟုတ်တယ်. . . ငါ့ရဲ့အချစ်ဆုံးသူဟာ မယ်လေးပဲ"

ကျွန်တော် တဆတ်ဆတ်တုန်သွား၏။

"လျှောက်ပြောမနေနဲ့ ဟော့ကောင် ဒါမင်းလိမ်တာ"

ကျွန်တော့်အသံများ ဒေါသဖြင့် အက်ကွဲတုန်ခါနေ၏။

"ဟ ဘာလို့လိမ်ရမှာလဲကွ အကျိုးမရှိ. . . ငါ့အချစ်ဆုံးဟာ မယ်လေးပဲ၊ ဒါမှန်သောစကားပဲ. . . နို့နေပါဦး ငါက မယ်လေးကိုချစ်တယ်ဆိုတာနဲ့ မင်းက ဘာဖြစ်နေရတာလဲ မောင်ငယ်"

"ဟော့ကောင် သိသိကြီးနဲ့ မေးမနေနဲ့ ငါလည်း မယ်လေးကိုချစ်နေတယ် ဆိုတာ မင်းလည်းသိတယ်"

"ချစ်လေ. . . ချစ်လို့ရတာပဲ. . မယ်လေးဟာ လွတ်လပ်တဲ့ မိန်းမပျိုပဲ မင်းချစ်တာချစ်လို့ရတာပဲ. . . အေး ချစ်လို့ရသလို. . . ငါလည်းချစ်လို့ရတယ် အိုကွာ ကျန်တဲ့လူတွေလည်း ချစ်လို့ရတာပဲ"

"ဟော့ကောင် အပေါ်စားစကားတွေသုံးပြီး လျှောက်ပြောမနေနဲ့. . . မင်းမယ်လေးကို ဘယ်တုန်းကမှ စိတ်ဝင်စားခဲ့တာမဟုတ်ဘူး၊ အခုမှ မင်း ဘာစိတ်ရူးတွေပေါက်ပြီး အရူးစကားတွေ လျှောက်ပြောနေတာလဲ"

ကျွန်တော့်ဒေါသတကြီးစကားကို စောကြည်ဖြူ မခိုးမခန့်ရယ်လိုက်သည်။

"ဟား ဟား အရူးစကား ဟုတ်လား တကယ်ရူးနေတာမင်းပဲ မှတ်ထား မောင်ငယ် မင်းကို ငါတစ်ခုထပ်ပြောပြလိုက်မယ်. . . မင်းအသေအချာမှတ်ထား မသေမချင်းမှတ်ထား"

စောကြည်ဖြူ စကားထပ်မဆက်ဘဲ အသက်ကိုဝအောင်ရှူလိုက်သည်။ သစ်ရွက်တို့ လေတိုးသံက သဲ့သဲ့။ သစ်ရွက်လေတိုးသံလိုပါပဲ သူ့အသံသဲ့သဲ့က ဆိတ်ငြိမ်ခြင်းကို ဖြိုခွင်းတိုက်ခတ်လာသည်။

"မယ်လေးနဲ့ ငါက ချစ်သူတွေ"

"ဘာကွ"

www.burmeseclassic.com



မြင်ကွင်းအားလုံး ပြောင်းပြန်လန်သွား၏။ နားထဲ ဗုံးတစ်လုံးပစ်ခွဲလိုက်သလို ကျယ်လောင်စွာမြည်ဟီးသွား၏။ အရိပ်ကောင်းသော သစ်ပင်တို့ ရုတ်ချည်းပူပြင်းသွား၏။ မြေသားမြက်ခင်းပြင်များသည်လည်း အသွင်ပြောင်း၍ မှုန်ဝါးသော အမွေးအမှင်များနှင့် ရှည်လျားမည်းမှောင်သွား၏။

"မင်း တကယ်ပြောတာလား"

"မယုံရင် မယ်လေးကိုသွားမေး"

ကျွန်တော့်ခြေလှမ်းများ ရုတ်ချည်းလမ်းကြောင်းပြောင်းသွား၏။ ခြေလှမ်းတို့ မြေပြင်နှင့်ထိသလား မထိသလား ကျွန်တော်မသိ၊ ဘေးနားက သစ်ပင်တို့ ရိပ်ခနဲ ရိပ်ခနဲ နောက်မှာကျန်ရစ်ခဲ့၏။ ကျွန်တော့် နောက်ထက်ကြပ်မကွာပါလာတာက ကြေကွဲခြင်းများ. . . ။

❑ ❑ ❑

**သစ်**ပင်အရိပ်အာဝါသအောက် အပူအပင်ကင်းစွာ အေးအေးဆေးဆေး အနားယူဆော့ကစားနေသော မယ်လေးကိုမြင်တော့ ကျွန်တော့်ခြေလှမ်းတွေ ပို၍မြန်ဆန်သွား၏။

လောကသဘာဝကို တမေ့တမောလေ့လာရင်း ညင်သာချောမွေ့စွာ အချိန်တွေကို ကုန်ဆုံးစေသော ချိုမြိန်အပြစ်ကင်းစင်သော သစ်သီးများကို စားသုံးနေသော ကြေကွဲခြင်းကို မခံစားဖူးသော ကောင်မလေးဆီသို့ ဒေါသတကြီးလှမ်းနေသော ကျွန်တော့်ခြေလှမ်းများကို ကျွန်တော် အားမနာနိုင်တော့. . ။

"မယ်လေး"

မယ်လေး ကျွန်တော့်ကိုဝေ့ကြည့်၏။ သူ့လက်ထဲမှာ ပေါ့ပါးသော ပလပ်စတစ်ဘောလုံးလေးတစ်လုံးကိုင်ရင်း ပြုံးရွှင်လို့။ ကြေကွဲနေသော ကျွန်တော့်မျက်ဝန်းများကိုမြင်တော့ အံ့အားသင့်သွားပုံရ၏။ သူ၏ ဖြူစင်သော အပြုံးများသည်လည်း မျက်နှာပေါ်မှ ရုတ်ချည်းထွက်ပြေးလွင့်စဉ်သွား၏။

ကျွန်တော့်အမြင်အာရုံမှာလည်း မယ်လေးနှင့် သစ်ပင်ရိပ်များ ရောထွေးနေ၏။

"မယ်လေး. . . ငါ့ကိုပြောစမ်းပါ. . . စောကြည်ဖြူပြောတာ အမှန်ပဲလား"

ကျွန်တော့်စကားကြောင့် မယ်လေး ပို၍အံ့အားသင့်သွားပုံရ၏။

"မောင်ငယ် နင်ဘာတွေလာပြောနေတာလဲ နင်ဘာတွေဖြစ်လာတာလဲ"

ကျွန်တော့်စိတ်တွေ ဆောက်တည်ရာမရတော့။ လူလည်း ဂနာမငြိမ်ဖြစ်နေမိ၏။

www.burmeseclassic.com



"ငါ့ကို ရှင်းရှင်းပြောစမ်းပါမယ်လေး. . . စောကြည်ဖြူပြောတာ အမှန် ပဲလား"

မယ်လေး၏မျက်နှာပေါ်တွင် နားမလည်နိုင်မှုများနှင့် ရှုပ်ထွေးနေ၏။

"ဘာတွေလာပြောနေတာလဲ မောင်ငယ်ရယ် စောကြည်ဖြူက နင့်ကို ဘာပြောလို့လဲ"

"မသိချင်ယောင်ဆောင်မနေပါနဲ့ မယ်လေး နင်နဲ့စောကြည်ဖြူက ချစ်သူတွေဆို"

"ဘာ"

"နင်နဲ့ စောကြည်ဖြူက ချစ်သူတွေဆို"

ကျွန်တော့်အသံက လိုအပ်သည်ထက် ပို၍ကျယ်လောင်သွား၏။ သစ်ပင်တို့သည် ဓာတ်ပုံရိုက်ထားသော သက်မဲ့လိုငြိမ်သက်နေ၏။

မယ်လေးသည်လည်း ပါးစပ်အဟောင်းသားနှင့် ငြိမ်သက်နေ၏။ အတန်ကြာတော့မှ သူ့မျက်နှာပေါ်တွင် နာကျည်းခြင်း၊ ကြေကွဲခြင်း၊ ဝေခွဲမရ ခြင်းများတို့ဖြင့် ပြည့်နှက်လာ၏။ မျက်ဝန်းပေါ်တွင်လည်း မျက်ရည်တို့ ဝေ့သီ လာသည်။ သူ့နှာခေါင်းကို ဆတ်ခနဲမော့လိုက်သည်။ နောက် တိကျပြတ်သား သောလေသံနှင့် ပြန်ဖြေလိုက်သည်။

"ဟုတ်တယ်"

ဝုန်းခနဲ လဲပြိုကျလာသော နာကျည်းခြင်းတို့ ခန္ဓာကိုယ်တစ်ခုလုံး လွင့် စဉ်သွားမတတ် ရင်ကိုလာဆောင့်သည်။ ကျွန်တော့်ခန္ဓာကိုယ် လေတိုက်ခံရ သော မြက်ပင်လို ယိုင်နဲ့သွား၏။ ပါးပြင်ပေါ်တွင် မျက်ရည်တွေလား ဇောချွေး တွေလားတော့မသိ။ အားလုံး စေးကပ်ကြမ်းရှနေသည်။ နားထဲတွင်လည်း ဘာသံ မှမကြားရလောက်အောင် ထူပိန်းနေသည်။ ခေါင်းထဲတွင်လည်း နောက်ကျိမှုး ဝေနေ၏။

ခန္ဓာကိုယ်တစ်ခုလုံး အားအင်ကုန်ခမ်းသွားသလို တုန်ရင်ချိနဲ့နေ၏။ ကမ္ဘာကြီးတစ်ခုလုံး ဘယ်နှပတ်မှန်းမသိရလောက်အောင် ထူပိန်းနေသည်။ ခေါင်းထဲတွင်လည်း နောက်ကျိမှုးဝေနေ၏။

ကျွန်တော် မျက်လုံးကိုမှိတ်ပစ်လိုက်၏။ မျက်ရည်အကြွင်းအကျန်တို့ ပါးပြင်ပေါ် လိမ့်ဆင်းလာ၏။ အလို. . . ဘယ်လိုဖြစ်တာပါလိမ့်။

ကျွန်တော်အားယူ၍ အသက်ကို ခပ်ပြင်းပြင်းရှူသွင်းလိုက်သည်။

"မယ်လေး သစ်ပင်တစ်ပင်လုံးကို ခုတ်ထွင်မယ်ဆိုရင် နတ်နေကိုင်း တော့ထားပေးရတယ်. . . ငါ့ရင်ထဲမှာ သစ်တစ်ပင်ရှိခဲ့ရင်. . . "

www.burmeseclassic.com



ကျွန်တော့်အသံတွေ တုန်ရင်ကွဲအက်နေသည်။

“ငါ့ နတ်နေကိုင်းဟာ နင်ပဲ. . . ငါနင့်ကိုချစ်တယ်. . . အခုတော့ အဲဒီနတ်နေကိုင်းကို ငါကိုယ်တိုင် ခုတ်ထွင်လိုက်ပြီ. . . ငါ့ရင်ထဲမှာ နင်မရှိတော့ဘူး”

ချာခနဲလှည့်ထွက်လာသော ခြေလှမ်းနောက် နာကျည်းခြင်းတို့ပြေးလိုက်လာ၏။

အကန့်အသတ်မရှိသော ခြေလှမ်းတို့သည်လည်း တစ်စုံတစ်ရာမှမျှော် လင့်ချက်မရှိဘဲ ယိမ်းယိုင်နေသည်။

မယ်လေးကတော့ ကျွန်တော့်ကို တအံ့တသြငေးကြည့်ရင်း. . .

ခေါ်သံများတိတ်ဆိတ်. . .။

❑ ❑ ❑

www.burmeseclassic.com

ခုတ်ထွင်လှဲ့ပါ . . .
ငါဟာ သစ်ခြောက်ပင်
ငါ့ရဲ့အကိုင်းအခက်တွေ ငါပြန်နင်း
ငါ့ရဲ့သစ်ရွက်တွေ ငါချွေချရင်း
ရင့်မှည့်။
ခေါင်းခါထွက်စရာ အနာဂတ်မပါတဲ့
ရင်အုံကို ထိန်းကျောင်းလို့လည်း
ငါအခြေမခိုင်တော့
လေပွေ
ခြေတစ်လှမ်းမရွှေ့ခင်
တစ်ပင်လုံးလွင့်ကြွေခဲ့
. . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . .
. . . . . . . . . . . . . . . . .
ငါကိုက အသည်းငယ်လွန်းခဲ့ . . . ။

မယ်လေးတို့ကို အပြင်မှာစောင့်ခိုင်းပြီး စောကြည်ဖြူ အိမ်ထဲ ဒရောသောပါးပြေးဝင်ရင်း အလျင်စလိုမေးလိုက်သည်။

"အန်တီ မောင်ငယ်ရော. . . မောင်ငယ်"

အန်တီမြင့်အခန်းထဲမှ ပြေးထွက်လာပြီး

"အေး ငါလည်း နင်ရောက်လာရင် အဲဒါပဲမေးမလို့ နင်တို့ပျော်ပွဲစားထွက်တုန်းက မောင်ငယ်နဲ့များ ရန်ဖြစ်ခဲ့ကြသေးလား"

စောကြည်ဖြူ စိတ်ညစ်သွား၏။ မေးတာတခြား ဖြေတာတစ်လွဲ. .

"ဟာ မဖြစ်ပါဘူး. . . မောင်ငယ်ရော. . . မောင်ငယ်. . . သူပြန်လာပြီလား"

"ပြန်တော့လာပြီ"

ထိုတော့မှ စောကြည်ဖြူ သက်ပြင်းချနိုင်၏။ သို့သော် အန်တီမြင့်၏ နောက်ဆက်တွဲစကားက. . .

"ဒါပေမယ့် သူမရှိတော့ဘူး"

"ဗျာ"

"ဟုတ်တယ်. . . ဒီကို ခဏလေးပြန်ရောက်ပြီး. . . သူ့ဖျာလိပ်သူပိုက်ပြီး ပြန်ဆင်းသွားတာပဲ. . . ဘာမှလည်းမေးလို့မရဘူး"

"ဒါဆို သူရွာပြန်တာပဲဖြစ်မယ်"

ဟုရေရွတ်ပြီး စောကြည်ဖြူ ကမန်းကတမ်း အိမ်ထဲမှ ပြေးထွက်လာ၏။

"ရှိလား စောကြည်ဖြူ မောင်ငယ်ရှိနေလား"

www.burmeseclassic.com



စောကြည်ဖြူကိုမြင်တော့ မယ်လေးက အားလုံးထက်ဦးအောင်မေး၏။

စောကြည်ဖြူက ခေါင်းခါပြပြီး. . .

"မရှိတော့ဘူး. . . သူ့ဖျာလိပ်လာယူပြီး ဆင်းသွားပြီတဲ့"

"ဟယ်. . . ဒုက္ခပဲ. . . ဘယ်ဆင်းသွားတာတဲ့လဲ"

"မသိဘူးဟ. . . ငါထင်တာတော့ သူ့ရွာသူပြန်သွားတာဖြစ်မယ်"

"ဒါဆို ဘူတာရုံလိုက်ရင် မီဦးမလားမသိဘူး"

ထွေးထွေးက ဝင်ပြီးအကြံပေးသည်။

"အေး ဟုတ်တယ်၊ ဘူတာရုံလိုက်သွားကြစို့"

အားလုံး တက်ညီလက်ညီပင် ကားတစ်စီးငှား၍ ဘူတာရုံကိုလိုက်ကြသည်။

သို့သော် . . . . . . .

ထိုနေ့မှစ၍ မောင်ငယ်ဆိုသော ထူတူတူ အတတကောင်လေး ရန်ကုန်မြို့မှ ပျောက်ဆုံးသွားပါသည်။

❑ ❑ ❑

သင်၏ဘဝလက်ထဲမှာ ဘဝပန်းချီဆရာသည့် ကုလားအုတ်မွေး စုတ်တံကိုကိုင်လျက် အချိန်တည်းဟူသော ပြန့်ကျယ်ဖြူဖွေးသည့် ကင်းဗတ်စ ရှေ့ရပ်လျက်ရှိ၏။ သင့်အတွေး သင့်ခံစားမှုများ သင့်လုပ်ရပ်များက ပန်းချီဆေးများဖြစ်သည်။

သင့်အတွေး၏ အသွေးအရောင်များကို သင်ကိုယ်တိုင်ရွေးချယ်ခြင်း ဖြစ်သည်။

ညိုမှိုင်းမှိုင်းလား၊ တောက်တောက်လွင်လွင်လား၊ ဖျော့တော့တော့လား၊ ပြင်းအားကောင်းကောင်းလား၊ အရောင်ကောင်းကောင်းလား၊ အရောင်ညှို့ညှို့လား။

သင့်ခံစားမှု၏ အသွေးအရောင်ကို သင်ကိုယ်တိုင်ရွေးချယ်ခြင်းသာ ဖြစ်၏။

**Wilferd Peterson**

www.burmeseclassic.com

ကြွေကျနေသော သစ်ရွက်များကိုငေးကြည့်ရင်း မယ်လေးက တိုးညှင်း ညင်သာသော လေသံဖြင့်. . .

"မောင်ငယ်တစ်ယောက် ပြန်မရောက်သေးဘူးနော်"

စောကြည်ဖြူက သက်ပြင်းချပြီး. . .

"ဒီလောက်လည်း စိတ်ပူမနေပါနဲ့ဟာ. . . စာမေးပွဲနီးရင်တော့ သူပြန်လာမှာပေါ့"

မယ်လေး ခပ်ဝေးဝေးကို ငေးရီရင်း. . .

"သူပြန်လာပါစေလို့ ငါဆုတောင်းပါတယ်ဟာ. . . နောက်မဟုတ်ရင် ငါ. . ."

ပြောရင်း ပြောရင်း မယ်လေး၏ခေါင်းလေး ငုံ့ကျသွား၏။ သူ့မျက်ဝန်းမှာ မျက်ရည်စတချို့. . .

"ဒီလောက်လည်း ခံစားမနေပါနဲ့ မယ်လေးရယ်. . . သူ တစ်နေ့တော့ ပြန်လာလိမ့်မှာပေါ့"

ထွေးထွေးက မယ်လေးကို နှစ်သိမ့်လိုက်သည်။ နောက် သူလည်း သက်ပြင်းကို ခပ်မြင်းမြင်းချပြီး. . .

"အေးလေ. . . မောင်ငယ်မရှိကတည်းက တို့တွေမရယ်ကြရတော့ဘူးနော်"

အားလုံး၏မျက်နှာများ ထိုင်းမှိုင်းသွားကြ၏။

"ငါတို့ စလိုက်တာ လွန်သွားတယ်ထင်တယ်"

"အမှန်တော့ သူ့ကိုမရည်ရွယ်ပါဘူးဟာ. . . ပစ်တာကတစ်ခြား၊ ထိတာက တစ်ယောက်ဖြစ်သွားတယ်"

www.burmeseclassic.com



မြနွယ်က သက်ပြင်းချပြီး. . .

“အေး ဟယ် သူ့ခမျာဒီလောက်တောင် သဘောမပေါက်ဘူးလား မသိဘူး”

မယ်လေးက မျက်ရည်အဝဲသားနှင့်. . .

“ငါတို့တိုင်ပင်တုန်းက သူမှမကြားလိုက်တာ. . . နောက်ပြီး သူကိုက ခံစားတတ်လွန်း အ,လွန်းပါတယ်ဟာ. . . အခုတော့”

“ငါတို့ လျှော်ကားသွားဖို့ အစီအစဉ်မလုပ်ခဲ့ရင် သိပ်ကောင်းမှာပဲနော်”

မယ်လေး မျက်ရည်များနှင့် ခေါင်းညိတ်၏။ အားလုံးကတော့ ငေးငိုင်လျက်။

သူတို့တွေရဲ့ စိတ်ထဲတွင် မောင်ငယ်၏ပုံရိပ်များ. . .

❑ ❑ ❑

www.burmeseclassic.com

သူ့ဘာသာသူ ပုံမှန်လည်ပတ်နေသော ရာသီစက်ယန္တရားကြီးသည် ပြက္ခဒိန်စာမျက်နှာများကို တစ်ရွက်စီကျော်ပြီး နေ့များကို စားသုံးသွားလေသည်။

လေးလံထိုင်းမှိုင်းသော ရာသီဥတုများကို သဘာဝကျကျဖြတ်သန်းရင်း မြူခိုးနှင်းစက်များသည် အသံကြောင်နေသော တယောတစ်လက်လို ဆောင်းရာသီကိုထမ်းပိုးရင်း ကမ္ဘာမြေပြင်ထက် သက်ဆင်းလာ၏။

ဆိတ်ဖလူးနံ့များ၊ မြေခိုးငွေ့များဆူဝေနေသည့် နှင်းစက်တို့ ရှုထောင့်အသီးသီးမှ ချွေးသံတရွှဲရွှဲနှင့်ကြည့်ရင်း အလင်းရောင်ကို အန်တုဖို့ နေဝင်ချိန်ကို မျက်နှာမူလိုက်သည်။

"မနက်ဖြန်ဆို စာမေးပွဲစပြီနော်"

အားလုံးထံမှ သက်ပြင်းချသံကြားရ၏။

"မောင်ငယ် မလာတော့ဘူးထင်တယ်"

မယ်လေး၏အသံများ တုန်ရင်ချိနဲ့နေ၏။ နောက် သူမှပင် ဆို့နင့်ကြေကွဲသောအသံဖြင့်. . .

"နေနိုင်လိုက်တာဟယ်"

အားလုံးအရုပ်များ စီချထားသလို ငြိမ်သက်သွားကြ၏။ သစ်ရွက်နှင့် နှင်းစက်တို့ သူတို့ခေါင်းပေါ် တဖြုတ်ဖြုတ်ကြွေကျနေသည်ကိုပင် မေ့လျော့နေကြပုံရ၏။

ဆောင်းလေညှင်းကလေး လျှပ်တစ်ပြက်ကလေးမှာပင် သူတို့ကို ဝှေ့ယမ်းလွှမ်းခြုံလိုက်ပြီး. . . အအေးဓာတ်တချို့ကို လေထုထဲထုတ်လွှင့်လိုက်သည်။

www.burmeseclassic.com



"ငါ သတိရပြီ"

အားလုံးစဉ်းစားနေကြတုန်း စောကြည်ဖြူ၏စကားကြောင့် အားလုံး ဝေ့ကြည့်ကြသည်။

"ငါ သတိရပြီ. . . သူတကယ်လို့ စာမေးပွဲလာမဖြေရင် စာမေးပွဲပြီး တဲ့အခါ ငါတို့အားလုံး သူ့ရွာကိုလိုက်သွားကြရအောင်"

အားလုံး၏မျက်နှာပေါ်တွင် မျှော်လင့်ချက်များဖြင့် လင်းလက်သွား၏။

"အေး. . . ဟုတ်တယ်. . . လိုက်သွားကြရအောင်"

အားလုံး ရွှင်မြူးသွားကြ၏။ မောင်ငယ်မရှိတော့သည့်နောက်ပိုင်း ပထမဦးဆုံးရွှင်မြူးခြင်းပင်. . .

"မယ်လေး. . . နင်ပျော်သွားပြီ မဟုတ်လား"

စောကြည်ဖြူက မယ်လေးကို လှမ်းစသည်။ မယ်လေးက ရှက်ပြုံးပြုံး ပြီး

"ပျော်တာပေါ့ဟဲ့. . . "တဲ့။

အားလုံး မယ်လေးကိုကြည့်ပြီး ရွှင်မြူးစွာရယ်မောလိုက်ကြသည်။

❑ ❑ ❑

www.burmeseclassic.com

ငါ့စိတ်ကူးများသည် ပိုးစုန်းကြူး

အမှောင်ထဲမှာ တလက်လက်ပြိုးပြက်နေ သော

အသက်ဝင်နေသော အလင်းရောင်၏

အစက်အပြောက်ကလေးများသာဖြစ်သည်။

ရာဘင်ဒြာနတ်(သ်)တဂိုး

www.burmeseclassic.com

ဟဂျုံးဂျုံး တဂျိုင်းဂျိုင်းနှင့် အားမာန်ပါပါ ခုတ်မောင်းနေသော ရထားကြီး အရှိန်လျော့ကျသွားသည်နှင့် စောကြည်ဖြူက. . .

"ကဲ ဆင်းကြမယ် အားလုံးကိုယ့်အထုပ်ကိုယ်သယ်ကြပါ"

"ဒီမှာဆင်းရမှာလား. . . မောင်ငယ်တို့ရွာရောက်ပြီလား"

ထွေးထွေးက စောကြည်ဖြူကိုပြန်မေးသည်။ စောကြည်ဖြူက သူ့အထုပ်ကို သူဆွဲရင်း. . .

"မဟုတ်ဘူး ဒီကနေ လှေနဲ့တစ်ဆင့်သွားရဦးမှာ"

ထွေးထွေး၏မျက်နှာလေးရှုံ့မဲ့သွား၏။ မျက်နှာမရှုံ့မဲ့သူက မယ်လေး၊ သူက တစ်ညလုံးမအိပ်ဘဲ ဖွဲနပဲကြီးစွာ လိုက်ပါလာ၏။

"ကဲ မြန်မြန်ဆင်း မြန်မြန် ရထားထွက်သွားလို့ ဟုတ်ပေ့ဖြစ်နေဦးမယ်"

စောကြည်ဖြူ၏ လောဆော်မှုကြောင့် အားလုံး ရထားရပ်သည်နှင့် ရထားပေါ်မှ ကမန်းကတမ်းဆင်းလိုက်ကြသည်။

စိမ်းညို့သောတောင်တန်း၊ လတ်ဆတ်သောလေပြေညှင်းကြောင့် အားလုံး၏စိတ်ထဲ လန်းဆန်းဖြစ်သွားကြ၏။

"ဟယ် အေးနေတာပဲဟယ်. . . ငါတော့ လှော်ကားဥယျာဉ်သွားတဲ့နေ့ တောင် ပြန်သတိရတယ်"

စိမ်းနုက အားရပါးရထအော်သည်။ သူ့စကားကို မယ်လေးက ချက်ချင်းပင်. . .

"ဖတ် ဖတ် လွဲပါစေ. . . ဖယ်ပါစေ. . . နင့်ပါးစပ်ပုတ်ကြီးနဲ့ လျှောက် ပြောမနေနဲ့"

www.burmeseclassic.com



မယ်လေး၏အပြုအမူကို ထွေးထွေးက မျက်မှောင်ကျုံ့လိုက်ပြီး

"ဟဲ့ နင်က ဘာဖြစ်ရတာလဲ"

ထွေးထွေး၏အမေးကို စောကြည်ဖြူက. . .

"ဘာမှမဟုတ်ဘူးဟေ့. . . လှော်ကားဥယျာဉ်သွားတုန်းက သူ့လူလေး ထွက်ပြေးသွားလို့တဲ့. . အဲဒါ ကံမကောင်းဘူးဆိုပြီး လှော်ကားအသံမကြားချင်ဘူး ဖြစ်နေတယ်"

မယ်လေး စောကြည်ဖြူကို လက်သီးဆုပ်ထောင်ပြသည်။ နှာခေါင်း ကလော်မယ့်လက်မက လက်ညှိုးနှင့် လက်ခလယ်ကြားမှာ။ စောကြည်ဖြူက မယ်လေးကိုကြည့်ပြီး ရယ်လိုက်သည်။ ပြီးတော့. . .

"အေးပါ. . နင့်မှာ လက်ဆုပ်လက်ကိုင်ရှိတာ သိပါတယ်"

"စောကြည်ဖြူ"

မယ်လေး အာခေါင်ခြစ်အော်လိုက်သည်။ ဒါကို စောကြည်ဖြူက လည်း မလျှော့။

"ဩော်. . . မယ်လေးက ပြန်တော့မှာလား"

"မပြန်ဘူး ငါက ဒီရွာမှာနေခဲ့မှာ"

မယ်လေး၏စကားကို အားလုံးက ဝါးခနဲရယ်ကြသည်။ အားလုံး ပျော်ရွှင်နေကြသည်။

သူတို့အားလုံး စာမေးပွဲပြီးပြီမို့ မိဘများအား သူငယ်ချင်းရွာ အလည် သွားမည်ဟု အသိပေးပြီး ထွက်လာခဲ့ကြခြင်းဖြစ်၏။ အဖွဲ့လိုက်သွားမှာဆိုတော့ မိဘများကလည်း ကြည်ကြည်ဖြူဖြူ ခွင့်ပေးလိုက်ကြသည်။

"ကဲ. . . လာ. . . ကူးတို့ဆိပ်သွားရအောင်"

အားလုံး ကူးတို့ဆိပ်ဘက်ဆင်းသွားကြ၏။

ဩော်. . . မကြာခင် သူတို့ချစ်ခင်ရသော သူငယ်ချင်းနှင့်. . .

❑ ❑ ❑

www.burmeseclassic.com

ကြည်လင်သော မြစ်ပြင်တွင်ဖြတ်သန်းသွားသော လှေကလေးသည် ငြိမ်းချမ်းရေးချိုးငှက်များကို သယ်ဆောင်လာပေသည်။

သူတို့သည် ဖြူစင်သောမေတ္တာတရားနှင့် ချစ်ခြင်းများကို တပွေ့တပိုက်ယူဆောင်လာကြ၏။ သူတို့သွားရာနောက် တိမ်တိုက်များသည် ပန်းဆုပ်ပန်းခက်များသဏ္ဍာန်ပြောင်း၍ ကောင်းကင်မှ အုပ်မိုးရင်းလိုက်ပါလာကြ၏။

နေမင်းကြီးသည်လည်း ထိုချိုးငှက်များကိုကြည့်ရင်း ရှက်သွေးဖြာစွာဖြင့် ပွင့်လန်းလာလေသည်။

"ရောက်ပြီ"

စောကြည်ဖြူ၏အသံက ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်သက်နေကြသော သူတို့အားလုံးကို လှုပ်နိုးလိုက်၏။

သူတို့စီးလာသော လှေက ကမ်းနဖူးဘေး စနစ်တကျဆိုက်ကပ်ထားပြီးပြီ။

အားလုံး ကမ်းပေါ် ဆင်းလိုက်ကြသည်။

စိမ်းမြသော တောအုပ်ကလေးတွင် လှပသပ်ရပ်ပြီး ချစ်စဖွယ်ကောင်းသော ခြေတံရှည်အိမ်ကလေးများ အစီအရီဆောက်လုပ်ထားသော ရွာငယ်ကလေး. . . ။

မြို့ပြယဉ်ကျေးမှုအောက် ကင်းကင်းရှင်းရှင်းလွတ်မြောက်ပြီး အေးစိမ့်သာယာသော ရွာငယ်လေး။

ဩော်. . . ဒီရွာကလေးကနေ မိရိုးဖလာအတိုင်း ရိုးသားသည့်မောင်ငယ်ဆိုသည့် ကောင်လေးတစ်ယောက် မွေးဖွားခဲ့တာလား။

❑ ❑ ❑

www.burmeseclassic.com

ရွာကလေးထဲ သူတို့ဝင်ရောက်လိုက်သည်နှင့် အေးစိမ့်မှုက ရင်ကို ထိတ်ခနဲဖြစ်စေ၏။ အတော်အေးတဲ့ရွာပဲလို့ ကိုယ်စီမှတ်ချက်ချမိသည်။

မြို့ပြယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ထားမှုကို တအံ့တဩဖြင့် ကြည့်နေသော ရိုးသားသည့် ရွာသူရွာသားတို့၏ မျက်ဝန်းများက သူတို့ကို ရှိုးတိုးရှန့်တန့်ဖြစ်စေ၏။

"ငါတို့ ဒီအဝတ်အစားတွေ ဝတ်မလာခဲ့မိရင်ကောင်းမယ်"

ဟု မြနွယ်က တိုးတိုးရေရွတ်သည်။ စိမ်းနုက

"အေးဟယ် ဟုတ်ပါရဲ့ သူတို့ရွာသားတွေကြားထဲ ငါတို့က ဒီအဝတ်အစားတွေနဲ့ဆိုတော့ ဂြိုဟ်သားလိုကြီးဖြစ်နေတယ်"

ဟု ထောက်ခံသည်။ မယ်လေးကတော့ သူတို့စကားသံတွေ စိတ်မဝင်စားဘဲ. . .

"ဟဲ့ စောကြည်ဖြူ မောင်ငယ်တို့အိမ်က ဘယ်မှာလဲ"

"ဟာ ငါလည်း ဘယ်သိပ့ါမလဲဟ"

"မသိရင်မေးပါတော့လား ငတုံးရဲ့ ငအရဲ့"

မယ်လေးက ဘာမဆိုင် ညာမဆိုင် စောကြည်ဖြူကိုငေါက်သည်။

"ဟာ မေးမှာပေါ့. . . မေးဖို့ကောင်မလေး ချောချောလိုက်ရှာနေတာ ဟဲဟဲ"

စောကြည်ဖြူ စကားဆုံးသည်နှင့် မယ်လေးထံမှ "နှာဘူး၊ နှာဂိုထောင်၊ နှာလေယာဉ်ပျက်"ဟူသော ရေရွတ်သံကြားရ၏။ သူ၏ ရေရွတ်သံမဆုံးခင်မှာပင် စောကြည်ဖြူမျှော်လင့်နေသော ကောင်မလေးတစ်ယောက် ရေအိုးလေးရွက်ပြီး သူတို့ဘက်လျှောက်လာသည်ကိုတွေ့ရ၏။

www.burmeseclassic.com



စောကြည်ဖြူက ကျေနပ်သလို သွားကြီးဖြဲပြီး မေးမလို့လုပ်နေစဉ်မှာပင် အကြောင်းသိသော မယ်လေးက ကြားဖြတ်ပြီး. . .

“ညီမလေး ဒီမှာ မောင်ငယ်တို့အိမ် ဘယ်မှာလဲဟင်”

ကောင်မလေးကြောင်သွား၏။ နောက် နားမရှင်းသလိုဖြင့်. . .

“ဘယ်သူ”

“မောင်ငယ်လေ. . . ရန်ကုန်တက္ကသိုလ်လာတက်တဲ့ မောင်ငယ်”

“ဩော်. . . ကြီးမေမြရဲ့သား ကိုမောင်ငယ်ကိုပြောတာထင်တယ်”

“အင်း ဟုတ်လိမ့်မယ်. . . ဟုတ်လိမ့်မယ်. . . အသားဖြူဖြူ အရပ်မြင့်မြင့်လေ”

ကောင်မလေး၏ မျက်ဝန်းအစုံမှိုင်းညို့သွားသည်။ အားလုံး၏စိတ်ထဲ ထင့်ခနဲ. . .

“ဒီလမ်းရဲ့အဆုံးကိုသွားလိုက်ပါ. . . လမ်းအဆုံးရဲ့ ဘယ်ဘက်ကအိမ်ပဲ”

အားလုံးပြန်လည်ပျော်ရွှင်သွားကြ၏။

“ကျေးဇူးပဲ. . . ညီမလေးရယ်”

❑ ❑ ❑

www.burmeseclassic.com

ကျယ်ဝန်းလှသော ခြံဝင်းထဲတွင် သပ်သပ်ရပ်ရပ်ဆောက်လုပ်ထားသော ခြေတံရှည်အိမ်ကလေး. . .

အိမ်ရှေ့ကွပ်ပျစ်တွင် အဘွားအိုတစ်ဦးတည်း ဆန်ပြာနေသည်ကို တွေ့ရ၏။ အိမ်ပေါ်တွင်တော့ လူကြီးတစ်ဦး ကွမ်းသီးများထိုင်ညှပ်နေ၏။

သူတို့ကိုမြင်တော့ အဘွားအို၏မျက်နှာပေါ်တွင် အံ့အားသင့်သည့် အရိပ်အယောင်များတွေ့ရ၏။

အားလုံး၏မျက်နှာပေါ်တွင် အပြုံးရိပ်များဆင်ပြီး. . .

"ဒါ မောင်ငယ်တို့အိမ်လားရှင်"

မယ်လေး၏အမေးကို အဘွားအိုက နားမလည်သလို ကြောင်ငေးသွား၏။

"ဟိုလေ. . . ရန်ကုန်မှာကျောင်းလာတက်တဲ့ မောင်ငယ်ရဲ့အိမ်လားလို့"

အဘွားအို၏မျက်နှာ မှိုင်းညို့သွားသည်။ နောက် သူ၏မျက်ဝန်းတွင် မျက်ရည်တို့ဝေ့သီလာ၏။ အတန်ကြာမှ တုန်ရင်ချိနဲ့သောအသံဖြင့်. . .

"ဟုတ်ပါတယ်ကွယ်. . . မောင်ငယ့်သူငယ်ချင်းတွေထင်တယ်"

"ဟုတ် ဟုတ်ပါတယ်. . . မောင်ငယ့်သူငယ်ချင်းတွေပါ သူ့ကိုတွေ့ချင်လို့ ရန်ကုန်ကလာခဲ့တာပါ"

အဘွားအိုက သက်ပြင်းချပြီး ခေါင်းကိုငုံ့လိုက်သည်။

"သူဆုံးရှာပြီကွဲ့"

"ရှင်"

"ဘာ"

www.burmeseclassic.com



ကမ္ဘာကြီးပေါက်ကွဲလွင့်စဉ်မတတ် ရမ်းခါသွား၏။ မျှော်လင့်ချက်များ အနက်ရှိုင်းဆုံးချောက်ကမ်းပါးထဲထိုးကျပြီး မျက်ရည်တို့သာ ဒီးဒီးကျလာ၏။ အားလုံး ဘာဆက်ပြောရမှန်းမသိအောင် ဆွံ့အ. . . ခန္ဓာကိုယ်များကသာ တဆတ်ဆတ်တုန်ယိမ်းယိုင်နေ၏။

“ဟုတ်တယ်ကွယ့် သူက အရက်သောက်လို့မရဘူးလေ. . . အခုတစ်ခေါက်ပြန်လာတော့ ရန်ကုန်မှာ ဘာဖြစ်ခဲ့တယ်တော့ မပြောတတ်ပါဘူးကွယ် ဒီရောက်တော့ နေ့ရောညပါ လူမှန်းမသိ သူမှန်းမသိအောင်သောက်ပြီး. . . ”

အဘွားအိုစကားကို ထပ်မဆက်ဘဲ တစ်ချက်ရှိုက်ငိုလိုက်သည်။

“အဘွားတို့လည်း တားပါတယ်ကွယ်. . . ဒါပေမယ့် သူကအရက်သောက်ပြီးရင် ဘာမှသတိရတော့တာမဟုတ်ဘူး”

အဘွားအို၏စကားသံများ ထပ်မကြားရတော့ အဘွားအို၏ တုန်ရင်ဆို့နင့်သော အသံများက နားထဲဆူဝေစွာ လှည့်ပတ်နေသောကြေကွဲခြင်းများကြား နာကျင်စွာကျဆုံးကုန်၏။

အသံများ. . .

အသံများ. . .

အသံများ. . .

မြင်ကွင်းအားလုံး မျက်ရည်များကြား ဝေဝါးစွာပျောက်ကွယ်ကုန်၏။ အသိစိတ်တို့ တိမ်တွေလို လေနှင်ရာ မျောလွင့်. . .

❑ ❑ ❑

www.burmeseclassic.com

အချိုမြိန်ဆုံးပျော်ရွှင်မှု
အရက်စက်ဆုံးသောသောကဗျာပါဒ
အချစ်ကို အမုန်းနှင့်တုံ့ပြန်ခြင်း
ထည့်သွင်းထားသမျှ ပြန်လည်ထုတ်ပယ်ခြင်း
မျက်ရည်တို့ဖြင့် ဆေးကြောရုံနှင့်
မသန့်စင်နိုင်သည့်မှသား
အားလုံးတို့ကို ခါးစည်းခံရင်း
သေဆုံးခဲ့သောသစ်တစ်ပင်။
လောကထဲမျှော်လင့်ချက်ကင်းမဲ့စွာ
မကောင်းဆိုးဝါးတို့၏ နက်မှောင်သောကျိန်စာ
သင့်ခဲ့. . . ။
ငရဲကဲ့သို့ပူလောင်သော
ကွေကွင်းရခြင်းက
နှလုံးသားမှ အချစ်တို့ကို လွှမ်းခြုံဖုံးလွှမ်း
ဖျောက်ဖျက်ပစ်ခဲ့ပြီ။
အို. . . သစ်ပင်
တမန်တော်လို ဖြူစင်ခဲ့သော သင့်ခြေရင်း၌
ငါတို့၏ ဖြူစင်ရိုးသားသော မျက်ရည်များနှင့်
သွန်းလောင်းခွင့်ပြုပါ. . . ။

www.burmeseclassic.com

## “ မောင်ငယ်”

မင်းရဲ့သူငယ်ချင်း စောကြည်ဖြူ မင်းရဲ့ခြေရင်းမှာ ငိုကြွေးနေပါတယ်။

အမှန်တော့ မင်းလိုဖြူစင်ရိုးသားတဲ့လူရဲ့ ရှေ့မှောက်မှာ ငါ့လို လိမ်ညာတတ်သူတစ်ယောက် ငိုကြွေးနေတာဟာ မင်းရဲ့ဖြူစင်ရိုးသားမှုကို လုံးဝအကျည်းတန်နေစေလိမ့်မယ် သူငယ်ချင်း. . .

ဒါပေမယ့် မင်းမသိခဲ့တာလေးတွေ ငါရှင်းပြချင်လွန်းလို့ပါ။ ငါ မင်းကို ဒီလောက်ထိ အဆုံးစွန်ခံစားရလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ရိုးအမှန်ပါ သူငယ်ချင်း။

အဲဒီတုန်းက မယ်လေးနဲ့ငါက ချစ်သူတွေဆိုတဲ့စကားကို ငါဘာလို့ တရားဝင်ပြောခဲ့သလဲဆိုတာ ငါရှင်းပြပ့ါမယ် မောင်ငယ်၊ အမှန်တော့ ဒီစကားကို ငါပြောဖို့ မင်းနောက်လိုက်လာခဲ့တာမဟုတ်ဘူး၊ ငါ မင်းကို မဟုတ်ဘူးဆိုတာ ရှင်းပြဖို့ သက်သက်လိုက်လာခဲ့တာပါ သူငယ်ချင်း. . .

ဒါပေမယ့် ငါ့ရဲ့အနောက်မှာ မယ်လေးကိုလိုက်ကပ်နေတဲ့ ထွန်းနိုင်က လိုက်လာခဲ့တယ်လေ။ ဒါကြောင့် မယ်လေးနားက ထွန်းနိုင်ခွာသွားအောင် ငါ. . မယ်လေးနဲ့ ငါချစ်သူတွေလို့ အရဲစွန့်ပြီးပြောခဲ့ရတာပါ။

အဲဒီစကားတစ်ခွန်းကြောင့် မင်းဒီလောက်ထိ ထိခိုက်လိမ့်မယ်လို့ ငါမထင်ခဲ့ရိုးအမှန်ပါကွာ. . . မယ်လေးနဲ့ငါဟာ ချစ်သူမဟုတ်ခဲ့ပါဘူးကွာ၊ ဘယ်တုန်းကမှလည်း ချစ်သူဖြစ်ကြဖို့ စိတ်မကူးခဲ့ပါဘူး၊ တစ်ဖက်လူကို လှည့်စားချင်လို့သာ တို့နှစ်ယောက်တိုင်ပင်ပြီး ချစ်သူတွေပါလို့ပြောခဲ့ကြတာပါ။ အဲဒီစကားတစ်ခွန်းဟာ မင်းဒီလောက်ထိ ခံစားသွားရလိမ့်မယ်လို့ ငါလုံးဝမထင်

www.burmeseclassic.com



ခဲ့ဘူးဆိုတာ ယုံပါကွာ၊ အခုတော့ အဲဒီစကားလေးတစ်ခွန်းကြောင့် ငါငိုနေရပြီ သူငယ်ချင်း၊ ငါဘယ်လောက်ထိ ဆက်ငိုကြွေးရမယ်ဆိုတာ ငါကိုယ်တိုင်လည်း မသိတော့ဘူး. . . သူငယ်ချင်းရာ. . .

ငါ့ကိုယ်ငါ ဘယ်လိုဆုံးမရမယ်ဆိုတာလည်း ငါမသိတော့ပါဘူး. . .။

မောင်ငယ်. . . မင်းရဲ့ခြေရင်းမှာ ငါငိုကြွေးနေပါတယ် သူငယ်ချင်း။ နောင်ဘဝဆိုတာသာ ရှိခဲ့ရင်. . . မောင်ငယ်ဆိုတဲ့ ရိုးသားတဲ့လူငယ်လေးတစ်ယောက်ဟာ စောကြည်ဖြူလို လိမ်ညာလှည့်စားတတ်တဲ့လူကို ပြန်ပြီးလှည့်စားနိုင်ပါစေလို့ ငါဆုတောင်းပေးလိုက်ပါတယ် သူငယ်ချင်း. . . ဆုတောင်းပေးလိုက်ပါတယ်. . .။

❑ ❑ ❑

www.burmeseclassic.com

## မောင်ငယ်

မယ်လေးကိုမြင်ရလားဟင်. . .

ငါ၀ိုနေရပြီ မောင်ငယ်. . . ငါဘယ်လောက်ထိ ဆက်၀ိုနေရဦးမှာလဲ ငါကိုယ်တိုင် မသိတော့ပါဘူးကွယ်. . .

နင့်လို ဖြူစင်တဲ့စိတ်သဘောရှိတဲ့ လူကို ငါလှည့်စားသလိုဖြစ်မိခဲ့ပြီ ဒါကြောင့် ငါ့ရဲ့တစ်ဘ၀စာ ၀ိုကြွေးခြင်းကို ငါပိုင်ဆိုင်ရပြီ. . .။

မောင်ငယ်. . . နင်သိအောင် ငါပြောပြမယ်။

အမှန်တော့ ငါနဲ့စောကြည်ဖြူဟာ ဘယ်တုန်းကမှ ချစ်သူမဟုတ်ခဲ့ပါဘူး၊ ဒါပေမယ့် နင်လာမေးတုန်းက ရိုးလွန်းအ,လွန်းတဲ့ နင့်ကို ငါမချင့်မရဲဖြစ်ပြီး ဟုတ်ပါတယ်လို့ ပြောခဲ့တာပါ။ တကယ်တော့ နင်သိသင့်တယ် မောင်ငယ်

ငါ့ရင်ထဲမှာ ဘယ်သူရှိလဲဆိုတာ နင်မသိဘူးလား မောင်ငယ်ရယ်. .

နင်မသိခဲ့ဘူးတဲ့လား. . .

မောင်ငယ်. . . နင့်ရဲ့ ဖြူစင်ခြင်းတွေကို ငါ့ရဲ့မျက်ရည်တွေနဲ့ ဆေးကြောပြီး ငါသစ္စာပြုခဲ့ပါမယ်။

နင်နောက်ဆုံးပြောခဲ့တဲ့စကားအတိုင်း ငါ့ရင်ထဲမှာလည်း သစ်တစ်ပင်ရှိခဲ့ရင် တစ်ပင်လုံးခုတ်ထွင်ခဲ့ပါစေ နတ်နေကိုင်းလေးတော့ ငါတစ်သက်လုံးထားရစ်ခဲ့မှာပါ. . .။

အဲဒီနတ်နေကိုင်းမှာ မောင်ငယ်ဆိုတဲ့ လူရိုးကလေးအတွက် သီးသန့်နားခိုရာပေါ့ကွယ်. . .

အဲဒီနတ်နေကိုင်းကို ငါတစ်သက်လုံး ချိုးဖြတ်ပစ်မှာ မဟုတ်ပါဘူး. .

www.burmeseclassic.com



ငါ့ရင်ထဲမှာ နင်တစ်သက်လုံးရှိနေမှာပါ မောင်ငယ်. . .

ငါ့နင့်ကို. . .

ဤမှန်သောသစ္စာစကားကြောင့် ငါ့ရင်ထဲက နတ်နေကိုင်း မည်သူတစ်ဦးတစ်ယောက်မှ ချိုးဖြတ်၍ မရနိုင်ပါစေနဲ့သား. . .

**လေးစားစွာကြိုးစားလျက်**

အကြည်တော်

www.burmeseclassic.com

